
The
YATI
MAGAZINE
Vol. 10,No.116 November, 2013
travel in style
NOVEMBER MOMENTS
SPECIAL COVER UPDATING FASHION
AUDIENCE OF CELEBRITIES' CHOICE
MUSIC PLUS YATI
Asian Fame Media Group

The YATI MAGAZINE

Vol. 10,No.116, November,2013




Asian Fame Media Group
MEDIA GROUP

Asian Fame Media Group

| ငွေသော်တာ | ဟိန်းလတ် |
|---|---|
| ၉ဆု | ၃၉ဆု |

The YATI MAGAZINE
VOL-10, NO.116, NOVEMBER, 2013
စာပေအနုပညာမဂ္ဂဇင်း

| | |
|---|---|
| **အယ်ဒီတာ** | နွေးနွေးစစ်အောင် (တာဝန်ခံအယ်ဒီတာ-Living Fashion) |
| **အမှုဆောင်အယ်ဒီတာ** | မြင့်သူဇာထွန်း၊ ဖြိုးစုပိုပို |
| **ကဗျာအယ်ဒီတာ** | လွှမ်းရှုံ |
| **လက်ထောက်အယ်ဒီတာ** | သီတာစိုး |
| **သတင်းထောက်** | မိုးသောက်ကြယ် |
| **စီမံဒါရိုက်တာ** | ဒီဇိုင်းပန်းချာန် |
| **ဒီဇိုင်းတာဝန်ခံ** | ထွန်းထွန်းလင်း |
| **ဒီဇိုင်းအဖွဲ့** | လင်းထွဋ်၊ နွယ်ဦးမွန်၊ မွန်ဦး |
| **လက်ထောက်ဒီဇိုင်း** | ဝင်းဝင်းလှိုင် |
| **စာစီစာရိုက်** | ခင်သက်လှိုင် |
| **စာပြင်** | ဥမ္မာအေး |
| **ကြော်ငြာအဖွဲ့** | |
| Marketing | ငွေးလင်းအောင်၊ |
| Executive | မေသဲဦး၊ နိုင်နိုင်လွင် |
| **ဘဏ္ဍာရေးအဖွဲ့** | မိုးယုမာ (မန်နေဂျာ)၊ ခင်ငြိမ်းစုအေး (ဒု-မန်နေဂျာ)၊ မိုးမိုးကျော် (လ/ထမန်နေဂျာ)၊ နီလာဝင်း (လ/ထ မန်နေဂျာ) |
| **ဖြန့်ချိရေးအဖွဲ့** | ဇော်မင်းအောင်၊ ဇော်လင်းဦး၊ အောင်အောင် |
| **ရတီစာတတ်ပုံပညာရှင်** | အေးဇော်မိုး (စက်မှု)၊ ဝဏ္ဏခွာနီး၊ ကိုနိုင် (ပေါ်ပြူလာ)၊ Candlerose |




| | |
|---|---|
| **မျက်နှာဖုံးရှင်** | ယွန်းဝတီလွင်မိုး၊ ဟန်သီ |
| **ဓာတ်ပုံ** | လင်းထွန်း (Leopard) |
| **ဒီဇိုင်း** | ထွန်းထွန်းလင်း |
| **ထုတ်ဝေသူ** | ဒေါ်နန်းကလျာဝင်း (၀၄၃၀၈) |
| **ဥပဒေအကြံပေး** | ဦးအိနှစ် (တရားရုံးချုပ်ရှေ့နေ) |
| **ဖလင်** | Eagle |
| **အတွင်းတာလာခွဲ** | ကမ္ဘာဦး |
| **စာအုပ်ချုပ်** | ရွှေသမီး |
| **တန်ဖိုး** | ၂၀၀၀ |
| **အုပ်ရေ** | ၁၅၀၀ |
| **ပုံနှိပ်** | ငွေကုံကော် (မြ-၀၆၃၆၁)၊ အောင်သိန်းသန်း(မြ-၀၅၉၉၂) |

**အယ်ဒီတာအဖွဲ့ရုံးခန်း**
အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁- ၂၄၉၁၆၅၊ ၀၁-၃၈၅၄၉၅၊ ၀၁-၃၇၂၈၃၄
စာတိုက်သေတ္တာအမှတ်-၁၄၀

**မန္တလေးရုံးခွဲ**
အမှတ် 3(A)၊ လမ်း ၃၀၊ ၆၄ × ၆၅ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း-၀၁၀၅၀၀၀၃၈၀၊ mandalayoffice@popularmyanmar.com

**ကြော်ငြာကိုယ်စားလှယ်**
ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)
အမှတ်-၂၅၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့။
၀၉-၂၀၀ ၅၅၇၂၊ ၀၉-၉၁၀ ၄၆၇၇၂

ပြည်သူ့သဘောထား
နိုင်ငံရေး ဦးတည်ချက်(၄)ရပ်
စီးပွားရေးဦးတည်ချက်(၄)ရပ်
လူမှုရေးဦးတည်ချက်(၄)ရပ်



# အယ်ဒီတာ နှုတ်ခွန်းဆက်

**နှိုင်းချင့်ချိန်ဆ၊**
**ရသထွန်းလင်း**
**ပရိသတ်ရင်တွင်း၊**
**နှစ်သက်ရိုဝင်**
**ရတီဖွမ်းအင်**

ယခုနှစ်ပိုင်းတွင် ပုံနှိပ်မီဒီယာခေတ်မှိန်လာပြီး ဒစ်ဂျယ်တယ်မီဒီယာတစ်ခေတ် ဆန်းလာမည့်အကြောင်း ပြောဆိုဆွေးနွေးသံများကို ခပ်စိပ်စိပ် ကြားလာရသည်။ အထူးသဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် နေ့စဉ်ထုတ် သတင်းစာအတော်များများ စောင်ရေကျဆင်းလာခြင်း၊ အချို့သမ္မာရင့်၊ ဝါရင့်သတင်းစာကြီးများ ရပ်နားလိုက်ရခြင်း သတင်းတွေကလည်း ညံစီ၍နေ၏။ ထိုအချိန်ပိုင်းအတွင်းမှာမှ မြန်မာနိုင်ငံတွင် ပုဂ္ဂလိကသတင်းစာတွေ အပြိုင်အဆိုင် ထုတ်ဝေလာကြသည်ကို ကြည့်ပြီး နိုင်ငံတကာစာနယ်ဇင်းပညာရှင်များက ပါးစပ်အဟောင်းသား မျက်လုံးအပြူးသားဖြစ်နေကြ၏။ နိုင်ငံတကာပေတံနှင့် မြန်မာနိုင်ငံကို အရာရာတိုင်း၍ ရချင်မှရမည်။ ပုဂ္ဂလိက သတင်းစာငတ်မြတ်နေသည်မှာ နှစ်ပေါင်းငါးဆယ်နီးပါး ကြာလာသော မြန်မာပရိသတ်အဖို့မူ လွတ်လပ်သော အတွေးအမြင်များ ကွန့်မြူးနေသည့် သတင်းစာစစ်များကို အာသာငမ်းငမ်းရှိလှသည်မှာ ကြာပြီ။ ကမ္ဘာ့စာဖတ်ပရိသတ်က သတင်းစာဖတ်ရသည်မှာ ငြီးငွေ့လာကြချိန်တွင်မှ မြန်မာနိုင်ငံသားတို့ကမူ ယခုမှ အသစ်အဆန်းဖြစ်နေကြရှာသည်။ တကယ်ဆန်းစစ်ကြည့်ပြန်တော့လည်း ယနေ့ထုတ် မြန်မာပုဂ္ဂလိကသတင်းစာများ၏ ရေရှည်ရပ်တည်ရေးကလည်း အသည်းယားစရာကောင်းလှ၏။ ယခုအရှုံးချင်းပြိုင်နေကြသည့် သတင်းစာသူရဲကောင်းများကို ကြည့်ပြီး နံဘေးက ရင်မောနေရသည်။

နိုင်ငံတကာတွင် သတင်းစာဖတ်ပရိသတ် နည်းလာခြင်းမှာ အွန်လိုင်းတွေ၊ အင်တာနက်တွေ ပိုသုံးလာကြ၍ ဖြစ်သည်။ တယ်လီဖုန်းရှိရုံမျှဖြင့် မိမိသိချင်သော သတင်းကို အချိန်နှင့်တစ်ပြေးညီ လွယ်ကူလျင်မြန်စွာ သိရှိနိုင်ကြရာ နေ့စဉ်ထုတ်သတင်းစာကို သိပ်မဖတ်ဖြစ်ကြတော့။ သတင်းစာဖတ်ပရိသတ်၏ အသက်အရွယ်အလိုက် စာရင်းဇယား တစ်ခုကို မကြာမီက ဖတ်လိုက်ရသည်။ အသက်သုံးဆယ်အောက် လူငယ်တို့၏ သတင်းစာဖတ်နှုန်းမှာ သိသိသာသာလျော့နည်းနေပြီး မဖတ်သလောက် ဖြစ်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် ရေရှည်တွင် သတင်းစာ၊ သတင်းစာနယ်များသည် ပုံနှိပ်ထက် ဒစ်ဂျယ်တယ်ဘက်သို့ ပြောင်းလဲသွားဖို့က သေချာနေပါသည်။ သို့သော် ရသစာပေ ဖြစ်သည့်ဝတ္ထု၊ ကဗျာများနှင့် အလှအပ၊ ဖက်ရှင်စသော စာအုပ်များကား ပုံနှိပ်မီဒီယာအဖြစ် ဆက်လက်ရှင်သန်နေမည့် အလားအလာများ ရှိနေသေးသည်။

"ကမ္ဘာမှာ ဖက်ရှင်နဲ့ အလှအပတွေကိုတော့ ပုံနှိပ်စာအုပ်နဲ့ပဲ ဖတ်ချင်တဲ့သူများတယ်။ ဂလော်ဒီစက္ကူဆိုတဲ့ စက္ကူချောနဲ့ ရိုက်ထားတာရယ်၊ ပုံနှိပ်မင်ရဲ့ အနံ့ဆွဲဆောင်မှုရယ်တို့က စာအုပ်နဲ့ ပရိသတ်ခွဲကို ပိုပြီးရင်းနှီး intimate ဖြစ်စေလို့ပါပဲ" ဟု နိုင်ငံတကာမှ စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှင်ကြီးတစ်ဦးက ပြောဖူးသည်။ ထိုအယူအဆကို စိတ်ပညာပါရဂူများကလည်း ထောက်ခံသည်။ ထို့ကြောင့် အချို့သောဘာသာရပ်များတွင် print media ခေါ် ပုံနှိပ်စာအုပ်များ ဆက်လက်ရှင်သန်နေစရာအကြောင်းရှိသည်။

အာဖဂန်နိုင်ငံဖွား၊ အမေရိကန်နိုင်ငံသားစာရေးဆရာ 'ခါလစ်ဟိုစိန်' ၏ The Kite Runner စာအုပ်သည် တစ်နှစ်အတွင်း နိုင်ငံပေါင်း ၇၀ တွင် အုပ်ရေ သန်း ၄၀ ကျော် ရောင်းခဲ့ရကြောင်း တွေ့ရ၏။ သူက ယခုထိ စာအုပ်သုံးအုပ်သာ ရေးဖူးသေးသည်။ ၂၀၁၃ ခု ဩဂုတ်လထုတ် သူ၏ နောက်ဆုံး စာအုပ် And the Mountains Echoed စာအုပ်သည်ပင် နှစ်လအတွင်း အုပ်ရေ ၄ သန်းခွဲ ရောင်းရပြီးဖြစ်သည်ကို တွေ့ရ၏။ ထိုအချက်အလက်များကို ကြည့်ခြင်းအားဖြင့် ပုံနှိပ်စာအုပ်လောကသည် ချက်ချင်းမတိမ်ကောနိုင်သေးသည်ကို တွေ့ရသည်။ မည်သို့ပင်ဆိုစေ ဒစ်ဂျစ်တယ်မီဒီယာသို့ ပြောင်းလဲရေးကိုမူ ယခုကတည်းက ကြိုတင်စဉ်းစားလေ့ကျင့်ထားရန် အရေးကြီးနေပါသည်။ တစ်ချိန်တည်းမှာပင် ရသစာပေဖန်တီးသူများအနေနှင့်လည်း မိမိတို့၏ အနုပညာပိုမိုအားကောင်းရေးကို တစ်ဆင့်ထက်တိုး၍ ကြိုးစားထားမှသာလျှင် ဒစ်ဂျစ်တယ်ခေတ်ကို စိန်ခေါ်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် ခံစားမှု အတွေးဆန်းသစ်အားကောင်းမှုနှင့် အနုပညာဖန်တီးမှုစွမ်းပကားကို ပိုမိုအားထုတ်ရန် အချိန်ကျပြီဖြစ်သည်။

ဒစ်ဂျစ်တယ်စနစ်ကား အနေးနှင့်အမြန်ဆိုသလို မကြာမီရောက်လာတော့မည်။ ပုံနှိပ်မီဒီယာ ဆက်လက်ရှင်သန်ရန် အချိန်ကိုကား တတ်နိုင်သလောက် ဆွဲဆန့်ထားရမည်။ ဤတာဝန်ကား ယနေ့ပုံနှိပ်မီဒီယာတွင် ကျင်လည်နေသူများ၊ စာစောင်၊ မဂ္ဂဇင်းလောကသားများ၏ မလွှဲမရှောင်သာ ကြိုးပမ်းထမ်းဆောင်ရမည့် တာဝန်တစ်ရပ်ဖြစ်နေပါကြောင်း သံချောင်းခေါက် တပ်လှန့်လိုက်ရပါသည်။

**အယ်ဒီတာအဖွဲ့**

Asian Fame Media Group







# Contents

VOL.10, NO.116, NOVEMBER, 2013

2.. အယ်ဒီတာနှုတ်ခွန်းဆက်

**ကဗျာ**

7...အိုအောင်၊ ပိုးသစ်(တော်ရမ်း)၊
နေမော်ဟိန်း၊ တင်လတ်ကို၊ ပိုင်၊ တိုးနောင်မိုး

**ကာတွန်း**

13...မြေဇာ၊ မောင်မောင်၊ ဝင်းအောင်၊
နေမျိုးအေး၊ လှကြီးမင်း

**ရတီအထူးကဏ္ဍ**

21...Cover Image
Travel in Style
ယွန်းဝတီလွင်မိုး၊ ဟန်သီ

27...November Moments
အလင်းရောင်၊ ရဲမင်းသူ၊ ဇင်မင်းထက်၊
စည်သူဝင်း၊ နန်းမြတ်ဖြိုးသင်း၊ သဲနော်ဇာ၊
မေဂရေ့စ်၊ ဇရီယာယ်သုတ၊ နွေးထက်စံ
*ဖြိုးစုပို၊ သီတာစိုး*

52...Special Cover Image
သန္တာဝို
*ဖြိုးစုပို*


58...Updating Fashion
ဟန်သီ
*သီတာစိုး*

81...Audience of Celebrities' Choice
မိစန္ဒီ၊ သလင်းနွယ်
*သီတာစိုး*

64...ထိန်းသိမ်းဆန်းသစ်မြန်မာ့ အလှစစ်
ဆုပန်ထွာ
*သီတာစိုး*

Asian Fame Media Group
MEDIA GROUP







# Contents

VOL.10, NO.116, NOVEMBER, 2013

69...MOD MOM
စမိုင်း
မြိုးစုပိုပို
98...Music Plus Yati
ဂီလတ်
Zigzag
88...သူပြောတဲ့
သူ့အကြောင်း
ဒေးနာမိုင်
ဒီတာစိုး
93...သူတို့ပြောတဲ့ G
ချမ်းသာ၊ ဇော်ဝင်းထွဋ်၊ ယုယ
မြိုးစုပိုပို

**ရတီနိုင်ငံတကာ**

129...Beauty
ထင်လတ်သူ့နွာဗိုလ်
176...International News
မြိုးမြိုး

181...ညို့မင်းသမီး ဂေါင်လီနဲ့
စူပါဒါရိုက်တာ ကျန်းယိမူ
ရဲသစ်
184...ရတီကိုရီးယား
ဇင်မြင့်စံ
188...Film Feeling
မြိုးမြိုး
102...မမရတီအမေးအဖြေ

**ရတီအသောအထွေ**

193...ကတ်သီးကတ်သတ် ပြောတဲ့
တောက်တီးတောက်တဲ့

**ရတီကျန်းမာရေး**

132...လှပစိုပြည်ရတီမေ
မာဦး

Asian Fame Media Group





# Contents

VOL.10, NO.116, NOVEMBER, 2013

122...သီထားသင့်သော
ဆီးချိုသွေးချိုရောဂါအကြောင်း
*ဒေါက်တာ အောင်ဆန်းဝင်း*

**ရတီဆောင်းပါး**

18...ပင်လယ်သို့စီးသောရဟာန်း
(သို့) ရဟာန်းနှင့်ပင်လယ်
*မနှင်းဂင်္ဂါ*

120...အလင်းရောင်ညစ်ညမ်းမှု
*ကျော်ဦး*

125...ပိုက်ဆံအိတ်လေး
သော့ခတ်ထားမယ်
*နှင်း*

169...ပယင်းတစ်ပွင့်ရဲ့
ကောက်ကြောင်း
*သိန်းပိုင် (M.Engg.Geol.)*

**မန္တလေးအတွေး၊ မန္တလေးအရေး**

172...အင်း. . . နောက်ဆုံး
တော့လည်း ရေပါပဲကွယ်
*ကိုထွန်း (လမ်း-၈၀)*

**ဖူးနုသစ်လွင်ကဗျာဥယျာဉ်**

104...ရှင်နေကြယ်၊ ချမ်းမြေ့လင်းဝေ
(ထီးချိုင့်)၊ ဇေယျာသူ၊ မောင်မောင်စိုးလင်း၊
လင်းဝေမှူး (မြင်းခြံ)၊ အညတရ
ခက်ဆစ်လင်း (မြည်)၊ ပုန်းညွှက်မောင်
(ဟားခါး)

**ရတီပေဒင်**

135...ဒေါက်တာမြတ်သစ် (မန္တလေး)

Asian Fame Media Group





# Contents

VOL.10, NO.116, NOVEMBER, 2013

Asian Fame Media Group

## Yati Digest

152...တယ်လီဖုန်း ပြောသူများ
သိထားရမည့်စံနှုန်းများ
*ကိုလင်းမာန်အောင်*

## ရတီဝေဖန်ရေး

149...ဒါရိုက်တာ ကြည်ဖြူသျှင်၏
မိုးကောင်းကင်၌ တိမ်တိုက်များ
*မောင်အိမ်စံ*

## ရည်ညွှန်းဖွဲ့သီ ချစ်သူဆီ

114...အချစ်ဝိညာဉ်
ရဲစွမ်းနေ

## ရတီအခန်းဆက်ဝတ္ထုရှည်

160... နံ့နစ်နှလုံးသား
ပတ္တမြားဖြစ်စေ
*မောင်လွင်မွန်(ကသာ)*

## ရတီဘာသာပြန်ဝတ္ထု

108... သံသယအကျဉ်းသား
*သင်းမြတ်ကို*

## ရတီဝတ္ထုတို

138...တောထွက်ခြင်း
*ရေအေး*
143...တွေ့ခဲ့ဖူးတဲ့
ကျားတစ်ကောင်
*နေမျိုး*
154...သမုဒယမှာတမ်း
*လျှံဇွဲကို*

---

ပန်းချီသရုပ်ဖော်
အောင်ကျော်၊ ဒေါ်တုန်မိုး၊ ဖလုံး၊
ငှအိမ်ထက်မြက်၊ ပန်းရှာန်

# ဒေါ်နယ်ဂျပ်စတစ် . . . သို့




လွန်ခဲ့တဲ့ ၁၅ နှစ်က
ကဗျာတစ်ပုဒ်ဖတ်ရ
ဒေါ်နယ်ဂျပ်စတစ်ရဲ့ကဗျာ
'Counting the mads' ...တဲ့။

ခု
အဲဒီကဗျာကို သတိရ
ပုထုဇနတွေ
ဥမ္မတကောတွေ
မြင်ရ
ကြားရ
တွေ့ရ
တကောရူးနဲ့
အဘောကာရူးနဲ့
ခေတ်ပျက်သူဌေးအရူးနဲ့
ပါလီမန်အမတ်အရူးနဲ့
ဒေါ်နယ်ဂျပ်စတစ်ကို
သတိရမိ။
သူ့ကဗျာကို သတိရမိ။
အရူး ၁၊ အရူး ၂၊ အရူး ၃
..........
ရေလို့မဆုံး
ရယ်လို့ မဆုံး။

ဘိုအောင်

*ဒေါ်နယ်ဂျပ်စတစ် (Donald Justice)*
*ပူလစ်ဇာဆုရအမေရိကန်ကဗျာဆရာ*
*၁၉၂၅ မီယာမီမှာမွေး။*
*၂၀၀၄ အိုင်အိုဝါမှာကွယ်လွန်ခဲ့။*

Asian Family Media Group



# ရိုပ်ခနဲ ဖျတ်ခနဲ စီးထားတဲ့မြင်းက

နနဖပ်ဖပ်၊ ရပ်နေတဲ့ခေတ်က ရွှေ့လို့
ဒါပေမဲ့ ရှေ့လား၊ နောက်လား၊ အတည်လား၊ အပြောင်အပြက်လား၊
ကြားသုံးကြားတွေ . . .၊ သားသုံးသားတွေ . . .၊ အဆိုနဲ့ပရွေး၊
ဘာဖြစ်နိုင်လဲ၊ ဘာပျက်နိုင်လဲ၊ ဒါတို့အပေါ်မှာ
ဒါတို့ခေတ်ကြီးရှိတယ်။ ခေတ်ကြီးပေါ်မှာ မီးတောက်လက်ညှိုးတွေရှိတယ်။
ခရိုနီတွေရှိတယ်၊ ဟဲလို ဟဲလို . . .
စကားပြောလို့ရပြီလား၊ ဥပဒေအထက်မှာ မည်သူမျှမရှိစေရ၊
မည်သူမည်ဝါတွေကကော မည်သို့ မည်ပုံရှိနေကြသလဲ၊
ရေတိုက်စားတဲ့အခါ ကမ်းပါးတွေနာတယ်။ ကျွန်တော်တို့လည်း
နာတယ်နာတယ်။ နာတာရှည်နဲ့ နှစ် ၅၀ နဲ့၊
အသက်ဓါတွေနဲ့၊ စကားကျယ်ကျယ်ပြောလို့ရပြီလား။
သံသယရှေ့၊ သံသယနောက်၊ သံသယအမေး၊ သံသယက
သံသရာဖြစ်နေပြီတဲ့လား။ အပေါ်မှာ ဉာဏ်ပညာတွေရှိရင်
ဉာဏ်ပညာတွေ စီးဆင်းလာလိမ့်မယ်။ အမှိုက်တွေ
အပေါ်မှာရှိရင် အမှိုက်တွေပရမ်းပတာ လွင့်လာလိမ့်မယ်။
အမှိုက်တွေကို လိုက်ကောက်ဖို့ ကျွန်တော်တို့မှာ တာဝန်ရှိတယ်။
အမှိုက်တွေက အမှိုက်တွေနဲ့ ရောနော
ပြည့်ကျပ်ကျနေပြီလား။ ကျွန်တော်တို့ကိုယ်တိုင်ကကော
အမှိုက်တွေလား။ မိုးနဲ့ လေနဲ့ အရှုပ်ထွေးတွေက
ကျိုးပဲ့ကြေလို့။
မိုးမမြင် မြေမမြင်၊ အမှားမမြင်၊ အမှန်မမြင်
သခင်တွေလား၊ ကျွန်တွေလား၊ ကျွန်တွေလား၊ သခင်တွေလား။
ခေါင်လိုက်လား၊ အလျားလိုက်လား
ခင်ဗျားဘယ်လိုမြင်ရလဲ။
မေးခွန်းတွေက နနဖပ်ဖပ် ရပ်နေတဲ့ခေတ်က ရွှေ့လို့။

ဖိုးသစ် (တော်ရမ်း)

Asian Fame Media Group

# အေး . . . . . မင်းပြောတာ ဟုတ်တယ်

အစတည်းက ငါမပြောလား၊
မင်းကိုင်နေကြဖုန်းကို ပိတ်ပစ်လိုက်ပါဆိုတော့။
တစ်ဦးတစ်ယောက်ကို စောင့်နေတာပါတဲ့။ တစ်ဦးတစ်ယောက်၊ တစ်စုံတစ်ရာ၊ တစ်ခုတစ်ယောက်၊ တိုးလိုးတန်းလန်း
နောက်ဆံတငင်ငင် သံယောဇဉ်ဖြစ်ပြီး၊ ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာ၊ သောင်းပေါင်းများစွာ
သိန်းပေါင်းများစွာ၊ သန်းပေါင်းများစွာ၊ မင်းနောက်ကို ပြေးလိုက်လာမယ်ထင်သလား၊ လှမ်းခေါ်ပြီး လိုက်လာမယ်ထင်သလား။
ထင်မထားနဲ့ ကိုယ့်လူ၊ အကြွေးစာရင်းတွေ၊ ဒုက္ခနဲ့ပူးတွဲချည်နှောင်ထားတဲ့ အလိုမပြည့်ခြင်းတွေ၊
သွေးပျက်ချောက်ချားဖွယ် လောဘ၊ မောဟ၊ ဒေါသတွေ၊ ပြန်လည်ဆန်းသစ်ထားတဲ့ ပဋ္ဌာမြေလူး အရှုံးမီးဝိုင်းသိုင်းကွက်ဆန်းတွေ
နောက်က ကပ်ပါလာလိမ့်မယ်၊ တစ်ခုခုကို စမ်းပြီး လုပ်ကြည့်ပါလား။
ဘက်လက်ကျန်ငွေစာရင်း၊ ဒီဂျစ်တယ်ကတ္တားပေါ်က ကိန်းဂဏန်းအမှတ်အသား၊ ရေနံဈေးတွေတက်သွားတာ အရေးမကြီးဘူး။
ရွှေတစ်အောင်စ ၂၁၃၃ ဒေါ်လာဖြစ်သွားတာ အရေးမကြီးဘူး၊
ရှားလ်စ်မင်းသားနဲ့ဒိုင်ယာနာရဲ့သား တော်ဝင်မင်္ဂလာကုန် ကျစရိတ်က မင်းပိုက်ဆံတစ်ပြားတစ်ချပ်မှ ပေးရတာမဟုတ်ဘူး။
တကယ် မင်းလုပ်ရမှာက ဧရာဝတီမြစ်မှာ၊ အသက်ကယ်ပစ္စည်းအကူအညီမပါဘဲ မြစ်ဆုံမေခ၊ မလိခကမြစ်ဖျားမြစ်ရင်းဝိုင်းအထိ အလျားလိုက်ကူးခပ်ဖြတ်သန်းကြည့်ပါ
အနီးစပ်ဆုံး ဆက်ဆံနေရတဲ့ လူမှုဆက်ဆံရေးက သိရင်သိသလို၊ မသိရင်မသိသလို လိုက်ဖျောရခဲ့ရတာ အားနာမှုများစွာ၊

ဆူးကြားထဲက ဘူးခါးဆိုရင် အနှစ်မရှိတဲ့ တောထဲက ကြက်ဆူပင်ဆိုရင် စွန့်ပစ်ဖို့ လှည့်ပစ်ဖို့ အသင့်အနေအထား မဟုတ်လား။
လူဆိုတာ သူ့အလိုလိုဖြစ်လာတာ မဟုတ်ဘူး။ မိုးပေါ်က ကျလာတာ၊ မြေကြီးထဲက ထွက်လာတာ မဟုတ်ဘူး၊
ပါရမီရှိမှတဲ့။ ပါရမီဆိုတာ အင်းစိန်လမ်းမပေါ်က ဘတ်စ်ကားတစ်စီးရဲ့ အမည်နာမပါ။
ပြင်ဦးလွင်မှာတော့ မလိုင်မုန့်လုပ်ငန်းရဲ့ အမည်တစ်ခု၊ မြေလတ်ဒေသက မထင်မရှားတည်းခိုခန်း နာမည်ကလည်း ပါရမီ၊
မန္တလေးမြောက်ပြင် ကျုံးတောင်နားက လက်ဖက်ရည်ဆိုင်နာမည်က ပါရမီပါ။
ဈေးချိုညဈေးတန်းက ဖိနပ်ဆိုင်နာမည်က ပါရမီ။ ဒါဆိုရင် ပါရမီက ကိုယ်ပိုင်ပဲဖြစ်ဖြစ်၊ အများပိုင်ပဲ ဖြစ်ဖြစ်
ပါရမီက ပါရမီပဲပေါ့။ တပေဆိုတဲ့ ကုလားလေးထောင့်ဖြစ်ကမ်းခြေရွာမှာ မွေးတော့
ရွာကို တပေကုလားလို့ အမည်တွင် ကင်ပွန်းတပ်ခဲ့သေးတာ မဟုတ်ဘူးလား။ ဘာပဲဖြစ်ဖြစ်
တပေကုလားက တပေကုလားပေါ့။

အိပ်ရာထတာ နည်းနည်းစောပြီး ဘဝမှာ လူဖြစ်လာရတာ နည်းနည်းနောက်ကျတာကလွဲရင်
သစ္စာတရားဟာ အရင်အတိုင်း အတက်အကျမရှိ ပကတိတည်ငြိမ်တဲ့ ဈေးနှုန်းအတိုင်းပါ။ လူတိုင်းလူတိုင်း
လွယ်လွယ်ကူကူ ဝယ်ယူအသုံးပြုနိုင်တယ်။ အမြတ်တနိုး တန်ဖိုးထားပြီး ဘယ်တော့မှ ပျောက်ပျက်မသွားနိုင်တဲ့
နှလုံးသားဘဏ်တိုက်ထဲမှာ ထာဝရသိုလှောင်သိမ်းဆည်းထားနိုင်တယ်၊ ။

နေမော်ဟိန်း



Asian Fame Media Group

# သံသယ

မေ့ဆေးမလိုသော
အတိတ်များ။

ချစ်ရိုးမကျက်သော
ဒဏ်ရာများ
ငါတို့ရရှိခဲ့ပါတယ်
ငါတို့ပိုင်ဆိုင်ခဲ့ပါတယ်။

မှန်တိုင်းပြီးရင်
လေညင်းရှိရမှာပေါ့
ပိုးသတ်ဆေးပြီးရင်
သီးနှံတွေ ဖွံ့ဖြိုးထွားကြိုင်းရမှာပေါ့။

ခု
ဘယ်လိုလဲ။
မျက်နှာဖုံးတပ်ထားသော ဘီလူးများလက်မှ
ကျွတ်နိုင်
မကျွတ်နိုင်
အမျှမဝေနိုင်။

ကြိုးတန်း
လမ်းလျှောက်ခြင်းမျှပါတကား။ ။

တင်လတ်ကို




Asian Fame Media Group
MEDIA GROUP

# မြန်မာနိုင်ငံ

ဒီနိုင်ငံမှာမွေးတော့ ဒီနိုင်ငံသား။ ဒီနိုင်ငံမှာမွေးပြီး ဒီနိုင်ငံကိုချစ်သွားတဲ့သူတွေ၊
ဒီနိုင်ငံမှာမွေးပြီး ဒီနိုင်ငံကိုမုန်းသွားတဲ့သူတွေ၊ ဒီနိုင်ငံမှာမွေးပြီး တခြားနိုင်ငံသားခံယူလိုက်သူတွေ၊
ဒီနိုင်ငံမှာ ဘုရားသခင်အားလုံးရှိတယ်၊ ဒီနိုင်ငံမှာ သမ္မတရှိတယ်၊ ဒီနိုင်ငံဟာ လွတ်လပ်တဲ့နိုင်ငံ၊
ဒီနိုင်ငံမှာ ကိုယ်ပိုင်ငွေကြေးရှိတယ်၊ ဒီနိုင်ငံမှာ အစားအသောက်နဲ့ သယံဇာတရှိတယ်၊
ဒီနိုင်ငံမှာ အလုပ်အကိုင်နဲ့ ဒုက္ခသည်စခန်းရှိတယ်၊ ပြီးတော့ ဒီနိုင်ငံမှာ စစ်ပွဲတွေလည်းရှိတယ်၊
ဒီနိုင်ငံမှာ ဆွေစဉ်မျိုးဆက်တွေလည်း ရှိတယ်၊ ဒီနိုင်ငံဟာ ကမ္ဘာ့အရှေ့ဘက်မှာရှိတယ်၊
ဒီနိုင်ငံဟာ ကမ္ဘာ့အနောက်ဘက်နိုင်ငံတွေနဲ့ အမြင်မတူဘူး။ ဒီနိုင်ငံဟာ ဗုဒ္ဓရဲ့အတွေးအခေါ်တွေလွှမ်းမိုးတယ်၊
ဒီနိုင်ငံဟာ ဒုံးပျံမလွှတ်တင်နိုင်သေးဘူး။ ဒီနိုင်ငံဟာ အင်္ဂါဂြိုဟ်ကို မရောက်ဖူးသေးဘူး၊
ဒါပေမဲ့ ဒီနိုင်ငံကို ကွန်မြူနစ်၊ ကွန်ပျူတာ၊ ဆိုရှယ်လစ်၊ ဒီမိုကရေစီ
သဘာဝဓာတ်အန္တရာယ်နဲ့ အိတ်ချ်အိုင်ဗွီပိုင်းရပ်(စ်) အကုန်ရောက်ပြီးပြီ၊
ဒီနိုင်ငံဟာ လူ့သက်တမ်းကို လေးဆယ်လောက်အထိပဲ ကောင်းကောင်းအသုံးချတယ်၊
ဒီနိုင်ငံဟာ နိုင်ငံသေးပေမယ့် နာမည်ကတော့ ကြီးတယ်၊
ဒီနိုင်ငံမှာ နိုင်ငံသားတိုင်းဟာ ပြည်သူတွေဖြစ်မလာဘူး၊
ဒီနိုင်ငံဟာ တစ်ကမ္ဘာလုံး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွေလုပ်နေချိန်မှာ
ကျောက်မီးသွေးစက်ရုံနဲ့ ရေကာတာတွေ ဆောက်တုန်း၊
ညီညွတ်တွေ ပြန်လည်ရေးဆွဲပြင်ဆင်တုန်း၊ အပစ်အခတ်ရပ်စဲရေးတွေလုပ်တုန်း။
လူ့အခွင့်အရေးတွေတူးတုန်း၊ စပယ်ပိုင်းယားလေယာဉ်တွေ ဖော်တုန်း၊
ဒီနိုင်ငံကို တခြားနိုင်ငံသားတွေလာတဲ့အခါ
ဒီနိုင်ငံသားတွေက အတွေးအခေါ်ထက် ဒေါ်လာငွေကြေးကို ပိုနှိုက်ယူကြတယ်၊
ဒီနိုင်ငံက တခြားနိုင်ငံသားတွေကို ထုတ်ကြွားစရာ
ဘုရားပုထိုးနဲ့ ထူးဆန်းတဲ့တိုင်းရင်းသားလေလေ့ထုံးစံနေထိုင်မှုတွေပဲရှိတယ်၊
ဒီနိုင်ငံမှာ သမိုင်းဟာ ယဉ်ကျေးတဲ့အခါ ယဉ်ကျေးပြီး ရိုင်းစိုင်းတဲ့အခါ ရိုင်းစိုင်းတယ်။
ဒီနိုင်ငံဟာ ဘုရင်ဖြစ်တဲ့အခါဖြစ်ပြီး ကျွန်ဖြစ်တဲ့အခါဖြစ်တယ်၊
ဒီနိုင်ငံဟာ နှစ်ဆယ့်တစ်ရာစုမှာ ပုဆိုးထဘီချွတ်ပြီး ဘောင်းဘီစကတ်အဝတ်များလာတယ်၊
ဒီနိုင်ငံဟာ ဝိုနဲ့စောင်းကိုချပြီး လျှပ်စစ်ဂစ်တာနဲ့ ဟစ်ဟော့ဦးထုပ်ကောက်ကိုင်လိုက်တယ်၊
ဒီနိုင်ငံဟာ လိင်တူဆက်ဆံတာနဲ့ ဆန္ဒပြတာကို နိုင်ငံတကာရုပ်ရှင်ထဲက ရတယ်၊
ဒီနိုင်ငံဟာ သူက နိုင်ငံခြားသားဖြစ်လိုက်၊ ကိုယ်ကနိုင်ငံခြားသားဖြစ်လိုက်၊
နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံရုံးတွေဟာ လက်မလည်နိုင်အောင်ပဲ၊
ဒီနိုင်ငံဟာ (စုတော့) သားသမီးကိုစွန့်လွှတ်တဲ့မိဘလို ဖြစ်ပြီးသမျှကို
မေ့ပစ်လိုက်တဲ့မိတ်ဆွေလို
တခြားနိုင်ငံကိုရောက်နေတဲ့ သူ့နိုင်ငံသားတွေကို ပြန်ခေါ်နေပြီ။
ကမ္ဘာကြီးထဲရှိတဲ့နိုင်ငံတိုင်းမှာ နိုင်ငံသားတွေမွေးဖွားနေကြတယ်၊ သေဆုံးနေကြတယ်၊
နိုင်ငံတိုင်းဟာ သူ့နိုင်ငံထဲကိုယ်ပြေးဝင်၊ ကိုယ့်နိုင်ငံထဲ သူရှိလို့
ဘယ်နိုင်ငံမှ တံခါးကို အသေပိတ်ထားလို့မရ၊
လူသားတစ်ယောက်ရဲ့ဘဝမှာ နိုင်ငံအမည်ပြောင်းလဲရတာလောက်
ဝမ်းနည်းဖွယ်ကောင်းတဲ့ကိစ္စရှိမှာမဟုတ်။
ဒီကနေ့အထိ ဒီနိုင်ငံမှာမွေးဖွား၊ ဒီနိုင်ငံအလံအောက်မှာ ခေါင်းငုံ့ထား
ဒီနိုင်ငံသားဖြစ်ရတာကိုပဲ ဝမ်းသာနေမိတယ်။

ဗိုင်



Asian Fame Media Group
MEDIA GROUP



# ရိုး

သူ့ကိုလိုက်ကြည့်ရမယ် မျက်ခြည်မပြတ်နဲ့လို့
အင်ဖော်မာတစ်ယောက်ကို ညွှန်ကြားပြီးတဲ့နောက်
အဲဒီသတင်းက ကိုယ့်ဆီ
ပြန်...လာ
ရထားလက်မှတ်ဝယ်တာက အစ
မုလင်းခွဲရောင်းတာအဆုံး
စီဒီထစ်သလို စိတ်ဒုက္ခများအပူရှိန်တက်လာပြီ
ပြီး
စီးကရက်ကို မီးမရှိ
မီးရှိ ရေမှာလည်း ခပ်မျှင်းမျှင်း
ကမ္ဘာမကြေသီချင်းကြားချင်တာနဲ့ စနေ၊ တနင်္ဂနွေ နှစ်ရက်လုံး ရုပ်ရှင်ရုံသွားအိပ်မိတယ်။

တိုးနောင်မိုး



Asian Fame Media Group
AF MEDIA GROUP



Asian Fame Media Group



ကိုယ့်အချင်းချင်း ပြဿနာပေါင်းစုံ ဖြစ်ကြ…
အဲဒီ… ပြဿနာတွေကို ဖြေရှင်းရန်…
အတိုက်အခံ လုပ်ဖို့ကို အချိန် မရပါဘူးဗျာ..



Asian Fame Media Group




Asian Fame Media Group



# ပင်လယ်သို့စီးသောရဟာန်း (သို့မဟုတ်) ရဟာန်းနှင့်ပင်လယ်

ဓမ္မဂင်္ဂါ

(၁)

ပြာလွင်စူးလက်သော ပင်လယ်သည် အမောတကောစီးလာသည့် မြစ်တစ်မြစ်ကို ဘယ်လို ကြိုလေ့ရှိသလဲ သူမသိပါ။ သူကတော့ ပင်လယ်ဝတွင် ရပ်နေမိပြီ။ လှိုင်းမောက်မောက်လေးများ သူ့ခြေဖဝါးအောက် ရောက်လာသည့်ရသကို နှစ်သက်မိသလို မျက်နှာကို ဖွဖွပုတ်ကာ တိုက်ခတ်လေသော လေညင်းရှရှကိုလည်း ခံမင်နေမိသည်။ မျက်စိအမြင်တစ်ဆုံး ပင်လယ် . . .။ ကောင်းကင်နှင့် ချုပ်စပ်ထားသော ပင်လယ် . . .။ အစိမ်းပြာယ်တွေ အများကြီး ဝါးမျိုပြီးလေသော ပင်လယ် . . .။

အညာကျေးလက်တွင် မွေးဖွားခဲ့သော သူ့အတွက် ပထမဆုံး ပင်လယ်ယောင်ယောင်လေးကို မြင်ဖူးသည်မှာ စင်ကာပူကမ်းခြေတွင် ဖြစ်သည်။ ထို့နောက်တွင်တော့ ကံကောင်းထောက်မစွာ ပင်လယ်နှင့် သမုဒ္ဒရာအချို့ကို မြည်းစမ်းခွင့်ရခဲ့သည်။ ဩစတေးလျတိုက်၊ မဲလဘုန်းကမ်းခြေဆီက ပစိဖိတ်သမုဒ္ဒရာ . .။ အီတလီတောင်ပိုင်း အော်တာရန်တို ကမ်းခြေမြို့လေးဆီက မြေထဲပင်လယ်နှင့် လစ်ဗီယားနိုင်ငံမြို့တော် ရီဂါ၏ ဘော်လတစ်ခ် ပင်လယ် . .၊ ခုတော့ . . .

ရွှေပြည်ကြီး၏ ပင်လယ်ကို သူ ငေးနေမိသည်။

သူသည် ပင်လယ်ကို မြင်နေရပါလျက် ပင်လယ်ကို မရောက်သေးကြောင်း သိနေခဲ့ပြန်သည်။ သူ မကြာခဏ ကြွေးကြော်လေ့ရှိသော မြစ်ကတော့ စီးလာမယ် ပင်လယ်တွေကြိုကြသည် အစစ်မှန်စီးဖို့မှ ဟုတ်ပါရဲ့လား . .။

(၂)

ဂင်္ဂါမြစ်ကမ်းပါးတွင် ဗုဒ္ဓအရှင်နှင့် တပည့်သာဝကရဟာန်းတို့၏ ပုံရိပ်ပေါ်လာသည်။ ဂင်္ဂါမြစ်ရေကြောတွင်မျောလာသော သစ်တုံးကြီးကို အရှင်မြတ်က သာဝကတို့အား ညွှန်ပြကာ

"ရဟာန်းတို့ ဂင်္ဂါမြစ်ရေအလျဉ်ဖြင့် မျော၍လာသော ကြီးစွာသော သစ်တုံးကို သင်တို့ မြင်ကြကုန်၏လော" ဟု မေးမြန်းလေသည်။

"အရှင်ဘုရား မြင်ကြပါကုန်၏ . . ."

"ရဟာန်းတို့ အကယ်၍ သစ်တုံးသည် ဤမှာဘက်ကမ်းသို့ မရောက်ခဲ့ပါလျှင်၊ ထိုမှာဘက်ကမ်းသို့ မရောက်ခဲ့ပါလျှင်၊ အလယ်၌ မနစ်မြုပ်ခဲ့ပါလျှင်၊ ကြည်းကုန်း၌ မတင်ခဲ့ပါလျှင်၊ လူတို့ မဆယ်ယူခဲ့ပါလျှင်၊ နတ်တို့ မဆယ်ယူခဲ့ပါလျှင်၊ ဝဲမစုပ်ယူခဲ့ပါလျှင်၊ အတွင်း၌ မဆွေးမပုပ်ခဲ့ပါလျှင် ထိုသစ်တုံးသည် သမုဒ္ဒရာသို့ ညွတ်သည် သမုဒ္ဒရာသို့ ကိုင်းသည် သမုဒ္ဒရာသို့ရှိုင်းသည် ဖြစ်လတ္တံ့။ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း၊ ရဟာန်းတို့ ဂင်္ဂါမြစ်၏ ရေအလျဉ်သည် သမုဒ္ဒရာသို့ ညွတ်သည် သမုဒ္ဒရာသို့ ကိုင်းသည် သမုဒ္ဒရာသို့ ရှိုင်းသည် ဖြစ်သောကြောင့်တည်း"

Asian Fame Media Group

“ရဟန်းတို့ ဤအတူ သင်တို့သည်လည်း ဤမှာဘက်ကမ်းသို့ မရောက်ခဲ့ပါလျှင်၊ ထိုမှာဘက်ကမ်းသို့မကပ်ရောက်ကြပါလျှင်၊ အလယ်၌ မနစ်မြုပ်ကြပါလျှင်၊ ကြည်းကုန်း၌ မတင်ကြပါလျှင်၊ လူတို့ မဆယ်ယူကြပါလျှင်၊ နတ်တို့ မဆယ်ယူကြပါလျှင်၊ ဝဲမစုပ်ယူကြပါလျှင်၊ အတွင်း၌ မဆွေးမပုပ်ကြပါလျှင် သင်တို့သည် နိဗ္ဗာန်သို့ ညွတ်ကုန်သည် နိဗ္ဗာန်သို့ ကိုင်းကုန်သည် နိဗ္ဗာန်သို့ ရှိုင်းကုန်သည် ဖြစ်လတ္တံ့။ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း၊ ရဟန်းတို့ ကောင်းစွာ မြင်ခြင်း ‘သမ္မာဒိဋ္ဌိ’သည် နိဗ္ဗာန်သို့ညွတ်သည် နိဗ္ဗာန်သို့ ကိုင်းသည် နိဗ္ဗာန်သို့ ရှိုင်းသည် ဖြစ်သောကြောင့်တည်း”

ဗုဒ္ဓအရှင်၏ လေးနက်လှသော ဒေသနာသည် ပုထုဇဉ်တို့၏ ထူပိန်းသော နားအတွက် ရှုပ်ထွေးလှသည့် ခက်ဆစ်များဖြစ်နေခဲ့ပါသည်။

သစ်ပင် သို့မဟုတ် မြစ်ကမ်း တစ်ခုသည်ပင် ဗုဒ္ဓအရှင်၏ ဓမ္မစာသင်ခန်းတစ်ခု ဖြစ်နေသည်။

လွတ်လပ်စွာ မေးမြန်းခွင့် ဆွေးနွေးခွင့် ရှိလေသည်။ ယနေ့ ကမ္ဘာ့တက္ကသိုလ်ပရိဝုဏ်များတွင် ကျင့်သုံးလျက်ရှိသော နည်းနိဿယများသည် ဗုဒ္ဓသာသနာတွင် အသစ်အဆန်း မဟုတ်ပြီ။ ရဟန်းတစ်ပါးက အရှင်မြတ်အား လျှောက်ထား မေးမြန်း၏

“မြတ်စွာဘုရား ဤမှာဘက်ကမ်းဟူသည် အဘယ်ပါနည်း၊ ထိုမှာဘက်ကမ်းဟူသည် အဘယ်ပါနည်း၊ အလယ်၌ နစ်မြုပ်ခြင်းဟူသည် အဘယ်ပါနည်း၊ ကြည်းကုန်း၌ တင်မှုဟူသည် အဘယ်ပါနည်း၊ လူတို့ ဆယ်ယူမှုဟူသည် အဘယ်ပါနည်း၊ နတ်တို့ ဆယ်ယူမှုဟူသည် အဘယ်ပါနည်း၊ ဝဲစုပ်ယူမှုဟူသည် အဘယ်ပါနည်း၊ အတွင်း၌ ပုပ်ဆွေးမှုဟူသည် အဘယ်ပါနည်း”တဲ့။

အရှင်မြတ်က ဤသို့ ဝေါဟာရခက်ဆစ်ကို ဖွင့်တော်မူခဲ့သည်။

ရဟန်း ‘ဤမှာဘက်ကမ်း’



ဟူသော ဤအမည်သည် အတွင်းဖြစ်သော တည်ရာ ‘အဇ္ဈတ္တိကာယတန’ ခြောက်ပါးတို့၏ အမည်တည်း။

ရဟန်း “ထိုမှာဘက်ကမ်း” ဟူသော ဤအမည်သည် အပဖြစ်သောတည်ရာ ‘ဗာဟိရာယတန’ ခြောက်ပါးတို့၏ အမည်တည်း။

ရဟန်း “အလယ်၌ နစ်မြုပ်ခြင်း” ဟူသော ဤအမည်သည် နှစ်သက်တွယ်တာမှု ‘နန္ဒီရာဂ’၏ အမည်တည်း။

ရဟန်း “ကြည်းကုန်း၌ တင်မှု” ဟူသော ဤအမည်သည် ငါဟူသော ထောင်လွှားသည့် ‘မာန’၏ အမည်တည်း။

ရဟန်း “လူတို့ ဆယ်ယူမှု” ဟူသည် အဘယ်နည်း။

ရဟန်း ဤသာသနာတော်၌ ရဟန်းသည် လူတို့နှင့်ရောနှောသည် ဖြစ်၍ နေ၏၊ အတူတကွ နှစ်သက်မှုရှိ၏၊ အတူတကွ စိုးရိမ်မှုရှိ၏၊ လူတို့ချမ်းသာသည်ရှိသော် ချမ်းသာ၏၊ လူတို့ဆင်းရဲသည်ရှိသော် ဆင်းရဲ၏၊ ပြုဖွယ်ကိစ္စတို့ ပေါ်ပေါက်လာကုန်သည်ရှိသော် မိမိသည်ပင် ထိုကိစ္စတို့၌ အားထုတ်ခြင်းသို့ ရောက်၏။ ရဟန်း ဤသို့ ဖြစ်မှုကို ‘လူတို့ဆယ်ယူမှု’ဟု ဆိုအပ်၏။

ရဟန်း ‘နတ်တို့ ဆယ်ယူမှု’ ဟူသည် အဘယ်နည်း။

ရဟန်း ဤသာသနာတော်၌ အချို့သောရဟန်းသည် “ငါသည် ဤသီလအားဖြင့် လည်းကောင်း၊ ဤမြိုးမြဲမှုအကျင့်အားဖြင့် လည်းကောင်း၊ ဤအကျင့်မြတ်အားဖြင့် လည်းကောင်း ထင်ရှားသော နတ်သော်လည်းကောင်း၊ မထင်ရှားသော နတ်သော်လည်းကောင်း ဖြစ်ရလိမ့်မည်” ဟု တစ်ခုခုသော နတ်အဖြစ်ကို တောင့်တ၍ အကျင့်မြတ်ကို ကျင့်သုံး၏။ ရဟန်း ဤသို့ တောင့်တမှုကို ‘နတ်တို့ ဆယ်ယူမှု’ဟု ဆိုအပ်၏။

ရဟန်း ‘ဝဲစုပ်မှု’ဟူသော ဤအမည်သည် ကာမဂုဏ်ငါးပါးတို့၏ အမည်တည်း။

ရဟန်း “အတွင်း၌ ပုပ်ဆွေးမှု” ဟူသည် အဘယ်နည်း။ ရဟန်း ဤသာသနာတော်၌ အချို့သော ရဟန်းသည် သီလမရှိ ယုတ်ညံ့သော သဘောရှိ၏၊ မစင်ကြယ်သည် ဖြစ်၍ ယုံမှားအပ်သောအကျင့်ရှိ၏၊ ဖုံးလွှမ်းအပ်သော အမှုရှိ၏၊ ရဟန်း မဟုတ်ဘဲလျက် ရဟန်းဟု ဝန်ခံ၏၊ အကျင့်မြတ်ကိုကျင့်သုံးသူ မဟုတ်ဘဲလျက် အကျင့်မြတ်ကို ကျင့်သုံးသူဟု ဝန်ခံ၏၊ အတွင်းပုပ်၏၊ ကိလေသာဖြင့်စိုစွတ်၏၊ အမှိုက်သရိုက်ကဲ့သို့ ဖြစ်၏။ ရဟန်း ဤသည်ကို ‘အတွင်း၌ ပုပ်ဆွေးမှု’ ဟု ဆိုအပ်၏။

(၃)

နံနက်ခင်း အိပ်ရာထသည်နှင့် မြစ်က ရေစီးရေလာ မကောင်းချင် . . ။ မှန်တစ်ချပ်သည် ဤမှာ ဘက်ကမ်း၏ ကျောက်ချရာဖြစ်၏။ မှန်တစ်ချပ်ရှေ့တွင် ဘယ်လောက်ကြာကြာထိုင်ဖူးသလဲ။ ရပ်နေခဲ့ဖူးသလဲ . . ။

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဤမှာဘက်ကမ်းတွင်

Asian Frame Media Group

ဗုဒ္ဓအရှင်၏ လေးနက်လှသောဒေသနာသည် ပုထုဇဉ်တို့၏ ထူပိန်းသောနားအတွက် ရှုပ်ထွေးလှသည့် ခက်ဆစ်များ ဖြစ်နေခဲ့ပါသည်။ သစ်ပင် သို့မဟုတ် မြစ်ကမ်းတစ်ခုသည်ပင် ဗုဒ္ဓအရှင်၏ ဓမ္မစာသင်ခန်းတစ်ခု ဖြစ်နေသည်။

အစွဲအလမ်းကြီးစွာ ဆိုက်ကပ်နေမိတတ်ကြသည်။ အတွင်းခန်း (အရွတ္တိက)ထဲက တော်ရုံနှင့် ရှုန်းမထွက်နိုင်၊ မစီးဆင်းနိုင်တော့ . . .။

လောကုတ္တရာနယ်ထဲက ရဟန်းတစ်ပါးဖြစ်သော သူသည်ပင် ဤမှာဘက်ကမ်းမှာ ရံခါကပ်မိတတ်ရသေးသည်ဆိုလျှင် လောကီနယ်၏ ဤမှာဘက်ကမ်းဆီမှာ ပိတ်မိနေတတ် သူများကိုအပြစ်မဆိုသာ. . .။ ခနီးတစ်ခု အတူသွားကြည့်မိလျှင် ဤမှာဘက်မှာပင် မြုပ်နေတတ်သော လူများစွာကို သူတွေ့မြင်ရိပ်မိဖူးသည်။

မပြီးနိုင် မစီးနိုင်. . .။

ဖက်ရှင်လောကကြီး ခေတ်အဆက်ဆက် အောင်မြင်ခဲ့သည်မှာ ဤမှာဘက်ကမ်းကပ်လို့မှု အားကောင်းလှသောကြောင့်ပဲဟု မိတ်ဆွေရဟန်းတစ်ပါးက ခပ်ဟဟ မိန့်ဖူးသည်။

အရုပ်၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့နှင့် အတွေးအမြင်နယ်ပယ်ဆိုသည်က ဟိုမှာဘက်ကမ်းဟုဆိုပါလျှင် သိပ္ပံနည်းပညာနှင့် ယဉ်ကျေးမှု ပေါက်ကွဲနေသော ရာစုသစ်တွင် ဟိုမှာဘက်ကမ်းက ဆိုက်ကပ်ချင်စရာ ဆွဲအားပြင်းလှသည်။ ရာစုသစ်ကြီးထဲ ရဟန်းတစ်ပါးလုပ်ရဲတဲ့ သတ္တိကိုတော့ အံ့သြမိတယ်တဲ့. . .။ မိတ်ဆွေ အနောက်တိုင်းသားတစ်ဦးက မှတ်ချက်ပေးဖူးသည်၊ အရှေ့အလယ်ပိုင်း သားတစ်ဦးကတော့ မိတ်ဆွေရဟန်းတစ်ပါးကို ပြဟ္မစရိယအကျင့် ကျင့်သုံးနေခြင်းအတွက် အံ့သြမိကြောင်း အထပ်ထပ်ပြောဖူးသည်တဲ့. . .။

ဩော် ဆိုက်ကပ်ချင်စရာ ဆိပ်ကမ်းတွေ. . .။

အင်တာနက်ကွန်ရက်ကမ်းခြေတွင် နာရီပေါင်းများစွာ ဆိုက်ကပ်နေမိတတ်သည်။ အာရုံခြောက်ပါး (ဗာဟိရ)အပြင်သားတွေက ကြိုးမှျင်အထပ်ထပ်. . .။ ကလစ်ခ်လေးတစ်ချက်. . .။ ကွန်မန့်လေးတစ်ခုတွင် အသက်ခေတ်ပါနေသလို ခံစားတိုးဝင်နေတတ်မြဲပင်. . .။

ခံစားတိုးဝင်မိတော့ စွဲလမ်းမှု၊ တွယ်တာမှုများက မိုးရေစက်တွေလို စိုလာကြပြန်သည်။ သည်လိုနှင့် နေ့စဉ်ဘဝရေယက်ထဲမှာ သိပေမယ့်လည်း နစ်မြုပ်ချင်နေတတ်တာ မိုးပါပဲ. . .။

ကုန်းပေါ်တင်နေသည့် ငါးတစ်ကောင်၏ ဖျပ်ဖျပ်လူးနေမှုမျိုးကို မြင်ဖူးကြလိမ့်မည်။ ဗုဒ္ဓအရှင်ကတော့ မာနတရား၏ ပုံရိပ်အဖြစ် ကုန်းပေါ်တင်ခြင်းကို ဆိုသည်၊ သစ်တုံးကြီးမစီးနိုင်တော့ . . .။ ပင်လယ်ကို ဘယ်လို သွားမလဲ. . .။ မောက်ကြွသော လူ့သစ်တုံးကြီးများကို မြင်ယောင်လာသည်။ ပင်လယ်သို့ ချဉ်းဆိုခွင့် မရတော့ အောင် ခြောက်သယောင်းထကာ မာနအပူလှိုင်းမိသွားသည်။ ငါ. . . ငါ. . . ငါ. . . ဆိုတာတွေက ကမ်းတင်နေတာတွဲလား . . .။

နေ့စဉ်ဘဝထဲမှာ ပေါလောမျောရင်း လူမှုနယ်ပယ်၏ ဝက်ပါကဆယ်ယူလိုက်ပြန်သတဲ့. . .။ နစ်မွန်းပိတ်ဆို့ခံလိုက်ရသော ရဟန်းတစ်ပါးရဲ့ စီးကြောင်း. . .။ ပစ္စည်းဝတ္ထုလာဘ (Gain) ဂုဏ်သတ္တာရ (Honour) ကျော်စောမှုသိလောက (Fame) တရားတွေကလည်း တပ်မက်စရာကောင်းလှသည်။ ပင်လယ်လမ်းကို မေ့သွားစေတော့၏။ မြစ်ကျဉ်းထဲမှာ လွင်လွင်ပျော်ပျော်လေး စီးနေရတာကိုပဲ ပန်းတိုင်အဖြစ် ထင်မှတ်သွားသည်။ သူ့ကို ဘယ်သူတွေက ဆယ်ယူနေပါလိမ့် . .။ ဒါမှမဟုတ် သူကိုယ်တိုင်က အဆယ်ခံချင်နေတာလည်း ဖြစ်နိုင်သည်။

သူဟာ မျောနေသော သစ်တုံးတဲ့. . .။

နတ်တွေ ဆယ်ယူတာကို မျှော်တတ်သော မိတ်ဆွေရဟန်းများကိုလည်း တွေ့ဖူးသည်၊ သံသရာက မလွတ်ကျွတ်သေးလျှင် သုဂတိဘဝတစ်ခုခုကို တပ်မက်တာ သဘာဝကျပါသည်။ နတ်တွေ ဆယ်ကြ. . .။

အမိက ပြသနာက မနစ်မြုပ်ဖို့ ဖြစ်သည်။ သစ်တုံးကြီးစီးပါစေ . . .၊ ပြီးတော့ အတွင်းပုပ်မသွားဖို့တဲ့ . . .။

ကြေမွဆွေးမြည့်သွားလျှင် ပင်လယ်ဆီ ရောက်တော့မည် မဟုတ်. . .။

နိဗ္ဗာန်သည် ဗုဒ္ဓအရှင် ရည်ညွှန်းတော်မူသော ပင်လယ်ဖြစ်ပါသည်။

(၄)

တကယ်တော့ ရဟန်းဆိုသည်က ကျွန်းမာသန်စွမ်းစွာ စီးဆင်းနေရမည့် သစ်မာတစ်တုံးဖြစ်သည်။

သို့သော် သစ်တုံးအကာန်းကြီးတော့ မဖြစ်စေရ. . .။ သမ္မာဒိဋ္ဌိ မျက်လုံးစူးစူးများ တပ်ဆင်ထားဖို့ လိုအပ်ကြောင်း ဗုဒ္ဓအရှင်၏ သတိပေးနှင်တံဝင့်သံကို ကြားရ၏။

သူသည် ပင်လယ်ကို မြင်နေရပါလျက် ပင်လယ်ဆီ မရောက်သေးကြောင်း သိနေခဲ့ပါသည်။

ပင်လယ်ဆီ သွားမည်ဆိုလျှင် စီးရပေလိမ့်မည်။

စီးရုံသက်သက်နှင့်လည်း မလုံလောက်. . .။

သမ္မာဒိဋ္ဌိမျက်လုံးစူးစူးများကိုလည်း သူ ပိုင်ဆိုင်ရပါမည်။

မည်သို့ဆိုစေ

မြစ်ကတော့ စီးလာမယ်. . .။

ပင်လယ်တွေ ကြိုကြ. . .။

**ဓမ္မဝင်္ဂီ**





PHOTO : LIN TUN (LEOPARD) /LOCATION : YANGON INTERNATIONAL AIR PORT (LOCAL DEPARTURE)




Asian Fame Media Group


AIR KBZ
Asian Fame Media Group
MEDIA GROUP



Asian Fame Media Group
af MEDIA GROUP





Asian Fame Media Group


# NOVEMBER MOMENTS




လူတွေဟာ ယဉ်ကျေးလာလေလေ အနုပညာမြောက်အောင် နေထိုင်လာကြလေလေပဲ ဖြစ်ပါတယ်။ အနုပညာမြောက်အောင် နေထိုင်တာကိုပဲ ယဉ်ကျေးမှုမြင့်မားလာတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဝတ်စားဆင်ယင်မှုဆိုတာလည်း အနုပညာတစ်ရပ်ပါပဲ။ Visual Design တစ်မျိုးဆိုလည်း မမှားပါဘူး။ အခုလို အစစအရာရာ ပြောင်းလဲတိုးတက်လာနေတဲ့ ခေတ်ကြီးထဲမှာ ဝတ်စားဆင်ယင်မှုပုံစံတွေလည်း ပြောင်းလဲကုန်ပါပြီ။ ဒါပေမဲ့ . . . ဘယ်လိုပဲ ပြောင်းလဲနေပါစေ၊ Jeansတွေကိုတော့ ခေတ်အဆက်ဆက်ကလူတွေက မြတ်နိုးနေကြဆဲပါ။ အမှန်တော့ Jeans တစ်ထည်ရဲ့ အသုံးဝင်ပုံကလည်း အံ့မခန်းပါပဲ။ Jeans တွေရဲ့ ထူးခြားမှုမှာ gipsy တစ်ယောက်လို ဒီဇိုင်းမျိုးဖန်တီး ဝတ်ဆင်နိုင်သလို smart ကျတဲ့ အသွင်လည်း ပြောင်းဝတ်နိုင်ပါသေးတယ်။ Jeans ဆိုတာ ပလက်ဖောင်းထက်မှာ လွတ်လပ်ပေါ့ပါးစွာ လေညင်းခံလမ်းသလားနိုင်သလို ရုံးခန်းထဲမှာလည်း သက်သောင့်သက်သာ ရှင်သန်လှုပ်ရှားနိုင်စေပါတယ်။ အကြမ်းခံတယ်။ ပွဲဝင်တယ်။ ပေါ့ပါးတယ်။ လွတ်လပ်တဲ့ဟန်ရှိတယ်။ ဒါကြောင့် ဒီလရဲ့ Special Fashion ကဏ္ဍအနေနဲ့ Jeans တွေကို ပွဲထုတ်ရင်း November Moments ဆိုတဲ့ အစီအစဉ်လေးကို တင်ဆက်ပေးလိုက်ပါတယ်။

**အယ်ဒီတာအဖွဲ့**













# NOVEMBER MOMENTS

MODEL: MOE YATHAW
STYLIST: SANDE
MUA: MICH MAKEOVER.
PHOTO: CANDLEROSE
MOTOR BIKE: BURMESE PYTHONS GROUP (SINGAPORE)






Asian Fashion Media Group



Asian Fame Media Group
af MEDIA GROUP



Asian Fame Media Group
MEDIA GROUP



Asian Film Media Group




Asian Fame Media Group

NOVEMBER
MOMENTS




Asian Fame Media Group



Asian Fame Media Group



# NOVEMBER MOMENTS

Model - Thae Naw Zar | Make-up - Soe Soe (Artist) | Fashion - Preety Girl Fashion | Photo - Ko Naing (Popular) | Arranged by - Phyoe Su Po Po

Asian Fame Media Group





Asian Fame Media Group

Model - A Linn Yaung | Fashion - Unique Clothing Fashion | Photo - Ko Naing (Popular) | Arranged by - Phyoe Su Po Po


Asian Fame Media Group

# NOVEMBER MOMENTS




Model - Ye Min Thu | Fashion - Wizard Fashion | Photo - Ko Naing (Popular) | Arranged by - Phyoe Su Po Po

Asian Fame Media Group




Asian Fame Media Group



# NOVEMBER MOMENTS


MODEL . ZIN MIN HTET / MAKE UP . OPT JEANS
PHOTO . KO NAING (POPULAR)
ARRANGED BY THIDA SOE

Asian Fame Media Group



# NOVEMBER MOMENTS

Asian Wave Media Group



# NOVEMBER MOMENTS

MODEL . SITHU WIN
MAKE UP . GUCCI AUNG (NYI NYI AUNG -SANCHAUNG)
DRESS. NOBODY / PHOTO . KO NAING (POPULAR)
ARRANGED BY THIDA SOE

Asian Fame Media
af MEDIA GROUP


NOVEMBER MOMENTS



# NOVEMBER MOMENTS

MODEL . MAY GRACE / DRESS. OPT JEANS /PHOTO . KO NAING (POPULAR)
ARRANGED BY THIDA SOE

Asian Fame Media Group


NOVEMBER MOMENTS
Asian Fame Media Group



# NOVEMBER MOMENTS

MODEL . ARIAL THUTA / MAKE UP . DECEMBER HNIN
PHOTO . KO NAING (POPULAR
ARRANGED BY THIDA SOE


NOVEMBER MOMENTS



Asian Fame Media Group


NOVEMBER MOMENTS
Asian Fame Media Group
MEDIA GROUP

# SPECIAL COVER Image



MODEL : THANDAR BO/ MAKE-UP : NYI NYI MAUNG (SANCHAUNG)/ FASHION : OPT JEANS/ PHOTO : AYE ZAW MOE (SETTHMU)/ ARRANGED BY PHYOE SU PO PO

Asian Fame Media Group



Asian Fame Media Group


ONE OF
A KIND


ONE OF
A KIND
Nikon
MEDIA GROUP


AF MEDIA GROUP
Asian Fame Media Group





# Updating Fashion

*model . hanthi ✿ dress . thanks! ✿ photo . aung zaw (love space)*
*arranged by thida soe*

Asian Fame Media Group



Asian Fame Media Group



Asian Fame Media Group




Asian Family Media Group



Asian Fame Media Group




Asian Fame Media Group
afg MEDIA GROUP



# ထိန်းသိမ်းဆန်းသစ်
## မြန်မာ့အလှစစ်

မော်ဒယ် - စုပန်ထွာ
မိတ်ကပ် - သင်းသင်း (ညီညီအောင် - ဝမ်းချောင်း)
လက်ဝတ်ရတနာ - ညီညီအောင် (ဝမ်းချောင်း)
ဒီဇိုင်နာ - ဥက္ကာကျော် (OMK)
ဓာတ်ပုံ - ကိုနိုင် (ပေါ်ပြူလာ)
စီစဉ်သူ - သီတာစိုး

Asian Fame Media Group
MEDIA GROUP


Asian Fame Media Group
MEDIA GROUP


Asian Fame Media Group



Asian Fame Media Group



Asian Fans Media Group




**Model**
Smile
Su Nadi Maung
Su Yati Maung
**Make-up**
Wai Yan
**Photo**
Ko Naing (Popular)
**Arranged by**
Phyoe Su Po Po

MOD MOM










Asian Fame Media Group




Asian Fame Media Group
MEDIA GROUP





Asian Fame Media Group
MEDIA GROUP



af MEDIA GROUP
Asian Fame Media Group



Model Htet Ko Ko Dress iDOL (men's fashion) Photo Bo Bo (Perspection Studio) Arranged by Moe Thauk Kyal



Asian Fame Media Group



ပွင့်လင်းအခါရာသီအလိုက်ပွဲတော်တွေကြား မင်္ဂလာအခမ်းအနား ဆင်ယင်ကျင်းပကြမှုဟာလည်း အစဉ်အလာပါပဲ။ ဒါကြောင့် ဒီလို ခါတော်မီအခမ်းအနားတွေမစခင်မီ စပ်ကြားအကာလ်ဒမီ မေသန်းနုနဲ့ တစ်ခဏတာ တွေ့ဆုံဖြစ်ခဲ့ပါတယ်။

# မေသန်းနု နဲ့တစ်ခဏတာ

**ခုလိုတိုးတက်လာတဲ့ ခေတ်ကြီးမှာ Wedding Planter တွေ များပြားလာတာနဲ့ပတ်သက်ပြီး မဆင့်ရဲ့အမြင်နဲ့ အကြံပေးမှုလေးတွေ သိပါရစေ။**

လူတစ်ယောက်နဲ့ တစ်ယောက်က Idea မတူကြတော့ စီစဉ်တဲ့သူများလေ သမားရိုးကျမဟုတ်တော့ဘဲ ခေတ်နဲ့အညီ ဆန်းသစ်မှုတွေ တိုးပွားလာလေ ဖြစ်တာပေါ့နော်။ ဒီလို Idea ဆန်းသစ်လာတဲ့ တိုးတက်မှုလေးတွေကို မဆင့်ကတော့ ကြိုဆိုပါတယ်။

**Make Up ဆရာတွေ ပေါ်များလာတာနဲ့ အမျှ ကမ္ဘာပေါ်မှာ အလှအပတွေ တိုးတက်လာတယ်လို့ သတ်မှတ်လို့ရလား။**

ဟိုအရင်ခေတ်ကဆိုရင် အနုပညာလောကမှာရော၊ မင်္ဂလာ ဆောင်မှာပါ မိတ်ကပ်ဆရာ သိသိသာသာကြီး နည်းတယ်။ မဆင့်တို့ မင်းသမီးဖြစ်တုန်းကဆိုရင်လည်း မိတ်ကပ်ဆရာတော်တော်နည်းတယ်။ လက်ရှိဖွတ်လို့ တောင်ရတယ်။ အခုတိုးတက်လာတဲ့ ခေတ်ကြီးမှာ ရွေးချယ်စရာတွေ များလာတယ်။ နယ်ထွက်ရတဲ့ shooting တွေမှာ မိတ်ကပ်ဆရာကြီးတွေ မလိုက်နိုင်တဲ့အခါ သူတို့ရဲ့တပည့်တွေကို ထည့်ပေး၊ အလုပ်ပေးရတဲ့အထိ တိုးတက်လာတဲ့ ဒီခေတ်ကြီးမှာ အနုပညာကို စိတ်ဝင်စားတဲ့အမျိုးသား၊ အမျိုးသမီးတွေကလည်း များလာကြတယ်လေ။ မိတ်ကပ်ပညာတွေ တိုးတက်လာတဲ့အတွက် မဆင့်ကတော့ ဝမ်းသာပါတယ်။

**အလှအပအတွက် ခွဲစိတ်ပြုပြင်တာကို ဘယ်လိုမြင်ပါသလဲ။**

ပြောရရင် ဒီလိုခွဲစိတ်ပြုပြင်လို့ရတဲ့အတွက် အလှအပနဲ့ပတ်သက်ပြီး စိတ်ချမ်းသာမှုတွေ များပြားလာတာကို တွေ့ရမှာပါ။ အရင်ကဆိုရင် အလှအပအတွက် ခွဲစိတ်ဖို့ကို စင်ကာပူ၊ ကိုရီးယား၊ အမေရိကား၊ ဂျပန်ကို သွားပြီး ပြုလုပ်ကြရတယ်။ ခုဆိုရင် အဲဒီကို သွားစရာမလိုဘဲ စက်ပစ္စည်းကိရိယာတွေ နည်းပညာတွေနဲ့ ကိုယ့်မြန်မာနိုင်ငံမှာတင် ခွဲစိတ်ကုသလို့ရတဲ့ ဆေးရုံကြီးတွေ၊ ဆရာဝန်ကြီးတွေ ရှိလာတာဟာ အင်မတန်ကောင်းပါတယ်။

**Photo Studio တွေ ပေါ်များလာတာလေးနဲ့ ပတ်သက် ပြီး မဆင့်ရဲ့ အမြင်လေးနဲ့ အကြံပေးမှုလေး သိချင်ပါတယ်။**

အရင်တုန်းကဆိုရင် Design တစ်ခုရဖို့ မလွယ်ဘူး။ ဓာတ်ပုံရိုက်ရင် Back Ground အမည်းနဲ့ အလင်း တစ်ခုပေးပြီး လှရုပ်လှအောင်ပဲ ရိုက်ကြရတယ်။ ရှုခင်း Back Ground တွေ ဘာတွေမရှိဘူး။ ရှုခင်းနောက်ခံလိုချင်ရင် နယ်ထွက်ရိုက်ရတာမျိုးပဲ ရှိတယ်။ ဒီခေတ်ကြီးမှာ ဓာတ်ပုံဆရာတွေကိုယ်တိုင်က ကိုယ့် Studio နဲ့ကိုယ် ရိုက်လာကြတယ်။ စက်ပစ္စည်းကိရိယာတွေရော၊ နည်းပညာနဲ့ပါ ပေါင်းပြီး Idea ကလည်း ဆန်းသစ်တီထွင်နိုင်လာကြတယ်။ Indoor ရိုက်ပြီး Outdoor ဖြစ်ချင်တယ်ဆို Backgroud လေး ကပ်လိုက်ရုံပဲ ဆိုတော့ ဓာတ်ပုံလည်း ပိုလှတာပေါ့။

**ကိုယ်တိုင်လည်း ဒီလိုအလှအပနဲ့ ပတ်သက်ပြီး ဆိုင်ဖွင့်ထားတာဆိုတော့ အလှအပနဲ့ပတ်သက်ပြီး တိုးတက်လာတာနဲ့ စီးပွားရေးက ဘယ်လိုပတ်သက်ပြီး ဘယ်လိုအကျိုးသက်ရောက်မှုရှိနေတယ်လို့ မဆင့်ရဲ့ ထင်မြင်ချက်လေးကို ပြောပြပေးပါဦး။**

မဆင့်က ဒီအလုပ်ကို ဝါသနာအခံလည်း ရှိ အလုပ်အခံကလည်း ရှိတော့ ရှိရင်းစွဲပညာလေးနဲ့ ဆိုင်လေးဖွင့်မယ်ဆိုပြီး မိန်းကလေးတွေနဲ့ လိုက်ဖက်တဲ့ အလုပ်မျိုးမို့ ရွေးချယ်လုပ်ဖြစ်သွားတာပါ။ ပြီးတော့ အနုပညာနဲ့ကလည်း ပတ်သက်၊ အိုးမကွာအိမ်မကွာလည်း လုပ်ရတယ်၊ စီးပွားရေးအတွက်လည်း တစ်ဖက်တစ်လမ်း ဖြစ်တယ်။ ပုံမှန်ဝင်ငွေလေးလည်း ရတယ်၊ လောဘလည်း နည်းတယ်။ တည်တည်ငြိမ်ငြိမ်လေးနဲ့ လူမြင်လို့လည်း တင့်တယ်တယ်လေ။ အနီးနားပတ်ဝန်းကျင်က အပေါင်းအသင်းတွေ၊ ကိုယ့်ရဲ့မိတ်ဆွေအပေါင်းအသင်းတွေကလည်း အားပေးနေတော့ ကိုယ့်အတွက်လည်း စိတ်ချမ်းသာရတာပေါ့နော်။ ဒီလို အလှအပနဲ့ပတ်သက်တဲ့ ဆိုင်လေးတွေ များလာတာဟာ ကမ္ဘာပေါ်မှာ အလှတရားတွေ များလာတာဟာ အများကြီး ဝမ်းသာစရာကောင်းပါတယ်လို့ မဆင့်ပြောချင်ပါတယ်။

**မိုးသောက်ကြယ်**



Asian Fame Media Group
MEDIA GROUP

AUDIENCE OF CELEBRITIES' CHOICE




Asian Fame Media Group

MODEL - MI SANDI, THA LIN NWE | MAKE UP - HELLO (MA KHING, MA CHO) | DRESS - QUEEN COLLECTION | PHOTO - KO NAING (POPULAR) | ARRANGED BY - THIDA SOE


TRUKFIT





Asian Fame Media Group



Asian Fame Media Group



နိုဝင်ဘာလရဲ့ Audience of Celebrities' Choice ကဏ္ဍမှာ ပုံဖော်မယ့်သူတွေကတော့ ပရိသတ်များအားပေးမှုကို အခိုင်အမာရရှိထားတဲ့ Hip Hop အဆိုတော် မိစန္ဒီနဲ့ အလုံမြို့နယ်မှာ နေထိုင်သူ သလင်းနွယ်တို့ပဲ ဖြစ်ပါတယ်။ ပျော်ပျော်ရွှင်ရွှင်နဲ့ ရိုက်ကူးထားတဲ့ ပုံရိပ်လေးတွေကိုကြည့်ပြီး ပရိသတ်များ ကျေနပ်အားရမယ်လို့ မျှော်လင့်မိပါတယ်။ နောက်လာမယ့် လတွေမှာ ဖိတ်ခေါ်ထားတဲ့ အနုပညာရှင်တွေ အလှည့်ကျရင်လည်း Audience က ဘယ်သူဖြစ်မလဲဆိုတာကို စောင့်ကြည့်ကြပါစို့လား ရှင်။




အနုပညာရှင်အမေး
ပရိသတ်အဖြေ

**ညီမလေးအခုလက်ရှိ ဘာတွေလုပ်ဖြစ်နေလဲ။ ပြီးတော့ ဘာကို ဝါသနာပါလဲ။**

အခုလက်ရှိတော့ ဘာမှ မလုပ်ဖြစ်သေးပါဘူး အစ်မ။ ကျောင်းကတော့ ၁၀ တန်းဖြေပြီး ကတည်းက ဆက်မတက်ဖြစ်တော့ဘူး။ ကျန်းမာရေးက သိပ်မကောင်းတော့ ဒီအတိုင်းပဲ နေဖြစ်နေတာပေါ့နော်။ သီချင်းဆိုတာတော့ အရမ်းဝါသနာပါတယ်။ အိပ်မက်ဆုံရာရဲ့ Season 8 မှာ ဝင်ပြိုင်ဖို့ လုပ်နေပါတယ်။ သီချင်းတွေလည်း လေ့ကျင့်နေပါတယ်။

**အစ်မရဲ့ သီချင်းတွေထဲက ဘယ်သီချင်းကို အကြိုက်ဆုံးလဲ။ ညီမလေးကကော ဘယ်လိုမျိုးဂီတကို နားထောင်ရတာကြိုက်လဲ။**

သီချင်းတွေထဲမှာဆိုရင် 'မငြိုငြင်ရက်ဘူး'ဆိုတဲ့ သီချင်းလေးကို ကြိုက်တယ်။ ရဲရင့်အောင်နဲ့ သရုပ်ဆောင်ထားတာလေ။ အစ်မဆိုထားတဲ့ 'ဘယ်မှာလဲ' သီချင်းလေးကိုလည်း ကြိုက်တယ်။ အစ်မရဲ့သီချင်းတော်တော်များများကို ကြိုက်ပါတယ်။ သီချင်းလေးတွေ နားထောင်ရတာလည်း အရမ်း အဆင်ပြေပါတယ်။ Hip Hop သီချင်းတွေနဲ့ R & B သီချင်းလေးတွေကို ကြိုက်တယ်။ တခြား ဂီတတွေထက် ပိုပြီး နားထောင်ဖြစ်တယ်။

**အစ်မကို ဘယ်မှာ စပြီး သတိထားမိခဲ့တာလဲ။**

'ကိုယ်ရဲ့ သက်တံငယ်'သီချင်းမှာကတည်းက စပြီး သတိထားမိခဲ့ပါတယ်။ အဲဒီမှာကတည်းက အားပေးခဲ့တာပေါ့နော်။ အစ်မရဲ့ ထွက်သမျှ အခွေတွေကိုလည်း ဝယ်ပြီး

Asian Fame Media Group

နားထောင်ဖြစ်တယ်။ အစ်မရဲ့ Promotion ပွဲတိုင်းကိုလည်းလာတယ်။ အစ်မကို အဲဒီလိုအားပေးတာလေ(ရယ်လျက်)။

**အစ်မရဲ့ Fashionပုံစံကိုလည်း ဘယ်လိုမျိုးအကြံပေးချင်လဲ။**

အခုလိုမျိုး Rapper ပုံစံလေးတွေဝတ်တာ အစ်မနဲ့လိုက်တယ်။ ညီမလည်း အရမ်းသဘောကျတယ်။ မိန်းမဆန်တဲ့ပုံစံတွေနဲ့ သိပ်မလိုက်ဘူး။ နည်းနည်း Strong ဖြစ်တဲ့ ပုံစံတွေနဲ့ လိုက်တယ်။ Access-ories တွေအများကြီးဝတ်တာကိုလည်း အရမ်းကြိုက်တယ်။ ခုနောက်ပိုင်း ပါးမှာကြယ်ပုံစံလေးတွေနဲ့ တခြားပုံစံတွေကို ပုံဖော်ထားတာလည်း အစ်မနဲ့လိုက်တယ်။

**အစ်မအခွေမှာ အစ်မ ကိုယ်တိုင် သရုပ်ဆောင်ထားတာတွေလည်း ပါတယ်လေ။ အစ်မရဲ့ သရုပ်ဆောင်မှုအပေါ် ညီမလေးရဲ့ အမြင်က**

'မိုနိုပိုလီ' အခွေထဲက ရဲလေးနဲ့ သရုပ်ဆောင်ထားတာကို ကြိုက်ပါတယ်။ 'ရေခဲရိုက်အပြုံး' မှာလည်း သရုပ်ဆောင်ထားတာ ကောင်းပါတယ်။ အတွေ့အကြုံရင့်တဲ့ ကိုအောင်ရဲလင်းနဲ့ တွဲပြီး သရုပ်ဆောင်ထားပေမယ့် အစ်မအမီလိုက်ပြီး သရုပ်ဆောင်နိုင်တာကို ဝမ်းသာပါတယ်။ 'အဝေးက' သီချင်းလေးလည်း နားထောင်လို့ ကောင်းတယ် အစ်မ။

**Celebrity မိစန္ဒီရဲ့ ကဏ္ဍပေါ် အမြင်**

ဒီညီမလေးကို ရွေးဖြစ်ခဲ့တာက မိစန္ဒီပုံစံနဲ့ သူ့ပုံစံနဲ့ နည်းနည်းတူတယ်။ မိစန္ဒီကိုလည်း ဖုန်းတွေဆက်နေတော့ ရင်းနှီးနေတာပေါ့နော်။ ဖုန်းထဲမှာလည်း စကားတွေ တော်တော်ပြောဖြစ်တယ်။ အခု အပြင်မှာတွေ့တော့ သူက စကားသိပ်မပြောတော့ဘူး (ရယ်လျက်)။ ဒီကဏ္ဍက အရမ်းကောင်းပါတယ်။ ရတီရဲ့ ပရိသတ်တွေနဲ့ အနုပညာရှင်တွေရဲ့ ပရိသတ်တွေ ပျော်ရတာပေါ့။ မရွေးဖြစ်ခဲ့တဲ့ ပရိသတ်တွေ အနေနဲ့ မိစန္ဒီနဲ့ အပြင်မှာ တွေ့ရင် အချိန်မရွေး ဓာတ်ပုံရိုက်လို့ ရပါတယ်လို့ ပြောချင်ပါတယ်။ မိစန္ဒီနဲ့ တွေ့တဲ့ ပရိသတ်ပဲ ဖြစ်ဖြစ်၊ မတွေ့တဲ့ ပရိသတ်ပဲဖြစ်ဖြစ် မိစန္ဒီက အမြဲတမ်းချစ်ပြီးတော့ ပရိသတ်ကြီးအတွက် အမြဲကြိုးစားသွားမှာပါ။ စိတ်လည်းမညစ်ကြပါနဲ့ အပြင်မှာ ကြုံဦးမှာပါလို့ ပြောချင်ပါတယ်။

**ပရိသတ်အမေး အနုပညာရှင်အဖြေ**

**အစ်မရဲ့ နောက်ထပ်အခွေက ဘယ်တော့လောက်ထွက်ဖြစ်မှာလဲဟင်။**

ဘယ်နေ့လောက်ထွက်ဖြစ်မယ်ဆိုတာကတော့ မသေချာသေးဘူး



ပေါ့နော်၊ ဇန်နဝါရီလောက်မှ ထွက်ဖြစ်မယ်ထင်ပါတယ်။ ဒီဇင်ဘာမှာလည်း Sea Game ရှိသေးတယ်လေ၊ Sea Game အပြီး ဇန်နဝါရီလောက်မှပဲ ထွက်မှာပေါ့နော်။ 'မိုနိုပိုလီ' Audio အခွေက ဇန်နဝါရီလကုန်လောက်ထွက်တော့ ဇန်နဝါရီလလယ်၊ လကုန်လောက်ထွက်ဖို့ မှန်းထားပါတယ်။

**အစ်မကိုယ်တိုင်ရေးထားတဲ့ သီချင်းတွေ ပါမှာပေါ့နော်။**

ဟုတ်ပါတယ်။ အစ်မကိုယ်တိုင် ရေးထားတဲ့ သီချင်းတွေပါမှာပါ။ ဒီတစ်ခေါက်တော့ ပိုများမှာပေါ့နော်။ ပရိသတ်ကလည်း အစ်မရေးတဲ့ သီချင်းတွေ နားထောင်ချင်တယ်ဆိုတော့ နောက်ပိုင်းအတွဲ ခွေတော်တော်များများမှာလည်း အစ်မကိုယ်တိုင် ရေးထားတာတွေကို ဆိုထားတယ်။ ဒီဒုတိယအခွေမှာလည်း အစ်မရေးတဲ့ သီချင်းတော်တော်များများပါမယ်။ အဲဒါကြောင့်မို့လည်း ကြာနေတာ။

**Music ပုံစံကရော အစ်မဆိုနေကျပုံစံလေးတွေပဲလား။**

Music ကတော့ Hip Hop R & B ဂီတ ပုံစံလေးတွေပဲပေါ့။ နည်း နည်းတော့ ပုံစံဆန်းအောင် လုပ် ထားတာပေါ့နော်။ ပုံစံဆန်းတယ် ဆိုတာလည်း အခုလက်ရှိမှာ ခေတ် စားနေတဲ့ Music ပုံစံလေးတွေ ပေါ့နော်။ ပထမအခွေထက်တော့ ပိုပြီးတော့ လူငယ်ဆန်သွားမယ်လို့ မျှော်လင့်ရတာပဲ။

**သီချင်းရေးတဲ့အခါမှာရော အစ်မအနေနဲ့ ဘယ်လိုမျိုး mood ထည့်ပါသလဲ။ ဘယ်အချိန်တွေမှာ သီချင်းရေးတတ်လဲဟင်။**

တော်တော်များများက ကိုယ့်ခံစားချက်ပါပါတယ်။ ပြီးတော့ ကိုယ့်ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့ အရာတွေအားလုံးကို ကိုယ်ကိုယ်တိုင်ဝင်ခံစားပြီးတော့ ရေးလိုက်တာပါ။ ကိုယ့်သူငယ်ချင်းတွေထဲမှာ အသည်းကွဲတဲ့ ကိစ္စမျိုးဖြစ်ရင် ကိုယ်သာ သူ့နေရာမှာဆို ဘယ်လိုမျိုး ခံစားရမလဲ။ ပရိသတ်ကရော ဘယ်လိုမျိုး ခံစားရမလဲဆိုတာကို တွေးပြီးရေးတာပေါ့နော်။

**သီချင်းတွေ စဆိုတုန်းက အစ်မမှာ အခက်အခဲလေးတွေ ရှိရင် ပြောပြပါဦး။**

အင်း. . . ရှိတာပေါ့။ အခက်အခဲကတော့ သူ့နေရာနဲ့သူ ရှိတာပေါ့နော်။ ဒီလိုပဲ ကြိုးစားရတာပေါ့။ အစ်မအနေနဲ့ အရမ်းလည်း လေ့လာခဲ့ရတယ်။ ကိုယ့်ထက်စီနီယာကျတဲ့ အစ်ကို၊ အစ်မတွေကို ကြည့်ပြီး လေ့လာတယ်၊ သူတို့တွေ ဘယ်လိုမျိုးသီချင်းဆိုလဲ၊ ဘာတွေကို လေ့လာလဲ၊ ဘယ်လိုမျိုး ဖက်ရှင်တွေဝတ်လဲ၊ ပရိသတ်တွေကို ဘယ်လိုမျိုး Performance တွေလုပ်ပြလဲဆိုပြီး လေ့လာတယ်၊ ကိုယ့်ဘက်က နားမလည်တာတွေရှိ ရင် သူများတွေထက် ပိုအားထုတ်ရတာပေါ့နော်။ နားမလည်တာတွေ ရှိရင်လည်း ကိုယ့်ထက် နားလည်တဲ့သူတွေ မေးတယ်၊ ဒီအလုပ်က လူအများ နဲ့ လုပ်ရတာဖြစ်တဲ့အတွက် အားလုံးနဲ့ အဆင်ပြေအောင်နေတတ်ဖို့လည်း လိုတယ်လေ။

**Audience သလင်းနွယ် ရဲ့ ကဏ္ဍပေါ် အမြင်**

ဒီကဏ္ဍလေးကို မိုးယံဇွန်နဲ့ နန်းခင်ဇေယျာတို့မှာကတည်းက စပြီး သတိထားမိခဲ့တာပါ။ အခု မိစန္ဒီနဲ့ရိုက်ဖို့ ဖိတ်ခေါ်ထားတာတွေ့ တဲ့အချိန်မှာ Form တင်ဖြစ်ခဲ့တာ ပေါ့နော်။ တွဲရိုက်ဖို့ အတွက် အရွေး ခံရတယ်ဆိုပြီး ဖုန်းဆက်လိုက်တော့ အရမ်းပျော်သွားပါတယ်။ ဓာတ်ပုံရိုက်ရတာလည်း အဆင်ပြေပါတယ်။ အားလုံးကလည်းတွဲခေါ်ပြီး သင်ပေးပါတယ်၊ အရွေးမခံရတဲ့ သူငယ်ချင်းတွေလည်း စိတ်မညစ်ပါနဲ့ နောက်ထပ် အနုပညာရှင်တွေ အလှည့်မှာForm တင်လို့ ရပါသေးတယ်လို့ ပြောချင်ပါတယ်။ ပြီးတော့ မိစန္ဒီကိုလည်း အရမ်းကျေးဇူးတင်ပါတယ်။

Asian Fashion Media Group



# ရတီမဂ္ဂဇင်းရဲ့ ချစ်ပရိသတ်ကြီးအတွက် သတင်းကောင်း

# Audience of Celebrities' Choice

**အစီအစဉ်**

ပရိသတ်ကြီးအားလုံး မင်္ဂလာပါ။ ရတီမဂ္ဂဇင်းကိုအားပေးနေကြတဲ့ ပရိသတ်တွေ အတွက် "Audience of Celebrities' Choice" ဆိုတဲ့ ကဏ္ဍလေးတစ်ခု ဖွင့်လှစ်ပေးထားပါတယ်။

**အခွင့်အရေး**

၂၀၁၄ ဖေဖော်ဝါရီလထုတ် ရတီမဂ္ဂဇင်းအတွက် ရတနာမိုင် နဲ့အတူ ရတီတမျက်နှာပေါ်မှာ အလန်းစားအိုက်တင်၊ အလန်းစား အပြင်အဆင်တွေနဲ့ ဓာတ်ပုံတွဲရိုက်ခွင့်ရမှာ ဖြစ်ပါတယ်။

**ထူးခြားချက်များ**

ဒီကဏ္ဍရဲ့ထူးခြားမှုတစ်ခုကတော့ ဓာတ်ပုံရိုက်ခွင့်ရမယ့် ပရိသတ်ကို မဂ္ဂဇင်းက ရွေးချယ်မှာမဟုတ်ဘဲ အနုပညာရှင်ကိုယ်တိုင်က ရွေးချယ်မှာဖြစ်ပါတယ်။

**မိတ်ကပ်၊ အဝတ်အစား**

ရွေးချယ်ခံရတဲ့ ပရိသတ်တွေအတွက် အဝတ်အစားနဲ့ မိတ်ကပ်ကိုတော့ ရတီမဂ္ဂဇင်းကနေစီစဉ်ပေးမှာနော်။

**စည်းကမ်းချက်များ**

(၁) အောက်ဖော်ပြပါဖြတ်ပိုင်းနဲ့တကွ 5"x7" အရွယ်ရှိ
(တစ်ကိုယ်လုံးပြည့် အလှ ဓာတ်ပုံတစ်ပုံ၊ ဘေးတိုက်မြင်ဓာတ်ပုံတစ်ပုံ၊ မျက်နှာအပြည့်ပုံတစ်ပုံ)

(၂) အသက် ၁၅ နှစ်မှ ၃၀ နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးမည်သူမဆို

(၃) မိဘ(သို့) အုပ်ထိန်းသူခွင့်ပြုချက်လက်မှတ်

(၄) ရွေးချယ်ခံရရင် ရတီမဂ္ဂဇင်းမှ ဆက်သွယ်ပေးမှာဖြစ်ပြီး ရတီမဂ္ဂဇင်းမှ စီစဉ် ပေးတဲ့ အစီအစဉ် ရက်ချိန်းများအတိုင်း အတိအကျလာရောက်ပေးရန်

ချစ်ပရိသတ်ကြီးရေ . . . ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်နဲ့ ဓာတ်ပုံအတူ တွဲရိုက်ရမယ့် အခွင့်အရေးကို လက်လွှတ်မခံဘဲ **၂၀၁၃ ဒီဇင်ဘာလ ၁၀ ရက် (အင်္ဂါနေ့)** နောက်ဆုံးထားပြီး စာအိတ်ပေါ်မှာ "Audience of Celebrities' Choice" ရတီ စာပေအနုပညာမဂ္ဂဇင်းလို့ လိပ်မူပြီး အမှတ် ၁၅၀ / ၁၆၀၊ ၃၅ လမ်း(အလယ်) ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံး ပို့လိုက်ကြပါနော်။

*ပြီးခဲ့တဲ့လတွေမှာ ရွေးချယ်မခံရတဲ့ပရိသတ်တွေလည်း ဒီကဏ္ဍမှာ ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်တွေ ပါဝင်လာတဲ့အခါ အောက်ပါပုံစံအတိုင်း ဖြည့် စွက်ပြီး ထပ်မံပေးပို့နိုင်ကြပါတယ်။*

မှတ်ချက်

ဒီကဏ္ဍကို လစဉ် အနုပညာရှင်တစ်ယောက်စီနဲ့ အလှည့်ကျစီစဉ်ပေးသွားမှာဖြစ်လို့ ပါဝင်ချင်တဲ့ ဝါသနာရှင်ပရိသတ်တွေ စောင့်မျှော် အားပေးလိုက်ကြပါဦးနော်။

အမည် ------------------------------------

မွေးသက္ကရာဇ် ------------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------

ပညာအရည်အချင်း ------------------------------------

အလုပ်အကိုင် ------------------------------------

အနုပညာလှုပ်ရှားမှု ------------------------------------

အိမ်ထောင်ရှိ/မရှိ ------------------------------------

အရပ်အမြင့် ------------------------------------

နေရပ်လိပ်စာ ------------------------------------

ဖုန်းနံပါတ် ------------------------------------

Asian Fame Media Group

# သူပြောတဲ့ သူ့အကြောင်း

MODEL - YADANAR MY/ MAKE-UP - MAW JUE (MOGOKE)/ DESIGNER - KOOL FASHION(MA GYI,MA LAY)
PHOTO - KO NAING (POPULAR)/ ARRANGED BY THIDA SOE



**ဘဝမှာ အပျော်ရွှင်ဆုံးအချိန်**

မိုင်လေးက အခု ဘဝတစ်လျှောက်လုံးကို ပျော်ရွှင်စွာနဲ့ ဖြတ်သန်းခဲ့ရတာပါ။ မိုင်လေး ကံကောင်းတယ်လို့ ပြောရမှာပေါ့နော်။ ဒီမိဘတွေနဲ့ နေနေရတဲ့အတွက် မိုင်လေးက အမြဲပျော်ရွှင်နေပါတယ်။

**မိုင်လေးရဲ့ မိဘအပေါ်ထားတဲ့ သဘောထား**

မိဘကို စိတ်ဆင်းရဲအောင် လုပ်ရင် အဲဒီစိတ်ဆင်းရဲမှုရဲ့ အကုသိုလ်အကျိုးကို ခံစားရမယ်။ မိဘကိုစိတ်ချမ်းသာအောင် ထားတဲ့လူဆိုရင် မိဘကို စိတ်ချမ်းသာအောင်ထားတဲ့ ကုသိုလ်ကောင်းမှုအကျိုးကို ခံစားရလိမ့်မယ်လို့ ယုံကြည်ထားတယ်။ အဲဒါကြောင့်လည်း မိဘနဲ့ အဆင်ပြေအောင်နေတယ်။ မိဘစကားကို နားထောင်တယ်။

**သည်းမခံပေးနိုင်တဲ့လုပ်ရပ်**

ကိုယ်ကတော့ အတတ်နိုင်ဆုံးသည်းခံပေးပါတယ်။ ကိုယ့်ကို မခံမရပ်နိုင်အောင်၊ မခံချင်အောင် ပြောလာမှသာ သည်းမခံနိုင်တာတွေရှိတယ်။ တစ်ခါတလေမှာတော့ ကိုယ်မသိချင်ယောင်ဆောင်လိုက်ရတာတွေလည်း ရှိတယ်။ ကိုယ်က ချည်းပဲ ဒေါသဖြစ်နေလို့ မရဘူးလေ။ သည်းမခံပေးနိုင်တဲ့ အခြေအနေ

Asian Eye Media Group
MEDIA GROUP







ဖြစ်လာရင်တောင် အဲဒီဒေါသစိတ်တွေက စိတ်ထဲမှာပဲ ဖြစ်လိုက်ရတယ်၊ အပြင်ကို မရောက်လိုက်ဘူးပေါ့နော်။

**ပရိသတ်နဲ့ တစ်သားတည်းဖြစ်သွားခဲ့တဲ့ အောင်မြင်မှု**

ကိုအောင်လရေးပေးထားတဲ့ 'အလွမ်းသင့်ပန်းချီ' သီချင်းလေးပါ။ အဲဒီသီချင်းကို ပရိသတ်တွေတော်တော် ကြိုက်ကြတယ်။ အနု'ပုံရိပ်လေးများ'အခွေမှာပါတဲ့ မေမေ့ရဲ့ 'မလွမ်းပို' သီချင်း၊ ကိုယုန်လေးရေးပေးထားတဲ့ 'Good Night' သီချင်းလေးတွေကိုလည်း ပရိသတ်တွေကြိုက်ကြပါတယ်၊ နောက်ပြီးတော့ ကိုအောင်လ ရေးပေးထားတဲ့ 'သံစဉ်မဲ့သီချင်း' ဆိုတဲ့ သီချင်းအသစ်လေးကို ကျောင်းပွဲမှာ စမ်းဆိုကြည့်တော့ စင်အောက်က ပရိသတ်တွေက အဲဒီသီချင်းအသစ်လေးကို ရနေကြတယ်၊ အဲဒီအတွက်လည်း အရမ်းဝမ်းသာမိပါတယ်။

**ရတနာမိုင်ရဲ့ အနုပညာ ခံယူချက်**

အနုပညာဆိုတာ မိုင်လေးဘဝအတွက် အရမ်းအရေးပါပါတယ်။ အနုပညာကို တတ်နိုင်သမျှ၊ လုပ်နိုင်သမျှ လုပ်နိုင်တဲ့အချိန်အထိ လုပ်သွားမှာပါ။

**ရတနာမိုင်ရဲ့ ဂီတအပေါ် ရူးသွပ်မှု**

ပထမစလုပ်တုန်းက စိတ်ကူးယဉ်မိတာကတော့ နာမည်ကြီးအဆိုတော်တွေဆိုတဲ့အချိန်မှာ အားပေးနေတာတွေ့ရင် 'ငါ့အလှည့်ကျရင်လည်း အဲဒီလိုအားပေးရင်ကောင်းမှာပဲ' လို့ စိတ်ကူးယဉ်မိတယ်။ အခန်းထဲမှာ တစ်ယောက်တည်းလေ့ကျင့်ခဲ့ရတာတွေ ရှိတယ်၊ အဲဒီလိုရူးသွပ်ခဲ့တာပေါ့နော်။ 'အသစ်ကြိုက်သူများ' အခွေထဲမှာ 'အဝေးထွက်သွားသူ' သီချင်းလေးကို စဆိုခဲ့တယ်၊ ပရိသတ်တချို့တစ်ဝက်ကတော့ သတိထားမိခဲ့ပါတယ်။ အဲဒါကိုတော့ပျော်တယ်၊ ကိုယ့်ကြိုးစားမှုရလဒ်လေးပေါ့နော်။

**ကိုယ်ရှာဖွေထားတဲ့ ငွေကြေးတွေကို ဒီလိုနေရာတွေမှာ များများသုံးဖြစ်တယ်**

မိုင်လေး ပိုက်ဆံအိတ်ကို ဖွင့်ကြည့်လိုက် ပိုက်ဆံတစ်ရွက်မှမရှိဘူး (ရယ်လျက်) အကုန်လုံး အမေကိုအပ်တယ်။ မုန့်စားချင်မှ အမေဆီက မုန့်ဖိုးပြန်တောင်းဖြစ်တယ်။ ငွေကြေးအားလုံးကိုတော့ အမေကပဲ စီမံခန့်ခွဲပါတယ်။ စားသင့်တာစား၊ လှူသင့်တာလှူတာပေါ့နော်။

**ရတနာမိုင်နဲ့ ပရဟိတအပေါ် အမြင်**

ပရဟိတအလုပ်လေးတွေတော့ လုပ်ဖြစ်ပါတယ်။ ကိုယ့်ရဲ့ဆွေမျိုးသားချင်းတွေထဲက အဆင်မပြေရင်လည်း အကူအညီပေးတယ်။ မွေးနေ့ပဲဖြစ်ဖြစ်၊ ကိုယ့်ရဲ့စိတ်ထဲမှာ အရမ်းလှူချင်လို့ပဲဖြစ်ဖြစ် မိဘမဲ့ဂေဟာမှာ သွားလှူဖြစ်တယ်။ လမ်းဘေးခွေးလေးတွေကိုလည်း တွေ့ရင် အစာကျွေးတတ်တယ်။ တတ်နိုင်သမျှ လှူဖြစ်တာလေးတွေတော့ ရှိတာပေါ့နော်။

---

**စိတ်ကူးယဉ်မိတာကတော့ နာမည်ကြီးအဆိုတော်တွေဆိုတဲ့အချိန်မှာ အားပေးနေတာတွေ့ရင် "ငါ့အလှည့်ကျရင်လည်း အဲဒီလိုအားပေးရင်ကောင်း မှာပဲ" လို့ ....**

---

**ဘဝမှာ အကြည်ညိုဆုံး စံပြပုဂ္ဂိုလ်**

ဗိုလ်ချုပ်အောင်ဆန်းနဲ့ အမေ၊ အဖေပါ။

**ဂီတနဲ့ပတ်သက်ပြီး ရတနာမိုင်ရဲ့ လေ့လာမှု**

ဘယ်သူတွေ အခွေအသစ်ထွက်လဲဆိုပြီး အမြဲနားစွင့်နေတယ်။ ပြည်တွင်းကပဲဖြစ်ဖြစ်၊ ပြည်ပကဖြစ်ဖြစ် အခွေအသစ်ထွက်ရင် ဝယ်နားထောင်တယ်၊ လေ့လာတယ်။

**ရတနာမိုင်ကြိုက်နှစ်သက်တဲ့ ဖက်ရှင်**

မိုင်လေးက လူကြီးဖြစ်လာပြီဆိုတော့ smart ပုံစံလေးတွေ ဝတ်ချင်တယ် (ရယ်လျက်)။ ပရိသတ်တွေကျတော့ မိုင်လေးကို cute ပုံစံနဲ့ ပိုကြိုက်ကြတယ်လေ။ အခုဝတ်နေကြတဲ့ ပုံစံလေးတွေ ဝတ်ချင်တယ်။ ဒါပေမဲ့ မိုင်လေးပုံစံနဲ့ သိပ်မလိုက်ဘူးဖြစ်နေတာပေါ့နော်။ ပိန်ပိန်သွယ်သွယ် ခန္ဓာကိုယ်လေးတွေကို အရမ်းသဘောကျတယ်။ မိုင်လေးကတော့ ရိုးရိုးရှင်းရှင်းပုံစံလေးတွေပဲ ဝတ်ဖြစ်နေတယ်။

**ရတနာမိုင်ရဲ့ အနုပညာလှုပ်ရှားမှု**

'ပျော်ပြီးရင်းပျော်' ဆိုတဲ့ ဇာတ်ကားကို ရိုက်ပြီးသွားပြီ။ ဒါရိုက်တာ ဦးသီဟတင်သန်း ရိုက်တာပါ။ ယုန်လေး၊ ဆူဇီ၊ ကြက်ဖ၊ Super Model အဖွဲ့ထဲက ပန်းအိ၊ မဂ္ဂမ်းပုံ၊ ကိုခင်လှိုင်တို့ပါပါတယ်။ နောက်ထပ်ကားတွေ ကမ်းလှမ်းလာရင်လည်း ရိုက်ဖို့ရှိပါတယ်။ ကမ်းလှမ်းထားတာလေးတွေလည်း ရှိပါတယ်။ 'ပုံရိပ်လေးများ' အခွေကို MTV စရိုက်ဖို့ ရှိပါတယ်။ မိုင်လေးနဲ့ ခင်တဲ့ အစ်ကို၊ အစ်မတွေကို ကူညီပြီး ရိုက်ဖို့ပြောထားတာ ရှိပါတယ်။ ဒီနှစ်ကုန်လောက်မှာ 'ပုံရိပ်လေးများ' VCD ကို ဖြန့်နိုင်ဖို့ ရည်ရွယ်ထားပါတယ်။ ပရိသတ်ကြီးလည်း အားပေးကြပါဦးလို့ ပြောချင်ပါတယ်။

**သီတာစိုး**



# သူတို့ပြောတဲ့

# G

ဖြိုးစုပိုပို

## ချမ်းသာ



သဘင်လောကမှာ ရှိကြတဲ့ သဘင်မျိုးဆက်သစ်တွေအားလုံးကို ဦးချမ်း တို့က အားကိုးပါတယ်။ ဘာလို့လဲ ဆိုတော့ ဒီသဘင် လောကကြီး မပျောက်အောင်က သူတို့ပဲ လုပ်နိုင် ကြမှာလေ။

## ဇော်ဝင်းထွဋ်



အစ္စလာမ်နိုင်ငံက မိန်းကလေး တစ်ယောက်က ခေါင်းမြီးခြုံ တာ ဘာပြဿနာမှမရှိပေမယ့် အမေရိကန်လိုနိုင်ငံက မိန်းကလေး တစ်ယောက်အတွက်က ဒါက ပြဿနာကြီးဖြစ်နေလိမ့်မယ်။

## ယုယ



အဘိုးဦးသာမှက အနုပညာအလုပ် တော်တော်များများကို လုပ်နိုင် တယ်။ သူ့သားတွေကျ တော့ တစ်ယောက် နည်းနည်းပဲလုပ်နိုင် ကြတော့တယ်။ အဘိုးလောက် တော့စုံအောင်မလုပ်နိုင်ကြဘူးပေါ့။

'G' စာလုံးတွေ အများကြီးထဲမှာမှ ဒီလမှာတော့ Generation Gap၊ Global နဲ့ Gossip စကားလုံးတွေကို မျိုးရိုးအစဉ်အဆက်အနုပညာအလုပ်တွေလုပ်နေကြတဲ့ သဘင်ပညာရှင် ချမ်းသာ၊ အဆိုတော်ဇော်ဝင်းထွဋ်နဲ့ စာရေးဆရာမယုယတို့က ဆွေးနွေးပေးခဲ့ကြပါတယ်။

Asian Fame Media Group



# ချမ်းသာ

## Generation Gap

Generation Gap ဆိုတာ မျိုးဆက်တစ်ဆက်နဲ့ တစ်ဆက်ကြားက ကွာဟမှုပေါ့။ ဦးချမ်းတို့အနေနဲ့ဆိုရင် သဘင်မျိုးဆက်ပေါ့။ ဦးချမ်းရဲ့ ဖေဖေ အလင်္ကာကျော်စွာရွှေမန်း တင်မောင်က စတယ်ပေါ့။ ဖေဖေ့ကနေ ဦးချမ်းတို့ညီအစ်ကို ၅ ယောက်ပေါ့။ ဦးချမ်းရဲ့ အစ်ကို ၂ ယောက်ကတော့ ဖေဖေ့ရဲ့ဆန္ဒအရ အနုပညာအလုပ် လုပ်ခွင့်မရခဲ့ကြဘူး။ ဦးချမ်းရဲ့အစ်ကိုတွေဖြစ်တဲ့ ကိုညွန့်ဝင်း၊ ကိုဝင်းဗိုလ်၊ ကိုဆန်းဝင်း၊ ကိုဝင်းမောင် ပြီးတော့ ဦးချမ်းက အငယ်ဆုံးပေါ့။ ဦးချမ်းတို့ပြီးတော့ တင်မောင်ဆန်းဝင်းဝင်း၊ ကျော်ကျော်ဇို စည်သူဇိုတို့ကလေးတွေပေါ့။ သားစဉ်မြေးဆက် သဘင်အလုပ်ကို ချစ်ခင်မြတ်နိုးစွာနဲ့ လုပ်ကြပါတယ်။ လုပ်ကြပေမယ့် ဖေဖေ့ကိုတော့ ဘယ်သူမှ မမီကြပါဘူး။ ဖေဖေကတော့ အရမ်းခမ်းနားခဲ့တယ်။ ဖေဖေရဲ့ ပုံစံကို လိုက်တုဖို့တောင် မရဲကြပါဘူး။ ဖေဖေကတော့ တီထွင်မှုကောင်းတယ်။ သူဖန်တီးခဲ့တာတွေကို မမီကြဘူး။ အစ်ကိုကြီး ကိုညွန့်ဝင်းကတော့ ဖေဖေဆီကနေ စာအုပ်ဖတ်တာနဲ့ အချိန်တိကျလေးစားတာကို လုံးဝအတုယူထားတယ်။ ဦးချမ်းတို့ရဲ့ နောက်မျိုးဆက်ဖြစ်တဲ့ကလေးတွေလည်း ကြိုးစားကြပါတယ်။ ဦးချမ်းတို့ရဲ့ အလင်္ကာမျိုးဆက်သစ်တွေတင် မဟုတ်ပါဘူး။ သဘင်လောကမှာ ရှိကြတဲ့ သဘင်မျိုးဆက်သစ်တွေအားလုံးကို ဦးချမ်းတို့က အားကိုးပါတယ်။ ဘာလို့လဲဆိုတော့ ဒီသဘင်လောကကြီး မပျောက်အောင်က သူတို့ပဲ လုပ်နိုင်ကြမှာလေ။

## Global

Global ဆိုတာကတော့ တစ်ဦးတစ်ယောက်တည်း လူမျိုးစုတစ်ခုတည်း နိုင်ငံတစ်နိုင်ငံအတွက်ပဲမဟုတ်ဘူး၊ ကမ္ဘာနဲ့ ချီသွားပြီ။ ကမ္ဘာနဲ့ အဝန်းပေါ့။ ကမ္ဘာမှာက ပြဇာတ်တွေက အရမ်းတန်ဖိုးထားခြင်း ခံရတယ်။ ဦးချမ်းတို့နိုင်ငံနဲ့ မတူဘူး။ ဒါက တိုင်းပြည်ပေါ်မှာ မူတည်တယ်။ နိုင်ငံက ထုတ်မပြတော့ ဦးချမ်းတို့ရဲ့ ဇာတ်သဘင်ကို ကမ္ဘာက မသိဘူး။ တို့နိုင်ငံက လူတွေက ယဉ်ကျေးမှုကို ထိန်းသိမ်းပါဆိုပြီး ကိုယ့်နိုင်ငံက လူတွေကိုပဲ ပြောနေတယ်။ အမှန်က ကမ္ဘာကိုလည်း ပြရမယ်။ မြန်မာ့ယဉ်ကျေးမှု ဇာတ်သဘင်က ဘယ်လောက်ထိ အဆင့်အတန်းရှိလဲဆိုတာ။ မြန်မာ့ရိုးရာမိရိုးဖလာတွေကို ဘယ်လို ထိန်းသိမ်းထားလဲဆိုတာကိုပေါ့။ ဦးချမ်းတို့က Modify ပြန်လုပ်တာလည်း သိပ်ကောင်းကြတယ်။ ဥပမာ ဦးချမ်းတို့ဇာတ်မှာ ယိုးဒယားအကဆိုရင် မြဝတီမင်းကြီးဦးစတို့က Modify လုပ်ထားခဲ့တာ။ သူ့ယိုးဒယားအကကို ကိုယ့်မြန်မာရိုးရာနဲ့ ပေါင်းစပ်ပြီး ဖန်တီးခဲ့ကြတာ။ သူတို့ထက်လှအောင် ကခဲ့ကြတယ်။ ပုဂံအကဆိုလည်း သူ့ရဲ့ချပ်ဝတ်တန်ဆာ၊ အယူအတိမ်း၊ အနွဲ့အပြောင်း၊ မုဒြာတွေက အိန္ဒိယက ယူထားတာပဲ။ ဒါလည်း Modify လုပ်လိုက်တာပဲ။ ကိုယ်တိုင်ထုတ်လုပ်ခဲ့တဲ့ အနုပညာအရည်အသွေးတွေလည်း အများကြီးပဲ၊ ကမ္ဘာကို ပြမယ်ဆိုရင် ယဉ်ကျေးမှုလက်အောက်ခံက အမျိုးသားကဇာတ်ကိုပဲ ထုတ်ပြတယ်။ ဦးချမ်းတို့လို ကိုယ်ပိုင်ဇာတ်သဘင်အဖွဲ့တွေက ထုတ်ပြခွင့်မရကြဘူး။ အမှန်ဆိုရင် နိုင်ငံခြားက Broad way လို ရုပ်ကွက်မျိုးဖန်တီးရင် ရတယ်။ ဒီမြို့နယ်မှာ Bamboo theatre ကြီးတွေဆောက်ပြီး ပြလို့ရတယ်။ နိုင်ငံတကာက သံမဏိတွေ ဘာတွေနဲ့ ဇာတ်စင်တွေ လုပ်နေချိန်မှာ ကိုယ်တွေက သစ်တွေ၊ ဝါးတွေနဲ့ပဲ အရမ်းကိုကြီးကျယ်ခမ်းနားတဲ့ ဇာတ်စင်ကြီးဆောက်လို့ရတယ်။ သူတို့အံ့ဩသွားအောင် လုပ်နိုင်တယ်။ သူတို့တွေက ခုံတွေနဲ့ ဇာတ်ကြည့်တယ်၊ ဒါပေမဲ့ ကိုယ်တွေက ဖျာလေးတွေခင်းပြီး ကြည့်တယ်။ ဒါတွေကိုက ပြစရာတွေပဲ။ အခုကျတော့ ဦးချမ်းတို့က သေတ္တာထဲမှာ ထည့်ထားတဲ့ အရုပ်တွေလိုပဲ။ လာကြည့်ချင်ရင် ခဏဖွင့်ကြည့် ပြီးရင် ပြန်ပိတ်ထားခံရတယ်။ ထုတ်ပြခြင်း မခံရဘူး။ အင်ဒိုနီးရှားရုပ်သေးဆို ကမ္ဘာကိုမေးလိုက် အကုန်သိကြတယ်။ အမှန်က မြန်မာ့ရုပ်သေးက သူတို့ထက် အများကြီးအဆင့်မြင့်တယ်။ ပြခွင့်မပေးဘူး။ Broad way လိုနေရာမျိုးဖြစ်အောင် ဦးချမ်းတို့လည်း လုပ်နိုင်ပါတယ်။ ဒါပေမဲ့ လုပ်ခွင့်မပေးဘူး။ အခုဆိုရင် မြန်မာ့ဇာတ်သဘင်က ဝမ်းနည်းစရာကောင်းလောက်အောင်ကို မှေးမှိန်သလိုတောင် ဖြစ်နေပါပြီ။

**ဒါက တိုင်းပြည်ပေါ်မှာ မူတည်တယ်။ နိုင်ငံက ထုတ်မပြတော့ ဦးချမ်းတို့ရဲ့ဇာတ်သဘင်ကို ကမ္ဘာက မသိဘူး။ တို့နိုင်ငံက လူတွေက ယဉ်ကျေးမှုကို ထိန်းသိမ်းပါဆိုပြီး ကိုယ့်နိုင်ငံက လူတွေကိုပဲ ပြောနေတယ်။ အမှန်က ကမ္ဘာကိုလည်း ပြရမယ်။ မြန်မာ့ ယဉ်ကျေးမှု ဇာတ်သဘင်က ဘယ်လောက်ထိအဆင့်အတန်းရှိလဲဆိုတာ။**

## Gossip

Asian Fame Media Group

Gossip ဆိုတာ သတင်း ဖြန့်ချိမှုဆိုရင်မမှားပါဘူး။ ဒါပေမဲ့ ကောင်းသတင်းနဲ့ ဆိုးသတင်းရှိတယ်။ အားမနာပမဖြစ်ဖို့ အရေးကြီးတယ်။ မုဒိတာပွားသင့်တယ်၊ ဒီလို သတင်းအတင်းမျိုးမဖြစ်ဖို့က မင်းသားကလည်း မင်းသားသိက္ခာ၊ မင်းသမီးဆိုလည်း မင်းသမီးသိက္ခာ ရှိရတယ်။ သူများပြောစရာမရှိအောင်ပေါ့။ ဦးချမ်းတို့တုန်းကလည်း ဒီလိုကိစ္စမျိုးတွေနဲ့ ကြုံခဲ့ရဖူးတယ်။ ဒါပေမဲ့ ဦးချမ်းက ဒါတွေကို ကောင်းကောင်းပဲ ပြန်တုံ့ပြန်ခဲ့တာပဲ။ ဘယ်တော့မှ ရန်နဲ့ မတုံ့ပြန်ခဲ့ဘူး။ ဦးချမ်း ကိုယ်တိုင်ကျတော့လည်း သူများကို သိက္ခာကျအောင် အကျိုးယုတ်အောင် ဘယ်တော့မှမပြောဆို၊ မပြုမူဘူး။



# ဇော်ဝင်းထွဋ်

## Generation Gap

Generation Gap က အခုချိန်မှာ ပြောရတော်တော်ခက်နေတဲ့ အချိန်ဖြစ်သွားပြီ၊ ၁၉၅၀ လောက်ကတည်းကအမျိုးသမီးတွေ မဲပေးခွင့်ရနေတဲ့ ဒီမိုကရေစီနိုင်ငံဖြစ်တဲ့ အမေရိကန်လိုနိုင်ငံမျိုးနဲ့ ယှဉ်ရင်ပေါ့။ ဒီလိုနိုင်ငံတွေမှာ Human Rights နဲ့ပဲ စကားပြောတယ်။ ဥပမာ- အစ္စလာမ်နိုင်ငံက မိန်းကလေးတစ်ယောက်က ခေါင်းဖြီး ဖြီးတာ ဘာပြဿနာမှမရှိပေမယ့် အမေရိကန်လိုနိုင်ငံက မိန်းကလေးတစ်ယောက် အတွက်က ဒါက ပြဿနာကြီးဖြစ်နေလိမ့်မယ်။ Generation Gap ဆိုတာ Culture နဲ့လည်း ဆိုင်တယ်။ Traditional တွေနဲ့လည်းဆိုင်တယ်။ ကျွန်တော်တို့ ငယ်ငယ်ကဆိုရင် လူကြီးတွေအမြင်မှာ ကျွန်တော်တို့ ဘယ်တော့မှမမှန်ဘူးဘဲ။ ကျောင်းမှာလည်း ဆရာ၊ ဆရာမတွေအမြင်မှာ မမှန်ဘူး။ မှားနေတယ်သဲ။ မှန်လည်း အသိအမှတ်ပြုချင်မှ ပြုကြတဲ့ခေတ်။ အဖေ၊ အမေလည်းကြောက်ရတယ်။ ဆရာ၊ ဆရာမလည်း ကြောက်ရတယ်။ အဲဒီလိုခေတ်မှာ နေခဲ့ရတဲ့ ကျွန်တော်တို့ အခုဘာဖြစ်လဲဆိုတော့ ဘာမှမဖြစ်ဘူးလေ။ ကျွန်တော် သား၊ သမီးခေတ်မှာတော့ ပြောင်းသွားပြီ။ ကျွန်တော့် သမီးကို ဩစတြေးလျမှာ ကျောင်းထားဖို့ ပြင်တော့ ဟိုမှာ ကျောင်းက မေးတယ်။ ဘယ်မှာနေမှာလဲ။ အဒေါ်နဲ့ နေမှာဆိုတော့၊ အရင်းလား။ဦးလေးက အရက်သောက်လား။ အခန်းတစ်ခန်း သပ်သပ်ပေးလား။ ကွန်ပျူတာဝယ်ပေးထားလား။ ဒါတွေ မေးတယ်။ ပြီးတော့ ဖြေတာ တွေ ဟုတ်၊ မဟုတ် ကျောင်းက တစ်ရက် အိမ်မှာလာစစ်တယ်။ သူ့ကို လက်ဖျားနဲ့ထိဖို့ မပြောနဲ့ ကောင်းကောင်း မွန်မွန် မထားရင်တောင် အပြစ်ဖြစ်နေပြီ။ ဒါပေမဲ့ သူတို့ ခေတ်ကလေးတွေမှာ အရာရာကို အဆင်သင့် ရနေကြပေမယ့် စိတ်ဓာတ်ကျလွယ်တယ်။ ကိုယ့်ကိုယ် ကိုယ်

**ဒီတော့ ကျွန်တော် ပြောချင်တာက ဒီလို ကိစ္စတွေမှာ ရေးချင်ရင် အရင်ဆုံးသေချာလေ့လာစေချင်တယ်။ ကိုယ့်ရဲ့စကားလုံးအသုံးအနှုန်းနဲ့၊ အမြင် က ကိုယ့်နိုင်ငံကိုယ်စားပြုပြီး တခြားနိုင်ငံက သူတွေက အထင်သေးသွားစေတာမျိုးတော့ မကောင်းဘူး။ ကျွန်တော်တို့နဲ့အခု နောက်မျိုးဆက်နဲ့ကအရမ်းကွာပါတယ်။အခုမျိုးဆက်က ကမ္ဘာကြီးကို မျက်စိအောက်မှာ ထားလို့ရတဲ့ခေတ် ဖြစ်နေပြီလေ။**

သတ်သေကြတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက Counsellor ဆိုတဲ့ စကားလုံးကြားတောင် မကြားဖူးဘူး၊ စိတ်ညစ်ရင် စိတ်မောတ်ကျရင် ကိုယ့်ဟာ ကိုယ်ဖြေ ရှင်းရတယ်။ ဒီခေတ်မှာတော့ Counsellor ဆိုတာတွေ ရှိလာတယ်။ သူတို့ကို နှစ်သိမ့်ပေးနေရတယ်။ ကျွန်တော်တို့တုန်းက ကိုယ့်ထက်ကြီးတဲ့ သူတွေကို ကြောက်ခြင်း၊ ရိုသေခြင်း အားဖြင့် စိတ်ဓာတ်မကျခဲ့ကြဘူး။ နောက်ပြီး စည်းကမ်းပိုင်းလည်း ကောင်းခဲ့တယ်၊ အခု မျိုးဆက်မှာက အားပေး နေရတယ်။ စည်းကမ်းပိုင်းတွေမှာ အားနည်းလာကြတယ်။ မြန်မာပြည်မှာက Generation Gap ကပို ကြီးသွားတယ်၊ ကလေးတွေ လိမ်တာကို မိဘတွေ ကပြန်ပြီး ခံနေရတယ်။ နိုင်ငံခြားမှာက သားသမီးနဲ့ မိဘက ညဏ်ရည်ညဏ်သွေးချင်း၊ ဗဟုသုတရှိတာချင်း မကွာဘူး။ မြန်မာပြည်မှာက ကွာနေတယ်။ ဒါက စိတ်ပူစရာပဲလေ။ ကျွန်တော့်အနေနဲ့ ပြောရရင် အိမ်တစ်အိမ်မှာ Three Generation ရှိနေတာကို ကြိုက်တယ်။ အဘိုး၊ အဘွား၊ အဖေ၊ အမေ၊ သား၊ သမီး ဒီလိုစုနေတာပေါ့။ ဒီလို ဓလေ့က ကမ္ဘာမှာမရှိသလောက် ရှားသွားပြီ။ မြန်မာပြည်မှာပဲ ကျန်တော့တယ်။ဒီလိုနေရင် Generation Gap က မရှိနိုင်တော့ဘူးလို့ ကျွန်တော်ယူဆတယ်။

Global

Global ဆိုတာတော့ Globalization နဲ့တူလိမ့်မယ်။ The World is Flat လို့ပြောကြတယ်။ ကမ္ဘာကြီးက ရွာဖြစ်သွားပြီလို့ ပြောကြတယ်။ ဒီလိုအချိန်မှာ တစ်ကမ္ဘာလုံးကနီးသွားပြီ။ ကမ္ဘာ့အရှေ့နဲ့ အနောက်က ခဏလေးနဲ့နီးသွားတယ်။ ဥပမာ - Facebook လိုဟာမျိုးပေါ့။ အခုချိန်ဆို ကျွန်တော်တို့ နိုင်ငံမှာ ပြောင်းလဲမှုတွေ ဖြစ်နေတယ်၊ ဒီပြောင်းလဲမှုတွေမှာ ကျွန်တော်တို့နိုင်ငံမှာ Culture Shock တွေ ဖြစ်ကြတယ်၊ အမြင်တွေပြောင်းဖို့လိုတယ်။ အမြင်တွေ မပြောင်းသရွေ့တော့ တို့တိုင်းပြည်မှာ Global ဆိုတဲ့ စကားလုံးက အသုံးမဝင်ဘူး။ အမှန်က Global ခေတ်မှာ လူငယ်တွေ အတွက် ကောင်းကျိုးကများရမယ်။ ဒါပေမဲ့ ဒါကလည်း ကိုယ်လက်ခံနိုင်၊ တုံ့ပြန်နိုင်မယ့် အခြေအနေနဲ့ဆိုင်တယ်။ တုံ့ပြန်တဲ့နေရာမှာ ပြဿနာရှိနိုင်တယ်၊ အရင်တုန်းကဆိုရင် လူတွေက ကိုယ်ပိုင်ချိန်ဆိုတာရှိတယ်။ အခုက တိုးတက်လာတော့ Privacy ဆိုတာ မရှိတော့ဘူး၊ လက်ညှိုးလေးတစ်ချက်နဲ့ပဲ Like ၊ Unlike နဲ့တင် အများကြီးခရီး ရောက်နေပြီ။နောက်ပြီး ဒီထက်ပိုချင်ရင် Comment လေးရေးပေါ့။ ဒီတော့ အခုဆိုရင် ကမ္ဘာနဲ့အဝန်း၊ တစ်ကမ္ဘာလုံးက စောင့်ကြည့်ရတဲ့ ယှဉ်ပြိုင်ပွဲတွေ ရှိလာပြီ။ ဒီလိုကိစ္စတွေမှာ Comment ပေးရင် ပိုပြီး သတိထားရမယ်။ ကိုယ်ရေးလိုက်တဲ့ စာကို တစ်ကမ္ဘာလုံးက မြင်သွားမှာ။ ဒီတော့ ကျွန်တော်ပြောချင်တာက ဒီလိုကိစ္စတွေမှာ ရေးချင်ရင် အရင်ဆုံး သေချာလေ့လာစေချင်တယ်။ ကိုယ့်ရဲ့စကားလုံးအသုံးအနှုန်းနဲ့၊ အမြင်က ကိုယ့်နိုင်ငံကိုယ်စားပြုပြီး တခြားနိုင်ငံက သူတွေက အထင်သေးသွားစေတာမျိုးတော့ မကောင်းဘူး၊ ကျွန်တော်တို့နဲ့အခု နောက်မျိုးဆက်နဲ့က အရမ်းကွာပါတယ်။ အခုမျိုးဆက်က ကမ္ဘာကြီးကို မျက်စိအောက်မှာထားလို့ ရတဲ့ခေတ် ဖြစ်နေပြီလေ၊ Language ပိုင်းဆိုလည်း ဒီမျိုးဆက်က အရမ်းကောင်းကြတယ်။



Gossip

Gossip ဆိုတာ နှစ်မျိုးရှိတယ်။ တိုင်းပြည်တစ်ပြည်မှာ Lack of information ဖြစ်အောင် အားလုံးပိတ်ထားတဲ့ တိုင်းပြည်မှာဆိုရင်တော့ ဒီကိစ္စက အရေးကြီးတယ်။ ဟိုဟာကြားပြီးပြီလား။ ဒီဟာကြားပြီးပြီလားဆိုတာတွေက Gossip ပေါ့။ Hollywood လို ဖွံ့ဖြိုးတိုးတက်တဲ့ နေရာမျိုးမှာကျတော့ Gossip ဆိုတာ ဘယ်လိုမှ မနေဘူး။ ယုံတမ်းစကားတွေက Gossip ပေါ့။ တကယ်ကို ပွင့်လင်းထင်သာရင် Gossip ဆိုတာ မရှိတော့ပါဘူး။ Gossip တွေကို ပြန်ပြီးတုံ့ပြန်တဲ့ နေရာမှာတော့ ကျွန်တော်တို့ တိုင်းပြည်က စိတ်လိုက်မာန်ပါ ဖြစ်နေတုန်းပါပဲ။ ကျွန်တော်ဆိုလည်း အဆိုတော် တစ်ယောက်ဖြစ်စပေါ့။ အမှန်တိုင်း ပြောရရင် ကျွန်တော်က Musician တစ်ယောက်ပဲ ဖြစ်ချင်ခဲ့တာ၊ ဒါပေမဲ့ အဆိုတော် ဖြစ်ပြီး နာမည်ကြီးခါစ အချိန်တုန်းက ကျွန်တော့်အစ်ကို ကိုဇော်မျိုးက ပြောတယ် "မင်းအဆိုတော်ဖြစ်သွားရင် မင်းလုပ်ချင်တာလုပ်လို့ မရတော့ဘူး။ နေချင်သလို နေလို့မရတော့ဘူးနော်"တဲ့ တကယ်လည်း ကျွန်တော်နာမည်ကြီးချိန်မှာ အဲဒါတွေစပြီး ရင်ဆိုင်ရတာပဲ၊ ဒါပေမဲ့ တကယ်တော့ကိုယ့်အလုပ်အပေါ် သစ္စာရှိရှိနဲ့ ယုံယုံကြည်ကြည် ဖြစ်ဖို့က အရေးကြီးတာပဲ၊ Gossip တွေ အများကြီးလည်း ရင်ဆိုင်ရတာပဲ။ လူပဲနော်။ ကောင်းတာပြောရင် ပီတိဖြစ်တယ် ကြိုက်တယ်။ မကောင်းတာပြောရင် စိတ်ဆိုးတာပေါ့။ ငယ်လည်းငယ်သေးတာကိုး။ အဲဒီခေတ်က စာတွေပို့ကြတဲ့ ခေတ်ပေါ့။ စာတွေပုံးလိုက်ကြီး ရောက်ရောက်လာတတ်တယ်။ အခုချိန်ထိ ကျွန်တော်တစ်စောင်မှ မပြန်ဖူးဘူး။ အဲဒီအတွက်လည်း ကျွန်တော့် ပရိသတ်ကို ဒီကနေ တစ်ခါတည်း တောင်းပန်ပါတယ်။ ကျွန်တော့်အတွက်ဆိုရင်တော့ Gossip တွေကို ကျွန်တော်သိပ်ပြီး မခံစားနေတတ်ဘူး။

Asian Fame Media Group




Asian Fame Media Group

# ယုယ

## Generation Gap

မျိုးဆက်ကွာဟမှုကတော့ သူများတွေကိုမပြောခင် ကိုယ့်အမျိုးတွေအကြောင်းပဲကိုယ်ပြန်ပြောရမလို ဖြစ်နေပြီ။ အဘိုးဦးသာခုက အနုပညာအလုပ်တော်တော်များများကိုလုပ်နိုင်တယ်။ သူ့သားတွေကျတော့ တစ်ယောက်နည်းနည်းပဲ လုပ်နိုင်ကြတော့တယ်။ အဘိုးလောက်တော့စုံအောင်မလုပ်နိုင်ကြဘူးပေါ့။ အခုအဘိုးသားသမီးတွေကမွေးတဲ့ ကိုယ်တွေမြေးတွေအလှည့်ရောက်လာတော့ပိုဆိုးသွားတယ်၊ အနုပညာကို တစ်ယောက်တစ်ခုစီတောင်သေချာမလုပ် ဖြစ်ကြဘူး၊ မလုပ်နိုင်ကြတော့ဘူး။ အဲဒါကတော့ ခေတ်ရေစီးကြောင်းနဲ့ စီးပွားရေးကြောင့်လည်း ပါမယ်ထင်တယ်။ ဝါသနာပါပေမယ့် အချိန်မပေးနိုင်ကြတော့ဘူး၊ အခုလိုပြောလို့နောက်မျိုးဆက်တွေက ညံ့သွားတာလားဆိုတော့လည်း မဟုတ်ဘူး။သူတို့တော်တဲ့တတ်တဲ့ နေရာမှာလည်း တော်နေတတ်နေတာပဲ။ စီးပွားရေးအရသာ အလေးထားလုပ်နေတဲ့ အရာတွေ ပြောင်းလဲသွားတာပေါ့။ နောက်မျိုးဆက်တွေမညံ့ပါဘူး။ အဲဒါကြောင့်လည်း အသစ် အသစ် တွေပေါ်လာတာပေါ့။ နောက်မျိုးဆက်တွေ မဖိုက်ကြဘူး၊ အဲဒါကြောင့်လည်း ကမ္ဘာမှာ စစ်ဖြစ်တာတွေ နည်းသွားတာပေါ့။

## Global

Global တစ်ကမ္ဘာလုံးနဲ့ ဆိုင်တဲ့အလုပ်ကတော့ ကမ္ဘာကြီးအေးအေးဆေးဆေး မပူမပင် လည်ပတ်နိုင်ဖို့ အသိဉာဏ် အရှိဆုံး ကိုယ်တို့လူသားတွေမှာ တာဝန်ရှိတယ်။ စစ်မဲ့ကမ္ဘာကြီးဖြစ်အောင်၊ စိမ်းလန်းသာယာတဲ့ သဘာဝပတ်ဝန်းကျင်ကြီးဖြစ်အောင်၊ လူသားအချင်းချင်း ချစ်ခင်စည်းလုံးအောင် ကြိုး စားရင် ကမ္ဘာကြီးနေကောင်းမှာပါ။ ကမ္ဘာကြီးပေါ်က လူတွေလည်း စိတ်ချမ်းသာရမှာပါ။

## Gossip

အတင်းအဖျင်းမပြောတဲ့ လူမျိုးဆိုတာမရှိသလောက်ရှားမယ်ထင်တယ်။ နိုင်ငံခြားသားတွေလည်း အတင်းပြောတာပဲ၊ မြန်မာတွေလည်း အတင်းပြောတာပဲ။ တစ်ခုပဲ အလုပ်မရှိဘဲ အချိန်များများ ဖြုန်းနိုင်တဲ့သူက ပိုပြီးအတင်းပြောဖြစ်တယ်။ တစ်ခါတလေကျတော့လည်း တစ်ယောက်တည်း ငေါင်းစင်းစင်းကြီးဖြစ်နေတာထက်စာရင် ကိုယ်ယုံကြည်ရတဲ့ သူတစ်ယောက်ယောက်ကို ကိုယ်မကျေနပ်တဲ့ သူ့အကြောင်းလေး အတင်းပြောလိုက်ရင် နေသာထိုင်သာရှိသွားရော။ အတင်းပြောတဲ့ အလုပ်က ဆက်ပြီး ရှိနေဦးမှာပဲလေ။ လောကကြီးကို သိပ်အရှုပ်မဆိုးစေဘူးဆိုရင် နည်းနည်းပါးပါးတော့ အတင်းလေး ပြောနေတာကောင်းပါတယ်။

**တစ်ခါတလေကျတော့လည်း တစ်ယောက်တည်း ငေါင်းစင်းစင်းကြီး ဖြစ်နေတာထက်စာရင် ကိုယ် ယုံကြည်ရတဲ့သူတစ်ယောက်ယောက်ကိုကိုယ်မကျေနပ်တဲ့သူ့အကြောင်းလေး အတင်းပြောလိုက်ရင် နေသာထိုင်သာရှိသွားရော။အတင်းပြောတဲ့ အလုပ်ကဆက်ပြီးရှိနေဦးမှာပဲလေ။**

**ဖြိုးစုပိုပို**

ခံစားချက်ပြင်းပြင်း၊ အသံအားကောင်းကောင်း၊ လူကောင်ထွားထွားသည် အဆိုသမားကို ဂီတ လောက မှာ မသိသူမရှိကြ။ သူမှာ အစ်ကိုမာရှယ်နှင့် အစ်မ တစ်ယောက် ပြီးတော့ ညီငယ်ကမ္ဘာတို့ ရှိသည်။ သူ ငယ်ငယ်ကတော့ ဂီတနှင့်ပတ်သက်ပြီး အိပ်မက်ကြီးကြီး တွေ ကပ်ငြိတပ်မက်ခဲ့ဖူးသည်။ အစ်ကိုမာရှယ်က အဆို သမားလုပ်၊ ညီငယ်ကမ္ဘာက ဂစ်တာသမားလုပ်၊ သူက drums တီးမည်ပေါ့။ သူ့လက်ဖျားက ထွက်ကျလာမည့် ဒရမ်စတစ်ခ်တွေရဲ့ ရိုက်ချက်က အရှိန်အဟုန်ပြင်းပြင်း လှုပခဲ့ထည်နေမှာ သေချာသည်။ သို့သော် သူ မျှော်လင့် သလို မဖြစ်ခဲ့။ အစ်ကို မာရှယ်က အခုအဝေးတစ်နေရာ လန်ဒန်မှာ။ ညီငယ်ကမ္ဘာကတော့ သူ့အနားမှာ သူ ဆိုမည့်သီချင်းတွေကို ခပ်များများ ရေးစပ်ပေးနေသည့် တေးရေးသမားတစ်ဦးအဖြစ် သူနှင့် လက်တွဲကာ ဂီတ လမ်းတွေ ဖောက်ခဲ့ကြပြီ။

# Music Plus

ဂျီ လတ် နှင့် ဂီ တ အ ကြောင်း ပြော ကြည့် ခြင်း

Zigzag




Asian Fame Media Group


**ဝါသနာအခံရှိရုံနှင့် မရနိုင်သည့် ခက်ခဲကြမ်းတမ်း ဂီတလမ်းကို သူဘယ်လို ထွင်းဖောက်လျှောက်လှမ်းခဲ့တာပါလိမ့်။**

ကျွန်တော် သိလိုက်တဲ့အချိန်မှာ ဂီတက ကျွန်တော့်အသွေးအသားထဲ ရောက်နေသလို ကျွန်တော်က ဂီတလမ်းပေါ် ဟန်ကျပန်ကျရောက်နေခဲ့ပြီ။ ငယ်ငယ်တုန်းက မှတ်မိသေးတယ်။ အဲဒီတုန်းက ဆိုရှယ်လစ်ခေတ်၊ ကက်ဆက်၊ တီဗီတွေ မရှိသေးဘူး။ နယ်မှာနေတုန်းက နောက်ဘက်မြို့က သီချင်းဖွင့်သံကြားလို့ ငုက်ပျောပင်တွေကြားကနေ ဖြတ်သွားပြီး သွားနားထောင်တာ၊ အဖေ တွေ့သွားတော့ ဘာလုပ်နေတာလဲ မေးတယ်၊ သီချင်းသံကြားလို့ လာနားထောင်တာ ပြောတော့ အဲဒီမှာ အဖေက ကက်ဆက်တစ်လုံး ဝယ်ပေးတယ်။ စိုင်းထီးဆိုင်ရဲ့ ပလက်ဖောင်းမင်းသား ဝယ်လာပေးတယ်။ ကျောင်းစာတောင် မသင်ရသေးတဲ့အရွယ်မှာ သီချင်းကို နားထောင်ရကောင်းမှန်း သိလာခဲ့တယ်။ ကျွန်တော် ငယ်ငယ်က ကျန်းမာရေးမကောင်းတဲ့အထဲမှာပါတယ်။ ခဏခဏဖျားတယ်။ ဖျားပြီဆို ကက်ဆက်ဖွင့်ပြီး သီချင်းသာနားထောင်နေလိုက်၊ အဖျားက ၁၀၃-၁၀၄ ကနေ ၁၀၁ ကျသွားတယ်။ ဆေးဝါးထက် သီချင်းဂီတက ကျွန်တော့်အဖျားကို တိုက်စားချေဖျက်ပေးနိုင်တဲ့အထိ စွမ်းအားကြီးခဲ့တယ်ဗျ။ ဖျားပြီဆို အမြဲတမ်းသီချင်းကို ပိုနားထောင်ဖြစ်ခဲ့တယ်။ ကိုင်ဇာလည်း နားထောင်တယ်။ မင်းလည်းယောက်ျား ငါလည်း ယောက်ျားဆိုတဲ့သီချင်းတွေ။ ၇ တန်း ၈ တန်းမှာတော့ အော်အော်ဆိုတဲ့အကျင့် ရှိလာပြီ၊ သွားရင်းလာရင်းလည်း နားထဲ နားကြပ်နဲ့ ။ အသံတည့် မတည့်မသိဘူး။ သီချင်းတစ်ပုဒ်ရပြီဆို အော်ဆိုနေတော့တာ။ အစ်ကိုမာရှယ်က အဲဒီတုန်းက ဂစ်တာတီး သီချင်းရေးနေပြီဆိုတော့ သူက အဲလိုမဆိုနဲ့ ဒီလိုဆိုရတယ်ဆိုပြီး သီချင်းကို သပ်သပ်ရပ်ရပ် ဌာန်ကရိုဏ်းကျကျ ဆိုတတ်ဖို့ သင်ပေးခဲ့တယ်။

**ဘုရားကျောင်းမှာ ဆက်တပ်သီဆိုနေသည့် သူ့ကို အစ်ကိုမာရှယ်**



Asian Fame Media Group



**က အယ်လ်ဘမ်စလုပ်ဖို့ တိုက်တွန်းခဲ့သည်။ လိုအပ်တာတွေ ဖြည့်ဆည်းပေးခဲ့သည်။ အဲဒါ ဘယ်အချိန်ကပါလိမ့်။**

အဲဒါ ၂၀၀၀ ပြည့်နှစ်လောက်က၊ ဆယ်တန်းအောင်ခါစ၊ အစ်ကိုမာရှယ်က သဘော်သားလုပ်နေတော့ သူ့ရှိတဲ့ငွေတွေနဲ့ ကျွန်တော့်ကို လုပ်ပေးခဲ့တာ၊ အဖွဲ့လိုက် အယ်လ်ဘမ် ကိုယ့်ငွေနဲ့ကိုယ် စိုက်လုပ်ကြတာပေါ့။ အစ်ကိုမာရှယ်က ပြောတယ်။ မင်းတို့ဒီခွေက ထွက်ချင်ထွက်မယ်၊ မထွက်ရင်လည်း မထွက်ဘဲ ဖြစ်သွားနိုင်တယ်။ ဒါပေမဲ့ recording အတွေ့အကြုံရသွားမှာ သေချာတယ် လုပ်ဆိုတာနဲ့ လုပ်ဖြစ်လိုက်တာ။ အဲဒီအချိန်က အားပါးပါး . . . လူငယ်ဂီတအဖွဲ့တွေမှ အများကြီးပဲ စတူဒီယိုဝင်မှသိတာ။

**အဆိုသမားတိုင်း စတူဒီယိုခန်းမှာ အသံနှင့်ပတ်သက်ပြီး အခက်ကြုံရတတ်သည်။ ကိုယ့်အသံကိုယ် စိတ်တိုင်းမကျတာလည်း ရှိတတ်သည်။ အဆင်ချောချော မသွင်းနိုင်ခဲ့ဘဲ အခက်ကြုံရသည့် သီချင်းတွေ သူ့မှာရော ရှိခဲ့လိမ့်ဦးမလား။**

ရှိတာပေါ့။ ဒီသီချင်းတော့ မထည့်တော့ပါဘူးကွာလို့ စိတ်ထဲဖြစ်မိတဲ့အထိပဲ။ အဲဒါမျိုးက ပြောရရင် အယ်လ်ဘမ်တစ်ခုမှာ တစ်ပုဒ်တော့ ပါနေခဲ့တယ်ဗျ။ တစ်သားတည်း တစ်ထပ်တည်းမကျသလို ခံစားရတာ။ ဥပမာ music က ပြေပြေပြစ်ပြစ်တန်းတန်းလေး တီးထားမယ်၊ ကိုယ့် vocal နဲ့ lead လုပ်ပြီး ဝင်သွားရမှာ၊ lead လုပ်လို့မရဘဲ အသံက music နောက်ကို ရောက်နေတယ်။ ကိုင်တွယ်ရ ခက်တဲ့သီချင်းလို့ ပြောရမှာပေါ့။ ဖြုတ်ပစ်ခဲ့တာတော့ မရှိဘူးဗျ။ သုံးကြိမ်မြောက်မှာတော့ အဆင်ပြေပြီး score မိသွားတတ်ပါတယ်။

**သီချင်းတစ်ပုဒ်မှာ melody အားကောင်းတာ ပိုကြိုက်သလား၊ lyrics အားကောင်းတာ ပိုကြိုက်သလား။ ပြည့်စုံတဲ့ သီချင်းတစ်ပုဒ်ဖြစ်လာဖို့ ဘယ်အရာက ပိုပြီးအဓိကကျတယ်ဆိုတာ သူ့အမြင်သူ့အတွေး ဖေးချင်သေးသည်။**

စာသား lyrics တွေ ပျံလန်အောင် ကောင်းနေပြီး melody က မလှရင်၊ တစ်ခါ melody က လှပြီး lyrics တွေကို သတင်းစာထဲက ကူးရေးထားသလို ဖြစ်နေမယ်ဆိုရင် မဟုတ်တော့ဘူးဗျ။ ပန်းချီကားရေးသလိုပဲပေါ့။ အားပြုတဲ့အရာ ရှိမှာပဲ။ တချို့က pattern ကို အဓိကထားရေးတယ်၊ တချို့က composition ကိုအဓိကထားတယ်၊ တချို့က drawing ကို ရေးတယ်၊ တချို့က color ကို အားပြုရေးတယ်၊ ဒီလိုပဲ အဆိုသမားတစ်ယောက်မှာလည်း သီချင်းတစ်ပုဒ်ကို ချဉ်းကပ်ဖန်တီးတဲ့အချိန်မှာ အားပြုတာရှိတယ်။ တချို့က စာသားပိုင်း၊ တချို့က သီချင်းတစ်ပုဒ်ရဲ့ အသွားအလာ၊ အားလုံး ရာခိုင်နှုန်းချင်းညီနေမှ ဖြစ်မှာ။ ကျွန်တော်ဆို စာသားအရင်ကြည့်တယ်။ စာသားမဆိုးဘူး၊ ဆိုပြစ်မ်းပါပေါ့။ အတီးပိုင်းမှာတော့ အတီးသမားတွေ အများစုက professional တွေဖြစ်တဲ့ အတွက် နည်းနည်းပါးပါးလေး ပြောလိုက်ရုံနဲ့ သူတို့သဘောပေါက်ကြပါတယ်။ ကျွန်တော်ကတော့ lyrics နဲ့ composition ကိုပဲ ချဉ်းကပ်လေ့ရှိတယ်။ သီချင်းတစ်ပုဒ်ပေါက်တယ်ဆိုတာ စာသားတစ်ကြောင်းစာတည်း ပေါက်တာပါ။ လူတွေ ပါးစပ်ဖျားမှာ ရောက်သွားတတ်တာ တစ်ကြောင်းပါ။ တေးရေးသမားတိုင်း အဲဒီတစ်ကြောင်းကို ဖမ်းထားတယ်။ လိုက်ဆိုလို့ကောင်းတဲ့ melody မှာ ရွတ်ဆိုလို့ကောင်းတဲ့ lyrics လေး ပစ်ထည့်ပေးလိုက်တာပေါ့။

**တချို့ကတော့ အလွဲတွေ လုပ်နေကြသည်။ melody က မြူးမြူးကြွကြွ၊ lyrics က အသည်းကွဲ၊ လွမ်းဆွေး စကားလုံးတွေ ထင်ရာစိုင်းကာ ပစ်ထည့်ထားတတ်ကြသည်။ တစ်ခါ သီချင်း melody ပုံစံက အလွမ်းအဆွေးဖော်ကျူးနေပြီး ထည့်သွင်းထားသည့် lyrics တွေက ပျော်ရွှင်မြူးထူးခြင်းကို ကိုယ်စားပြုလို့နေပြန်သည်။ ဒါဘယ်လို ဖြစ်ရတာပါ**

Asian Fame Media Group

လိမ့်။

ဒီမှာ melody နဲ့ lyrics အလွဲတွေကတော့ ရှိနေကြဦးမှာပါပဲ။ နိုင်ငံခြားသီချင်းတွေမှာတော့ ဒီလို အလွဲတွေ မရှိဘူးဗျ။ ကျွန်တော် ပြောကြည့်မယ်။ တကယ်တော့ သူတို့ဆီမှာလည်း ဒီမှာလို အလွဲတွေ ရေးသူတွေလည်း ရှိနေကြမှာပါပဲ။ ဒါပေမဲ့ သူတို့က သီချင်း တစ်ပုဒ်ကို အဆင့်ဆင့် ဖြတ်သန်းခဲ့ပြီးမှ produce လုပ်တာ။ အပြင်ကို release လုပ်၊ ထုတ်ပြီဆိုရင် အဲဒီ သီချင်းတွေက ပါမလာတော့ဘူး။ အဆင့်ဆင့် စစ်ဆေးတည်းဖြတ်ခဲ့တာလေ။ သူတို့ဆီမှာက quality control ရှိတယ်။ ဒီမှာလို ပိုက်ဆံရှိပြီးရော ကိုယ့်ဘာသာထုတ်ကြတာ မဟုတ်ဘူး။ music producer ကို ခေါ်ပြီး ဒီအဆိုသမားနဲ့ စစ်ဆေးပြီးမှ ခေတ်ပြားတိုက်က ထုတ်ကြတာ။ ဒီမှာက ကိုယ်စိတ်ထင်တာတွေ ကိုယ်လုပ်နေကြတာ။ တစ်ခါတလေ ကိုယ့်ဘာသာကိုယ် အရမ်းတော်လှပြီထင်တယ်၊ ကိုယ့်ငွေနဲ့ ကိုယ့်ဘာသာ recording လုပ်၊ ဆိုချလိုက်တယ်။ အဆင့်ဆင့်ဖြတ်သန်းစိစစ်မယ့် quality control မရှိတော့ ခုလို ပြဿနာရှိတဲ့ သီချင်းတွေ၊ ပုံမကျ ပန်းမကျ သီချင်းတွေ public ကို ရောက်ကုန်တာ၊ အခန့်မသင့်လို့ public ထဲရောက်ကုန်တာ။ ဒါက တော့ တစ်ယောက်နဲ့တစ်ယောက် မတူဘူးဗျ။ အနုပညာခံစားမှုအား ဖြတ်သန်းတဲ့အားတွေ မတူနိုင်ဘူး။ အဲလို ပုံမကျ ပန်းမကျ သီချင်းတွေကိုပဲ ကြိုက်နေတဲ့ ပရိသတ်ကလည်း ရှိနေသေးတယ်ဆိုတော့ အားလုံးက ကိုယ့်ပရိသတ်နဲ့ကိုယ် အားကောင်းနေကြတာပါပဲ၊ ကျွန်တော်တော့ တစ်ခုပဲတွေးတယ်။ ခုတော့ ပေါက်သွားပေမယ့် နှစ်ကြာလာတဲ့အမျှ ပရိသတ်က ကြီးလာမှာ၊ ဒါကို တွက်ချက်သင့်တယ်လို့ထင်တယ်။ အမြဲတမ်းဆိုချင်မယ့် သီချင်းမျိုး၊ ရေရှည်ခိုင်ခံ့မယ့်သီချင်းမျိုး အား ထုတ်ဖန်တီးကြရမှာပါ။

**သီချင်းဖန်တီးရာမှာ melody နှင့် lyrics သဟဇာတမဖြစ်ဘဲ လွဲနေသလို stage show တွေမှာလည်း အပျော်စိတ်တွေများကာ အနုပညာဖန်တီးမှုအားက လျော့ကျနေသည်။ ဒါက နားထောင်သူ ပရိသတ်အတွက် ပြဿနာတစ်ခုလား။**

**သီချင်းတွေက အသက်ရှိတယ်ဗျ။ သူတို့က အရင်ဆုံး ကိုယ့်ကို စကားပြောတယ်။ သူတို့လက်ခံလို့ မရတော့တဲ့ အချိန်ကျရင် ပုံဖျက်ပေး လိုက်တော့တာပဲ...**



ကိုယ်ဖန်တီးတဲ့ production တစ်ခုခုပေါ့။ ရုပ်ရှင်၊ စာပေ၊ ဂီတ အတူတူပဲ။ အနုပညာနဲ့ ဖျော်ဖြေရေးမှာ အနုပညာဘယ်လောက်၊ ဖျော်ဖြေရေးဘယ်လောက်ဆိုတာကို သိဖို့ သိပ်အရေးကြီးတယ်ဗျ။ ဘာပြဿနာတက်လဲဆိုတော့ ဒီမှာက ဖျော်ဖြေရေးများတဲ့ ပစ္စည်းတစ်ခုက ပိုအောင်မြင်တယ်။ commercial ဆန်ဆန် performance လုပ်ချင်တာပေါ့။ ကျွန်တော် ဒါကို တော်တော်လေးစဉ်းစားမိတယ်။ ဥပမာ လေဒီဂါဂါကိုပဲကြည့်၊ ပထမတုန်းက လေဒီဂါဂါကို ကျွန်တော်မကြိုက်ဘူး၊ တော်တော် အလာ့ဂျစ်ဖြစ်တယ်။ သက်သက်မဲ့ ဖျော်ဖြေရေးလုပ်တဲ့ performance တွေပေါ့။ သေချာကြည့်မှ သူလုပ်တာ အရမ်းကို artistic ဖြစ်တယ်ဗျ။ ဆွဲဆောင်အား တကယ်ကောင်းတဲ့ အနုပညာ ဖန်တီးမှုတွေ၊ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်ကတော့ ဖျော်ဖြေရေးမှာအားနည်းတယ်၊ artistic ဖြစ်တာတော့ ရှိမပေါ့။ ဥပမာ Dave Matthews Band ဆို ဟော်လိုဂစ်တာတစ်လုံးတည်းနဲ့ သီချင်းပုဒ် ရေ ၂၀ လောက်ဆိုတာ၊ စင်အောက် မှာက လူသိန်းချီရှိတယ်။ သူဆို ဘာ entertainment ၊ ဘာ performance နဲ့မှ မဖမ်းစားဘူး၊ သူ့အနုပညာ အနှစ်သာရသက်သက်ကိုပဲ ချပြသွားတာ။

**အဆိုသမားက ဆိုနေရုံမျှနှင့် မပြီး၊ creation လုပ်ဖို့ တွေးမြင်ကြံဆရင်း သီချင်းဖြစ်မဖြစ် သိဖို့လည်း အရေးကြီးသည်လို့ သူဆိုသည်။**

ငယ်ငယ်တုန်းကတော့ key မြင့်မြင့်ဆိုနိုင်ရင် သဘောကျတယ်၊ ခုတော့ key မြင့်တာနိမ့်တာ အကြောင်းမဟုတ်ဘူး၊ ဒီသီချင်းထဲ ငါဘယ်လောက်စီးမျောနိုင်သလဲ ဒါကိုပဲ အာရုံစိုက်တယ်။ သီချင်းဖြစ်ဖို့ကလည်း အရေးကြီးတာကိုး။ တချို့က သီချင်းအဖြစ် လွန်နေကြတယ်၊ မဆန့်မပြဲအတီးတွေ စွတ်ထည့်ထားတယ်။ မဆန့်မပြဲလျှောက်ဆို ထည့်ထားတယ်။ သီချင်းတွေက အသက်ရှိတယ်ဗျ။ သူတို့က အရင်ဆုံး ကိုယ့်ကို စကားပြောတယ်။ သူ လက်ခံလို့မရတော့တဲ့ အချိန်ကျရင် ပုံဖျက်ပေးလိုက်တော့တာပဲ။ ပြောရရင် အတီးသမားကလည်း တီးချင်လွန်းလို့ အတီးသမားဖြစ်လာတာ၊ အဆိုသမားကလည်း ဆိုချင်လွန်းလို့ အဆိုသမားဖြစ်လာတာ၊ ဒီလိုနဲ့ စွတ်ရွတ်တီးကြ၊ စွတ်ရွတ်ဆိုကြတဲ့အခါ သီချင်းက သီချင်းဖြစ်မလာတော့ဘဲ ပုံပျက်သွားတော့တာပဲ။ နိုင်ငံတကာမှာဆို ခုနောက်ပိုင်းလုပ်တဲ့ သီချင်းတွေက အများကြီးတွေ များမနေဘူး။ နည်းနည်းလေးတွေနဲ့ လျော့အောင် လုပ်ထားကြတာ သတိထားမိတယ်။ အမှန်တော့ သဘောတစ်ခုက လျှော့တီးတာမျိုး ဖြစ်ရမှာ၊ ပြည့်နေအောင် လျှော့တီးတာမျိုးပေါ့။ တချို့ အရမ်းကာရော လျှံထွက်နေပြီး သီချင်းက ပေါင်းလောင်းပေါက်ကြီး ဖြစ်နေပြန်ရော။

**လက်ရှိ မြန်မာပြည်ဂီတလောကကို သူဘယ်လိုမြင်မှာပါလိမ့်။ တိုးတက်မှုရှိသလား၊ ဒုံရင်းဒုံရင်းပဲလား၊ အရင်လူတွေကို မမီဘူးလား။ ကွဲကွဲပြားပြားပြောစေချင်မိသည်။**

နှစ်ဖက်ဖြစ်သွားတယ်ဗျ။ တစ်ဖက်ကလည်း စာသား၊ မြူးဇစ် တိုးတက်လာတာရှိသလို တချို့လည်း ဟာပဲလည်လည်ဖြစ်နေတယ်။ fancy စာသားလေးတွေနဲ့ commericial ဖြစ်ပြီး ပေါက်နေတာရှိသလို international နားကို နီးနီးကပ်ကပ် သွားနိုင်တဲ့ မြူးဇစ်တွေလည်း ရှိလာတယ်။ နောက်ဆုံးတော့ quality control မရှိတာကပြဿနာ။ ကမ္ဘာမှာက ဒီခေတ်ပြားတိုက်က ဒီအဆိုသမားကို စာချုပ်ချုပ်၊ ဘယ်နနှစ်အတွင်း၊ ဘယ်နှခွေထွက်၊ မထွက်ခင် မင်းဘယ်အဆိုတော်နဲ့ လိုက်ပြီး show တွေဆို၊ ရန်ပုံငွေရှာ၊ Limp Bizkit တို့လိုပေါ့။ အဆိုတော်ရဲ့ ရပိုင်ခွင့်၊ သီချင်းဝယ်တဲ့ ရောင်းတဲ့ပုံစံ၊ copy right laws တွေအပြည့်။ ဒီမှာကတော့ လုပ်ချင်တာ လုပ်လို့ရတယ်။ ငါကချင်လို့ ငါဇာတ်ထောင်တာ ဆိုတာမျိုးဖြစ်နေပြီ။ ကျွန်တော်တို့ဆီက ဂီတအစည်းအရုံးဆိုတာကလည်း အဆိုတော်တစ်ယောက်ကို နေဦး . . . မင်းအသံက မဟုတ်သေးဘူး၊ စီးရီးမထွက်နဲ့ဦး သွားလုပ်လို့ မရ ဘူး။ အဆိုတော်က သူ့ပိုက်ဆံနဲ့ သူ ဆိုချင်ဆို ထုတ်ချင်ထုတ်မှာပဲ။ ဝုန်းဒိုင်းတွေကြဲချင်တိုင်း ကြဲလို့ရတဲ့ သဘော။ ခွေရောင်းဆိုင်တွေမှာ ခွေတွေပုံနေပြီး quality control ပျောက်နေပြီ။

**Zigzag**

# Q&A

# မမရတီ

အချစ်ရေး
ကျန်းမာရေး
လူမှုရေး
အနုပညာ

သို့... မမရတီ
ညီမက ရတီရဲ့ ထာဝရပရိသတ်တစ်ဦးပါ။ ညီမတို့သိလိုသမျှကို ဖြေကြားပေးနေတဲ့ မမရတီကို အရမ်းကျေးဇူးတင်ပါတယ်။ မမရတီက ဟာသလည်းပြောတတ်သားနော်။ ရတီမဂ္ဂဇင်းက ညီမတို့အတွက် မရှိမဖြစ်တဲ့မဂ္ဂဇင်းပါ။ ရတီရဲ့ ကဏ္ဍအားလုံးကလည်း တစ်လထက်တစ်လ ပိုချို ကောင်းလာပါတယ်။ မမရတီ. . . ဆရာလွန်းမောင်မောင်ရဲ့ ဝတ္ထုတွေကို မဖတ်ရတာ ကြာပြီနော်။ မမရတီရေ ဖြစ်နိုင်ရင် ဆရာ့ဝတ္ထုတွေကို ရတီမဂ္ဂဇင်းမှာ လစဉ်ပါစေချင်ပါတယ်။ အယ်ဒီတာအဖွဲ့ကို ပြောပေးပါ မမရတီ။ ဆရာရဲ့ ဝတ္ထုတိုတွေ မကြာခဏ မဂ္ဂဇင်းမှာ ထည့်ပေးပါလို့။ မမရတီ ဆရာက ရတီကို ဝတ္ထုတွေ မပို့တော့ဘူးလား။ မမရတီ ညီမက စပ်စုလိုက်ဦးမယ်။ ရတီရဲ့ (၉)နှစ်ပြည့်မဂ္ဂဇင်းမှာပါတဲ့ ဟို 'သူတို့အချစ် သူတို့ဘဝ' ပိုစတာထဲက ဦးဇော်ဂနနဲ့တူတဲ့အစ်ကိုကြီးက 'လွန်းမောင်မောင်' လား။ ဆရာက သဘောဖြူတယ် ထင်တယ်နော်။ ဆရာက ဟာသလည်း ရေးမယ်ထင်တယ်နော်။ မမရတီ. . . ဆရာ့ကို ပြောပေးပါ၊ ရတီကို ဝတ္ထုတိုတွေ အမြဲပို့ပါ၊ စာဖတ်ပရိသတ်တွေ စောင့်မျှော်နေပါတယ်လို့။ ရတီကို အမြဲအားပေးနေပါတယ်၊ ရတီစာပေမှ အဖွဲ့သားအားလုံး ဒီထက်မက အောင်မြင်မှုအပေါင်းနဲ့ ပြည့်စုံနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်။

ရတီ့ထာဝရပရိသတ်. . . ခင်မာလွှင်

**ရတီမဂ္ဂဇင်းရဲ့ လစဉ်ကဏ္ဍတွေ တစ်လထက်တစ်လ ပိုကောင်းလာတယ်ဆိုတဲ့ ညီမလေးခင်မာလွှင်ရဲ့စကားကို ရတီဝိုင်းတော်သားတွေ အမောပြေအောင် မမရတီပြောပြပေးလိုက်ပါပြီ။ ခင်မာလွှင်ဖတ်ချင်တဲ့ ဆရာလွန်းမောင်မောင်ရဲ့ ဝတ္ထုကိုလည်း မကြာခင်မှာ ဖတ်ရမှာဖြစ်လို့ စာမျက်နှာထက်မှာ စောင့်မျှော်ဖို့ သတင်းကောင်းပါးလိုက်ပါတယ်။ ဆရာလွန်းမောင်မောင်က ဦးဇော်ဂနနဲ့ တူသလား မတူဘူးလား ဆိုတာကို မမ ရတီလည်း သတိမထားမိသေးတဲ့အတွက် ဒီတစ်ခါဆုံဖြစ်ရင် သေသေချာချာ ကြည့်လိုက်ပါဦးမယ်နော်။**





သို့... မင်္ဂလာပါမမရတီ
ဒါဒါတို့တွေ မဆုံတာတောင် ကြာပြီနော်။ အသက်တစ်ရာမနေရ အမှုတစ်ရာပွေ့ရ ဆိုသလိုပဲ လောကစံရဲ့ ရိုက်ခတ်မှုတွေကြားထဲမှာ ဝမ်းနည်းစရာတွေ တွေ့ရတယ်နော်။ စာရေးဆရာကြီး မောင်ဝံသရောက်ရှိရာအရပ်မှ ကောင်းရာသုခဘုံ ရောက်ရှိပါစေသား။ စာရေးဆရာ ဦးမင်းလူလည်း ကောင်းကင်သုခဘုံဘဝ ရောက်ပါစေသားလို့ ဒါဒါ ဆုတောင်းပါတယ်။ နောက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ ဆရာကြီး ဒဂုန်တာရာ၊ နောက်တစ်ယောက်ကတော့ ပန်းချီမှာ အလွန်တော် အလွန်ထက်မြက်တဲ့ ဆေးစက်ကျရာ အရုပ်ထင်တဲ့ ဆရာမြိုင်ဝင်းထိန်၊ နောက်ဆုံးတစ်ယောက်ကတော့ သဘောဖြူမနောဖြူတဲ့ အဆိုတော်ဦးမျိုးမြင့်လေးတို့ မြင့်မြတ်တဲ့ ကောင်းကင်ဘုံကို ရောက်ပါစေသားလို့ မမရတီနဲ့ ဒါဒါ ဆုတောင်း တစ်ထပ်တည်းကျမှာပါနော်။

ရတီရဲ့အမာခံပရိသတ်... ဒါဒါ(ရွှေကျင်မြို့)

**ဒါဒါရဲ့ ရင်ထဲက ဝမ်းနည်းစကားနဲ့ စာပေ၊ အနုပညာလောကသားတွေ ပရိသတ်တွေအားလုံး တစ်ထပ်တည်းကျမှာပါ ဒါဒါရေ။ ထွန်းတောက်ကြယ်ပွင့်တွေ ကြွေကျမှုအတွက် ရတီဝိုင်းတော်သားတွေလည်း အတိုင်းမသိ ဝမ်းနည်းကြရပါတယ်။**

Asian Fame Media Group

သို့... မင်္ဂလာပါ မမရတီ

နွယ်က ရတီရဲ့ ပရိသတ်တစ်ယောက်ပါ။ ရသ စာပေကောင်းကောင်းတွေပဲ ဖော်ပြတတ်တဲ့ ရတီ မဂ္ဂဇင်းကို အားပေးလာတာကြာပါပြီ။ အလှ အပကဏ္ဍတွေရော၊ ဝတ္ထု၊ ဆောင်းပါးနဲ့ ကဗျာတွေကိုပါ အကုန် အားပေးတာပါ။ မမရတီရေ နွယ်တစ်ခုလောက် အကြံပေးချင်ပါတယ်။ အဲဒါကတော့ လစဉ်ဖော်ပြနေ တဲ့ 'ဝေဖန်ရေးသည် အကောင်းဆုံးဝန်ဆောင်မှု ဖြစ်သည်' ဆိုတဲ့ ရုပ်ရှင်ဝေဖန်ရေးကဏ္ဍကို ဒိုထက်ပိုပြီး ထိမိအောင် ရေးသင့်တယ်ထင်လို့ပါ။ ဝေဖန်တယ်ဆိုတာ မကောင်းတာတွေကို မြူမြင်ရအောင် ထိထိမိမိ ချက်ကျလက်ကျနဲ့ ထောက်ပြတာကိုခေါ်တာလို့ နွယ်ကတော့ ထင်တာပဲ။ ခုဝေဖန်ရေးကတော့ ကောင်းတာတွေချည်းပဲများပြီး နည်းနည်း ပျော့ပျောင်းလွန်း နေသလားလို့။ မမရတီကော ဘယ်လိုထင်လဲ၊

ရတီမဂ္ဂဇင်း ဆက်လက်အောင်မြင်ပါစေလို့ ဆုတောင်းလျက်... နွယ် (ခေတ္တ-မိုးကုပ်)

**ညီမလေးနွယ်ရေ... ညီမလေးရဲ့ အကြံပေးချက်ကို မမရတီက အယ်ဒီတာအဖွဲ့ကို ပြန်ပြောပြလိုက်ပါမယ်နော်။ နွယ်ပြောသလိုပဲ ဝေဖန်ရေးဆိုတာ နှစ်ဖက်မြင်ဝါဒရှိရမယ်လို့ ကြားဖူးပါတယ်။ ဆရာမြသန်းတင့်ကတော့ အိမ်ခန်းဟာ တံမြက်စည်းမလှည်းရင် ဖုန်တက်သလိုပဲ မျက်နှာမသစ်ရင် ညစ်ပတ်သလိုပဲ စာရေးသူဟာ စာဖတ်သူရဲ့ ဝေဖန်မှုကို လက်ခံမှ တောက်ပလာမယ်လို့ ဆိုခဲ့ဖူးတာကိုလည်း မှတ်သားဖူးပါတယ်။ ဒါကြောင့် နွယ် ပေးတဲ့အကြံဉာဏ်ကို ရတီအယ်ဒီတာအဖွဲ့က ဝမ်းမြောက်ဝမ်းသာကြိုဆိုကြမှာပါ။**



သို့... မမရတီ

သမီးကရတီမဂ္ဂဇင်းရဲ့ ပရိသတ်ပါ။ ရတီရဲ့ ကဏ္ဍတွေကို သမီးက မလွတ်တမ်းဖတ်ပါတယ်။ သမီးတို့မြို့မှာ ရတီကို ရောက်ရောက်ချင်း စာအုပ်ဆိုင်မှာ ပြေးပြီးဦးအောင်ယူလိုက်မှ သမီးက ကျေနပ်တာ မမရတီ။ သမီးက စာဖတ်ဝါသနာပါပါတယ်မမရတီ၊ ရတီမှာပါတဲ့ ဝတ္ထုတွေနဲ့ ကဗျာတွေ တော်တော်များများကို မလွတ်တမ်းဖတ်ဖြစ်ပါတယ်။ ဖူးနုသစ်လွင် ကဗျာဥယျာဉ်ကဏ္ဍကိုလည်း ကြိုက်သလို ရှေ့ပိုင်းက ကဗျာဆရာကြီးတွေရဲ့ ကဗျာတွေကိုလည်းဖတ်ပါတယ်၊ ဝတ္ထုဆိုရင်လည်း စတွေ့တဲ့ဝတ္ထုကနေစပြီး တစ်ပုဒ်ချင်းကုန်အောင်ဖတ်သွားတယ် မမရတီ။ ရတီမှာပါတဲ့ ဝတ္ထုတွေ အားလုံးကိုကြိုက်ပါတယ်၊ ဒါကြောင့် တောင်းဆိုချင်တာလေးရှိလို့ပါ။ ရတီမှာ ဆရာလက်ာရည်ကျော်၊ ဆရာမပုညခင်၊ ဆရာမ ဆုမြတ်မွန်မွန်တို့ရဲ့ ဝတ္ထုတွေလည်းဖတ်ချင်ပါသေးတယ်။ နောက်ပြီးအဆင်ပြေရင် ဟာသဝတ္ထုလေးတွေလည်း ဖတ်ချင်ပါတယ် မမရတီ၊ နောက်ပြီး အင်တာဗျူးကဏ္ဍကိုလည်း ခုထက်ပိုထည့်ပေးပါလို့ တောင်းဆိုချင်ပါတယ်။

ရတီမဂ္ဂဇင်း ခုထက်ပိုမိုအောင်မြင်ပါစေလို့ ဆုတောင်းရင်း... သွန်းဆက်ခင် (ကွမ်းခြံကုန်း)

**သမီးသွန်းဆက်ခင်ရဲ့ တောင်းဆိုမှုတွေကို အယ်ဒီတာအဖွဲ့ကို ပြောပြလိုက်ပါ့မယ်နော်။ အင်တာဗျူးကဏ္ဍကိုတော့ အရင်ထက်ပိုပြီး ထည့်သွင်းဖော်ပြထားတာမို့ သမီးသွန်းဆက်ခင် စိတ်တိုင်းကျမယ်လို့ မျှော်လင့်ပါတယ်။**



Asian Fame Media Group

## လူထဲကလူ

သူ့လို ကိုယ့်လို လူပါပဲ
အစဉ်အလာအရ ထုံးတမ်းစဉ်လာအရ
လူထဲကလူပေါ့
နွေဦးလည်းဝေ မိုးဦးလည်းဝေ
ဆောင်းဦးလည်းဝေ
သုံးရာသီတခြားမှာ ရင်နင့်ခံစား
သူ့အတွေးက မှော်ဝင်ဝင်
တဒင်္ဂလေးပါပဲ ခဏလေးချင်း
သူတို့ မထွန်းလင်းခဲ့ဘူး
ကြယ်တံခွန်ဆန်ဆန် ဥက္ကာပျံဆန်ဆန်
နလုံးသားနဲ့ အမှန်တရားဆန်တယ်
ခေတ်တစ်ခေတ်ရဲ့ ဝန်ကာထဲ
သူတို့တွေ ဝန်ထုပ်မဟုတ်ခဲ့
ခေတ်တစ်ခေတ်ရဲ့ အမှန်တရားထဲ
သူတို့တွေ ရဲရဲရင့် လောင်ခဲ့
ဘယ်သူ သိသိ မသိသိ ချစ်မြတ်နိုးခဲ့
လေထန်ကုန်းရဲ့ အရှင်သခင်ကိုတော့
အမြဲတမ်း အောက်မေ့အမှတ်ရ ရှိနေလိမ့်ဦးမည်သာ----။

လေပြည

**ဩဂုတ် ၁၄ ရက်တွင် ကွယ်လွန်သွားခဲ့သော**
**ဆရာမင်းလူသို့ ------**





## အလင်းမှိန်ခဲ့သော စာမျက်နှာ

သတ္တာရဲ့ ကြည်ပြာဆောင် ပန်းချီကားပေါ်ကနေ
အနမ်းတို့ ကျက်စားရာ လွမ်းပြင်ထက်
ခုန်ဆင်းလာတဲ့ မိုးစက်ပွင့်တွေ
အလွမ်းရဲ့ သစ္စာတော်ခံနှင့် အတူ
စည်းချက်ညီ ကခုန်နေလေကြသလား----
ပယ်ကြားအက်နေတဲ့ နှလုံးသားချိုင့်ခွမ်း
ပြန်လည် စိမ်းလန်းလာပါ စေဖယ်ဆို
ကခုန်နေပါစေ--- ကခုန်ကြပါစေ---ကခုန်ခွင့်ပြုလိုက်ပါ။

လမိုက်ည ဝက်ပါအလယ်
အစိုပ်ရဲ့ မြေရာနောက် လိုက်စဉ်အခါက
လိုက်ပိုယစ်မူးစွာ သီကျူးခဲ့ဖူးတဲ့
ပိုင်ရှိုတစ်ရွက်ရဲ့ အငွေ့အသက်ကို
တရှိုက်မက်မက် သိမ်းဆည်း
ဆုပ်ကိုင် နှောင်တွယ်နေတုန်းလား---
နှင်းဆီပင်လှုရှိမှန်ပေမယ့်
သူ့ဆူးအတက်ကြောင့် လိပ်ပြာဝယ်
တောင်ပံ ဆုံ့နိုင်မယ်ဆို
မြေလျှော့လိုက်ပါ---မြေလျှော့ပေးလိုက်ပါ---
မြေလျှော့ကာ စီးဆင်းလိုက်ပါတော့
ပီအိမ်ဝယ်---။

အညတရ

# ကျွန်တော် ဂုဏ်ပြုခံရတယ် အမေ

အမေရေ—အမေ
သူတို့ လာနေပြီ အမေ
ပုသိမ်မြို့က သားတို့ရဲ့
ယိုင်နဲ့နဲ့ အိမ်လေးကို သူတို့ သတိရလာပြီ အမေ။

သူတို့လက်ထဲမှာ ဆောင်ကျဉ်ထားတဲ့
အဖြူရောင် စာရွက်တစ်ရ ပါလာတယ်။
အဲဒါ ဘာလို့ ထင်သလဲ အမေ
အဲဒါ တခြား မဟုတ်ဘူး အမေရဲ့
ဒီမိုကရေစီနဲ့ အမှန်တရား အတွက်
သားအသက်အသေခံပြီး ၂၅နှစ် ကြာမှ
ရရှိပိုင်ဆိုင်ခွင့်ရှိခဲ့တဲ့ သားအတွက် ဂုဏ်ပြုမှတ်တမ်းတဲ့
အမေ ပျော်နေမလား ငိုနေမလား
သေချာတာကတော့ အမေ ကျွန်တော့်ကိုသတိရနေမှာပါ။

လွန်ခဲ့တဲ့ ၂၅ နှစ်
ကြို့ကုန်း တက္ကသိုလ် ပစ်ခတ်မှုပွဲ
အဲဒီ အရေးအခင်းမှာ
ကျွန်တော်နဲ့ ကိုဖုန်းမော် အပါအဝင်
ကျောင်းသား ခြောက်ဦးထက်မနည်း သေနတ်မှန်ခဲ့တယ်
ဘယ်ဘက်ခါးနောက်ကို ထိမှန်သွားတဲ့ ကျည်ဆန်နဲ့ အတူ
ကျွန်တော့်ခန္ဓာကိုယ် ပြိုလဲခဲ့တယ် အမေ။

ရက်စက်တယ်
သူတို့သိပ်ရက်စက်တယ်။
ကျွန်တော်တို့ကို သယ်ဆောင်လာတဲ့ လူနာတင်ကားကို တားမြစ်တယ်
ဆေးရုံရောက်တော့လည်း
ခုတင်တိုင်နဲ့ ကျွန်တော့်ရဲ့ ခြေလက်တွေကို ချုပ်နှောင်တယ်
အပုပ်ကောင်ဖြစ်ရင်တောင်
သင်္ချိုဟ် ခွင့်ပေးပါ့မလားလို့ တွေးမိတယ် အမေ။
သေနတ်အမှန်ခံရပြီး ၂၃ ရက်အကြာ
သားရဲ့ အသက်ခန္ဓာဟာ လေပြီနိုးတွေကို လွှင့်မျှပါရဲ့
မသေခင်—
"ပိသားစုပေါ် တာဝန်မကျေခဲ့တာ ခွင့်လွှတ်ပါ" လို့
အမေ့ကိုတောင်းပန်ခဲ့တယ်
မသေခင်—(၃ရက်အလို)
သီချင်းတစ်ပုဒ်နဲ့လည်း နှုတ်ဆက်သွားခဲ့တယ်(နှလုံးသားထဲမှာ)
"ရဲရဲတောက် တို့ဗမာတွေ—"။

အာဏာရှင် ဦးနေဝင်းနဲ့ သူ့နောက်လိုက်တွေရဲ့
ယုတ်မာရိုင်းစိုင်းမှုကြောင့် အမှန်တရားတွေ လွှေ့ခွန်းခဲ့တယ်
ကျွန်တော့် ညီလေး တမေမွဲ မြေနိုင်ပေမယ့်
အဲဒီနှစ်မှာ(၁၀)တန်း မအောင်ခဲ့ဘူး(နောက်နှစ်မှာ ဂုဏ်ထူးနှစ်ဘာသာနဲ့ အောင်မြင်)
အားလုံးက နားလည်ပါတယ်
တမင်လုပ်တာတဲ့။



"သူ့အတွက် ကျွန်မတို့ မိသားစု ဂုဏ်ယူတယ်
ဒါကို ဘာနဲ့မှ ထပ်ဖိုးမဖြတ်နိုင်ဘူး" လို့
အမေ့ရဲ့ သမီး ကျွန်တော့်ရဲ့ အစ်မ မြင့်မြင့်ရီက ပြောတယ်
ပြီးတော့ အဝေးကိုငေးကြည့်နေတယ်
သေချာပါတယ်၊ သူ ကျွန်တော့်ရဲ့ ဝိညာဉ်ကို ရှာဖွေနေတယ်
မမိုးရိပ်ပါနဲ့ ထမ်းနည်းမနေပါနဲ့ အစ်မရယ်
အလင်းသစ်နဲ့ နှမ်းရှိုက်ခွင့်ရလိုက်တဲ့ မြန်မာပြည်နဲ့အတူ
ကျွန်တော့် ရဲ့ ဝိညာဉ်က သာဓုခေါ်ရင်း ကောင်းချီးပေးဖို့ အသင့်ဖြစ်နေပါပြီ
အခုတော့
ယိုင်နဲ့နဲ့ ကျွန်တော့် အိမ်လေးရဲ့ နံရံမှာ
ဂုဏ်ပြုမှတ်တမ်းလွှာ ချိတ်ဆွဲ။ ။

ရှင်နေကြယ်

(၁၉၈၈၊ မတ်လတွင် ဖြစ်ပွားခဲ့သော ကိုဖုန်းမော် အရေးအခင်းဟု လူသိများသည့် နာမည်ကျော် ကြို့ကုန်းတက္ကသိုလ် ပစ်ခတ်မှုတွင် ကိုဖုန်းမော်နှင့်အတူ ကျဆုံးခဲ့သည့် ကိုစိုးနိုင်အား ဂုဏ်ပြုရေးဖွဲ့သည်။)

Asian Fame Media Group
MEDIA GROUP

# နေဝင်ဦး > greater than ကဗျာ

ခံစားမှု အရောင်အသွေးကိစ္စများဆိုတာ
ရင်းသမျှ အရှုံးကြီးပဲလို့
နေဝင်ဦးက ပြောဖူးပါတယ်
ကိုယ်ကတော့ တစ်ခါမှ ကြွက်ကိုဒိန်ခဲနဲ့ မထောင်ဘူး။
လျှင့်မပစ်ရက်တဲ့ ညနေခင်းတွေရဲ့နောက်မှာ
အလီးကျန့်ခြင်းဟာ
နှလုံးသားထဲက သွေးတွေကို
တစ်မိုးစိမ့် ဖောက်ထုတ်နေသလို ခံစားရတယ် နေဝင်ဦး။
ကံကောင်းလိုက်တာ …
ပျောင်းရိုးပိုင်ရိုး ကိုယ့်အလွမ်းတွေ
(အိုး) ဘယ်တင်းသေသာမှ မမြင်ကြဘူး။
ခုလောလောဆယ်တော့
ကိုယ့်ကိုယ်ကျင့်တရားက
'အချစ်' အကြောင်း တကယ်သိအောင်လို့ပြီး
ကိုယ့်ကိုချစ်ရေးဆိုလာတဲ့ ကဗျာကို စဉ်းစားပေးနေတယ်
မအိုခင်၊ မနာခင်၊ မသေခင်အချိန်ထိ
သူကတော့
နေဝင်ဦးလို အစိုကြင်းပန်းတွေ ပွင့်ဝေပြီး
ခါးရှည်အုံးပစ်ရှုမှာမဟုတ်ဘူးလို့
ကိုယ် သေချာချင်တယ်။
ရေခဲရိုက်ထားတဲ့ အပြုံးတုတွေနဲ့
နောက်တစ်ကြိမ် ကိုယ့်ကို မြူဆွယ်ပါပြီး နေဝင်ဦး
မုန်းတယ်လို့ မပြောနိုင်လို့
ဝမ်းသိုးတစ်လျောက် မျိုချထားရတဲ့ စကားလုံးတွေနဲ့
ရင်တစ်ခုလုံး ပူနေရင်တောင်
နေဝင်ဦးရဲ့ တောင်ပံခတ်သံကို နားထောင်သွားတယ်။
ကဗျာလေးရေ
နေဝင်ဦးထက်ပိုပြီး မင်းကိုချစ်ချင်ပါတယ်
ဒါပေမဲ့
(ကိုယ်ကတော့)
ဘယ်တော့မှ ဒိန်ခဲနဲ့ ကြွက်ကို ထောင်မှာမဟုတ်ဘူး။

ပုန်ညက်ဖောင် (ဟားခါး)





# "ရင်ထဲက——မြည်"

အထိအရှနည်းပြီ
အထင်ကရတွေနဲ့
အညတရ ဆန်တဲ့——မြည်
ရွှေမှုံရာ အပေါ်စီးနှင်း
အိပ်မက်လှသူတွေ ရှိသလို
ဝမ်းရေးအတွက် အစဉ်တွေး
အိပ်မရသူတွေရှိတဲ့——မြည်
သနပ်တွေ ကာရန်မဲ့လို့
နဝေး ဏံတားအပေါ်
အော်ဟာစ်လို့ ပေါက်ကွဲ
ဖောက်လွဲ ဖောက်ပြန်လောကခံအတွက်
ရွှေဆံတော်မှာ တောင်းဆုခြွေ
တရားပွဲနဲ့ ပျော်မွေ့တဲ့——မြည်
ဗိုလ်ချုပ်ကို ဂုဏ်ပြု
ကြေးရုပ်တုနဲ့
တတိမာန်ဆောင်တဲ့——မြည်
အတုယူစရာ အကျိုးဆက်တွေနဲ့
အနုပညာ မျိုးဆက်တွေ အတွက်
အနာဂတ် တောက်ပတဲ့——မြည်
ရွှေနန်းရွဲတွေနဲ့ ကူးသန်းဆက်သွယ်
တပွဲတိုးကျန်
အိပ်မက်ဆန်ဆန်လှပတဲ့——မြည်
ကမ္ဘာမပြိုလဲသေးသရွေ့
ထာဝရ တည်မြဲခြင်းနဲ့
ပြေပြည့်စွာ ရှင်သန်ပါစေ——
ရင်ထဲက——မြည်။ ။

ခက်ဆစ်လင်း(မြည်)



Asian Fame Media Group
MEDIA GROUP



## တေလေငှက်တစ်ကောင်ရဲ့ဗမ်းချင်း

အနီးမှန်လား အဝေးမှန်လား
ကွဲကွဲပြားပြား မသိနိုင်လောက်အောင်
အသိဉာဏ်ဟာ လေးလံထိုင်းမှိုင်းလာခဲ့
ဂနာမငြိမ်သေးတဲ့စိတ်ကို တည်ငြိမ်ဖို့ ကြိုးစားရင်း
ခြေကုန်လက်ပန်းလည်း ကျလာခဲ့
ဘဝဟာ ဆင်ကန်းတောတိုးလာခဲ့ပြီ
မရေရာ မသေချာမှုတွေနဲ့ တရြှင်ရြှင်လယ်ပေါက်လာခဲ့
တစ်ဖက်စောင်းနင်းနိုင်တဲ့ ကံကြမ္မာကို ယိုးမယ်ဖွဲ့ ရမလား
နံ့ရှာလွှန်းတဲ့ ဘဝကို အပြစ်တင်ရမလား
ရင်ထဲမှာတော့ ခံစားချက်တွေဟာ ကွဲပြန့်ထလာခဲ့
နေဝင်သည်းဆာချိန်ရောက်လေတိုင်း
လင်းတားတောင်တိုင်ကို ကျော်ပြီးခဲ့
ဆောင်းလိုက် ခရီးရှိန်နှိုက်ဖွာခဲ့
ပလက်ဖောင်းကို ခေါင်းအုံးပြီးအိပ်ခဲ့
ဒီလိုနဲ့
ကိုယ်ကျင့်တရားတွေ စတေးခံလိုက်ရတာ
နာကျင်မှုတွေကောင် တဆစ်ဆစ် မြည်ဟည်းလာခဲ့တယ်။ ။

လင်းဝေမှူး(မြင်းခြံ)

## စိတ်ကူးမယဉ်ကြေး

အမှန်တရားကိုဖော်ထုတ်တဲ့အခါ
စိတ်ကူးမယဉ်ကြေး—
ညဆိုတာ အမှောင်တို့ ကြီးစိုးရာ
လဆိုတာ သန်းခေါင်ညရဲ့ အားကိုးရာ—
တွေးမကြောက်ကြေး
အလင်းရှိတယ်
အမှန်တရားရှိတယ်
အဲဒီအခါ
စိတ်ကူးမယဉ်ကြေး—–
အမှောင်ကုန်တော့မှာ
ကျောက်တောင်လို မာတဲ့ စိတ်ထား
မြေအုံတွေကို ဖြိုရှင်း
ငိုသံတွေကို ဆိတ်သုဉ်းစေ
ပျော်စရာတွေ
နေရောင်အလင်းနှင့် အတူ
ငါတို့ရဲ့ ကောင်းကင်ထက်မှာ
ထွန်းလင်းတောက်ပ
အရောင်လှကြစေ——
အဲဒီအခါ
စိတ်ကူးမယဉ်ကြေး——။ ။

ချမ်းမြေ့လင်းဝေ(ထီးချိုင့်)





Asian Fame Media Group
MEDIA GROUP

# သင်းမြတ်ကို
# သံသယအကျဉ်းသား

ဘာသာပြန်ဝတ္ထုတို

**တစ်ညနေခင်း၊ ဆတ်ဒန်ဘာဘူ အလုပ်ကပြန်လာတော့၊ သူ့အခန်း** ကြမ်းပြင်ပေါ်မှာ သစ်ခက်လေးတစ်ခက် တွေ့လိုက်ရသည်။ သန့်ရှင်းပြောင်စင်မှုနှင့် ပတ်သက်ပြီး အလွန်ဇီဇာကြောင်လှသော သူ့အတွက်၊ ထိုကိစ္စက မျက်မှောင်ကြုတ်သွားစေသည်။ သူ၏ အိပ်ရာခင်းတွေ၊ ဇာခန်းဆီးထားသည့် စားပွဲခင်းတွေနှင့် ခန်းဆီးတွေ အားလုံးအပါအဝင်၊ သူ့အခန်းထဲရှိ ပရိဘောဂပစ္စည်းအားလုံးကို သန့်စင်သပ်ရပ်နေအောင် လုပ်ထားသည်။ ထိုအတွက် လျှော်ဖွပ်ခ အတော်များများကုန်လျှမည် ဖြစ်သည်။ သို့သော် ဆတ်ဒန်ဘာဘူ စိတ်ထဲမှာ ဘယ်လိုမှ သဘောမတွေ့။

"ပိုချာ"

သူ့အစေခံကို သူအော်ခေါ်လိုက်သည်။ ပိုချာလည်း သူ့ရှေ့ ရောက်လာ၏။

"ကျွန်တော့်ကို ခေါ်ပါသလား ခင်ဗျာ"

"ဘာကြောင့်လဲကွ၊ ဒါကို မင်းသံသယမဖြစ်ဘူးလား"

"မဖြစ်ပါဘူးခင်ဗျာ။ ဘာကြောင့် ကျွန်တော်သံသယ ဖြစ်ရမှာလဲ ဆရာ"

"ဒီက ကြမ်းပြင်ပေါ်၊ ဒီသစ်ခက်လေးက ဘယ်လိုဖြစ်ပြီး ရောက်နေရတာလဲ"

"ကျွန်တော်မသိပါဘူး။ ငှက်တစ်ကောင်ချသွားခဲ့တာရှိနိုင်ပါတယ်"

"ဘာဖြစ်လို့ ငှက်တစ်ကောင်က ငါ့အခန်းထဲဝင်လို့ရပြီး၊ ဒါတွေချပစ်ခဲ့ရတာလဲ။ ဒီနေ့ မင်းကြမ်းပြင်ပေါ် အမှိုက်လှည်းတုန်းက ဒါကို သတိမထားမိဘူးလား။ ဒါမှမဟုတ်၊ မင်း လုံးဝကို အမှိုက်မလှည်းခဲ့ဘူးလား"

"အို. . . ဆရာ့အခန်းကို ကျွန်တော်နေ့တိုင်းအမှိုက်လှည်းပါတယ်ခင်ဗျာ။



ကျွန်တော်အမှိုက်လှည်းခဲ့တုန်းက၊ ဒီသစ်ခက်လေးက ဒီမှာ မရှိခဲ့ပါဘူး"

"မင်းသေချာရဲ့လား"


"ဟုတ်ကဲ့ပါခင်ဗျာ"

"ဘယ်လောက် ထူးဆန်းလိုက်ပါလိမ့်"

နောက်တစ်နေ့မှာ စာကလေးတစ်ကောင်မြတင်းပေါက်ပေါင်ပေါ်နားနေတာ သူတွေ့လိုက်ရသည်။ ထိုငှက်လေးသည်ပင် သူ့အခန်းထဲမှာ အသိုက်ဆောက်ဖို့ ကြိုးစားပြီးကြမ်းပြင်ပေါ်အစအနတွေချနေတာ ဖြစ်နိုင်သည်၊ ဒါပေမဲ့ ထို အကောင်လေး ဘယ်နေရာမှာ အသိုက်ဆောက်လို့ ရနိုင်ပါ့မလဲ၊ အိမ်ခေါင်မိုး လသာပေါက်မှာ ဆောက်မှာလား။ ဖြစ်ချင်လည်း ဖြစ်နိုင်ပါတယ်။

ထို့နောက် ဆတ်ဒန်ဘာဘူ နောက်တစ်မျိုး စဉ်းစားကြည့်လိုက်မိပြန်သည်။ သူနေထိုင်ရာ ထိုအဆောက်အဦ၏ တတိယအထပ်မှာ အခန်းခုနစ်ခန်း ရှိသည်။ ဘာကြောင့်များ ထိုငှက်ကလေးက သူ့အခန်းထဲကိုမှ ဝင်လာရတာလဲ။ အခန်းမှာ ငှက်တွေကို ဆွဲဆောင်နေရာ အထူးတလည်တစ်ခုခုများ ရှိနေလေသလား။

ဖြစ်နိုင်သည်။ သူစတင်သုံးစွဲလိုက်သည့် အာယုဗေဒ ခေါင်းလိမ်းဆီကြောင့် ဖြစ်နိုင်သည်။ ထိုခေါင်းလိမ်းဆီက အတော်လေးအနံ့ပြင်းသည်။ ထို့ကြောင့် သာငှက်လေး သူ့အခန်းထဲ ဝင်လာ တာဖြစ်နိုင်သည်။ ထိုခေါင်းလိမ်းဆီကိုလိမ်းဖို့ ဒုတိယထပ်ရှိ အခန်းတစ်ခန်းတွင်နေထိုင်သူ နီးလမာနီဘာဘူက အကြံပေးခြင်းဖြစ်၏။ နီးလမာနီဘာဘူမှာ အာယုဗေဒဆေးဝါးတွေကို မဆိုစလောက်လေ့လာထားသူဖြစ်ပြီး ထိုခေါင်းလိမ်းဆီက သူ့ကဲ့သို့ ဖောက်တွေလုံးဝပျောက်ကင်းနိုင်သည်ဟု ဆိုသည်။ သို့သော် ဆတ်ဒန်ဘာဘူကို ဟာ



Asian Fame Media Group

သလုပ်လိုက်တာရော မဖြစ်နိုင်ဘူးလား။ သူ့အခန်းကို နေစရာမရှိသည့် ငှက်တွေအတွက် ခိုလှုံရာတစ်ခုအဖြစ် ပြောင်းလဲသွားအောင် တမင်သက်သက် လုပ်တာ မဖြစ်နိုင်ဘူးလား။

အိမ်မှာရှိကြသည့် လူတွေအားလုံးနီးပါးလောက်က ဆတ်ဒန်ဘာဘူ၏ သံသယကြီးမားတတ်သည့် အကျင့်စရိုက်ကို သတိထားမိတတ်ကြပြီး သူ့ကွယ်ရာမှာ လှောင်ပြောင် သရော်တတ်ကြသည်။ ညနေအချိန် သူအိမ်ပြန် ရောက်လာသည့်အခါ သူ့ကို'ကဲ. . ဒီနေ့ ဘာသံသယဖြစ်စရာ အသစ် တွေ့ခဲ့တဲ့အကြောင်း ငါတို့ကိုပြော စမ်းပါဦး' ဆိုသည့်စကားမျိုးသူများစွာ မကြာခဏ ကြားနေရသည်။

လူတချို့က တခြားနည်းလမ်းများဖြင့် သူ့ကို အတည်ပေါက်နှင့် နောက်တတ်သည်။ နာဘင်ဒူချတ္တာဂျီးမှာ မြေညီထပ်တွင် နေထိုင်သူဖြစ်၏။ ဆတ်ဒန်ဘာဘူက နာဘင်ဒူဘာဘူအိမ်သို့ ဂိုဏ်ဖွဲ့ပြီး ဖဲကစားဖို့ ညဦးပိုင်းတိုင်းလိုလို သွားလေ့ရှိခဲ့သည်။ တစ်နေ့မှာ ဆတ်ဒန်ဘာဘူ ရောက်ရောက်ချင်း နာဘင်ဒူဘာဘူက ပြောခဲ့သည်။

"ဒီစာရွက်ပိုင်းလေးကိုကြည့်ပါဦးဗျ၊ ဒါလေးက ခင်ဗျားကို တစ်ခုခုများပြောမလား။ တစ်ယောက်ယောက် ပြတင်းပေါက်ထဲကို ပစ်ချခဲ့တာ"


ထိုစာရွက်ပိုင်းလေးက နာဘင်ဒူဘာဘူ၏ သမီးလေး သချာလေ့ကျင့်ခန်းလုပ်သည့် စာအုပ်မှ အပိုင်းအစလေးသာ ဖြစ်သည်။ ဆတ်ဒန်ဘာဘူက ထိုစာရွက်ပိုင်းလေးကို ဖြန့်လိုက်ပြီး ဂရုတစိုက်ကြည့်ရင်း ပြောလိုက်သည်။

"ဒါဂဏန်းဝှက်စာ အမျိုးအစားတစ်ခုဖြစ်ပုံရတယ်ဗျ"

နာဘင်ဒူဘာဘူက ဘာတစ်ခွန်းမျှ မပြော။ ဆတ်ဒန်ဘာဘူကသာ သူ့စကားသူ ဆက်ပြောခဲ့သည်။

"ကျွန်တော်တို့ ဒီဝှက်စာကို အဓိပ္ပာယ် ဖော်ရမယ်၊ ဒါက သတိပေးသလိုလို ဖြစ်နိုင်တယ်"

ဝှက်စာကို ဘယ်သူမှ မဖော်



ထုတ်ခဲ့ကြပါ။ ထိုစာရွက်ပိုင်းလေးမှုနှင့်ပင် ဆတ်ဒန်ဘာဘူ၏ သံသယစိတ်ဘယ်လောက်မြင့် တက်နေလာဖို့ တွေ့လိုက်ရတာပင်လျှင် သူတို့တွေလို ချင်သည့် အချက်ကို အောင်မြင်စွာ ရရှိခဲ့ခြင်း ဖြစ်သွားခဲ့လေ၏။

ဆတ်ဒန်ဘာဘူကတော့ ကာလကတ္တားမြို့တော်ကြီးတစ်ခုလုံး လှည့်စားမှုတွေ အယောင်ဆောင်တွေနှင့် လူလိမ်လူညာတွေ အပြည့်ဖြစ်နေသည်ဟု အခိုင်အမာ ယုံကြည်ထားသည်။ ထိုနေရာမှာ ဘယ်သူ့ကိုမှ ယုံကြည်စိတ်ချလို့ မရ။ ထိုအခြေအနေမျိုးကို ရင်ဆိုင်ဖြတ်သန်းဖို့ဆိုလျှင် အရာရာကို စစ်ဆေးမေးမြန်းနိုင်သည့် ထိုသူ၏ ကိုယ်ပိုင်အရည်အချင်းသာ လိုအပ်သည်။

တစ်နေ့ ဆတ်ဒန်ဘာဘူ သူ့ရုံးကနေ အိမ်ပြန်ရောက်လာသည့်အခါ စားပွဲပေါ်မှာ လေးထောင့်ပုံပါဆယ်တစ်ထုပ် တင်ထားလျက်သား တွေ့လိုက်ရသည်။ သူပထမဆုံး ခံစားလိုက်ရမှုက ထိုပါဆယ်ထုပ်မှာ သူ့ဆီမှားပြီး ရောက်လာသည်ဟု ထင်လိုက်မိခြင်း ဖြစ်သည်။ ထိုသို့သော ပါဆယ်ထုပ် တစ်ထုပ်ကို ဘယ်သူကများ သူ့ဆီ ပို့လိုက်တာပါလိမ့်။ ထိုပါဆယ်ထုပ်ပေါ်မှာ နာမည်ရေးထိုးထားခြင်း မရှိမှန်း တွေ့လိုက်ရသည့်အခါမှာတော့ သူ့ယုံကြည်မှု ပိုပြီးခိုင်မာသွားသည်။

"ဒါကို ဒီနေရာ ဘယ်သူယူလာခဲ့တာလဲ"

သူက သူ့အစေခံကိုမေးလိုက်သည်။

"ဒီနေ့လယ်က တစ်ယောက်ယောက်လာပြီး ဒါနန်ဂျေး ဆီမှာ ထားသွားတာပဲ၊ သူကပြောတယ်၊ ဒါဆရာအတွက်တဲ့"

ဒါနန်ဂျေးမှာ ပထမထပ်တွင် အိမ်ငှားနေထိုင်သူ ရှိုရိုရှိဘာဘူထံတွင် အလုပ်လုပ်နေသူဖြစ်သည်။

"ဒါ ဘယ်သူပို့လိုက်တယ်ဆိုတာ သူမပြောဘူးလား။ ဒီအထဲမှာ ဘာပါလဲကွ"

"မသိပါဘူးခင်ဗျာ"

"ထားပါတော့ကွာ"

ဆတ်ဒန်ဘာဘူက သူ့ခုတင်ပေါ်မှာ ထိုင်လိုင်ပြီး ပါဆယ်ထုပ်ကို စူးစူးစိုက်စိုက် ကြည့်နေမိ၏၊ ထိုပါဆယ်ထုပ်က ဘောလုံးအကြီးစား တစ်လုံးထည့်နိုင်လောက်အောင် ကြီးမားပုံရသည်။ သို့သော် ထိုပစ္စည်းကို ဘယ်သူ့ကိုပို့လိုက်ကြောင်း မှန်းဆလို့ မရနိုင် ဖြစ်နေပြန်သည်။

သူ ခုတင်ပေါ်မှ ထလိုက်ပြီး ပါဆယ်ထုပ်ကို ယူမြှောက်ကြည့်လိုက်သည်။ ဘယ်လောက်များ လေးလိုက်သလဲလို့၊ အနည်းဆုံး ငါးကီလိုခန့် ရှိနိုင်သည်။

သူ့ဆီ ပါဆယ်ထုပ် တစ်ထုပ်ပို့ခြင်းခံရသည့် နောက်ဆုံး အကြိမ်

ထိုတစ်ချက်ချက် တစ်ချောက်ချောက် ပြည်နေသံလေး၏ နောက်ဆုံးအကျိုးရလဒ်က ကြီးမားသည့် ပေါက်ကွဲမှုကြီးတစ်ခု မဟုတ်ပါလား။

Asian Fame Media Group

ကို ပြန်လည်မှတ်မိဖို့ ဆတ်ဒန်ဘာဘူ ကြိုးစားကြည့်လိုက်သည်။ ဟုတ်ပြီ။ လွန်ခဲ့သည့် သုံးနှစ်ကျော်လောက် တုန်းက ဖြစ်သည်။ သူ့အခေါ် တစ်ယောက်က သူ့ကို သရက်သီး ကိတ်တွေ လှမ်းပို့ခဲ့ဖူးသည်။ ထို့နောက် ခြောက်နှစ်အကြာမှာ ထိုအခေါ် ကွယ်လွန်သွားခဲ့သည်။ သူ့မှာ ဆွေမျိုးရင်းချာ မကျန်ရစ် တော့။ တစ်လမှာ စာနှစ်စောင် ထက်ပိုပြီး သူလက်ခံရရှိမှုမျိုး တစ်ခါမျှ မကြုံရတော့။ ထို့သို့ ပါဆယ်ထုပ် တစ်ထုပ်ဆိုသည့် အရာက တကယ်ကို ရှားတောင့် ရှားပါး တစ်ခု ဖြစ်နေချေသည်။ တကယ်လို့များ ထိုပါဆယ်ထုပ်ပေါ် မှာ စာရေးထားလျက်သား ပါလာ သည်ဆိုလျှင်တော့.......။

သို့သော် ပါဆယ်ထုပ်ပို့လိုက် သူက ပါဆယ်ထုပ်နှင့် အတူ စာ တစ်စောင်ပါ တကယ်တမ်းပေး လိုက်ပြီး ဒါနန်ဂျေးက ထိုစာကို ပျောက်သွားတာ ဖြစ်ချင်ဖြစ်နိုင် သည်။ ဘယ်သူပြောနိုင်မလဲ၊ ဒါနန်ဂျေးနှင့် စကားပြောကြည့်မှ ဖြစ်တော့မည်။

ဆတ်ဒန်ဘာဘူမှာ သူတစ် ယောက်တည်း အောက်ထပ်ကို ဆင်းလာခဲ့သည်။ ဆတ်ဒန်ဘာဘူ ဒါနန်ဂျေးကို တွေ့လိုက်ရသည့်အ ခါ ဒါနန်ဂျေးမှာ မဆလာကြိတ် သည့် အလုပ်ဖြင့် အလုပ်များ လျက်ရှိနေ၏။ သို့သော် သူ့အလုပ် ကို ပစ်ထားခဲ့ပြီး ဆတ်ဒန်ဘာဘူ ကို ထွက်တွေ့လိုက်သည်။

"အဲ..ဒီနေ့ပေါ့ကွာ တစ် ယောက်ယောက်က ငါ့အတွက်လို့ ပြောပြီး ပါဆယ်ထုပ် တစ်ထုပ် မင်းဆီမှာ ပေးထားခဲ့သလား"

"ဟုတ်ပါတယ် ခင်ဗျာ"

"အဲဒါနဲ့ အတူ စာလေးတစ် စောင်များ ပါသေးလား"

"ဘာဖြစ်လို့လဲ။ မပါပါဘူး ခင်ဗျာ"

"အဲဒီလူက သူ့နာမယ်ကယူလာ တယ် ဆိုတာ မပြောဘူးလား"

"နာမည် တစ်ခုကိုတော့ သူ ရွတ်သွားတယ် 'မာဒန်' တဲ့ ဒီလို ပြောသွားတယ် ကျွန်တော်ထင် ပါတယ်"

"'မာဒန်'တဲ့လား"

"ဟုတ်ပါတယ် ခင်ဗျာ၊ အဲဒါ သူပြော သွား တာပါ"

ဆတ်ဒန်ဘာဘူ၏ အသိ အကျွမ်းထဲမှာ မာဒန်ဟု ခေါ်သူ တစ်ယောက်လေးမျှ မရှိ၊ ထိုလူ ပြောတာ အမှန်တကယ်လားဆိုတာ ဘုရားသခင်သာလျှင် သိလိမ့်မည်၊ ဒါနန်ဂျေးကတော့ လူအတစ် ယောက်ဖြစ်တာ သေချာလှသည်။

"ဒီပါဆယ်နဲ့အတူ ပေးစာ ပဲဖြစ်ဖြစ် တခြား စာရွက်စာတမ်း ဖြစ်ဖြစ် ပါမလာဘူးလား"

"ဟုတ်ကဲ့ လက်ခံဖြတ်ပိုင်း တစ်ခုတော့ရှိပါတယ်။ ကျွန်တော့် ဆရာ လက်မှတ်ထိုးပေးလိုက်ပါ တယ်"

"မင်းပြောတာ ရှိရိရှိဘာဘူ လား"

"ဟုတ်ပါတယ် ခင်ဗျ"

သို့သော် ရှိရိရှိဘာဘူသည် လည်း ဘာမှ မတတ်နိုင်။ ဆတ်ဒန် ဘာဘူ ကိုယ်စား လက်ခံဖြတ်ပိုင်း ပေါ်မှာ အမှန်ပင် သူလက်မှတ်ထိုး ပေးခဲ့သည်။ သို့သော် ထိုပါဆယ် ထုပ်၏ လာခဲ့ရာနေရာဒေသ အမည် ကိုတော့ သူသတိမထားလိုက်မိ။

ဆတ်ဒန်ဘာဘူလည်း သူ့ အခန်းသို့ပြန်လာခဲ့တော့သည်။ ည ဦးပိုင်းမှာ အတော်လေး အအေး ပိုလာသည်။ ဆောင်းရာသီ နီးကပ် လာပြီ၏။ ထို့အတူ ဒီပါဝလီပွဲတော် သည်လည်း နီးကပ်လာနေပြီ ဖြစ် သည်။ နေရာအနှံ့အပြားမှာ ခြောက် အိုးများ မီးရှူးများ အတင် ပစ်ဖောက် နေကြပြီ။

"ဒိုင်း..."

ခြောက်အိုးတစ်လုံး ပေါက်ကွဲ သံ ဖြစ်သည်။ ထိုခဏလေး အတွင်း မှာပင် အအေးဓာတ် တစ်ခု သူ့ ကျောရိုးထဲ စိမ့်ဝင်သွားလေ၏။

ချိန်ကိုက်ဗုံး...။

ထိုပါဆယ်ထုပ်ထဲမှာ ချိန်ကိုက် ဗုံး တစ်လုံး ရှိမနေနိုင်ဘူးလား၊ ဘုရား..ဘုရား...။ ထိုချိန်ကိုက် ဗုံးက အချိန်မရွေးထပေါက်နိုင်ပြီး သူ့ကိုအဆုံးစီရင် ပစ်နိုင်သည်။

ယခုခေတ် ကာလကြီးထဲမှာ ချိန်ကိုက်ဗုံးတွေ အကြောင်း အပြောများလှသည်။ ထိုချိန်ကိုက်ဗုံး တွေက အကြမ်းဖက်သမားများ၏ စိတ်ကြိုက်အတွေ့ဆုံး လက်နက်ဖြစ် နေသည်။

သို့ဖြစ်လျှင် ဘာကြောင့် တစ် ယောက် ယောက်က သူ့ဆီ ချိန်ကိုက် ဗုံးတစ်လုံး ပို့လိုက်ရတာလဲ၊

အော်... သူ့ရန်သူ တစ် ယောက်ဖြစ်မည်၊ ဟုတ်သည်။ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် အဖြစ်သူ၏ အောင်မြင်မှုက သူ့ပြိုင် ဘက်တွေအတွင်းမှာ မနာလိုစိတ် အကြီးအကျယ်ဖြစ်စေသည်။ သူ့မှာ အခြားသောသူများကဲ့ သို့ပင် ဖောက်သည်အားလုံးကို စိတ် ချမ်းသာ ကျေနပ်အောင်ထား ဖို့သာ ရှိသည်။ ယခုတော့ ဖောက်သည် တစ်ယောက်က အလုပ်အပ်ဖို့ သူ့ ကို ရွေးချယ်လိုက်ပြီဆိုသည်နှင့် အခြားသူအားလုံးမှာ ချက်ချင်းလက် ငင်းကြီးသူ့ရန်သူတွေ ဖြစ်ကုန်ကြ ၏။ ထိုသို့တစ်ချိန်လုံးဖြစ်လာခဲ့ သည်။

"ပိုချာ"

သူ အော်ခေါ်လိုက်သည့် အသံက ကွဲအက်ထွက်ပေါ်နေသည်။ သူ့လည်ချောင်းထဲ ခြောက်သွေ့စပြု လာ၏။ ပိုချာလည်း သူ့ဆီရောက် လာသည်။

"ကျွန်တော့်ကို ခေါ်ပါသလား ခင်ဗျာ"

"ဟုတ်တယ်။ ဟို ....အဲ ..."

သူရပ်နားထားလိုက်သည်။ ထိုသို့လုပ်ဖို့သင့်လျော်ပါ့မလား။ တစ်ချက်ချက်တစ်ချောက်ချောက် အသံကြားရသလားသိရအောင်၊ ပါဆယ်ထုပ်ကြီးကို နားနှင့်ကပ်ပြီး နားထောင်ကြည့်ပေးဖို့ ပိုချာကို သူခိုင်းချင်သည်။ ချိန်ကိုက်ဗုံးတွေ အားလုံးမှာ တစ်ချက်ချက် တချောက်ချောက် မြည်သည့် ကိရိယာလေးတစ်ခုတပ်ဆင်ထား တတ်သည်မဟုတ်ပါလား။ ထို တစ်ချက်ချက် တစ်ချောက်ချောက် မြည်နေသံလေး၏ နောက်ဆုံးအကျိုး ရလဒ်က ကြီးမားသည့် ပေါက်ကွဲမှု ကြီးတစ်ခု မဟုတ်ပါလား။

ပိုချာ၊ နားနှင့်ကပ်ထားပြီး နားထောင်နေတုန်းလေးမှာ ထိုချိန် ကိုက်ဗုံး ဗုံးထပေါက်ကွဲသွားလျှင် ရော။

ဆတ်ဒန်ဘာဘူမှာ ဆက်တွေး ကြည့်နိုင်စွမ်းမရှိတော့၊ ပိုချာမှာ တော့ ညွှန်ကြားချက်တွေကို ရပ် စောင့်နေသေးဆဲရှိသည်။ နောက် ဆုံးမှာ ဆတ်ဒန်ဘာဘူက သူလုံးဝ မလိုအပ်ဘဲနှင့် ခေါ်လိုက်မိ ကြောင်းပိုချာကို ဝန်ခံပြောဆိုလိုက် သည်။

ထိုညဘက်မှာ ဖျောက်ဖျက်လို့ မရသည့် အမှတ်ကြီးတစ်ခု၊ ဆတ် ဒန်ဘာဘူ၏ အသိအာရုံထဲ စွဲကျန်ရစ်နေလေ၏။ ယခင်ညတွေ တုန်းကလည်း သူ့အိပ်မပျော်ဘဲ ဖြစ်နေခဲ့သည်၊ အထူးသဖြင့် နေထိုင်မကောင်းသည့် အချိန်ကာလ မျိုးတွေမှာဖြစ်သည်၊ သို့သော် လုံးဝ ကြောင်တက်တက်ဖြစ်သွားလောက် အောင်ခံစားပြီး တစ်ညလုံးထထိုင် နေရတာမျိုးတော့ သူတစ်ခါမျှ မရှိ ဖူးခဲ့။

မနက်ခင်း၊ ပါဆယ်ထုပ်ကြီးက ထပေါက်ကွဲခြင်းလည်းမရှိ၊ မီး တောက်မီးလျှံတွေလည်း ထွက်မလာ တာသေချာရှင်းလင်းသွားသည့် အခါ သူ့သတ္တိနှင့်ပင်ကို အသိတရား ပြန်ဝင်လာပြန်သည်။ 'ဒီညပိုင်းမှာ ဒါကြီးကို ငါဖွင့်ရမယ်' ဟုဆတ်ဒန် ဘာဘူ စဉ်းစားလိုက်သည်။ သူ့ ကိုယ်သူပင်လျှင်၊ သူ၏သံသယစိတ် က အကြောင်းတရားအကန့်အသတ် တွေကို ကျော်ဖြတ်ထွက်သွားပြီ ဖြစ်သည်။

သို့သော် ထိုညပိုင်းမှာ ပါဆယ် ထုပ်ကိုဖွင့်ဖို့ကိစ္စ၊ သူ့ကိုရပ်သွားစေ သည့် အဖြစ်က ကြုံလာပြန်၏။

သတင်းစာတစ်စောင်ကို စကားလုံးတိုင်းအားလုံးဖတ်ဖို့ စိတ် အားထက်သန်သူ အချို့ရှိနေကြ သည်။ ဆတ်ဒန်ဘာဘူက ထိုသို့ သော လူစားတွေမျိုးထဲမှာပါသူ မဟုတ်။ နေ့တိုင်း သတင်းခေါင်း စဉ်လောက်မျှသာကြည့်တတ်သူဖြစ် သည်။ ထို့ကြောင့်လည်း ကာလ ကတ္တားမြောက်ပိုင်းရှိ လူသတ်မှု အကြောင်း သတင်းအနည်းငယ်ကို ထိုနေ့မှာ သူမတွေ့မိလိုက် ဘဲဖြစ် ကောင်းဖြစ်နိုင်သည်။ ထိုအကြောင်း ကို ညဦးပိုင်းအချိန်၊ နာဘင်ဒါဘာ ဘူအိမ်သို့ ရောက်သွားမှ သူသိလိုက်



Asian Fame Media Group

ရသည်။ သူရောက်သွားတော့၊ ထိုကိစ္စအကြောင်း စိတ်လှုပ်ရှားစွာ ပြောဆိုဝေဖန်နေကြဆဲဖြစ်၏။

သေဆုံးသူ၏ နာမည်က ရှစ်ဘဒတ်မော်လစ်ဟု ဆိုသည်။ ပါတူယာတိုလာ လမ်းထဲမှာနေသူ ဖြစ်သည်။ ထိုနာမည်ကို ကြားလိုက်ရခြင်းကိုက၊ ဆတ်ဒန်ဘာဘူ၏ လုံးဝကြီးမေ့ပျောက်လာခဲ့သည့် အတိတ်ဖြစ်ရပ်ကို ပြန်ပြောင်းသတိရမိစေလေသည်။

တစ်ခါက မော်လစ်ကို သူကောင်းကောင်းကြီး သိခဲ့သည်။ မော်လစ်။ ရှစ်ဘဒတ်မော်လစ်။ ဟုတ်သည်။ သူပဲဖြစ်သည်။ ထိုအချိန်တွေတုန်းက ဆတ်ဒန်ဘာဘူသည်လည်း ထိုပါတူယာတိုလာ လမ်း ကျဉ်းလေးထဲမှာပင် နေထိုင်ခဲ့၏။ ရှစ်ဘဒတ် မော်လစ်နှင့် အိမ်နီးချင်းတွေ ဖြစ်ကြသည်။လူအနည်းငယ်လောက် ရှစ်ဘဒတ် မော်လစ်အိမ်သို့၊ ပိုကာဖဲ ကစားကြရန်၊ ညတိုင်း သွားကြသည်။ ဘယ်လိုထူးထူးဆန်းဆန်း အကြောင်းကြောင့်မှန်းမသိ၊ လူတိုင်းက သူ့ကို မိသားစုမျိုးဆက် အမည်ဖြစ်သည့် 'မော်လစ်'ဟုသာ ခေါ်ကြသည်။ ထိုနေရာသို့ ပုံမှန်လာ နေကျ အခြားလူနှစ်ယောက်လည်း ရှိသေးသည်။ တစ်ယောက်က ဆွတ်ခင်ဒွတ္တာဖြစ်ပြီး၊ နောက် တစ်ယောက်က မာဒူဆူဒန်မိုင်တီဖြစ်၏။ ဒုတိယလူ ဖြစ်သည့် မာဒူဆူဒန်မိုင်တီမှာ အန္တရာယ်ရှိသော လူလိမ်လူညစ် တစ်ယောက်ဖြစ်ကြောင်း ဇာတိရုပ်ပေါ်လာခဲ့သည်။ ဖဲကစားဝိုင်းမှာ မာဒူဆူဒန်မိုင်တီ ဖဲလိမ်မှုကို ဆတ်ဒန်ဘာဘူ မကြာမကြာခံစားခဲ့ရသည်။ တစ်နေ့တော့၊ ဆတ်ဒန်ဘာဘူမှာ ထုတ်မပြောဘဲ မနေနိုင်အောင် ဖြစ်ခဲ့ရတော့၏။

ထို့အတွက် မာဒူဆူဒန်မိုင်တီ၏ တုံ့ပြန်မှုက ကြောက်ဖွယ်လိလိရှိလှသည်။ သူ့အိတ်ကပ်ထဲမှာ ဓားတစ်လက်ဆောင်ထားကြောင်း၊ တစ်ချိန်လုံးတစ်ယောက်မှုမသိခဲ့ကြရဘဲ၊ ထိုအခါကျမှ သိလိုက်ကြရသည်။ ထိုညမှာ ထိုဓားက လုစ်ခနဲထွက်လာလေ၏။ ဆတ်ဒန်ဘာဘူမှာ၊ မော်လစ်နှင့်ဆွတ်ခင်ဒွတ္တာတို့

အချိန်မီဝင်ရောက်ဖြန်ဖြေလိုက်နိုင်မှုကြောင့်သာလျှင်၊ ဘေးမသီရန်မခဘဲ လွတ်မြောက်ခဲ့ရသည်။

သူ့စီးပွားရေးလုပ်ငန်းအောင်မြင်လာသည့်အခါ၊ ဆတ်ဒန်ဘာဘူမှာ ပါတူယာတိုလာလမ်းကျဉ်းလေးထဲရှိ အခန်းလေးကို စွန့်ခွာခဲ့ပြီး၊ မီရဇာပူရ လမ်းမကြီးပေါ်ရှိ အထပ်အိမ်ကြီးတစ်အိမ်သို့ ပြောင်းရွှေ့လာခဲ့သည်။ ထိုနောက်တော့ မော်လစ်နှင့်အပေါင်းအပါများကို အဆက်အသွယ်အားလုံးပြတ်တောက်သွားခဲ့သည်။ ဖဲကစားရတာကို နှစ်သက်မှုကတော့ သူ့မှာ ကျန်နေသေးသလို မေးခွန်းထုတ်ခြင်းနှင့် အရာရာကို သံသယဖြစ်တတ်သည့်အကျင့်ကလည်း သူ့မှာကျန်ရှိနေသေးသည်၊



သို့သော် ထိုအချက်တွေအပြင်၊ ဆတ်ဒန်ဘာဘူမှာ ကွဲပြားခြားနားသူ တစ်ယောက်အဖြစ် အမှန်တကယ် ပြောင်းလဲလာခဲ့သည်၊ ယခု သူဝတ်စားထားသည့် အဝတ်အစားတွေက ပိုပြီး ဝတိုင်ကျလာသည်။ စီးကရက်တွေသောက်လာသည်။ (ဘီဒီဆေးလိပ်မျိုးတွေကို ကျောနိုင်းပစ်ခဲ့ပြီ) ထို့အပြင် သူ့အိမ်အတွက် ပန်းချီကားတွေ ပန်းအိုးတွေနှင့် နှစ်သက်စရာဆေးလိပ်ပြာခွက်လေးတွေတို့ကဲ့သို့သော ပစ္စည်းတွေ ဝယ်ယူရန်အတွက် လေလံပွဲသို့ သူမကြာခဏသွားတတ်သည်။ ထိုအလေ့အထ အားလုံးရှိလာခဲ့သည်မှာ လွန်ခဲ့သည့် ခြောက်နှစ်၊ ခုနစ်နှစ်ကျော်ကတည်းက ဖြစ်သည်။

အသတ်ခံလိုက်ရသည့် ရှစ်ဘဒတ်မော်လစ်မှာ တစ်ချိန်တုန်းက ဆတ်ဒန်ဘာဘူသိခဲ့သည့် မော်လစ်ဖြစ်နေလျှင် လူသတ်သမားက၊ မလွဲမသွေပင် မာဒူဆူဒန်မိုင်တီ ဖြစ်သည်။ ဆတ်ဒန်ဘာဘူက မေးလိုက်၏။

"လူသတ်မှုက ဘယ်လိုဖြစ်တာလဲဗျ"

"လူမဆန်ပါဘူးဗျာ။ အိုဗျာ၊ တကယ်ကို လူမဆန်တာပါ။ အလောင်းက ဘယ်သူဘယ်ဝါပါဆိုတာ မပြောနိုင်တော့ဘူး။ လူတွေက သူ့အိတ်ကပ်ထဲက ဒိုင်ယာရီ စာအုပ်တစ်အုပ်ထဲမှာ သူ့နာမည်တွေ့လို့သာ ပေါ့ဗျာ"

နာဘင်ဒူ ချတ္တာဂျီးက ပြန်ပြောလိုက်ခြင်း ဖြစ်သည်။

"ဘာကြောင့်လဲဗျ။ ဘာဖြစ်လို့ ဘယ်သူဘယ်ဝါဖြစ်ပါတယ်ဆိုတာ ပြောဖို့ မဖြစ်နိုင်ရတာလဲ"

"လူတွေက အလောင်းကို ကိုယ်လုံးပဲ တွေ့လိုက်ကြတာ။ ခေါင်းက မရှိတော့ဘူး။ ဒါကြောင့် ဒါ ဘယ်သူပါပဲလို့ မပြောနိုင်ကြတာ"

"ဘာ. . . ခင်ဗျားဆိုလိုတာက ခေါင်းက . . . ."

"ဟုတ်တယ်။ ခေါင်းက. . . မရှိတော့တာပေါ့ဗျာ"

နာဘင်ဒူဘာဘူက၊ သူ့လက်နှစ်ဖက်ကို သူ့ဦးခေါင်းအထက် မြှောက်လိုက်ပြီး၊ ဝှေ့ယမ်းလျက် အောက်ပြန်ချလိုက်သည်။ တစ်ဖန် သူစကားသူ ဆက်ပြောလိုက်၏။

"လူသတ်သမားက၊ အဲဒီဦးခေါင်းကြီးကို ဘယ်နေရာမှာ ဝှက်ထားတယ်ဆိုတာ၊ ဘယ်သူမှ မသိကြဘူးဗျ"

"လူသတ်မှု တကယ်ကျူးလွန်တာဘယ်သူဆိုတာ တစ်ယောက်ယောက်သိရဲ့လား"

"ကျွန်တော်ကတော့ မော်လစ်အိမ်မှာ ဖဲကစားလေ့ရှိတဲ့ လူတချို့ပဲလို့ ယုံတယ်ဗျာ။ ပုလိပ်ဘက်ကလည်း၊ ဒီလူတွေက တစ်ယောက်ပဲလို့ သံသယရှိတယ်"

တတိယအထပ်ရှိသူ့အခန်းသို့ လှေကားအတိုင်းပြန်တက်လာပြီးသည့်အခါ ဆတ်ဒန်ဘာဘူမှာ မူးနောက်ရီဝေစွာ ခံစားလာရတော့သည်။ မာဒူဆူဒန်မိုင်တီကို ဖဲလိမ်သည်ဟု စွပ်စွဲပြောဆိုလိုက်မိသည့်နောက်ချက်ချင်းကြီး ဖြစ်ပျက်ခဲ့သည့် ကြောက်စရာကောင်းသော ထိုနေ့ကို သူကွင်းကွင်းကွက်ကွက်ကြီး ပြန်မှတ်မိနေသည်၊ အခြားသူတွေက သူ့ကို မာဒူဆူဒန်မိုင်တီ ဓားဖြင့်ထိုးသည်ကို ဗင်တားလိုက်နိုင်သော်လည်း မာဒူဆူဒန်မိုင်တီ၏ မျက်လုံးအကြည့်တွေကို သူဘယ်တော့မှ မေ့ဖျောက်လို့မရနိုင်ဘဲ ဖြစ်နေရ၏။

"ဒီနေ့တော့ မင်းလွတ်သွားပြီပေါ့၊ မာဂျူမဒါရယ်။ ဒါပေမဲ့ မင်းငါ့အကြောင်းမသိပါဘူးကွ။ တစ်နေ့ကျရင် မင်းနဲ့ငါ ပုံအောပြီး စာရင်းရှင်းပစ်မယ်။ နှစ်နဲ့ချီပြီး စောင့်ရမယ်ဆိုရင်တောင် စောင့်နေမယ်ဟေ့"

မာဒူဆူဒန်မိုင်တီက ထိုသို့ ခြိမ်းခြောက်ခဲ့သည်။ ထိုခြိမ်းခြောက်မှုကြီးက လူတစ်ယောက်၏ သွေးတွေ အေးခဲသွားစေနိုင်သော ခြိမ်းခြောက်မှုမျိုးကြီးဖြစ်၏။ သူ ပါတူယာတိုလာလမ်းကျဉ်းလေးထဲက ပြောင်းရွှေ့လာပြီးနောက်၊ သူ့နောက်ကွယ်မှာ ပြဿနာတစ်ခုလုံး သူဖန်တီးထားခဲ့တာပဲဟု ဆတ်ဒန်ဘာဘူတွေးလိုက်မိသည်။ သို့သော် သူဖန်တီးထားခဲ့ပါသလား။

သူ့အခန်းထဲမှာရှိနေသည့် ပါဆယ်ထုပ်ကြီးက မာဒူဆူဒန်မိုင်တီ ပို့လိုက်သလိုလို ဖြစ်မနေပေဘူးလား။ ဒါနန်ဂျေးက လူတစ်ယောက်သူ့ကို ပြောလိုက်တာ 'မာဒန်'ပါဟု ဆိုခဲ့သည်။ ဒါနန်ဂျေးနားကြားမှားနိုင်တာသေချာသည်။ 'မာဒူဆူဒန်'နှင့်

'မာဒန်'ဆိုသည့် အသံထွက်နှစ်ခုက ခြားနားမှုများများစားစားရှိလှသည် မဟုတ်။ မာဒူဆူဒန်မိုင်တီကိုယ်တိုင် ဖြစ်စေ၊ သူကတစ်ယောက်ယောက်ကို စေခိုင်း၍ ဖြစ်စေ၊ ထိုပါဆယ်ထုပ်ကြီးကို ပို့ထားခဲ့တာ ထင်ရှားနေသည်။

ထိုနောက် ထိုပါဆယ်ထုပ်ကြီးမှာ ဆတ်ဒန်ဘာဘူဆီရောက်သွားတာ သေချာကြောင်း လက်မှတ်ထိုးထားသည့် လက်ခံဖြတ်ပိုင်းကို သူရရှိသွားပြီဖြစ်သည်။

ထိုပါဆယ်ထုပ်ကြီးမှာ ရှစ်ဘဒတ်မော်လစ်၏ ခေါင်းပြတ်ကြီး ရှိနေရမည်။

သူ့မှာ ထိုအတွေးရုတ်တရက်ကြီး ဝင်လာပြီး၊ သူ့အခန်းထဲ သူမဝင်မိသေးမီကပင်လျှင် ထိုအတွေးက သူ့စိတ်ကို ခိုင်ခိုင်မာမာကြီးစွဲမြဲသွားလေတော့၏။ ထိုပါဆယ်ထုပ်ကြီးကို တံခါးဝကနေ သူမြင်နေနိုင်သည်။

ထိုပါဆယ်ထုပ်ကြီးက သူ့စားပွဲပေါ် ပန်းအိုးတစ်လုံး အေးမှာတင်ထားလျက်။ ထိုပါဆယ်ထုပ်ကြီး၏ အမြင့်နှင့်အရွယ်အစားက ယခုဆိုလျှင် ထိုအထဲမှာ ပါရှိသည့်အရာကို သဲသဲကွဲကွဲကြီးညွှန်ပြမှု ဖြစ်နေပေပြီ။

ပိုချာမှာ သူ့ဆရာတံခါးအနီး တရစ်ဝဲဝဲလုပ်နေတာ မြင်နေရသည်ကို သိချင်စိတ်ဖြစ်စွာ ကြည့်နေမိသည်။ ဆတ်ဒန်ဘာဘူက ကြီးမားလှသည့် ခွန်အားကြီးတစ်ခုစိုက်ထုတ်ပြီး သူ့ကိုယ်သူ ဣန္ဒြေဆည်လိုက်သည်။ နောက်တော့ အခန်းထဲဝင်လာပြီး၊ ပိုချာကို လက်ဖက်ရည်တစ်ခွက်ဖျော်ခိုင်းလိုက်သည်။

"ဟိုကွာ. . . အဲ. . . ၊ ဒီနေ့ ငါ့ကိုတစ်ယောက်လာရှာသေးလား"

"မရှာပါဘူးခင်ဗျ"

"အင်း. . . ."

ဆတ်ဒန်ဘာဘူမှာ သူ့အိမ်ကို ပုလိပ်ဘက်က ဝင်ရောက်ရှာဖွေနေသည် မြင်ကွင်းဆိုးကြီးမြင်ယောင်နေလျက်ရှိ၏။ လူသေကောင်၏ခေါင်းပြတ်ကြီး သူ့အခန်းထဲမှာ ရှာတွေ့သွားခဲ့လျှင် သူ့ကိုဘာလုပ်ကြမလဲဆိုသည့် အတွေးက သူ့ကို တစ်ဖန်အေးစက်သည့် ချွေးတွေစီးထွက်ကျစေလေသည်။

လက်ဖက်ရည်တစ်ခွက် သောက်အပြီး ခဏအကြာမှာ သူ့သတ္တိ နည်းနည်းပြန်ဝင်လာပြန်သည်။ 'တော်ပါသေးရဲ့။ အနည်းဆုံးတော့ ဒါဟာချိန်ကိုက်ဗုံး မဟုတ်ဘူး' ဟု သူတွေးလိုက်သည်။

သို့သော် ထိုပါဆယ်ထုပ်ကြီးကိုသာ ငေးစိုက်ကြည့်ပြီး၊ နောက်ထပ်ညတွေမှာ အိပ်မပျော်နိုင်ဘဲဖြစ်နေခဲ့လျှင် သူရူးသွားနိုင်မှန်းသိပြန်သေး၏။

ထိုအတွက် ဖြေရှင်းဖို့က အိပ်ဆေးပဲရှိသည်။ မည်သို့ပင် ဖြစ်စေ အိပ်ဆေးကြောင့် သူအိပ်ပျော်သွားသည်ဆိုစေဦးတော့ အိပ်မက်ဆိုးတွေမက်ခြင်းကို သူရှောင်လွှဲမရနိုင်။

တစ်ခုက ဦးခေါင်းမပါသည့် မော်လစ်၏ကိုယ်လုံးကြီးနှင့်ဖဲကစားနေသည်ဟု သူ့ကိုယ်သူမြင်နေမိသည်။ နောက်တစ်ခုက ကိုယ်လုံးမပါသည့် မော်လစ်၏ ဦးခေါင်းကြီးက "ကျွန်တော့်ကို ဒီအထုပ်ကြီးထဲကနေ အပြင်ထုတ်ပေးစမ်းပါဗျာ၊ အသက်ရှူကျပ်နေလို့ပါ" ဟု သူ့ကိုပြောပြကြားနေရသည်။

အိပ်ဆေးတွေသောက်ခဲ့သည့်ကြားထဲကပင်၊ ထုံးစံအတိုင်း နံနက်ငါးနာရီမှာ ဆတ်ဒန်ဘာဘူအိပ်ရာကနိုးလာသည်။ သူ့မျက်စိတွေ ပွင့်လာသည့် တစ်ခဏအတွင်း သူ့စိတ်ထဲမှာ ပြဿနာ၏အဖြေကို တွေ့လိုက်မိလေ၏။

ခေါင်းပြတ်ကြီးကို သူ့ဆီပို့ခဲ့တာပဲ။ ဘာကြောင့် သူက ထိုခေါင်းပြတ်ကြီးကို တစ်နေရာရာပို့ပစ်ဖို့ မလုပ်နိုင်ရမှာလဲ။ အဓိကအချက်က ထိုခေါင်းပြတ်ကြီးကို ရှင်းထုတ်ပစ်ဖို့ပဲ မဟုတ်ပါလား။

ဆတ်ဒန်ဘာဘူ ပါဆယ်ထုပ်ကြီးကို ဈေးဝယ်သည့်အိတ်အကြီးစား တစ်အိတ်ထဲထည့်လိုက်သည်၊ ပြီးတော့ မနက်စောစောကြီးမှာပင် သူ့အိမ်ကထွက်လာခဲ့သည်။ ထိုပါဆယ် ထုပ်ကြီးထဲက၊ သွေးတစ်စက်မျှ ယိုစိမ့်ထွက်ကျမှုမရှိမနေဘဲ အလွန်သေချာအောင် သူလုပ်ထားဖို့လိုသည်။

ဘတ်စ်ကားဖြင့် ကာလီဂတ်သို့ ရောက်လာသည်မှာ နှစ်ဆယ့်ငါးမိနစ်ကြာသွားသည်။ မြစ်ဆီသို့ သူဖြည်းဖြည်းချင်း လျှောက်သွားလိုက်သည်။ အတော်လေး တိတ်ဆိတ်သည့် နေရာဖြစ်ကြောင်း၊ သူတွေ့လိုက်ရ၏။ ထို့နောက်တော့ ပါဆယ်ထုပ်ကြီးကို အိတ်ကြီးထဲကနေဆွဲထုတ်ပြီး၊ မြစ်ထဲတည့်တည့်ပစ် ချလိုက်လေတော့သည်။ ပါဆယ်ထုပ်ကြီးက ရေထဲသို့ အသံကျယ်လောင်စွာ ဖြစ်ပေါ်ပြီး ကျဆင်းသွားသည်။

ပါဆယ်ထုပ်ကြီး ကွယ်ပျောက်သွားသည်နှင့် ဆတ်ဒန်ဘာဘူမှာ စိတ်လက်ပေါ့ပါးစွာ သက်ပြင်းတစ်ချက်ချလိုက်သည်။

သုံးဆယ့်ငါးမိနစ်ကြာသွားသည့်အခါ သူအိမ်ပြန်ရောက်သွား၏။ အိမ်ရှေ့ ဝင်းတံခါးပေါက်ထဲဖြတ်လျှောက်လာခဲ့စဉ်မှာတော့ ရှိရှိရှိဘာဘူ၏ အိမ်ရှိနံရံကပ်နာရီကြီးမှ ခုနစ်နာရီ ရိုက်ခတ်ထိုးသံ သူကြားလိုက်ရသည်။

ထိုနာရီထိုးလိုက်သံက ဆတ်ဒန်ဘာဘူကို ရုတ်တရက်နိုးကြားသတိရမှုအသစ်တစ်ခုလှုပ်ခတ်သွားစေလေ၏။

စိတ်တထင့်ထင့်နှင့် ပူပန်သောကရောက်နေမှုကြောင့် လွန်ခဲ့သည့်ရက်အနည်းငယ်က စိတ်ထဲတွင်ရှိနေသော်လည်း၊ အမှန်တကယ် သတိရသင့်ပါလျက်နှင့် သူ မေ့လျော့နေခဲ့သည်၊ သူသိထားသည့် လူတချို့မှာ သူတို့ အသက်တွေ ငါးဆယ်ကျော်သည်နှင့် သတိမေ့တတ်ကြသည်။

ထိုကိစ္စကိုပြောတော့မည့်ဆဲဆဲမှာ၊ နီးလမာနီဘာဘူက အထူးဆေးတစ်မျိုးညွှန်ခဲ့ပြန်သေးသည်။

သို့သော် ယခုတော့ အရာအားလုံးကို ပြန်သတိရသွားပြီ၊ နည်းနည်းလေးမှ သူအချိန်ဖြုန်းနေလို့ မဖြစ်တော့။

ဆတ်ဒန်ဘာဘူ၊ ထွက်နေကျအချိန်ထက်နာရီဝက်ပိုစောပြီး အိမ်ကထွက်လာခဲ့သည်။ သူ ရပ်ဆဲလ်လမ်းမကြီးပေါ်ရှိ 'မော်ဒန်အိတ်ချိန်း' ဟုခေါ်သည့် လေလံဌာနရှေ့မှာ ရပ်နားလိုက်သည်၊ ထိုလေလံအလုပ်ရုံပိုင်ရှင် တူလဆီဘာဘူက မျက်နှာပေါ်မှာ အားပါးတရအပြုံးဖြင့် ဆတ်ဒန်ဘာဘူဆီလာပြီး နှုတ်ဆက်လိုက်၏။

"စားပွဲတင်နာရီက ကောင်းကောင်းလှုပ်ရှားပါတယ်နော်"

"ဒါ ခင်ဗျားပို့လိုက်သေးလား"

"ပို့လိုက်တာပေါ့ဗျာ။ ဘာလဲ၊ ခင်ဗျားဆီရောက်မလာဘူးလား"

"ရောက်ပါတယ်၊ ရောက်ပါတယ်။ ကျွန်တော်ဆိုလိုတာက ဟိုဒင်းလေ. . . ၊ အဲ. . . "

"ဒီမှာဗျာ၊ ခင်ဗျားက ကျွန်တော့်ကို ရှုပီးငါးရာကြိုတင်ပေးထားခဲ့တယ်။ ကျွန်တော်က ဒါကို ခင်ဗျားအိမ်အရောက်ပို့ပေးပါမယ်လို့ ကတိပေးခဲ့တယ် မဟုတ်လား။ ခင်ဗျားက ကျွန်တော့်ဖောက်သည်ဟောင်းကြီးတစ်ယောက်ပဲလေ၊ ကျွန်တော်ကတိမတည်ဘဲ နေမှာမလားဗျာ"

"အို . . . ဟုတ်တယ်။ အို . . . ဟုတ်တယ်. . . ၊ ကျွန်တော်ပြောချင်တာလေးက . . . ။ ဟုတ်ကဲ့ပါဗျာ၊ ရပါတယ်လေ. . . "

"အဲဒီနာရီက ထူးထူးခြားခြားကြီးကို အချိန်မှန်နေလိမ့်မယ်။ ခင်ဗျား ကျွန်တော်ပြောတာမှတ်ထားလိုက်။ တကယ်တော့ ဒါက နာမည်ကျော်ပြင်သစ်ကုမ္ပဏီကြီးတစ်ခုက ထုတ်လုပ်ခဲ့တာမျိုးဗျ။ ဒါကို ခင်ဗျား လျှော့ဈေးနဲ့ရလိုက်တာ၊ ပြောရရင် အရမ်းကံကောင်းတယ်"

ပြောပြီး တူလဆီဘာဘူက နောက်ထပ်ဖောက်သည်တစ်ယောက်ကို ခရီးဦးကြိုပြုဖို့ ရှေ့ဆက်ထွက်သွားလေသည်။ ဆတ်ဒန်ဘာဘူလည်း လေလံဆိုင်ထဲကနေ ဖြည်းလေးစွာ ပြန်ထွက်လာခဲ့သည်။ ခုတော့ လျှော့ဈေးဖြင့် သူရရှိလိုက်သည့် ပစ္စည်းက မြစ်ရေ၏ လှိုင်းတွန့်လေးတွေအောက်မှာ စံမြန်းသွားလေပြီ။

မာဒူဆူဒန်မိုင်တီက သူ့ကို အထိရောက်ဆုံးနည်းဖြင့် ကလဲ့စားချေသွားတာဖြစ်ကောင်းဖြစ်နိုင်သည်။ ဒါနန်ရေးကြားခဲ့သည့် 'မာဒန်'ဆိုသည့် အသံမှာလည်း တကယ်တော့ 'မော်ဒန်'ဟု ဖြစ်ခဲ့နိုင်ပါသည်။

**သင်းမြတ်ကို**

အိန္ဒိယစာရေးဆရာ Satyajit Ray ၏ Sadhan Babu's Suspicions



Asian Fame Media Group



Asian Fame Media Group
MEDIA GROUP

၁

မှောင်မည်းတိတ်ဆိတ်နေသော အမျိုးသမီးအဆောင် အခန်းကျဉ်းလေးတစ်ခုထဲတွင် အားကိုးဖွယ်ရာ အလင်းတစ်စဟူ၍ မှန်ပြတင်းမှတစ်ဆင့် သက်ဆင်းလာသော လရောင်ခြည်တန်းတစ်ခုသာ ရှိပါသည်။ ကျွန်မနှင့် လက်တစ်ကမ်းအကွာတွင်ရှိသော စားပွဲပေါ်တွင် ဖယောင်းတိုင်တစ်ထုပ်နှင့် မီးခြစ်တစ်ခုရှိသည်။ ကျွန်မ မယူပါ။ မီးပျက်သွားတာမှ မဟုတ်ဘဲ။ စောစောက မီကိုယ်တိုင် မီးခလုတ်ကို ပိတ်ခဲ့ခြင်းဖြစ်သည်။ ကျွန်မ ပြန်ဖွင့်ချင်ရင်တောင် မီးခလုတ်က မဝေး။ ဒါပေမဲ့ မဖွင့် ဖြစ်။

မိုးရွာပြီးစ ညဉ့်ဦးပိုင်းမို့ စူးရှသော ပုရစ်အော်သံများ ညံစီလျက် ရှိသည်။ ယနေ့မှာ သောကြာနေ့ ဖြစ်ပါသည်။ စနေ၊ တနင်္ဂနွေနှင့်အတူ တနင်္လာနေ့ပါ ပိတ်ရက်ဆက်နေသည့်အတွက် ကျောင်းသူအများစုမှာ မိမိတို့အိမ်ပြန်ကုန်ကြပြီ။ အဆောင်မှာ တိတ်ဆိတ်နေပါသည်၊ ကျွန်မတို့အဆောင်တွင် ကျွန်မ၊ ဇင် နှင့် မီတို့အပါအဝင် B.E


ရည်ညွှန်းဖွဲ့သီ
ချစ်သူ့ဆီ

# အချစ်ဝိညာဉ်

ရဲစွမ်းနေ



Asian Fame Media Group
MEDIA GROUP



တန်းတက်နေသော အစ်မကြီးများပါ ပေါင်းမှ ဆယ်ယောက်ပဲ ကျန်ခဲ့သည်။

မိုးက နာရီဝက်တစ်ခါလောက် ရွာသွန်းနေသောကြောင့် အဆောင်ရှေ့ အုတ်ခုံတွင် ဝစ်တာတီးနေကြ ယောကျ်ားလေးများ မရှိပါ။ သေချာတာကတော့ ဧာသီဥတုက သူတို့ ဘက်ပါနေပြီဖြစ်၍ မိုးအေးအေးဖြင့် ဖဲရိုက်နေပါလိုက် ဒါမှမဟုတ် အနွေးထည်ခြုံရစ်ပြီး ယမကာဝိုင်းဖွဲ့နေလောက်ပြီ။ အဆောင်ရှေ့လမ်းမတွင် လူအသွားအလာမရှိ။

ပုရစ်များ အော်သွားပြီထင်သည်။ အသံမဲ့သော ပတ်ဝန်းကျင်သည် လိုအပ်သည်ထက်ပို၍ တိတ်ဆိတ်ငြိမ်သက်သွားသည်။ တိတ်ဆိတ်ခြင်းကို တိတ်ဆိတ်ခြင်းက ဖုံးလွှမ်းနေသည်။

ကျွန်မနှင့် ဇင် တစ်ယောက်မျက်နှာတစ်ယောက် မှန်းဆ၍ ကြည့်လိုက်ကြသည်။ အမှောင်ထဲမှာဖြစ်သောကြောင့် သဲကွဲစွာ မမြင်ရ။ တိုင်ပင်ထားခြင်းမရှိဘဲ တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်လိုက်ကြသည်။

မီ ဘယ်ရောက်နေတာလဲ။

မီ့အသံ ကြားရမလား နားစွင့်မိသည်။ မကြားရပါ။ အသံအားလုံးဆိတ်သုဉ်းနေသော အခန်းကျဉ်းလေးထဲတွင် နာရီလက်တံ တစ်ချက်ချက်မြည်သံသာ ပုံမှန်ထွက်ပေါ်နေသည်။ ထိုစဉ် ခြေသံတရှပ်ရှပ်ကြားရသည်။

လရောင်ခြည် ဖြာကျနေသော တစ်ခုတည်းသော မှန်ပြတင်းဝယ် မိန်းကလေးတစ်ယောက်ရဲ့ အရိပ်ကို မြင်လိုက်ရသည်။ ကျွန်မနှင့်ဇင် လက်ချင်း ဆုပ်ကိုင်ထားသောကြောင့် နှစ်ယောက်စလုံး တုန်သွားကြတာ ကိုယ်စီသိလိုက်ရသည်။ မဟုတ်သေးဘူး၊ အဲဒါမီပါ။ စောစောကလေးတင် ကျွန်မတို့ စကားပြောနေခဲ့တာပဲ။ ဒါပေမဲ့ ရင်ထဲက ထိတ်လန့်သွားခြင်း ခံစားမှုကို ချက်ချင်းပြေဖျောက်၍မရ။

မီကတော့ ကျွန်မတို့ကို ပြောပြထားခဲ့သည့်အတိုင်း လုပ်တော့မည်။ မီက တော်တော်ဖွတ်တရွတ်နိုင်သလိုခေါင်းမာသည့် မိန်းကလေးပါ။ ကျွန်မနှင့် ဇင် တားမြစ်ထား၍ သူမရဲ့ ဆုံးဖြတ်ချက် ပြောင်းလဲသွားမည်မဟုတ်ပါ။

အဆောင်မှာ မိန်းကလေး ဆယ်ယောက် ကျန်တယ်ဆိုပေမယ့် B.E အစ်မကြီးများက ကျွန်မတို့လို B.Tech ကျောင်းသူလေးများနှင့် ရောရောထွေးထွေးမနေဘဲ သူ့အထာနှင့်သူ သီးသန့်နေကြတာ။ ပြီးတော့ သူတို့က အောက်ထပ် အဆောင်နောက်ဘက်အခန်းများမှာ နေကြတာ။ အခုတော့ အဆောင်အပေါ်ထပ် လမ်းဘက်မျက်နှာမူထားသော အခန်းထဲမှာ မိန်းကလေး သုံးယောက်တည်း။

ဇင်က ကျွန်မအနား အသားချင်းထိသည်ကထိ တိုးကပ်လာသည်။ သူမ ကြောက်နေမှာ သေချာသည်။ ကျွန်မလည်း ကြောက်တာပါပဲ။ ကျွန်မတို့ ထိုင်နေသည့် နေရာက မှန်ပြတင်းနှင့် ခပ်စောင်းစောင်းဖြစ်သည်။

ရှိမှန်းသိသော်လည်း မရှိသလိုမျက်နှာလွှဲကာ မကြည့်မိအောင် နေခဲ့သော ဇရပ်လေးဆီ ကျွန်မလှမ်းကြည့်လိုက်သည်။ မှန်ပြတင်းနားမှာ မီ မတ်တတ်ရပ်နေသော်လည်း ကွယ်မနေသည့်အတွက် မြင်ရပါသည်။ ဇင်လည်း ကြည့်နေမှာပါ။

မိုးဖွဲလေးများ ကျစပြုလာသည်။ ဇရပ်ပေါ်တွင် လူတစ်ယောက်ထိုင်နေသည်။ သူ့ဘေးတွင် အဝတ်ဖြူလွှမ်းထားသော ရှည်မျောမျော အရာတစ်ခု လဲလျောင်းနေသည်၊ ထိုအရာသည် အလောင်းတစ်လောင်းဖြစ်ပါသည်။

ကျွန်မ ဖြန်းဆို မျက်စိမှိတ်လိုက်ပါသည်။ ကျွန်မစိတ်အတွေးများသည် တောင်ပံခတ် ပျံဝဲသွားသော လိပ်ပြာလေးတစ်ကောင်လို သောကြာနေ့ မနက်ဆီ ရောက်ရှိသွားခဲ့ပါသည်။

၂------------------------------

မိတ္ထီလာနည်းပညာကောလိပ်ရဲ့ သောကြာနေ့ မနက်ခင်းသည် အရင် သောကြာနေ့များလိုပင် အဆောင်သူများအားလုံးကို ရွှင်လန်းတက်ကြွသော စိတ်ဖြင့် နိုးထစေပါသည်၊ အုံ့မှိုင်းသော မိုးဥတုတစ်နေ့ဖြစ်သော်လည်း အဆောင်သူများအားလုံး စိတ်ကြည်လင်နေကြသည်။

ဒါပေမဲ့ ဒီအချိန်မှာပဲ အဒေါ်လေးရဲ့ "အမလေး"ဟူသော စူးရှကျယ်လောင်သော အော်သံက ကျွန်မတို့အားလုံးကို သတိအနေအထားဖြစ်စေသည်။ မျက်နှာသစ်နေကြသူများ၊ အိပ်ရာထဲတွင် မထသေးဘဲ နှပ်နေကြသူများ၊ အိမ်သာတက် ရင်းမဂ္ဂဇင်းစာအုပ်ဖတ်နေကြသူ အားလုံးကိုပေါ့။

အဒေါ်လေး အသံကြားရာ အဆောင်ရှေ့ဆီ ကျွန်မတို့အားလုံး စုပြုံထွက်လာကြသည်၊ အလန့်တကြားပြေးလာသော အဒေါ်လေးနှင့် ကျွန်မတို့ အဆောင်ရှေ့ဆင်ဝင်တွင် ဆုံမိကြသည်။

"အစ်မတို့ရေ . . . ဟိုမှာ ကြည့်ပါဦး . . ."

အဒေါ်လေးက တုန်ယင်စွာ ပြောသည်။

အဒေါ်လေး ပြစရာပင် မလိုပါ။ အသက်ရှုမှားလောက်သော မြင်ကွင်းက ကျွန်မတို့အားလုံးကို ဆီးကြိုနေသည်။ ကျွန်မတို့ အဆောင်နှင့် မျက်စောင်းထိုးတွင် ဇရပ်တစ်ခုရှိပါသည်။ ထိုဇရပ်လေးကို ခရီးသွားများ အမောဖြေရန် ဆောက်ထားခြင်းဖြစ်သည်၊ ရှေ့တွင်တော့ စပါးပင်စိမ်းစိမ်းလေးများ ထည့်သွင်းစိုက်ပျိုးထားသော ရေ



Asian Fame Media Group
MEDIA GROUP

အိုးစင်လေးက သောက်သုံးသွားကြပါဟု ဖိတ်ခေါ်နေသယောင်။ ဇရပ်လေးနှင့် ကျွန်မတို့အဆောင်ကို မိတ္ထီလာနှင့် သာစည်ကို ပေါင်းကူးဆက်သွယ်ပေးထားသော ပေတစ်ရာလမ်းမကြီးက ပိုင်းခြားထားသည်။ ဇရပ်လေးပေါ်တွင် ကျောင်းပိတ်ရက်များ၌ ကျွန်မတို့ စာသွားကျက်လေ့ရှိသည်။

အရိပ်အာဝါသကောင်းလှသော ခရေပင်ကြီး အုပ်မိုးထားသော ဇရပ်လေးသည် လူတိုင်းအတွက် အေးရိပ်ဆာယာတစ်ခုနှယ် မခြား။ အခုတော့ ထိုဇရပ်လေးပေါ်တွင် အဝတ်ဖြူလွှမ်းထားသော အလောင်းတစ်လောင်း ရှိနေပါသည်။ ဘေးမှာတော့ အလောင်းစောင့်။

ကျွန်မတို့ ကျောင်းသွားခါနီး အချိန်မှပဲ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ထိုအလောင်းသည် ညမင်းသမီး မသက်ရှိဖြစ်ကြောင်း သိလာရသည်။ သူမရဲ့ ဇာတိက ဘယ်ကလဲဆိုတာ ဘယ်သူမှ အတိအကျမသိကြ။ မှောင်ရီပျိုးစ တစ်ညနေမှာ ညမင်းသမီး ခင်ချို သာစည်ဘူတာနားမှာ လမ်းသလားနေတုန်း အသိအကျွမ်းဖြစ်ခဲ့သည်ဟု ဆိုကြသည်။ သူတို့လို ဘဝထဲက လူတွေက နီးစပ်ရာ တွယ်တာလေ့ရှိကြသလို တစ်ယောက်နှင့် တစ်ယောက် ဖေးမကူညီလေ့ရှိသည်။ ဒါကြောင့်လည်း နေရပ်ရယ်လို့ အတည်တကျ မရှိသော မသက်ရှိကို သာစည်၊ မိတ္ထီလာနှင့် နည်းပညာကောလိပ်တည်ရာ ပန်းတော်ဆက်ရွာအနီးက ခင်ချိုနေသော ရွာလေးမှာ မကြာခဏ တွေ့ရလေ့ရှိသည်။

သူမ သေဆုံးရပ်မှာ ညသန်းခေါင်ယံအချိန် ခင်ချိုတို့အိမ်ကို အလာ မြွေကိုက်ခံရခြင်းဖြစ်မည်ဟု အားလုံးက ယူဆကြသည်။ သူမကို တွေ့ရသည့်အချိန်မှာ မြွေဆိပ်က တစ်ကိုယ်လုံး ပျံ့နှံ့နေပြီ။ ခါတိုင်းလည်း သူမသည် ခင်ချိုတို့အိမ်ကို ညအိပ်ညနေ သွားလေ့ရှိသည်။ သူမမှာ အိမ်ရယ်လို့ အတည်တကျမရှိဘဲ။ ဒီနေ့တော့ ကြမ္မာငင်ကာ မြွေဆိုးအကိုက်ခံရခြင်း ဖြစ်သည်။ မြေပေါ်သော အရပ်ဒေသဖြစ်သည့်အတွက် ဤဖြစ်ရပ်မျိုးမှာ သိပ်မဆန်းကြယ်လှပါ။ သူမအလောင်းကို ရွာပြင်လယ်ကွင်းအစပ်မှာ တွေ့ရခြင်းဖြစ်သည်။

ကိုယ်ခန္ဓာကောက်ကြောင်းများ စွဲမက်ဖွယ်ကောင်း၍ အသားအရေဖြူဝင်းကာ မျက်လုံးရွှဲကြီးများဖြင့် ယောက်ျားလေးများကို ညို့ယူဖမ်းစားတတ်သော မသက်ရှိရဲ့ နှုတ်ခမ်းနှစ်လွှာသည် သူမရဲ့နောက်ဆုံးအချိန်မှာ ပွင့်အာတော့မည့် ပန်းတစ်ပွင့်နှယ် တစ်စုံတစ်ခု ပြောခဲ့ချင်သလို။ အဲဒါကြောင့်လည်း ယောက်ျားလေးများက မသက်ရှိတို့များ သေတာတောင် အလှမပျက်ဘူးဟု ဆိုကြသည်။ ဘယ်လိုပဲဖြစ်ဖြစ် ရွာလူကြီးအများစုက သူမအလောင်းကို ရွာထဲရှိ ခင်ချိုတို့အိမ် အသယ်မခံဘဲ ရွာပြင်ဇရပ်မှာပဲ ထားခွင့်ပြုသည်။

ကျွန်မတို့ ကျောင်းရောက်သည့်အချိန်မှာ ဟော့အဖြစ်ဆုံး သတင်းက မသက်ရှိ သတင်းပါပဲ။

၃-------------------------------

"ဇင် . . . မနေ့က တွန်းပျူတာ လက်တွေ့ချိန်တုန်းက နင် ကိုနိုင့်ကို Power Point ရှင်းပြခိုင်းနေတာ တွေ့လိုက်တယ်။ ဆရာမက ငါတို့ကို C-Program ပဲ လေ့ကျင့်ခိုင်းတာလေ"

"မီ . . . နင် ငါ့ကို မျက်စိဒေါက်ထောက်ကြည့်နေတာလား။ ဆရာမပေးတဲ့ Program ဆွဲပြီးလို့ ထပ်လေ့လာတာလေ၊ လေ့လာသင်ယူမှုမှန်သမျှ အကျိုးရှိတာ ဆိုတာ နင် မကြားဖူးဘူးလား"

"ဟုတ်တဲ့ . . . မှတ်သားထားပါမယ်ရှင်။ ဒါပေမဲ့ ငါ မှတ်မိတာကတော့ နင်နဲ့ငါ G.T.I ဒုတိယနှစ်ပြီးတုန်းက Computer သင်တန်းတက်ခဲ့တာကိုပဲ။ အဲဒီတုန်းက သင်တန်းဆရာက Power Point သင်ပေးဖို့ မမေ့ခဲ့ဘူးလို့ ငါထင်တာပဲ"

ကျွန်မသည် တစ်မြို့တည်းအတူနေ၊ သူငယ်တန်းကတည်းက အတန်းဖော် ဖြစ်ခဲ့ကြသော အချစ်ဆုံးသူငယ်ချင်းမ နှစ်ယောက်ကို ကြည့်ရင်း ရင်မောနေမိသည်။ ကျွန်မက မြင်းခြံမြို့ကဖြစ်ပြီး သူမတို့ နှစ်ယောက်က ပျော်ဘွယ်မြို့မှ ဖြစ်ပါသည်။ Break Time ချိန်ဖြစ်သောကြောင့် အတန်းထဲ လူရှင်းနေရာ သူမတို့နှစ်ယောက် တိတ်တခိုးကြွနေသော ရဲနိုင်နှင့် ပတ်သက်ပြီး စကားစစ်ထိုးနေကြခြင်း ဖြစ်သည်။ ကိုနိုင်အပါအဝင် ကျွန်မတို့သုံးယောက်သည် Electronics and Communication (လျှပ်စစ်နှင့် ဆက်သွယ်ရေး) လိုင်းယူထားကြသော B-Tech ပထမနှစ် ကျောင်းသူ၊ ကျောင်းသားများ ဖြစ်ပါသည်။

ကျွန်မတို့ EC တန်းတွင် ခပ်ကြောင်ကြောင် ဖြစ်သွားတတ်သူများ တစ်ခါတစ်ရံရှိတတ်ရာ ဒီနှစ် ဘယ်သူ့အလှည့်လဲဟု တစ်ယောက်နှင့် တစ်ယောက် နောက်ပြောင်လေ့ရှိသည်။ EC မောင် ဝေါက်ကြောင်ကြောင် ဆိုသလို ကျွန်မတို့ EC မယ်တွေကလည်း စကားအရစ်တတ်မှဆင်ရေး ပြုလုပ်သည့်နေရာမှာ သိပ်မခေလှပါ။ ခေခေက ဇင်ဘက်မှာ အရေးနိမ့်သလို ရှိနေပေမယ့် ဇင်က လျှို့ဝှက်လက်နက်ဖုံးကို ထုတ်သုံးလိုက်သောအခါ မီဘက်က တပ်နောက်ဆုတ်ရတော့သည်။

"မီရေ . . . နင်ကလေ Program တစ်ခုအတွက် Looping ဆွဲဖို့ စဉ်းစားတဲ့နေရာမှာ အရမ်းတော်တာပဲ။ ငါတို့ ကျူရှင်မှာ နင့်ကို ဆရာမကတောင် ချီးကျူးသေးတယ် မဟုတ်လား"

"ဇင် လာမြှောက်မနေနဲ့။ ဘာဝယ်ကျွေးရမှာလဲပြော"

"မဟုတ်ပါဘူး . . . ငါ စဉ်းစားရခက်နေတာ တစ်ခုရှိလို့။ ဟိုတစ်နေ့က နင် ကိုနိုင်ကို Looping ဆွဲဖို့ စဉ်းစားရပုံကို ရှင်းပြခိုင်းနေတော့ ငါပဲ မျက်မှန်တပ်စရာ လိုနေပြီလားလို့"

သူမတို့နှစ်ယောက် ရန်ဖြစ်မှာ၊ စကားမပြောဘဲနေကြမှာ စိတ်မပူရမှာပါ။ နံနက်ပိုင်း ကျောင်းဆင်းချိန်ယောက်ဆို နှစ်ယောက်လုံး စိတ်ဝင်စားသော အကြောင်းအရာတစ်ခုကို တွတ်ထိုးပြောရင်း ကျွန်မကိုပင် သတိရတော့မည် မဟုတ်ပါ။

အသားလတ်လတ် မျက်လုံးမျက်ဖန်ကောင်းပြီး မျက်ခုံးမွေးထူထူများနှင့် စတိုင်ကျကျစွာ ဝတ်စားတတ်သော ကိုနိုင်သည် ယောက်ျားပီသစွာ ချောမောပါသည်၊ စကားပြောညက်၍ ကူညီတတ်သော ကိုနိုင်အတွက် သူငယ်ချင်းမရှားလှပါ။ ဒါပေမဲ့ ကိုနိုင်သည် ကျွန်မတို့ သုံးယောက်နှင့် ပိုအဖွဲ့ကျသည်။

တစ်ခါက ကိုနိုင်သည် ကျွန်မတို့အတန်းမှာလာထိုင်ရင်း စကားလက်ဆုံကျနေသည်။ အဲသည်နေ့က ကိုနိုင်ဝတ်ထားတာ စပို့ရှပ်အပြာနုရောင် . . .။

"ဇင် . . . ကြည့်စမ်းပါဦး။ လူမိုးဆိုတာ သချိုင်းကုန်းမှာပဲ ရှိတယ်ဆိုတာ တကယ်မှန်တယ်။ တွေ့လား . . . ကိုနိုင့် လည်ပင်းမှာ လက်သည်းခြစ်ရာတွေ။ နင်တို့ ယောက်ျားတွေဟာ လူဆိုးပဲ"

ကိုယ်ခန္ဓာကောက်ကြောင်းများ စွဲမက်ဖွယ်ကောင်း၍ အသားအရေဖြူဝင်းကာမျက်လုံးရွှဲကြီးများဖြင့်ယောက်ျားလေးများကိုညို့ယူဖမ်းစားတတ်သော မသက်ရှိရဲ့ နှုတ်ခမ်းနှစ်လွှာသည် သူမရဲ့ နောက်ဆုံးအချိန်မှာပွင့်အာတော့မည့်ပန်းတစ်ပွင့်နှယ်တစ်စုံတစ်ခု ပြောခဲ့ချင်သလို...





**သေသွားတဲ့သူရဲ့ဝိညာဉ်က ငါ့ကို တစ်ခါမှ အန္တရာယ်မပေးဘူး။ ပြီးတော့ မလုပ်ဖြစ်တာ တော်တော်ကြာပြီဆိုတော့ ငါလုပ်ချင်မှ လုပ်နိုင်တော့မှာ။**

"ဟုတ်ပါရဲ့ဟယ် . . . ကိုနိုင်၊ မကောင်းဘူး . . ."

မီရဲ့ အလန့်တကြား ပြောလိုက်သော စကားများကို ဇင်က ပြာပြာသလဲ ထောက်ခံရင်း အတိုင်အဖောက် ညီနေသည်။

"ဟာ . . . နင်တို့ကလည်း မဟုတ်တာတွေ လျှောက်မပြောပါနဲ့။ ငါ အိပ်နေတုန်း ကြောင်ကုတ်သွားတာဟ"

ကိုနိုင်သည် မျက်နှာနီရဲသွားကာ လက်တကာကာဖြင့် ရှင်းပြနေသည်။

"ဘာလဲ . . . ကြောင်အယောင်ဆောင်ထားတဲ့ လူမလေးလား. . ."

မီရဲ့ စကားအဆုံးမှာ ကိုနိုင် ကျွန်မတို့ အနားမှာ မရှိတော့။ အဲသည်နေ့က ကျွန်မတို့နဲ့ မျက်လုံးချင်း မဆုံအောင် နေသည်အထိ သူ ရှက်သွားတာ။

ယခုအချိန်အထိ ကိုနိုင်ရဲ့ စိတ်ဝင်စားမှုက ဇင်နဲ့မီအပေါ် ညီတူညီမျှ ရှိနေသည်ဟု ကျွန်မ ထင်သည်။ ကိုနိုင်က မိတ္ထီလာမြို့သား ဖြစ်သည့်အတွက် အဆောင်မနေဘဲ ကျောင်းရှိရာ ပန်းတော်ဆက်ရွာကို ဆိုင်ကယ်ဖြင့် ကျောင်းတက်၊ ကျောင်းပြန် လုပ်လေ့ရှိသည်။ ဇင်နဲ့မီက လိုအပ်သော ပစ္စည်းများမှာ လိုက်ရှင် အမြဲဝယ်ခဲ့သလို၊ သူမတို့ နှစ်ယောက်ရဲ့ မွေးနေ့များတွင် Surprise ဖြစ်ဖွယ် လက်ဆောင်များပေး၍ ပျော်ရွှင်အောင် ပြုလုပ်ပေးဖို့ ဘယ်တော့မှ မမေ့ခဲ့ပါ။

အဆောင်မှာ ညအချိန် စကားဝိုင်းဖွဲ့ဖြစ်သည့် အခါတိုင်း ကျွန်မသည် ဇင်နဲ့မီ စကားနိုင်လုပုံကို ကြည့်၍ အမြဲ ရင်မောရသည်။

"ဇင် . . . ငါ နေ့လယ်တုန်းက နင်တို့မပါဘဲ စာကြည့်တိုက်ကို တစ်ယောက်တည်း သွားခဲ့တယ်လေ၊ စာကြည့်တိုက်က ပြန်လာတော့ ဘယ်သူ့ကိုတွေ့ရလဲ သိလား။ ကိုနိုင်ရယ်လေ . . . လေ့ကားနားက တိုင်မှာ မှီပြီး ငါ့ကို ရီဝေဝေနဲ့ စိုက်ကြည့်နေတာ မျက်လုံးထဲကကို မထွက်ဘူး"

မီက အရောင်တစ်မျိုးလက်ဖြာနေသော မျက်လုံးများနဲ့ ကြည်ကြည်နူးနူးပြောနေတော့ ကျွန်မပါ သူမနှင့်ရောပြီး ခံစားသွားရသည်။ နေ့လယ်က ကျွန်မ လိုက်မသွားဖြစ်တော့ သူမ အဖြစ်ကို မှန် မမှန် သေချာ မသိရ။

"နင်ပြောမှ သတိရတယ် မီရေ၊ ငါလည်း တစ်ယောက်တည်း ထမင်းဆိုင်ကို ခေါင်းလျှော်ရည် ထုပ် သွားဝယ်တုန်း တစ်ယောက်ယောက် ငါ့ကို ကြည့်နေတယ်လို့ ခံစားနေတော့ ဘာရယ်မဟုတ်ဘူး။ ဆိုင်ထဲကို ငုံ့ကြည့်လိုက်တော့ ကိုနိုင်ပေါ့။ ငါ့ကို ရွှန်းရွှန်းစားစားကြီး စိုက်ကြည့်နေတာ။ တစ်ခုခု ပြောတော့မလို့ပဲ။ ဘာမှတော့ မပြောဘူး။ အဲဒီတော့မှ ငါလည်း သတိထားမိတယ်။ ပတ်ဝန်းကျင်မှာက ငါတို့နှစ်ယောက်တည်း မဟုတ်ဘူးလေ။ တခြားကျောင်းသူ၊ ကျောင်းသားတွေလည်း ရှိသေးတာကိုး"

သူတို့ သုံးယောက် ကပြနေသော ဇာတ်လမ်းသည် ဇာတ်လယ်ပဲ ရှိ သေးသော်လည်း ကျွန်မအနေနဲ့ ဇာတ်သိမ်းကို ကြိုတင်ရင်ခုန်လာသည်။ ဒါပေမဲ့ ဇာတ်သိမ်းသည် မျှော်လင့်ထားသည်ထက် ပို၍ လျင်မြန်စွာ ရောက်ရှိလာခဲ့သည်။ အဲသည်နေ့က သောကြာနေ့ပါ။

၄----------------------------

ညနေ ကျောင်းဆင်းချိန်ကတည်းက အိမ်ပြန်မည်သူများက အဆောင်မှာ ကျန်နေခဲ့မည့် ကျွန်မတို့အား ကလိနေကြသည်။

"ငါတို့ ဒီတစ်ပတ်မှ ပြန်ဖြစ်တာ သိပ်ကံကောင်းတာပဲ။ အဆောင်မှာ ရှိနေရင် ဒီအလောင်းကြီး ရှိနေတာကို တွေးမိနေတာနဲ့ အိပ်ပျော်မှာ မဟုတ်ဘူး"

"နင်တို့က မိန်းမကြောက်တွေပဲ။ ငါတို့က Tomb Rider ထဲက Lara Croft လေ။ ဘာကိုမှ မကြောက်ဘူး"

မီက ဆတ်ဆတ်ထိမခံ ပြန်ပြောသည်။ ကျွန်မတို့ သုံးယောက် ... ပြီးခဲ့သည့် တစ်ပတ်က ပြန်ခဲ့ကြပြီးဖြစ်၍ သည့်တစ်ပတ် မပြန်တော့ပါ။

အရောင်နဲ့ ကိုက်ဆိုက်ခြင်းသည် ကျွန်မတို့အဆောင် ပတ်ဝန်းကျင်ဆီ တစ်ချိန်တည်း ကျရောက်လာသည်။ သည်နေ့ လကွယ်ည မဟုတ်သည်ကို ကျေးဇူးတင်ရသည်။ မိုးသံတဖြောက်ဖြောက်၊ သစ်ရွက်ချင်း ထိခတ်သံနှင့် လေတိုးသံများ ပေါင်းစပ်၍ ထူးဆန်းသော အသံတစ်မျိုး ဖြစ်ပေါ်လာသည်။ သစ်ရွက်များ ငိုညည်းတတ်သလား။ အလောင်းစောင့်နှင့် အလောင်းရှိနေသော တဲလေးကတော့ မိုးစက်အစိပ်၊ အကျဲပေါ် မူတည်ပြီး ပီပြင်သွားလိုက် မှိန်ဖျော့သွားလိုက်။

တံခါးခေါက်သံ ကြားရသည်။ အဆောင်မှူး မမက လူစုံ၊ မစုံ လာရောက် စစ်ဆေးခြင်းဖြစ်သည်။ မီက တံခါးဖွင့်ပေးလိုက်သည်။

ဒီနေ့ ကျွန်မတို့ သုံးယောက် ခုတင်နှစ်လုံးဆက်၍ အတူတူအိပ်ကြသည်။ ဒါတောင် မီက ကျွန်မနှင့် ဇင်ရဲ့ ဆန္ဒကို မဖြစ်သာ၍ လိုက်လျောရသည့်သဘော။ သူမကတော့ အကြောက်အလန့်ရှိပုံမရ။ ကျွန်မနှင့် ဇင်ကတော့ အလောင်းကြီးနဲ့ ကိုယ်က လမ်းတစ်ခုသာ ခြားနေတာ သိလျက်နှင့် တစ်ယောက်တည်း မအိပ်ရဲပါ။

မသက်ရှီ အမှန်တကယ် သေဆုံးခဲ့ကြောင်း ဆရာဝန်၏ ထောက်ခံ အတည်ပြုမှု ရယူပြီးဖြစ်သည်ဟု သိရသည်။ သူမကို နေ့ချင်း သင်္ဂြိုဟ်ဖို့လည်း စီစဉ်ထားပြီးဖြစ်သည်။ ဒါပေမဲ့ ရွာပြင်မှ ပတ်ပြီး သင်္ချိုင်းကုန်းကို သွားရာတစ်ခုတည်းသော လမ်းသည် နေ့စဉ် မိုးရွာသွန်းမှုကြောင့် ရေဝပ်ကာ ဗွက်နှက်နေ၍ သွားရလာရ အဆင်မပြေပါ။ အဲဒါကြောင့် နောက်တစ်ရက် ဆုတ်လိုက်ရသည်။ သူမအလောင်းကို ရွာထဲမှ ဖြတ်ပြီး သယ်ဖို့ကြတော့ တစ်ရွာလုံးက သဘောမတူကြပါ။

ကျွန်မ မသက်ရှီအကြောင်း စဉ်းစားနေစဉ် မီက သူမအကြောင်းကို ပြောပြသည်။

"ငါ အခုပြောပြမယ့်အကြောင်းကို နင်တို့ ယုံချင်မှ ယုံကြပါ၊ ဒါပေမဲ့ အခု အနေအထားက ငါ့ကို ငါ ပြန်စမ်းသပ်ဖို့ အခွင့်အရေးတစ်ခုပဲ။ ဇင် . . . နင် မှတ်မိလား မသိဘူး။ ငါးတန်းနှစ် နွေကျောင်းပိတ်ရက်တုန်းက ငါတို့ မြို့ထဲက သစ်ပင်ပေါ် တက်ရင်း ငါပြုတ်ကျခဲ့တာ၊ အဲဒီတုန်းက နင်ပဲ လူကြီးတွေကို ပြေးခေါ်ပေးတာလေ"

"အေး ငါမှတ်မိတယ် . . ."

"ငါ့ ဘယ်ခြေထောက် ကျိုးခဲ့တယ်။ ခေါင်းကိုလည်း နည်းနည်း ထိခိုက်ခဲ့တယ်ဆိုပေမယ့် အဲဒါ အဓိကအကြောင်းပဲ။ ငါ ဆေးရုံတက်နေရတဲ့ တစ်ညမှာ အိပ်မက်လိုလို ဝိုးတဝါး အသိနဲ့ တွေ့ပြားနေတုန်း အဘိုးကြီးတစ်ယောက်က သူ့သမီးကို သူ မရှိတော့ရင် အိမ်နဲ့ ခြံရောင်းပြီး သူ့အစ်မရှိရာ နိုင်ငံခြားလိုက်သွားဖို့အကြောင်း ပြောပြပေးဖို့ ငါ့ကို တောင်းဆိုနေတယ်။ မနက်ကျတော့ တစ်ဖက်အခန်းက အဘိုးကြီး ဆီးကျိတ်ကင်ဆာနဲ့ ညတုန်းက ဆုံးသွားပြီတဲ့။ သူ့သမီး ရောက်လာတော့ အဘိုးကြီး ဆန္ဒအတိုင်း ပြောပြတဲ့အခါ သူက ငါ့လက်ကို ဆုပ်ကိုင်ပြီး ငိုတယ်"

အတိတ်ကို မှန်းဆပြောပြနေသော မီ မျက်လုံးအစုံမှာ မျက်ရည်တွေ တစ်စွန်းတစ်စနဲ့။

Asian Fame Media Group

"အမေကတော့ ငါ့ကို ဆူတယ်။ ကလေးက ကလေးလိုပဲ တွေးတဲ့။ အဲဒီနောက် ရပ်ကွက်ထဲမှာ လူတစ်ယောက်သေတဲ့ သတင်းကြားတာနဲ့ ငါ့အာရုံတွေ စုစည်းပြီး ပြန့်ကျဲနေတဲ့ ဝိုးတဝါးပုံရိပ်တွေကို ရုပ်လုံးဖော်ပြီး သူတို့နဲ့ စကားပြောဖို့ ကြိုးစားတယ်"

"ကျွန်ရစ်သူတွေနဲ့ ဆက်သွယ်ကြည့်တဲ့အခါ မှန်ကန်မှုတချို့တလေ ရှိတယ်။ အမေသိရင် ငါ နေစရာမရှိဘူး။ ရိုက်လည်း ရိုက်တယ်။ အဲဒီနောက်ပိုင်း တစ်ခါမှ မကြိုးစားတော့ဘူး"

အဖြူရောင်မျက်နှာကြက်ကို တူရှုကြည့်ရင်း ပြောနေသော မီရဲ့ စကားများထဲမှာ ကျွန်မတို့ နှစ်ယောက်လုံး နစ်မျောသွားသည်။

"အခု ငါတို့ စမ်းသပ်ကြည့်ရအောင်. . ."

"ဟင့်အင်း . . ."

ကျွန်မတို့ နှစ်ယောက် ပြိုင်တူပြောမိသွားသည်။

"ဘာလဲ နင်တို့က ကြောက်နေတာလား။ သေသွားတဲ့ သူရဲ့ ဝိညာဉ်က ငါ့ကို တစ်ခါမှ အန္တရာယ်မပေးဘူး။ ပြီးတော့ မလုပ်ဖြစ်တာ တော်တော်ကြာပြီဆိုတော့ ငါ လုပ်ချင်မှ လုပ်နိုင်တော့မှာ။ မီးတော့ ပိတ်ရမှာ။ အမှောင်ထဲမှာမှ ငါ အာရုံစုစည်းနိုင်မှာ"

၅-----------------------------

ကျွန်မနှင့်ဇင်သည် အမှောင်ထဲမှ မီ့ပုံရိပ်ကို စိတ်အတွေးဖြင့် မှန်းဆကြည့်နေမိသည်။

"မီ . . . မသက်ရှိကို ပြီးခဲ့တဲ့ အပတ် တနင်္လာနေ့ညနေက ကိုနိုင်ဆိုင်ကယ်နောက်က ပါသွားတာနဲ့ ပတ်သက်ပြီး မေးပေးစမ်းပါ"

ကျွန်မ အမှောင်ထဲမှာပင် ပြုံးမိသွားသည်။ ဇင်တို့များ ကြောက်နေတာတောင် သူမ စိတ်ထဲမှာ သိသယ ဖြစ်နေသည့်အချက်ကို မေးဖြစ်အောင် မေးလိုက်သေးသည်။

"ငါ မေးပေးပါ့မယ် . . ."

မီသည် သူမရဲ့ လက်ယာဘက်ကို လှည့်လိုက်သည်။ မိုးဖွဲလေးများကို ထွင်းဖောက်၍ အလောင်းရှိနေသောဇရပ်လေးကို ကြည့်မိသောအခါ ကျွန်မကျောထဲ စိမ့်ခနဲအေးသွားသည်။

"သူရောက်လာပြီ. . ."

ကျွန်မရင်ထဲ လှပ်ခနဲ ဖြစ်သွားသည်။ ရှုသွင်းနေကျလေသည်ပင် ပိုရှ၍ ပူနွေးလာသလို။

"မသက်ရှိ . . . ကျွန်မ တစ်ခု မေးပါရစေ။ ပြီးခဲ့တဲ့ အပတ် တနင်္လာနေ့ ညနေက မသက်ရှိနဲ့ ဆိုင်ကယ်အတူတူစီးခဲ့တဲ့ ရဲနိုင်နဲ့ ဘယ်လိုပတ်သက်မှုရှိလဲ"

မီ့ အသံက အဝေးကြီးက လာသလို ခပ်တိုးတိုး။

မသက်ရှိကို မျက်မြင်တွေ့ရသလိုပြောနေသော မီ့ရဲ့ စကားသံကြောင့် ကျွန်မတို့ မှင်တက်နေမိသည်။ အဲသည်နောက် အခန်းထဲမှာ တိတ်ဆိတ်သွားသည်။ မိနစ်အနည်းငယ်ခန့် ကြာသွားတာ ဖြစ်ကောင်းဖြစ်မည်။

"မီးဖွင့်လိုက်ကြပါ . . ."

အားအင်ချည့်နဲ့သွားသလို တုန်ခါနေသော မီ့အသံတိုးတိုးလေးကြောင့် ကျွန်မ သတိဝင်ကာ မီးခလုတ်ကို ဖွင့်လိုက်ပါသည်။ မောပန်းနွမ်းနယ်နေဟန် မီ့မျက်နှာတွင် ချွေးစက် အနည်းငယ် တွဲခိုနေသည်။ မီသည် ဆက်လက်ရပ်တည်ရန် ခွန်အားမရှိတော့သလို ခုတင်ပေါ် အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။ ထိုအခါမှ ဇင်လည်း သတိဝင်ကာ ရေတစ်ခွက် ကပျာကယာခပ်၍ မီ့အား တိုက်ပါသည်။

"ဇင် . . . ငါတို့နှစ်ယောက် သဘောတူညီထားတဲ့ စံနှုန်းနဲ့တော့ ကွဲလွဲနေပြီဟာ . . ."

မီ့အသံက တစ်စုံတစ်ခုကို နှမြောတမ်းတနေသလို။

"နင့်ဟာက သေချာရဲ့လား မီရယ် . . ."

ဇင်ရဲ့ ပြန်မေးသံကလည်း မဝင့်မရဲ။

"သူက ပေးနိုင်မယ့် ပျော်ရွှင်မှုအတွက် တန်ရာတန်ကြေးပေး ဝယ်ယူခံစားတဲ့ ယောကျ်ားတွေထဲက တစ်ယောက်ပါလို့ မသက်ရှိက ငါ့ကို ပြောတယ်"

"ဒါဆို . . . မသက်ရှိ ဒီအခန်းထဲ ရောက်လာခဲ့တယ်ပေါ့"

"အေး. . . သူ ရောက်လာတယ်။ အခု မရှိတော့ပါဘူး။ ငါ အလေ့အကျင့်နည်းနေလို့ သူ့ကို အကြာကြီး တွေ့ခွင့်မရလိုက်ဘူး"

ကျွန်မသည် ကြောက်စိတ်များ ပြယ်လွင့်သွားပြီဖြစ်၍ သိချင်သောမေးခွန်းတစ်ခုကို သူမတို့နှစ်ယောက်အား မေးလိုက်ပါသည်။

"နင်တို့ သဘောတူညီထားတဲ့ စံနှုန်းဆိုတာ ဘာလဲ"

"ဒီလိုဟ ငါတို့ နှစ်ယောက်ထဲက တစ်ယောက်ယောက်နဲ့ ချစ်သူဖြစ်မယ့်သူဟာ ကျန်တစ်ယောက်အနေနဲ့ ပြုစင်မှုရှိတဲ့ ယောကျ်ားလို့ သတ်မှတ်ချက်ပေးနိုင်မယ့်သူမျိုး ဖြစ်ရမယ်လို့ ဆိုတာပါ။ ကိုနိုင်ဟာ ငါတို့နှစ်ယောက်အတွက် ထာဝရ သူငယ်ချင်းပဲ ဖြစ်ရတော့မှာပါ"

ကျွန်မ မေးခွန်းကို ဖြေလိုက်သော မီ့အသံက ဆယ်တန်းအောင်ပြီးစ ကျောင်းသူတစ်ယောက်လို လွတ်လပ်ပေါ့ပါးနေသည်။

၆-----------------------------

လွန်ခဲ့သည့် နှစ်ရက်ခန့်က နည်းပညာကောလိပ်တွင် ဆရာမလုပ်ဖို့ အလုပ်လာလျှောက်သော မီနဲ့ ကျွန်မ ကျောင်းအုပ်ရုံးခန်းရှေ့တွင် ဆုံမိသည်။ စာရွက်စာတမ်းများ ဖြည့်စွက်တင်ပြီးသည့်နောက် ကျွန်မတို့နှစ်ယောက် ကန်တင်းမှာ အအေးသောက်ရင်း စကားပြောဖြစ်ကြသည်။ နေ့လယ်ကျောင်းပြန်တက်ချိန် ရောက်သွားပြီဖြစ်၍ ကန်တင်းမှာ လူရှင်းနေပါသည်။ ဇင်က စွမ်းအင်မှာ အရာရှိစာမေးပွဲ ဖြေဆိုအောင်မြင်၍ အလုပ်ဝင်နေပြီဟု သိရသည်။ ကိုနိုင်ကတော့ စင်ကာပူမှာ အလုပ်လုပ်ဖို့ ထွက်သွားပြီ။

"မီ. . . နင် စိတ်မဆိုးရင် ငါ တစ်ခုမေးချင်တယ်. . ."

ကျွန်မက မီ့ရဲ့ မျက်လုံးများကို စိုက်ကြည့်ရင်း ပြောလျှင် မီက မေးပေါ့ဟု ချက်ချင်းပြန်ပြောသည်။

"ကိုနိုင် စင်ကာပူမသွားခင် ငါနဲ့ ဖုန်းပြောဖြစ်တော့ ကျောင်းက အကြောင်းတွေပြောရင်း မသက်ရှိအကြောင်း စကားစပ်မိတော့ တစ်ခါတုန်းက မသက်ရှိ မိတ္ထီလာမှာ ဆေးခန်းသွားပြဖို့ ကားတားနေတုန်း ဆေးခန်းပိတ်ချိန် နီးလာလို့ သူ့ဆိုင်ကယ်နဲ့ လိုက်ပါရစေ ခွင့်တောင်းလို့ သူလိုက်ပို့ပေးဖူးတယ်တဲ့"

ကျွန်မအနေနဲ့ မီ စိတ်ဆိုးလိမ့်မည်၊ အံ့အားသင့်သွားလိမ့်မည်ဟု ယူဆထားသော ထိုစကားက မီ့ကို အနည်းငယ်မျှ မတုန်လှုပ်စေခဲ့။ တစ်နေ့နေ့မှာ ကျွန်မ ဒါမှမဟုတ် ဇင်နဲ့ ဒီလိုပုံစံ ကြုံတွေ့ရလိမ့်မည်ဟု မီ ကြိုတင်မျှော်လင့် ထားခဲ့လေသလော။

"အသက်ရှင်နေစဉ်မှာ လူတစ်ယောက်ဟာ သူ့ စိတ်ဝိညာဉ်ရဲ့ စေစားရာအတိုင်း လိုက်ပါလုပ်ဆောင်ရင်း အကျိုးဆက်အဖြစ် သူနဲ့ သက်ဆိုင်တဲ့ လှပမှုတွေ၊ ဆိုးယုတ်မှုတွေ ဖြစ်လာရတယ်၊ တကယ်တော့ အဲဒါတွေဟာ သူ သေဆုံးပြီးတဲ့နောက်မှာတောင် ပတ်ဝန်းကျင်မှာ ပွဲတင်ထပ်ကျန်နေခဲ့မယ့် အသံတွေပဲလေ၊ ဒါပေမဲ့ လှပတဲ့ စိတ်ဝိညာဉ်တစ်ခုဟာ စွမ်းအားကြီးလွန်းတဲ့ အချစ်ဝိညာဉ်တစ်ခုရဲ့ သွေးဆောင်ဖြားယောင်းမှုအောက်မှာ မာရ်နတ်အရိပ် ကိုယ်ထင်ဟပ်သလို ဆိုးယုတ်မှုတစ်ခုအဖြစ် ပြောင်းလဲသွားတယ်လို့ နင်ယူဆရင် ငါ့ကို အပြစ်တင်ပါ သူငယ်ချင်း"

စကားအဆုံးမှာ အမိပ္ပာယ်ဖော်ရခက်ခဲသော အပြုံးတစ်ခုကို မီက ဖန်တီးလိုက်ပါသည်၊ ကျွန်မ မချင့်မရဲ ဖြစ်လာသည်။

မဟုတ်သေးဘူး၊ နင် နောင်တရပါစီရယ်။ နင့်အတွက် မဟုတ်ရင်တောင် ဇင်နဲ့ ကိုနိုင်အတွက်ပေါ့။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့သုံးယောက်ကြားတွင် လက်မခံချင်ရင်တောင် ငြင်းဆန်၍မရသော အမှန်တရားတစ်ခုရှိပါသည်။ အဲဒါ ဘာလဲဆိုတော့ ဇင်သည် ကျွန်မ သူငယ်ချင်းဖြစ်၍ မီသည်လည်း ကျွန်မ သူငယ်ချင်းဖြစ်တာ ကျွန်မက တော့ သူတို့နှစ်ယောက်ရဲ့ သူငယ်ချင်း ဖြစ်ပါသည်။

**ရဲစွမ်းနေ**

Asian Fame Media Group

# အလင်းရောင် ညစ်ညမ်းမှု



လမ်းမီးနှင့်ကွန်ပျူတာ၊ ဖုန်းစသည့် အီလက်ထရွန်းနစ် ကိရိယာများမှ ထွက်သော အလင်းရောင်များတွင်ပါဝင်သော အပြာရောင်လှိုင်းများသည် အရက်တက်တော့မည်ဖြစ်ကြောင်း လူဦးနှောက်ရှိ ဆဲလ်များထံသို့ အချက်ပြတတ်သော သဘောရှိသည်။ ညသန်းခေါင်တိုင်အောင် မအိပ်ဘဲနေသူကိုအား . . .

ကျော်ဦး

**ပြင်သစ်**နိုင်ငံ ပါရီမြို့တော်သည် 'အလင်းမြို့တော်' ဟု လူသိများသည့်အတိုင်း မီးရောင်များဖြင့် လင်းထိန်နေတတ်သည်။ သို့သော် ၂၀၁၃ ခုနှစ်ထဲတွင် အလင်းမြို့တော်သည် ခါတိုင်းကဲ့သို့ ထိန်နေအောင် မလင်းတော့ဘဲ သိသာစွာဖျော့တော့မှေးမှိန်သွားသည်။ ထိုသို့ဖြစ်ရခြင်းမှာ ညသန်းခေါင် ၁ နာရီမှ နံနက် ၇ နာရီအထိ ဆိုင်မီးများကို ပိတ်ထားရန်၊ အဆောက်အအုံမျက်နှာစာရှိ မီးများကို ညမမှောင်မချင်းမဖွင့်ရန် အစိုးရက အမိန့်ထုတ်ပြန်ထားမြစ်ထားသောကြောင့် ဖြစ်သည်။ ဆက်လက်၍ ကြော်ငြာဆိုင်းဘုတ်မီးများဖွင့်ချိန်ကို ကန့်သတ်ရန်ရှိသေးသည်။

ထိုသို့လုပ်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားချွေတာပြီး ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုကို တစ်နှစ်တန်ချိန် ၂၅၀၀၀၀ မျှ လျှော့ချနိုင်မည်။ ထိုသို့ ချွေတာသော လျှပ်စစ်ဓာတ်အား ပမာဏသည် အိမ်ပေါင်း ၇၅၀၀၀၀ တွင် တစ်နှစ်သုံးစွဲသော ပမာဏနှင့် ညီမျှသည်။ ငွေကြေးဖြင့်တွက်လျှင် ယူရိုငွေသန်း ၂၀၀ မျှ သက်သာသွားမည်။

လျှပ်စစ်ချွေတာခြင်း၏ 'ဘေးထွက်ကောင်းကျိုး' အဖြစ် 'အလင်းရောင်ညစ်ညမ်းမှု' ကိုလည်း ကာကွယ်ရာရောက်သွားသည်။ အလင်းရောင် ညစ်ညမ်းမှုဆိုသည်မှာ သဘာဝအတိုင်း မှောင်သင့်သည့်နေရာ မှောင်သင့်သည့်အချိန်များတွင် မမှောင်ဘဲ လုလုပ်အလင်းရောင်များဖြင့် လင်းထိန်နေခြင်းကို ဆိုလိုသည်။

မြို့ကြီးများမှ ညအခါတွင် ထွက်ပေါ်နေသော အလင်းရောင်ကြောင့် အနှောင့်အယှက်တွေ့ကြသည်မှာ နက္ခတ္တပညာရှင်များဖြစ်ကြသည်။ လနှင့်ဂြိုဟ်များ၊ ကြယ်များကို တယ်လီစကုပ်များဖြင့် ညအခါ လေ့လာကြသော နက္ခတ္တပညာရှင်များသည် မှောင်အတိကျရောက်နေသော နေရာများတွင် တယ်လီစကုပ်များကို ထားရှိလေ့လာကြပါမှ လရောင်၊ ဂြိုဟ်နှင့်ကြယ်များ၏ အလင်းရောင်တို့ တယ်လီစကုပ်များထဲသို့ အရောအနှောမရှိ 'သန့်စင်စွာ' ဝင်ရောက်လာကာ ဆိုင်ရာအချက်အလက်များကို မှန်ကန်စွာ တိုင်းတာသိရှိနိုင်ကြသည်။ မြို့ကြီးများ သို့မဟုတ် အခြားနေရာများမှ အလင်းရောင်များ ရောနှောဝင်ရောက်ပါက ဆိုင်ရာဂြိုဟ်၊ ကြယ်တို့နှင့် ဆိုင်သော အချက်အလက်များကို မှန်ကန်တိကျစွာရရန် ခဲယဉ်းသည်။ ယင်းဖြစ်စဉ်ကိုပင် အလင်းရောင်ညစ်ညမ်းမှုဟု ခေါ်ကြသည်။

အိပ်ခန်းထဲသို့ လမ်းမီးရောင်တည့်တည့်ထိုးနေခြင်းသည် အလင်းရောင်ညစ်ညမ်းမှုတစ်မျိုးပင် ဖြစ်သည်။ လမ်းမီးရောင်ဝင်ရောက်နေမှုသည် အိပ်ခန်းတွင်း၌ အိပ်နေသူအား အနှောင့်အယှက်ဖြစ်စေသည့်အပြင် ကျန်းမာရေးကိုပါ

Asian Fame Media Group

ထိခိုက်စေသည်ဟု အချို့ပညာရှင်များက ဆိုသည်။ လမ်းမီးနှင့်ကွန်ပျူတာ၊ ဖုန်းစသည့် အီလက်ထရွန်းနစ်ကိရိယာများမှထွက်သော အလင်းရောင်များတွင်ပါဝင်သော အပြာရောင်လှိုင်းများသည် အရက်တက်တော့မည်ဖြစ်ကြောင်း လှူဦးနှောက်ရှိဆဲလ်များထံသို့ အချက်ပြတတ်သောသဘောရှိသည်။ ညသန်းခေါင်တိုင်အောင် မအိပ်ဘဲနေသူတို့အား အပြာရောင်လှိုင်းများက နှိုးဆွနေသော သဘောရှိခြင်းကြောင့် ကိုယ်တွင်းဇီဝကမ္မဖြစ်စဉ်များ ပုံမှန်အတိုင်း အလုပ်မလုပ်နိုင်ဘဲ အိပ်သည့်တိုင်အောင် နှစ်မြိုက်စွာ အိပ်မပျော်သဖြင့် အဝလွန်ရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါစသည်တို့ဖြစ်နိုင်ချေများသည်ဟု လေ့လာချက်တစ်ရပ်က ဆိုသည်။

အလင်းရောင်ညစ်ညမ်းမှုသည် နက္ခတ္တပညာရှင်များလိုချင်သော အချက်များကိုရရန် အခက်အခဲဖြစ်စေ၊ လူ့ကျန်းမာရေးကို ထိခိုက်စေရုံတင်မကဘဲ ယင်းဖြစ်စဉ်ကြောင့် လူ၊ အပင်နှင့်သတ္တဝါများအားလုံး ရှင်သန်လှုပ်ရှားရာ ဂေဟစနစ်ကြီးတစ်ခုလုံးကို သိသာသောရိုက်ခတ်မှုများရှိနေကြောင်း သိလာနေကြသည်။ ယင်းကို ဂေဟစနစ်ဆိုင်ရာ အလင်းရောင်ညစ်ညမ်းမှုဟုခေါ်သည်။

ကျောရိုးရှိသတ္တဝါများ၏ ၃၀ ရာခိုင်နှုန်းနှင့် ကျောရိုးမဲ့သတ္တဝါများ၏ ၆၀ ရာခိုင်နှုန်းကျော်သည် ညအချိန်နှင့် နေထွက်နေဝင်ဆည်းဆာအချိန်များတွင်မှ လှုပ်လှုပ်ရှားရှား ကျက်စားရှင်သန်နေကြသော သတ္တဝါများဖြစ်ကြသည်။ ယင်းသတ္တဝါများအားလုံးလိုလိုသည် လျှပ်စစ်မီးရောင်များ၏ အနှောင့်အယှက်ကြောင့် သွားလာနေထိုင်မှုဘဝ အထိအခိုက်ခံနေကြရသည်။

မြို့ရွာများနှင့်နီးသော နေရာများတွင်ထွက်ပေါ်နေသော လျှပ်စစ်မီးနှင့်လူလုပ်မီးရောင်များ၏ ပမာဏသည် မီးလုံးဝမရှိသော ညအခါတွင် သဘာဝအတိုင်း ဖြစ် ပေါ် နေသော လရောင်၊ ကြယ်ရောင် စသည်တို့ထက် အဆပေါင်းရာနှင့် ထောင်နှင့်ချီ၍ လင်းထိန်နေတတ်သည်။



**ဥမှပေါက်လာသော သားပေါက်များသည် ကမ်းခြေဟိုတယ်များမှ ထွက်လာသော အလင်းရောင်များကို အားပြုသွားလာကြရာ မိမိ မှုရင်းနေရာသို့ မရောက်နိုင်ဘဲ ရေဓာတ်ခန်းခြောက်ပြီး သေဆုံးခြင်း၊ ကားကြိတ်ခံရခြင်း၊ အခြားအကောင်များ၏ ဖမ်းယူစားသောက်မှုကို ခံရခြင်းစသည့်အန္တရာယ်များကို ရင်ဆိုင်နေရသည် . . . .**

ညအခါ လင်းထိန်နေမှုသို့မဟုတ် အလင်းရောင်ညစ်ညမ်းမှုက တိရစ္ဆာန်များအပေါ် သက်ရောက်မှုကို နားလည်တတ်ရန် ပြောင်းပြန်အခြေအနေကို စဉ်းစားနိုင်သည်။ အကယ်၍ လူတစ်ဦးသည် မိမိအများအားဖြင့် ပုံမှန်သွားလာနေထိုင်သော အလင်းရောင်၏ တစ်ရာပုံ တစ်ပုံ သို့မဟုတ် တစ်ထောင်ပုံတစ်ပုံမျှကိုသာ ရလျှင် သွားလာလှုပ်ရှားရန် ခက်သွားမည်ဖြစ်သကဲ့သို့ ညထွက်တိရစ္ဆာန်များသည်လည်း မိမိတို့ကျက်စားနေကျအလင်းရောင်ထက် အဆများစွာလင်းထိန်သော ပတ်ဝန်းကျင်တွင် ပုံမှန်သွားလာလှုပ်ရှားရှင်သန်ရန် အခက်အခဲတွေ့တော့သည်။ ယင်းတို့သည် မိတ်လိုက်ခြင်း၊ နေရာရွှေ့ပြောင်းခြင်း၊ အစာစားခြင်း၊ အပင်တို့သည် ဝတ်မှုန်ကူးခြင်းတို့ကို ပုံမှန်အတိုင်း မလုပ်ဆောင်နိုင်တော့ချေ။

၂၀၁၂ ခုနှစ်က လေ့လာချက်တစ်ခုအရ ကာရစ်ဘီယံပင်လယ်ရှိ တိုဘေးဂိုးကျွန်းတွင် နှစ်သန်းပေါင်းများစွာကတည်းက ရှင်သန်နေခဲ့သော လိပ်မျိုးစိတ်တစ်မျိုးသည် ကမ်းခြေရှိ မီးရောင်များကြောင့် ဥဥရာတွင် လျော့ကျသွားပြီး အကောင်ရေ တဖြည်းဖြည်းနည်းလာလျက်ရှိရာ မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။ အစဉ်အဆက်က ကြယ်ရောင်လရောင်များကို ကြည့်၍ သွားလာသော ဓလေ့ရှိရာမှ ဥမှပေါက်လာသော သားပေါက်များသည် ကမ်းခြေဟိုတယ်များမှ ထွက်လာသော အလင်းရောင်များကို အားပြုသွားလာကြရာ မိမိမှုရင်းနေရာသို့ မရောက်နိုင်ဘဲ ရေဓာတ်ခန်းခြောက်ပြီး သေဆုံးခြင်း၊ ကားကြိတ်ခံရခြင်း၊ အခြားအကောင်များ၏ ဖမ်းယူစားသောက်မှုကို ခံရခြင်းစသည့်အန္တရာယ်များကို ရင်ဆိုင်နေရသည်။

အလားတူ ငှက်အချို့သည်လည်း လျှပ်စစ်မီးရောင်များကြောင့် မိမိပျံသန်းလိုသောလမ်းကြောင်းမှ သွေဖည်ပျံသန်းကြသဖြင့် အန္တရာယ်များနှင့် ကြုံတွေ့နေကြသည်။

ယင်းဖြစ်စဉ်သည် တရုတ်၊ အိန္ဒိယ၊ တရားဝင်အပါအဝင် စီးပွားရေးနှင့် မြို့ပြဖွံ့ဖြိုးမှု ကြီးထွားလာနေသော နိုင်ငံအများအပြားတွင် တစ်ချိန်ထက်တစ်ချိန် ပိုမိုဆိုးရွားလာလျက် ရှိသည်။ ညအချိန်တွင် ဂြိုဟ်တုမှ ကမ္ဘာတစ်ခွင်လုံးကို ခြုံ၍ ရိုက်ယူထားသောပုံကို ကြည့်ပါက မြောက်အမေရိက၊ ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် အာရှတိုက်တို့တွင် လျှပ်စစ်မီးရောင်များ လင်းထိန်နေသည်ကို တွေ့ရမည်။ ဆိုက်ဘေးရီးယား၊ တိဗက်ကုန်းမြင့်၊ ဆာဟာရသဲကန္တာရ၊ အယ်မဇုန်မြစ်ဝှမ်းနှင့် ဩစတြေးလျ၏ အချို့အစိတ်အပိုင်းများသည်သာ မှောင်နေသည်။

အလင်းရောင်ညစ်ညမ်းမှုကို လျှော့ချရန် အမေရိကန်နိုင်ငံ၏ အချို့အစိတ်အပိုင်းများ၊ ဗြိတိန်နိုင်ငံနှင့် ပါရီမြို့တော်စသည်တို့တွင် အားထုတ်မှုအချို့ရှိသော်လည်း နေရာအများအပြား၌ ထိုသို့လုပ်ဆောင်ခြင်း မရှိကြသေးချေ။ နည်းပညာကို အသုံးပြုသည့် လျှပ်စစ်ကိရိယာများသည် စူးရှသော အရောင်ထွက်ပေါ်မှုကို လျှော့ချပေးသော်လည်း ယင်းထက်ထိရောက်သည့် နည်းပညာများနှင့် ပါရီမြို့တော်၏ လျှပ်စစ်မီးရောင်လျှော့ချရေး လုပ်ဆောင်ချက်ကဲ့သို့သော အစီအမံများ များစွာပေါ်ထွက်လာရန် လိုနေသေးသည်။

**ကျော်ဦး**




Asian Home Media Group
af MEDIA GROUP

# ပိုက်ဆံအိတ်လေး သော့ခတ်ထားမယ်

နှင်း

ဒီလမှာတော့ ရတီချစ်သူတွေ စိတ်ဝင်စားကြမယ့် နေ့လေးတစ်နေ့ ရှိပါတယ်။ ပြက္ခဒိန်ထဲက နိုဝင်ဘာလရဲ့ ထူးထူးခြားခြားနေ့လေးတစ်နေ့ကတော့ နိုင်ငံတကာ ဈေးမဝယ်ရ နေ့လေးပါပဲ။ နိုင်ငံတကာ အထိမ်း အမှတ်နေ့တွေကြားမှာ နိုဝင်ဘာလထဲမှာ ကျရောက်တဲ့ Buy Nothing Day ရယ်လို့တွေ့လိုက်ရတော့ ကျွန်မကိုယ်တိုင်လည်း စိတ်ဝင်စား မိတာမို့ ရတီပရိသတ်ကြီးအတွက် မျှဝေပါရစေ။

နိုဝင်ဘာလရဲ့ နောက်ဆုံးစနေနေ့လေးကို နိုင်ငံတကာ ဈေးမဝယ်ရနေ့ရယ်လို့ နိုင်ငံတကာမှာ သတ်မှတ်ထားခဲ့ကြပါတယ်။ အမေရိကန်ပြည်ထောင်စုမှာတော့ ကျေးဇူးတော်နေ့ရဲ့ နောက်နေ့ဖြစ်တဲ့ နိုဝင်ဘာလရဲ့ စတုတ္ထမြောက် သောကြာနေ့ကို ဈေးမဝယ်ရနေ့အဖြစ် သတ်မှတ်ကြ ပါတယ်။ ဈေးမဝယ်ရနေ့လေးကို ကနေဒါနိုင်ငံ ဗင်ကူးဗားမြို့လေးက အနုပညာရှင် Ted Dave က ရှာဖွေတွေ့ရှိခဲ့ပြီး ကနေဒါအခြေစိုက် Adbusters

မဂ္ဂဇင်းကနေတစ်ဆင့် တင်ပြလို့ ဆော်ခဲ့ပါတယ်။

ပထမဆုံး ဈေးမဝယ်ရနေ့လေးကို ကနေဒါနိုင်ငံ ဗင်ကူးဗားမြို့လေးမှာ ၁၉၉၂ ခုနှစ် နိုဝင်ဘာလကစပြီး ကျင်းပခဲ့ပါတယ်။ အဓိက ရည်ရွယ်ချက်လေးကတော့ ကျွန်မတို့လူမှုပတ်ဝန်းကျင်မှာ လိုအပ်တာထက်ပိုလို့ စားသုံးနေကြတဲ့ စားသုံးကုန်တွေကို လိုအပ်တာထက်ပိုလို့ ဖြုန်းတီးမိကြတဲ့ လူသုံးကုန်တွေကို စေ့စေ့စပ်စပ် ပြန်လည်ချင့်ချိန်ကြစေဖို့ပါ။ တစ်နှစ်လုံးမှာ ၂၄ နာရီလောက် ပိုက်ဆံအိတ်ထဲက ပိုက်ဆံအကုန်မခံဘဲ ဘာပစ္စည်းမှမဝယ်ဘဲ နေလိုက်ရုံနဲ့ အပြည်ပြည်ဆိုင်ရာ ဈေးမဝယ်ရနေ့လေးကို ဆင်နွှဲလို့ရပါပြီ။

၁၉၉၂ ခုနှစ် နောက်ပိုင်းမှာတော့ ဈေးမဝယ်ရနေ့လေးကို နိုင်ငံတကာမှာ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပလာနိုင်ပြီး အမေရိကန်ပြည်ထောင်စုမှာတော့ Black Friday ရယ်လို့ တင်စားကြပါတယ်။

ဒီနေရာမှာ ဈေးဝယ်တာနဲ့ ပတ်သက်ပြီး နည်းနည်းပြောပြချင်ပါတယ်။ စိတ်ပညာသဘောအရ လူတွေဟာ ဒေါသထွက်နေတဲ့အခါ၊ အလွန်အမင်း ပျော်ရွှင်နေတဲ့အချိန်နဲ့ စိတ်ဖိစီးမှုများလွန်းတဲ့ အချိန်တွေမှာ စိတ်ထွက်ပေါက်ရှာတဲ့ အနေနဲ့ မဆင်မခြင် ဈေးဝယ်လေ့ရှိပါတယ်။

ဒါ့ကြောင့်လည်း ကုန်တိုက်ကြီးတွေဟာ မြန်မာတို့ရဲ့ ပျော်ပွဲရွှင်ပွဲတွေဖြစ်တဲ့ သီတင်းကျွတ်၊ တန်ဆောင်တိုင်၊ သင်္ကြန်၊ ခရစ္စမတ်နဲ့ နှစ်သစ်ကူးကာလတွေမှာ အပြိုင်အဆိုင် ဈေးနှုန်းတွေလျှော့ပြီး ဈေးဝယ်သူတွေကို ဆွဲဆောင်ကြပါတယ်။

မြန်မာနိုင်ငံမှာတင်မက နိုင်ငံတကာမှာလည်း ဘာသာရေးပွဲတော်တွေ ခရစ္စမတ်နဲ့ နှစ်သစ်ကူးရောက်တိုင်း ဈေးရောင်းပွဲတွေကို သူ့ထက်ငါ အပြိုင်အဆိုင် ကျင်းပကြပါတယ်။ ကျွန်မတို့ဆီမှာလည်း ဘာသာရေးပွဲတော်မတိုင်ခင် တစ်ပတ်လောက်အလိုကတည်းက ရှော့ပင်းမောတွေကို ညနှစ်နာရီလောက်အထိ ဖွင့်တာမျိုး တချို့နေရာတွေမှာ ညလုံးပေါက်ရောင်းတာမျိုးအထိ ရှိတတ်ပါတယ်။

အဲဒီ ဈေးရောင်းပွဲတွေမှာ အမှန်အကန် ဈေးလျှော့ရောင်းတာတွေရှိသလို တကယ်ဈေးမလျှော့ဘဲ ဈေးဝယ်သူတွေကို လှည့်ဖျားပြီး ဈေးကစားတဲ့ လှည့်ကွက်လေးတွေလည်း ရှိတတ်ပါတယ်၊ တချို့ကျပြန်တော့လည်း အနှစ်နှစ်အလလက ရောင်းမကုန်ခဲ့တဲ့ ဒီဇိုင်းဟောင်း အဝတ်အစား၊ ဖိနပ်တွေနဲ့ သက်တမ်းလွန်ခါနီးဆဲဆဲ အလှကုန်တွေကို အမှိုက်အဖြစ်မခံဘဲ အလကားနည်းပါး ဈေးချပစ်တာမျိုးတွေလည်း ရှိပါတယ်။

ဈေးရောင်းသူတွေ ကုန်တိုက်ကြီးတွေရဲ့ မာယာလှည့်ကွက်ထောင်ချောက်တွေကို နားမလည်နိုင်ခင်အထိတော့ ကျွန်မကိုယ်တိုင်လည်း လျှော့ဈေးတွေ အထူးဈေးရောင်းပွဲတော်တွေကို စိတ်ဝင်စားခဲ့ဖူးပါတယ်။ မဆင်မခြင် ဈေးဝယ်ခဲ့ဖူးပါတယ်။

အဲဒီအတွက် ရလဒ်ကတော့ ခေတ်မမီတော့တဲ့ ကွာလတီမမီတော့တဲ့ အသုံးအဆောင်တွေ ဗီရိုထဲမှာ အမှိုက်တွေလို ပုံလာတာပါပဲ။ ဒီလို မဆင်မခြင်ဈေးဝယ်သူတွေ ရှိနေတဲ့အတွက် ကျွန်မတို့နေတဲ့ အိမ်တွေနားမှာ ရှော့ပင်းမောတွေနားမှာ အဝတ်အစားအလှူခံပုံးတွေ မှိုလိုပေါက်လာပါတယ်။

တကယ်တမ်းမှာလည်း နိုင်ငံတကာမှာ နှစ်ပတ်လည်လျှော့ဈေးတွေ ဈေးရောင်းပွဲတွေ အထူးဈေးရောင်းပွဲတော်တွေဆိုတာ အိမ်ရှင်မတွေ ပျိုမေတွေအတွက် ရင်ခုန်ခြင်းများစွာနဲ့ စောင့်စားရတဲ့ အချိန်တွေပါပဲ။ အမေရိကားက ကုန်တိုက်ကြီးတွေမှာဆိုရင် မနက်လျှော့ဈေးပွဲတော်ရှိတယ်ဆိုတာနဲ့ ညကတည်းက မအိပ်မနေ တန်းစီပြီးစောင့်နေသူတွေ ရှိပါတယ်။

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့ဟာ အရှေ့အလယ်ပိုင်းရဲ့ ရှော့ပင်းစင်တာ မြို့ကြီးတစ်မြို့လို့ ဆိုလို့ရပါတယ်။ နှစ်စဉ်နှစ်တိုင်း ဖေဖော်ဝါရီလမှာ Shopping Festival ကျင်းပပြီး ဖေဖော်ဝါရီလ တစ်လလုံး ဈေးရောင်းပွဲတော်အဖြစ် သတ်မှတ်ထားတာမို့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ရုရှားနိုင်ငံတစ်နိုင်ငံလုံးက ဈေးဝယ်သူတွေ မပြောမပြန်း ဈေးဝယ်ပွဲဆင်နွှဲကြတဲ့ လတစ်လလို့ ပြောလို့ရပါတယ်။ ဒူဘိုင်းလေဆိပ်ဟာလည်း နာမည်ကျော်လေဆိပ်တစ်ခု ဖြစ်တာမို့ စင်းလုံးငှားလေယာဉ်တွေနဲ့ တကူးတက ဈေးလာဝယ်ရတဲ့အထိ နာမည်ကျော်တဲ့မြို့လို့ ဆိုကြပါတယ်။

အခုချိန်ဟာ နိုင်ငံတကာမှာ အွန်လိုင်းကို တွင်တွင်ကျယ်ကျယ် သုံးလာကြတဲ့အတွက် အွန်လိုင်းအထူးလျှော့ဈေးတွေ အွန်လိုင်းအထူးပရိုမိုးရှင်းတွေ မှိုလိုပေါက်လာခဲ့ပါတယ်။ အမျိုးသမီးတွေအတွက်သည်း ခြေကြိုက် အဝတ်အစား အသုံးအဆောင်နဲ့ရတနာတွေကို အွန်လိုင်းမှာ ဈေးနှုန်းသက်သာလွန်းစွာ ရတတ်သလို အမျိုးသားတွေရဲ့ အသည်းစွဲ လျှပ်စစ်ပစ္စည်းအသုံးအဆောင်တွေဆိုတာလည်း ၅၀ ရာခိုင်နှုန်းကနေ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းလောက်အထိ သက်သက်သာသာ ရတတ်လေတော့ အထူးလျှော့ဈေးရယ်လို့ဆိုလေတိုင်း အွန်လိုင်းမှာရော နာမည်ကျော် ကုန်တိုက်ကြီးတွေမှာရော အလုအယက်ကို အားပေးဝယ်ယူကြတော့ တာပါပဲ။

---

၁၉၉၂ ခုနှစ်
နောက်ပိုင်းမှာတော့
ဈေးမဝယ်ရနေ့လေးကို
နိုင်ငံတကာမှာ
ကျယ်ကျယ်ပြန့်ပြန့်
ကျင်းပလာနိုင်ပြီး
အမေရိကန်ပြည်
ထောင်စုမှာတော့
Black Friday ရယ်လို့
တင်စားကြပါတယ် .....

---

Asian Fame Media Group

လွန်ခဲ့တဲ့ သုံးရက်လောက်တုန်းက အွန်လိုင်းဆိုဒ်တစ်ခုမှာ အိုင်ဖုန်းဖိုက်ကို ၇၅ ရာခိုင်နှုန်းလျှော့ဈေးနဲ့ ရောင်းမယ်လို့ ကြော်ငြာထားတာ တွေ့တော့ ဝယ်ဖို့မဝယ်ဖို့ မဆုံးဖြတ်ရ သေးခင်မှာပဲ ကြိုတင်သတင်းရနိုင်ဖို့အတွက် Register လုပ်မိပါတယ်၊ မိန်းကလေးလည်းဖြစ် ခေတ်ကာလကုန်ဈေးနှုန်းကိုလည်း တီးမိခေါက်မိရှိလေတော့ ကိုယ့်အတွက် အမှန်အကယ် မလိုအပ်ဘူးရယ်လို့ သိနေသည့်တိုင်အောင် လိုရမယ်ရပေါ့လေလို့ စိတ်ပိုင်းဖြတ်မိတဲ့အထိ လျှော့ဈေးကြော်ငြာတွေက အားကောင်းလွန်းပါတယ်။

အွန်လိုင်းမှာ သတ်မှတ်ထားတဲ့ နေ့ သတ်မှတ်ထားတဲ့ အချိန် သုံးလေးနာရီအတွင်းမှာ အလုအယက်ဝယ်ရမယ်ဆိုပေမယ့် ကျွန်မထက် တက်ကြွလွန်းတဲ့ ဈေးဝယ်သူတွေ ဘယ်လောက်တောင်များ ရှိနေမလဲလို့ တွေးမိပြန်ပါသေးတယ်၊ ပစ္စည်းအစစ် အမှန်အကန်ကို အရေအတွက် ကန့်သတ်ထားပြီး မူလတန်ဖိုးထက် ၇၅ ရာခိုင်နှုန်းလျှော့ပြီး ရောင်းပေးတယ် ဆို ကတည်းက ဘယ်သူမဆို လိုချင်မက်မောကြမှာပါပဲ။ လိုအပ်သည်ဖြစ်စေ မလိုအပ်သည်ဖြစ်စေ ကိုယ်တိုင်သုံးဖို့ပဲ ဖြစ်ဖြစ် လက်လွှဲရောင်းဖို့ပဲဖြစ်ဖြစ် လက်ဆောင်ပေးဖို့ပဲဖြစ်ဖြစ် ဝယ်ကြမှာ သေချာပါတယ်။

ဒါကြောင့်လည်း ကျွမ်းကျင်သူတွေက ဈေးဝယ်မယ်ဆိုရင် တကယ်လိုအပ်တဲ့ ပစ္စည်းတွေကိုသာ ရွေးချယ်ဝယ်ယူဖို့ အကြံပေးကြတာပါ။ တစ်ပတ်တစ်ကြိမ် ဈေးဝယ်တတ်သူတွေဆိုရင်လည်း ဈေးဝယ်စာရင်းလေးလုပ်ထားဖို့ အကြံပေးကြပါတယ်၊ ဒါမှ မျက်စိထဲ တွေ့ရာမြင်ရာဝယ်ပြီး မလိုအပ်တဲ့ ငွေကြေးသုံးစွဲမှုကို ကာကွယ်နိုင်မှာဖြစ်သလို အသုံးအဆောင်တွေ အပိုအလျှံမဖြစ်အောင်လည်း ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။

အွန်လိုင်းမှာ ဈေးဝယ်သူတွေအတွက်လည်း သတိပြုရမယ့် အချက်အလက်လေးတွေ ရှိပါတယ်၊ ကျွန်မမိတ်ဆွေတစ်ယောက် အွန်လိုင်းကနေ iPad ဝယ်တော့ အွန်လိုင်းကနေ ငွေချေပြီးချိန်မှာ စာတိုက်ကစာပို့သမားက ပစ္စည်းကို အိမ်အရောက်လာပို့ပါတယ်။ စာပို့သမားပြန်သွားချိန်မှာ ပါဆယ်ထုပ်ကို ဖွင့်ကြည့်လိုက်တော့ အထဲမှာ iPad ပါမလာပါဘူး။ ဈေးသက်သက်သာသာနဲ့ ဝယ်လို့ရတဲ့ အွန်လိုင်းမှာ ပစ္စည်းတွေ အမှန်အကန်ရနိုင်ပေမယ့် ရောပတ္တမြား ရောနဂါးရယ်လို့ မျက်စိရှေ့မှာ ကိုယ့်ပစ္စည်းကို ရွေးဝယ်ရတဲ့ စနစ်မဟုတ်တဲ့အတွက် အားနည်းချက်လေးတွေ ရှိတတ်ပါတယ်။

ဈေးဝယ်တဲ့နေရာမှာ ကျွန်မတို့ထက် ခေ့စပ်ချွေတာသူ စည်းစနစ်ကျသူတွေဆီက နည်းနာယူစရာ အချက်လေးတွေလည်း အများကြီးရှိပါတယ်။

အထူးသဖြင့် ဈေးဝယ်တဲ့အချိန်မှာ အလွယ်တကူ သုံးလို့ရနေတဲ့ အကြွေးဝယ်ကတ်တွေကို နေရာတကာမသုံးစေဖို့။ လျှော့ဈေးရယ်လို့ ကြော်ငြာတွေ တွေ့လေတိုင်းလည်း ကိုယ့်အတွက် ကိုယ့်မိသားစုအတွက် မလိုအပ်တဲ့ ပစ္စည်းတွေကို ဆန္ဒစောပြီး မဝယ်မိဖို့လိုပါတယ်။

ကျွန်မတို့ မိန်းမသားတွေအတွက်တော့ ဈေးမဝယ်ရနေ့ရယ်လို့ မရှိစေချင်ပါဘူး။ Shopping လို့ ဆိုလိုက်တာနဲ့ ကျွန်မတို့အားလုံး စိတ်လှုပ်ရှားပျော်ရွှင်ရစမြဲပါ။ အဝတ်ဗီရိုတွေထဲမှာ အဝတ်တွေ ဘယ်လောက်ပဲရှိရှိ ဖိနပ်စင်ပေါ်မှာ ဖိနပ်အရေအတွက်တွေ ဘယ်လောက်ပဲများများ အဝတ်အစားအသုံးအဆောင်တွေကို မဝယ်ဘဲ မနေနိုင်ကြတာ မိန်းမသားတွေရဲ့ သဘာဝပါပဲ။ ဒီထက်ပိုလို့ ရယ်စရာကောင်းတာက အဝတ်ဗီရိုတွေ အဝတ်သေတ္တာတွေထဲမှာ ဝတ်စရာအဝတ်တွေ တောင်လိုယာလို ပုံနေပေမယ့် တကယ်တမ်း စိတ်တိုင်းကျရွေးချယ်ပြီး ဝတ်ဖြစ်တဲ့ အဝတ်တွေက လက်ချိုးရေလို့ရအောင် ရှားပါးနေပြန်ပါတယ်။

ကျွန်မတို့တွေအားလုံး ကိုယ်နဲ့လိုက်ဖက်မယ်ထင်ပြီး ရွေးချယ်ခဲ့ကြပေမယ့် တကယ်တမ်း ကိုယ့်ဆီရောက်လာတဲ့အချိန်မှာ မတို့မထိဘဲ သိမ်းရုံသိမ်းထားတဲ့ အဝတ်အစား

ကျွန်မတို့
မိန်းမသားတွေအတွက်တော့
ဈေးမဝယ်ရနေ့ရယ်လို့
မရှိစေချင်ပါဘူး။ Shopping လို့
ဆိုလိုက်တာနဲ့ ကျွန်မတို့အားလုံး
စိတ်လှုပ်ရှားပျော်ရွှင်ရစမြဲပါ။
အဝတ်ဗီရိုတွေထဲမှာ အဝတ်တွေ
ဘယ်လောက်ပဲရှိရှိ
ဖိနပ်စင်ပေါ်မှာ
ဖိနပ်အရေအတွက်တွေ
ဘယ်လောက်ပဲများများ ....

တွေဟာ တံဆိပ်တန်းလန်းနဲ့ နှစ်နဲ့ချီပြီး ဗီရိုထဲမှာ ရှိနေတတ်ပါသေးတယ်။

ဒါကြောင့်လည်း စားသောက်ကုန် လူသုံးကုန်နဲ့ လျှပ်စစ်ပစ္စည်းတွေ လိုအပ်တာထက်ပိုပြီး ဝယ်မိတဲ့သူတွေအတွက် အလေအလွင့်တွေ ထိန်းသိမ်းနိုင်ဖို့ Buy Nothing Day ရယ်လို့ တစ်နှစ်မှာ တစ်ကြိမ် ကျင်းပခဲ့ကြတာပါ။

လတစ်လရဲ့ ပထမပတ်စနေနေ့တိုင်း အိမ်မှာပိုလျှံနေတဲ့ မိမိရဲ့ ကိုယ်ပိုင်ပစ္စည်းနဲ့ အိမ်အသုံးအဆောင်ပစ္စည်းတွေကို Recycle အဖြစ် ပြန်လည်ရောင်းချတဲ့ ပွဲလေးကို ဒူဘိုင်းမြို့က Safa ပန်းခြံမှာ တွေ့ရတတ်ပါတယ်။

မိမိအိမ်မှာ တကယ်မလိုအပ်ဘဲ ဝယ်ထားမိတဲ့အဝတ်အစား (အသစ်တစ်ပတ်နွမ်း) မီးဖိုချောင်သုံး အသုံးအဆောင် အိမ်ထောင်ပရိဘောဂ အလှကုန်ပစ္စည်းတွေကို စွန့်ပစ်ရမယ့်အစား တကယ်လိုအပ်တဲ့သူတွေကို ပြန်လည်ရောင်းချတဲ့ ပွဲလေးမို့ ဈေးနှုန်းချိုချိုသာသာနဲ့ အသုံးအဆောင်တွေရနိုင်တဲ့ နေရာလေးပါပဲ။ အသစ်နီးပါး ရေခဲသေတ္တာ မိုက်ခရိုဝေ့တွေကို ဒါဟန်း ၂၀ ဒါဟန်း ၃၀ လောက် ( မြန်မာငွေ



Asian Fame Media Group

ငါးထောင်ကနေ ခုနစ်ထောင်လောက်ပဲကျပါတယ်) နဲ့ ရတတ်တာမို့ တကယ့်ကို ရယ်စရာဈေးတန်းလေးလို့ပြောလို့ရပါတယ်။ နောက်ဆုံးဈေးသိမ်းချိန်မှာ ဘာယူယူ တစ်ကျပ်ဆိုပြီး အကုန်လုံးလျှော့ချပစ်တာမို့ ထမင်းပေါင်းအိုးတွေ မီးပူတွေကို တစ်ကျပ် ( မြန်မာငွေ ၂၄၀ - ၂၅၀ လောက်ပဲ ကျပါတယ်) လောက်နဲ့ ရတတ်ပါသေးတယ်။

Buy Nothing Day လေးကတော့ ကျွန်မတို့လို ဈေးမဝယ်ရမနေနိုင်သူ ပျိုပျိုအိုအို အမျိုးသမီးထုတစ်ရပ်လုံးကို တစ်ရက်လောက်ပိုက်ဆံချွေတာဖို့ ၂၄ နာရီလောက်ဈေးမဝယ်ဘဲ ခဏနားဖို့ အနားပေးတဲ့ ရက်လေးလို့ပဲ မြင်မိပါတယ်။

ဈေးမဝယ်ရနေ့လေးကို ကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်ကောင်းလေးတွေ ဈေးမဝယ်ရနေ့လေးကပေးတဲ့ အသိပညာလေးတွေက တကယ့်ကို စိတ်ဝင်စားစရာ ကောင်းပါတယ်။

၁။ အနောက်နိုင်ငံမှာတော့ ဥပဒေ အမှတ် (၇) ဆိုတာ လူတိုင်းသိတဲ့ ချွေတာရေး ဥပဒေလေးတစ်ခုပါ။ ကိုယ့်အတွက် ခုနစ်ဒေါ်လာနဲ့အထက် ပစ္စည်းတစ်ခုခုကို ဝယ်ချင်တယ်ဆိုရင် ခုနစ်ရက်တိတိ စဉ်းစားဖို့နဲ့ သူငယ်ချင်းမိတ်ဆွေ ခုနစ်ယောက်တိတိနဲ့ တိုင်ပင်ဖို့ပါ။ တကယ်လို့ ကိုယ့်အတွက် တကယ်လိုအပ်တာသေချာပြီဆိုရင် သူငယ်ချင်းမိတ်ဆွေတွေကလည်း ဝယ်သင့်တယ်လို့ အကြံပြုတယ်ဆိုရင်တော့ ဝယ်ဖြစ်အောင် ဝယ်ရပါလိမ့်မယ်။

မြန်မာပြည်က ညီမလေးတစ်ယောက်ဆိုရင်လည်း မြန်မာငွေ ခုနစ်ထောင်နဲ့အထက် အဝတ်အစားကိုဝယ်ဖို့ ခုနစ်ရက်လောက် စဉ်းစားတယ်လို့ ပြောလေ့ရှိပါတယ်။ ကျွန်မကိုယ်တိုင်လည်း ယူအက်စ်ငွေ ၇၀ ( မြန်မာငွေ ၁၆၀၀၀ ) နဲ့အထက် အဝတ်အစား အသုံးအဆောင် ဝယ်မယ်ဆိုရင် အကြိမ်ကြိမ် စဉ်းစားရပါတယ်။

၂။ ပစ္စည်းတစ်ခုခုကို ဝယ်ချင်တဲ့ ဆန္ဒဖြစ်လာပြီဆိုရင်လည်း မေးခွန်းသုံးခုကို မဖြစ်မနေ မေးရပါ့မယ်။ ၁။ ကိုယ်တတ်နိုင်တဲ့ ပမာဏလား ၂။ ကိုယ့်အတွက် တကယ်လိုအပ်ရဲ့လား ၃။ ကိုယ်တကယ်လိုချင်တာလားဆိုတဲ့ မေးခွန်းသုံးခုပါပဲ။ အဲဒီမေးခွန်းသုံးခုလုံးရဲ့အဖြေက Yes လို့ ထွက်လာရင်တော့ ဝယ်ကိုဝယ်ရမယ်လို့ဆိုပါတယ်။

၃။ ဒီအချက်လေးက စိတ်ဝင်စားစရာကောင်းပါတယ်။ မိမိလက်တလောလိုအပ်နေတဲ့ ပစ္စည်းလေး မိမိအတွက်လည်း အမြဲတမ်း အသုံးမလိုဘူးဆိုတာ သိနေရင်တော့ မိုက်မိုက်မဲမဲဝယ်ယူဖို့ မစဉ်းစားဘဲ အလကားရနိုင်မယ့်နေရာတွေ ခေတ္တခဏ ငှားယူသုံးစွဲလို့ရမယ့်နေရာလေးတွေကို စဉ်းစားရပါမယ်။ ကျွန်မတို့အလုပ်ထဲမှာ ဝန်ထမ်းသောင်းနဲ့ချီပြီး ရှိပါတယ်။ ဝန်ထမ်းတွေအားလုံးအတွက် Staff Mart ဆိုတဲ့ ဆိုက်လေးရှိပါတယ်။ အလုပ်ထွက်ပြီး အပြီးပြန်မယ့်သူတွေအနေနဲ့ အိမ်ထောင်ပရိဘောဂတွေ အသုံးအဆောင်တွေကို အလကားပေးတဲ့ သတင်းလေးတွေ တွေ့ရတတ်ပါတယ်။ တချို့ကတော့ အလကားနီးပါးဈေးနဲ့ ရောင်းတတ်ပါတယ်။ အလိုမျိုး အလကားပေးတတ်တဲ့ ဝက်ဘ်ဆိုက်လေးတွေ နေရာတိုင်းမှာ ရှိတတ်ပါတယ်။ ကျွန်မကိုယ်တိုင်လည်း မရင်တာတစ်လုံးအသည်းအသန်လိုနေတဲ့ အနေအထားမှာ ဝယ်သင့်မဝယ်သင့် ငှားပြီး သုံးသင့်မသုံးသင့်ဆိုတာ နှစ်ရက်လောက် အပြင်းအထန် စဉ်းစားခဲ့ဖူးပါတယ်။ ကိုယ့်အတွက် အမြဲတမ်းအသုံးမဝင်ဘူးဆိုတာ သိနေလေတော့ ငှားယူပြီးသုံးမယ်ဆိုတဲ့ နည်းလမ်းကိုပဲ ရွေးဖြစ်ပါတယ်။

၄။ ကျွန်မတို့ လူငယ်တွေဟာ စိတ်မြန်လက်မြန်ရှိသူတွေပါ။ အဝတ်အစားပဲဖြစ်ဖြစ် အသုံးအဆောင်ပဲဖြစ်ဖြစ် ပျက်စီးသွားခဲ့ရင် လွှင့်ပစ်ပြီး အသစ်ဝယ်ဖို့သာ ဆုံးဖြတ်မိပါတယ်။ တကယ်တော့ တချို့တချို့ အသုံးအဆောင်တွေဟာ ပြန်လည်ပြုပြင်ပြီး သုံးစွဲလို့ ရတတ်ပါတယ်။ ဒါ့ကြောင့် အသစ်ပြန်မဝယ်ဘဲ ပြန်လည်ပြုပြင်ပြီး သုံးစွဲတဲ့အကျင့်လေးတွေ မွေးမြူဖို့ပါပဲ။

ဥပမာ နာရီကြိုးလေးဟောင်းသွားရင် အရောင်လွင့်သွားရင် ကြိုးအသစ်လေးလဲပြီး သုံးလို့ရပါတယ် တကယ့်အစိတ်အပိုင်းဖြစ်တဲ့ နာရီအိမ်တစ်ခုလုံးကောင်းကောင်းအလုပ်လုပ်နေသေးသရွေ့ နာရီတစ်ခုလုံးကို စွန့်ပစ်ဖို့ မလိုသေးပါဘူး။

၅။ အပြင်သွားဖို့ကိစ္စ ပေါ်လာပြီဆိုရင် မလိုအပ်ဘဲ အကြွေးဝယ်ကတ်ပြားတွေ ပိုက်ဆံတွေ မယူသွားပါနဲ့။ အရေးပေါ်ကိစ္စပေါ်လာရင် သုံးဖို့ လိုအပ်တဲ့ ငွေအနည်းဆုံးပမာဏကိုသာယူသွားပါ။ ဒါမှလည်း မလိုအပ်ဘဲ အပိုသုံးခြင်းကို ကာကွယ်နိုင်မှာပါ။ ( အခုခေတ်မှာ လမ်းသွား ရင်း ဆင်တစ်ကောင်ကို တစ်ကျပ်နဲ့ ရောင်းမယ့်သူနဲ့လည်း တွေ့စရာမရှိ လောက်ပါဘူး။)

၆။ အိမ်မှာ ချက်ရင်းပြုတ်ရင်းနဲ့ဖြစ်ဖြစ် အရေးပေါ် တခုခုဝယ်ဖို့ လိုလာရင်ဖြစ်ဖြစ် အိမ်နဲ့အနီးအနားမှာရှိတဲ့ စတိုးဆိုင်လေးတွေ ကုန်စုံဆိုင်လေးတွေမှာသာ ဝယ်ဖို့စဉ်းစားပါ။ ကုန်တိုက်ကြီးတွေ ရှော့ပင်းမောတွေမှာ ဘယ်ပစ္စည်းပဲဝယ်ဝယ် စတိုးဆိုင်လေးတွေ ကုန်စုံဆိုင်လေးတွေထက် ဈေးကြီးတာ သေချာပါတယ်။ ပြီးတော့ ရှော့ပင်းမောတွေကို သွားလိုက်ခြင်းအားဖြင့် တကယ်မလိုအပ်တဲ့ ပစ္စည်းတွေကို ဝယ်မိတတ်ပါသေးတယ်။

၇။ တစ်ပတ်တစ်ခါ ဈေးဝယ်တတ်သူတွေအတွက် shopping List လေးလုပ်တတ်ပါစေ။ အိမ်မှာ တစ်ခုခုကုန်နေပြီဆိုတာ သိတာနဲ့ ဈေးဝယ်ရမယ့်စာရင်းထဲမှာ မှတ်သားတတ်ပါစေ။ ဈေးဝယ်စာရင်းဟာ ရှော့ပင်းမောကိုရောက်မှ လိုချင်တာ စဉ်းစားရှာဖွေတတ်သူတွေကို အချိန်ကုန် လူပန်းသက်သာစေသလို မလိုအပ်ဘဲ အပိုတွေ မဝယ်မိအောင် အထောက်အကူပြုပါတယ်။

ပျော်ရွှင်ဖွယ်ရာ Buy Nothing Day လေးကို ပိုင်ဆိုင်နိုင်ပါစေ။

နှင်း

(Buy Nothing Day. . . အပြည်ပြည်ဆိုင်ရာ ဈေးမဝယ်ရနေ့ ၂၀၁၃ နိုဝင်ဘာ ၂၉)




# HORO SCOPE

DR. MYAT THIT (MYANDALAY)

Asian Fame Media Group







**ငြိမ္ဟရာသီဖွား။ ။ အောက်တိုဘာ (၂၃) ရက်မှ နိုဝင်ဘာ (၂၂) ရက်**

ရင်းနှီးမြှုပ်နှံငွေများအတွက် အချိန်ပေးရတတ်သလို ယခုကာလစိတ်မောနေရပေမည်။ ဖခင်အတွက် အားကိုးရမှုပြုအောင် စွမ်းဆောင်မှုပြုရမည်။ ပညာရေးအနည်းငယ် ကျဆင်းမည်။ နေရာအခန်းအတွက် ရွှေးချယ်မှုပြောင်းရွှေ့ရခြင်း ရှိလာတတ်ပေသည်။ အလုပ်သမား လုပ်ငန်းတွင်း လူသစ်များရောက်ရှိလာသလို မိမိအထက်လူကြီးအရည်အချင်းရှိသူများပြောင်းလဲမှုကြုံစေတတ်သည်။ အချစ်ရေး စိတ်ပျော်ရွှင်မှုပေးနိုင်မည်။

**ယတြာ။ ။ စပါးနှံများကို ငှက်ကျွေးပါ။**

**ဓနုရာသီဖွား။ ။ နိုဝင်ဘာ (၂၃) ရက်မှ ဒီဇင်ဘာ (၂၀) ရက်**

မိမိထက်နိမ့်သူကို လက်တွဲခေါ်ယူ ကူညီမှုပြုရတတ်သည်။ ထူထောင်သောလုပ်ငန်းစီးပွားအောင်မြင်စေမည်။ မာန်မာနလျှော့သင့်သည်။ သားသမီးရေးရေး ပြင်ဆင်မှုအဆင်ပြေမည်။ ပညာရေး မှန်းသည်ထက် ပိုမို ကောင်းမွန်မည်။ ဘာသာခြားလက်တွဲစီးပွားရှာရတတ်ပေသည်။ အချစ်ရေး ယုံကြည်မှုရှိရန်လိုသည်။ လက်ထပ်ရေးအခြေအနေ မပေးသေးပါ။ ရန်ရှောင်သင့်သည်။

**ယတြာ။ ။ အရွေ့ကိုင် ၉ တိုင် ထွန်းပါ။**

**မကာရရာသီဖွား။ ။ ဒီဇင်ဘာ (၂၂) ရက်မှ ဇန်နဝါရီ (၂၀) ရက်**

ပြောဆိုမကောင်းသော အိမ်ထောင်ကြောင့် စိတ်ညစ်ရတတ်သည်။ တစ်ပါးသူကျေးဇူးသိတတ်မှု မရှိတတ်ပေ။ ဆွေမျိုးသားချင်းတာဝန်မယူလို၊ အလုပ်အကိုင် အနှောင့်အယှက်များပေမည်။ အပျော်ကြူးသော မိသားစုဝင်ကြောင့် အရှက်ရတတ်ပေသည်၊ ငွေကြေးကိစ္စရှုပ်ထွေးပေမည်။ သားသမီး ရရန် အချိန်ယူရမည်။ အချစ်ရေး မချောမွေ့၍ စိတ်ညစ်မည်။ ပညာရေး ဒီးကျူးခံရမည်။

**ယတြာ။ ။ ဆီမီး ၃ ခွက် ထွန်းပါ။**







**ကုမ်ရာသီဖွား။ ။ ဇန်နဝါရီ (၂၂) ရက်မှ ဖေဖော်ဝါရီ (၁၈) ရက်**

ပညာရေး အခြေအနေကောင်းကို ကြိုးစားလာနိုင်ပေလိမ့်မည်။ လုပ်ငန်းတွင်း လူမတည်ငြိမ်သေးပါ။ အရည်အချင်းရှိများ လျော့နည်းလာစေတတ်ပေသည်။ ငွေကြေးကိစ္စ လုပ်ငန်းတွင်း စကားပြောလာရတတ်ပေသည်။ မေတ္တာစိတ်ထားသင့်သည်။ ကပ်စေးနည်းခြင်းကို ပြုပြင်သင့်သည်။ ဌာနတွင်း ဝေဖန်ခြင်းခံရလိမ့်မည်။ သားသမီးအတွက် အကုန်အကျဆက်ရှိမည်။ အချစ်ရေး စိတ်ရွှင်လန်းမည်။ အိမ်ထောင်ရေး အားမရတတ်ပေ။

**ယတြာ။ ။ ဒံပေါက်လှူပါ။**

**မိန်ရာသီဖွား။ ။ ဖေဖော်ဝါရီ (၁၉) ရက်မှ မတ် (၂၀) ရက်**

ရှယ်ယာတွဲများ အောင်မြင်မည်။ အဖော်ကြောင့် ဝင်ငွေကောင်းမည်။ ပညာရေးကောင်းမွန်မည်။ သို့သော် ကျန်းမာရေးဒုက္ခပေးနိုင်သည်။ ထိထိုးပါ။ ငွေကြေးများပေးဆပ်နိုင်မည်။ အလုပ်နေရာ၊ အိမ်အဆောင်အခန်းတို့ ရွှေ့ပြောင်းရပေမည်။ နိုင်ငံခြားခရီး ကောင်းမွန် စေတတ်ပေသည်။ မိသားစုဝင်ကျန်းမာရေး စိတ်မောရတတ်သည်။ ငွေထပ်မံ၍ ချေးငှားခြင်းများ မပြုသင့်ပါ။

**ယတြာ။ ။ ရေတော် ၉ ခွက်လှူပါ။**

**မိဿရာသီဖွား။ ။ မတ် (၂၀) ရက်မှ ဧပြီ (၂၀) ရက်**

အလုပ်အကိုင် အခြေအနေ တိုးတက်မည်။ စိတ်ရောကိုယ်ပါ နှစ်မြှုပ်၍ ကြိုးစားရပေမည်။ ပညာရေး ကြိုးစားမှုပိုမိုကောင်းမွန်တိုးတက်မည်။ အခြေအနေကောင်းကို ရရှိစေတတ်သည်။ ဆရာသမားကောင်းတွေ့မည်။ လုပ်ငန်းတွင်း စိတ်တူကိုယ်တူနှင့် တွဲရတတ်သည်။ ငွေကြေးအဆင်ပြေပါလိမ့်မည်။ အချစ်ရေး ဖြောင့်ဖြူးပေမည်။ လက်ထပ်ရေးကိစ္စတို့ ပေါ်ပေါက်လာတတ်သော်လည်း အနှောင့်အယှက် သတိပြုပါ။

**ယတြာ။ ။ ပန်းသီးနီနီ ၅ လုံးလှူပါ။**

Asian Family Media Group
MEDIA GROUP







**ပြိဿရာသီဖွား။ ။ ဧပြီ (၂၀) ရက်မှ မေ (၂၀) ရက်**

စိတ်တိုစရာများ ကြုံစေတတ်ပေသည်။ ဝင်ငွေပိုင်းထက် ထွက်ငွေပိုင်း များပြားနေပေလိမ့်မည်။ အခြေအနေပုံမှန်ကို မရောက်ရှိနိုင်သေးပါ။ မထင်မှတ်ဘဲ ကျန်းမာရေးညံ့စေလိမ့်မည်။ လည်ပင်း၊ ရင်ဘတ်ပိုင်းတို့ ဒုက္ခဖြစ် တတ်သည်။ ပညာရေးအခြေအနေ ကောင်းမွန်ပေမည်။ သို့သော် ဇွဲကောင်းရန်နှင့် မပျင်းရန် လိုအပ်ပေသည်။ ကလေးငယ်များ ကျန်းမာရေးဂရုစိုက်ပါ။ အချစ်ရေး ခိုင်မာမှုအားနည်းပေသည်။

**ယတြာ။ ။ ထန်းလျက်လှူပါ။**

**မေထုန်ရာသီဖွား။ ။ မေ (၂၂) ရက်မှ ဇွန် (၂၀) ရက်**

အခြေအနေကောင်းလာရန် တော်တော်ပြန်လည်၍ လုပ်ယူရပေလိမ့် မည်။ အထူးသဖြင့် ကိုယ်တိုင် စကားပြောဆိုမှုအားယွင်းမှုနှင့် လက်အောက်ငယ်သားများ အမှားအယွင်းကို ပြုပြင်ယူရတတ်ပေသည်။ ပညာရေးထူးချွန်ပေမည်။ အမှတ်ကောင်းလိမ့်မည်။ ခရီးယာယီအကျိုးရှိစေမည်။ မီးဘေး သတိပြုရန် လိုပေသည်။ နေစပ်ခြင်း၊ တစ်ဆင့်ကမ်းလွှဲခြင်း၊ ထိမ်းမြားခြင်းကိစ္စကို ကြုံတွေ့လာပေမည်။ အိမ်ထောင်ရှင်တို့ မျက်နှာမများသင့်ပေ။

**ယတြာ။ ။ ထီးအနီ ၃ လက်လှူပါ။**

**ကရကဋ်ရာသီဖွား။ ။ ဇွန် (၂၂) ရက်မှ ဇူလိုင် (၂၂) ရက်**

ပြည်တွင်းပြည်ပခရီးရှည် သွားခြင်းတို့ အဆင်ချောပေလိမ့်မည်။ သို့သော် ကိုယ်တိုင် ကားမောင်းခြင်းကို တတ်နိုင်သရွေ့ ရှောင်သင့်ပေသည်။ ကျောင်းမှန်မှန်တက်ရန်နှင့် စာရေးစာဖတ်မပျင်းရန်၊ စည်းကမ်းကောင်းရန် အရေးကြီးပေသည်။ တိုက်ခန်း၊ မြေ၊ အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းတို့ စည်းကမ်းနှင့်အညီလုပ်ရန် အရေးကြီးသည်။ ပြဿနာဖြစ်တတ်၏။ ရုံးရောက်တတ်၊ ရှင်းရတတ်ပေသည်။ အချစ်ရေးကြိုတ်၍ စိတ်ညစ်ရမည်။

**ယတြာ။ ။ ရေကန်များ ဆေးကြောပါ။**







**သိဟ်ရာသီဖွား။ ။ ဇူလိုင် (၂၃) ရက်မှ ဩဂုတ် (၂၂) ရက်**

အိမ်အတွက် ဦးဆောင်လာနိုင်ပေလိမ့်မည်။ ပင်ပန်းလည်း ခံနိုင်ပေမည်။ သို့သော် အပြောအဆို လိမ္မာပါးနပ်ရန်နှင့် ချိုသာရန် အရေးကြီးပေသည်။ လျှပ်စစ်မီးသတိပြုပါ။ အခန်းရွှေ့ပြောင်းကိန်းမြင်သည်။ စာကျက် ဖော်နှင့် အပြောလျှော့ပါ။ အလုပ်များများ ကြိုးစားသင့်သည်။ ငွေကြေးကိစ္စ အရှုပ်အထွေးထဲတွင် ဝင်မပါသင့်ပါ။ သတိပြုသင့်ပေသည်။ အချစ်ရေး အဆင်ပြေလိမ့်မည်။

**ယတြာ။ ။ ဆပ်ပြာမွှေးကုသိုလ်ပြုပါ။**

**ကန်ရာသီဖွား။ ။ ဩဂုတ် (၂၃) ရက်မှ စက်တင်ဘာ (၂၂) ရက်**

အနှောင့်အယှက် အထူးပင်များလိမ့်မည်။ အပြင်ရန်၊ အတွင်းရန် ၂ မျိုး ဆက်တိုက်ပင် ရင်ဆိုင်ရတတ်သည်။ ငွေအချေးအငှားပြဿနာ ရှင်းရမည်။ စာချုပ်ပြဿနာထဲ ဝင်ပါမိစေတတ်ပေသည်။ ပညာရေးကောင်းမွန် တတ်ပေသည်။ စာရေးခြင်းကောင်းမွန်သလို သင်တန်းဘာသာစကား ပြောဆိုမှုအဆင်ပြေမည်။ လူမျိုးခြားနှင့် အချစ်ရေးပေါ်လာတတ်သည်။

**ယတြာ။ ။ မွေးနံ့ဘုရား အဓိဋ္ဌာန် ၁၀ ရက်ဝင်ပါ။**

**တူရာသီဖွား။ ။ စက်တင်ဘာ (၂၃) ရက်မှ အောက်တိုဘာ (၂၂) ရက်**

ရပ်ဝေးပြည်ပသွားခြင်းပေါ်စေမည်၊ အလုပ်သစ်မြင်သည်။ အခြေအနေကောင်းရောက်ရှိလာပေမည်။ ပညာရေး ပိုမိုထူးချွန် စေတတ်သည်။ အလုပ်အကိုင်ဟောင်းထက် အသစ်အကျိုးပြုလာစေသလို ပတ်ဝန်းကျင်သစ် ရောက်ရှိမှု ပျော်ရွှင်ခြင်း ခံစားရတတ်သည်။ တရားရိပ်သာဝင်ခြင်း အဓိဋ္ဌာန်အောင်မြင်၍ ကောင်းမှုအလှူပေးခြင်းများ ပြုရတတ်သည်။ စက်၊ ယာဉ်အပြောင်းအလဲလုပ်ရန် စိတ်မောရတတ်သည်။ အချစ်ရေး လိင်တူတွေ့တတ်သည်။

**ယတြာ။ ။ သားသတ်လွှတ် ၄၅ ရက် အဓိဋ္ဌာန်ဝင်ပါ။**

**ဒေါက်တာမြတ်သစ် (မန္တလေး)**

Asian Fame Media Group

# ဘိုးဘကွန်း တောထွက်ခြင်း

ဝတ္ထုတိုရသ

illustration by aungkyaw@09421054457



အသက် ခုနစ်ဆယ်ကျော်ခဲ့လျှင် ဘိုးဘကွန်းသည် သူမယားထံမှ ဖြူစွသံကိုစကြားရသည်။ 'အဘိုးကြီးတော်မရှည်နဲ့' ဟုသော သူမယား၏ ဆူးဆူးဝါးဝါးအော်ဟစ်သံကို စကြားချိန်တွင် ဘိုးဘကွန်းသည် မျက်တရက် ကြက်သေသေကာ သွားသည်။ ပြီးလျှင်ချက်ချင်း 'ဟကွယ်. . မင်းကများ' ဟု စိတ်ထဲတွင်ဆောင်းခနဲ ဖြစ်သည်။ ထိုနေ့ထိုအချိန်အထိ သူစကားတစ် ခွန်းဖြင့်သာ အာဏာတည်ခဲ့သော ဘိုးဘကွန်း အဖို့ တကယ့်အနာကြီး ပေတည်း။

'လူကြီးပေသိ လူကြီးနေရာမနေဘူး။ ငါးဝိုကိုစူလည်းပါချင်၊ ဆားကိုစူလည်း ပါချင်။ ကိုယ်မှမလုပ်နိုင်တော့တာ. . . မေးတာယူ၊ ကျွေးတာစားပြီး တိတ်တိတ်နေစမ်းပါတော်'

သူမယား၏ အသံစာစာ၊ စီစီ ဖားဖားတို့ နားထောင်ရင်းပင် 'ငါ အသက်ကြီးပြီကိုး' ဟု ဘိုးဘကွန်း တွေးမိသည်။ ဤတွင် လိုက်ခနဲပင်

Asian Fame Media Group


Asian Fame Media Group

ဝမ်းနည်းလာ၏။ 'တော်ပါတော့ ကွယ်' ဟု တုန်ခါချင်နေသော အသံကို ထိန်း၍ဆိုလိုက်သော်ငြား စကားကို ရှေ့မဆက်နိုင်ဘဲ တိမ်ဝင် သွားသည်။ ရင်ထဲကမူ' ကျေးဇူးကန်း လိုက်တာကွယ်'ဟု ဆက်မိပေသည်။ သူသည် အိုမင်းမစွမ်းဘဝသို့ ခြေ တစ်ဖက်မျှသာ လှမ်းရုံရှိသေးသည်။ သူ့မိသားစုသည်ကား အနှစ်လေး ဆယ်ကျော် ကျွဲသဖွယ် နွားသဖွယ် ရုန်းကန်ရှာဖွေပေးခဲ့သော သူ့ ကျေးဇူးကို မေ့ပစ်ကြလေပြီ။ နုံ သော၊ အသော သားသည် မိခင်၏ အသံကိုဖမ်း၏။ မိုက်မဲသော ချွေးမ သည် လင်၏အသံကို တုပသည်။ မသိတတ်၊ မလိမ္မာသော မြေးများ ကား သူတို့အမေ၏ အသံကို လိုက် ကြပေသည်။ ဘိုးဘကွန်းသည် အစာကို မြိန်ရေရှက်ရေ စားမိလျှင် 'အလုပ်လုပ်သူ ဆိုတော့ စားပေါ် တော်' ဟုထေ့၏။ 'နို့ဗူးနဲ့မင် ဖိုလ် ရက်တိုက်ရှင့် ရရပါ၏'ဟု ဆ တောင်းမိလျှင်ပင် 'ကျယ်ကျယ်ဆို ဘုရားကြားတော့မပေါ့တော်' ဟု ကလိ၏။ ဘိုးဘကွန်းအဖို့ကား အိမ်ဦးခန်းတွင် နေလျှင်လည်း လူ မကြိုက်၊ အိမ်နောက်ဖေးတွင် နေ လျှင်လည်း လူ့အမြင်မတင့်တယ် ဆို ဘိသကဲ့သို့ပင်၊ 'ပြေးစရာလည်း မြေမရှိဆိုတဲ့ စကားကိုတောင် ကျယ် ကျယ် မဆိုဝံ့ဘူးဗျာ။ မတော် ရပ်ကွက်လူကြီးကြားရင် တောလုံး ကွင်းပတ်ပြေးခိုင်းနေမှာစိုးလို့' စိတ် ထဲ သရော်တော်တော် တွေးရင်းအိမ် ထောင့်တွင် ကုပ်နေရသည်။ 'စာတ် ဆရာခိုင်းသမျှ လောနေအောင် ကရလို့ လောကကြီးတာဟဲ့' ဟု လောကကြီးကို အံမထင်ဟန် အာခံ တွေးနိုင် သော်ငြား မယား၊ သား၊ ချွေးမနှင့် မြေးများ၏ ရိလုံး၊ ထေ့ လုံး၊ ကလိ လုံးများကိုမူ ကြံ့ကြံ့မခံ နိုင်။

ဤတွင် 'သွားမည်၊ အားလုံး နှင့်ဝေးရာကို သွားမည်' ဟုသူစဉ်း စယ်မှုတွေးကြည့်၏။ ထိုအတွေးကို စတွေးတွေးချင်းအခါတွင် ဘိုးဘ ကွန်းသည် 'အမယ်လေး' ဟုသူ့ အတွေးကို သူပြန်လှန့်လိုက်သလို ဖြစ်၏။ သို့သော် ယင်းသေးမွှား လှသော အတွေးလေးကို ကြိမ်ဖန် များစွာ ထပ်တလဲလဲ တွေးမိသော အခါ ပင်လယ်လှိုင်းလုံးကြီးများကဲ့သို့ ဖြစ်လာ၏။ လှိုင်းလုံးများသည် ကမ်းကို တဝုန်းဝုန်း ပြေးပြေးဆောင့် သကဲ့သို့ပင် ထိုအတွေးသည်လည်း ဘိုးဘကွန်း၏ ခန္ဓာကို ပြေးပြေး ဆောင့်သည်။ သူသည် အသက်ကြီး လှပေပြီ။ ကိုယ့်ခန္ဓာကိုပင် ကိုယ် ကောင်း ကောင်းမသယ်နိုင်တော့။ မိသားစုပင် မကြည့်ဖြူနိုင်သော သူ့ အား မည်သူတို့က ကြည့်ဖြူကြမည် နည်း။ ဒီအတွေးကို သူတွေးမိခြင်း သည် သူရူးနေ၍ပင် ဖြစ်မည်ဟု ဘိုးဘကွန်းသည် နောက်ဆုံး တွေးမိ လေသည်။ သူ့အဖိုးသေလမ်းသည် သာရှိ၏ဟု တွေးမိချိန်တွင်ကား ဘိုးဘကွန်းစိတ်သည် လေတို့ဖြင့် ဖောင်းကားပြီး တင်းကျပ်လာသလို ရှိ၏။ ကိုယ်ကိုပြေပြေလျော့လျော့ ချရင်း 'ဘာကြောင့်မသေနိုင်သည် မသိ' ဟုညည်းညူမိသည်။ သေမင်း သည် သူ့ဒုက္ခရောက်နေ သည် ကို အားပါးတရကြည့်လိုဟန်တူ၏။ သူ့ ဒုက္ခပင်လယ်ကြောတွင် လူးကာ လိမ့်ကာရှိနေသည်ကို ကြည့်မွေ့ဟန် တူသည်။

ဤသို့ဖြင့်ပင် ဘိုးဘကွန်း သည် ဒုက္ခကို အပြန်ပြန်အလှန် လှန် ရွတ်၏။ သေမင်းကိုအခါခါ တ၏၊ သူ၏ လွတ်မြောက်ရာလမ်း ကို တစ်ဆုံးမပြနိုင်သော ဉာဏ်တုံး ဉာဏ်စကို နေ့စဉ်နှင့်အမျှ ကျိန်ဆဲ ၏၊ 'မနိုင်ဘူးဆိုမှတော့ ခန္ဓာစဟေ့' ဟူသော စကားကို ထပ်ခါတလဲလဲ ရွတ်ရင်း မိသားစု၏ ငြူစူစောင်း မြောင်းခြင်းတရားကို နာလျက် အချိန်ကုန်ရပေ၏။

(၂)

နေချစ်ချစ်တောက်ပူသော ညနေစောင်းတစ်ခုတွင် သူ့မယား အပေါ်ဖြစ်သော ဒေါ်သလှိုင်းလုံး သည် ဘိုးဘကွန်း၏ခန္ဓာစကမ်းပါး ကို တဝုန်းဝုန်းတိုက်ချိုးပစ်လိုက် ၏၊

'ဘယ့်နှယ့်တော်. . . တစ်နေ ကုန် အိမ်မှာ ဘာအလုပ်မှမလုပ်တဲ့၊ အိပ်စား အိပ်စားသမားက အလိုက် ကန်းဆိုးမသိပုံများ။ အလုပ်က မောမောပန်းပန်း ပြန်လာတဲ့သူစား ဖို့တောင် ထမင်း ဟင်း မချန်ထားနိုင် ရအောင် ဒီလောက်များ စားလုံးကြီး ရသလား'

သူ့မယား၏ ရင့်သီးကြမ်းတမ်း သော စကားများကို နားထောင် ရင်းပင် ဘိုးဘကွန်း၏ လည်ချောင်းဝ တွင် ပြန်လှန်ဟစ်အော်ရန်တွေ့ ချင်သောစိတ်သည် တစ်ဆို့ပြီး မွန်းကျပ်လာသည်။ ထိုစကားများကို ကြိတ်မှိတ်မျိုချရသဖြင့် မျက်လုံး သည် ပို၍ပြူးလာ၏။ ထို့နောက် အသက်ကို ခပ်မျဉ်းမျဉ်းရှူရင်း 'ငါး ခြောက်တလေး သုံးတုံးထဲပါကွာ' ဟု လေသံပြော့ပြော့ဖြင့်ဆို၏။ ဤ တွင် သူ့ချွေးမသည် 'ချက်တာမှ ငါးခြောက်က ရှစ်တုံးလားရှိတယ်' ဟု ဖက်ခနဲ ဝင်ပြောသည်။ ထိုစကား ကိုပင် သူ့မယားက 'စားတော့စား ပေါ့တော်၊ အခုတော့ ရှေ့လူ မကြည့် နောက်လူမကြည့် အစားများမြင်ရင် ဘီလူးသဘက် စီးသလို'ဟု ဖက်ခနဲ ဆက်၏။ ဘိုး ဘကွန်းသည် စိတ်ထဲ တွင် 'တော် ကြပါတော့. . . တော် ကြပါတော့' လို့က်၍အော်မိသည်။ သူ၏ ပါးစပ်ကမူ ဘာသံမှ ထွက်မ လာ။ မျက်လုံးကိုတင်းတင်းမှိတ် ထားပြီး ကျောက်ရုပ်သဖွယ် တုံ့ဏှိ ဘာဝေရှိ၏၊ 'ငါ့ကျေးဇူးတွေ မင်းတို့ ဆီမှာ အများကြီးပါကွယ် အခုတော့ ငါ့ကို ငါးခြောက်လေး သုံးတုံးတောင် မသထာတော့ဘူးလား' ဟု အတွေး ထဲတွင်မူ မကျေနိုင် မချမ်းနိုင်။'မနေ ဘူးဟေ့. . . မနေဘူး' ဟုထပ်ပြန် တလဲလဲ တွေး၏။ စိတ်ထဲတွင် ကား ဇလောင်ဆူလျက်ရှိ၏။ 'မင်းတို့က များကွယ်' ဟု အသံတိတ် တက်တစ် ခေါက်ခေါက်။ 'ဒီလောက်တောင် ရှိလှတာ . . ဘုန်းကြီး ကျောင်း သွားနေမယ်ဟဲ့'ဟု ရွဲ့တဲ့တဲ့ တွေးမိ ချိန်တွင်ကား မနက်ခင်းတွင် ဆွမ်းခံ ကြွကြသော တောကျောင်း ကိုယ် တော်များကို စိတ်တွင် မြင်ယောင် လာ၏။ ယင်းနောက် ထို တော ထွက်မည်ကိုပင် နောက်ထပ် တွေးမိ ပြန်သည်။ မှန်၏။ တောထွက် ဘုန်းကြီးလုပ်၍ ဆွမ်းခံစား ရသည် ကပင် သူ့အတွက် ကောင်းနိုင် သေး သည်။ ထေ့သံမရှိ၊ ရိသံမရှိ၊ မသ ထာသော အသံမရှိ၊ ဘယ် လောက် များ သာယာလိုက်မလဲဟု စိတ်ကူး မိချိန်တွင်ကား ဘိုးဘကွန်း၏ ဆုံး



သူသည် အသက်ကြီး လှပေပြီ။ ကိုယ့်ခန္ဓာကိုပင် ကိုယ်ကောင်းကောင်း မသယ်နိုင်တော့။ မိသားစုပင် မကြည့်ဖြူနိုင်သော သူ့အား မည်သူတို့က ကြည့်ဖြူကြမည်နည်း။ ဒီအတွေးကို သူတွေးမိခြင်းသည် သူရူးနေ၍ပင် ဖြစ်မည်ဟု . . . .

Asian Fame Media Group

ဖြတ်ချက်သည် ဒုံးဒုံးကျတော့၏။ ထို့နောက်သူသည် တစ်စက္ကန့် မျှပင် တုံ့ဆိုင်းမနေလိုတော့။ ရုတ်ချည်းပင် အနီးအနားရှိ တောင်ဝှေးကို လှမ်းဆွဲသည်။ ပြီးလျှင် အသံစာစာစာစာဖြင့် ပြောနေသော သူမယားကို ဂရုမစိုက်ဟန်ဖြင့် ဖျတ်ခနဲ မတ်တတ်ရပ်သည်။ အတန်ကြာ ချိန်တွင်ကား ဘိုးဘကွန်းသည် တောကျောင်းဘက်သို့ ထွက်သော မြေလမ်းလေးပေါ်တွင် တုံ့နှေးတုံ့နှေး လျှောက်လျက်ရှိသည်။

(၃)

နေလုံးသည် ရဲရဲတောက်နေ၏။ ကောင်းကင်သည် နီ၊ ဝါ၊ ဖြူသော တိမ်ရောင်စုံတို့ဖြင့် အဆန်းတကြယ် လှပနေသည်။ ဥဒေါင်း၊ သမင်၊ ဆတ်၊ ကျွဲအရုပ် မျိုးစုံသည် ပြာလွှင်လွှင် နောက်ခံ တွင် လူးလူးလွန့်လွန့်ပေါ်လာ၏။ ထို့နောက် လူးလူးလွန့်လွန့်ပင် ပျောက်သွားကြပြန်သည်။ လေပြည်၏ အနှောင့်တွင် တိမ်သလာတို့သည်သာ တောဟေဝန်ဇာတ်စုံခင်းနေကြသည် မဟုတ်။ ပြာ၊ ဝါ၊ နီ၊ စိမ်းသော သစ်ခက်သစ်ရွက်များသည်လည်း ယိမ်းကာနွဲ့ကာ။ တောပန်းဝါဝါသည် လှုပ်လီလှုပ်လဲ့။ ခပ်ပြင်းပြင်းလေ အဆော့တွင် ကောက်ပင်ကောက် သားဝင်းဝင်းထိန်ထိန်သည် 'ဝေါ'ခနဲ မြည်ဟည်းကာ လဲပြိုငိုက်ဆင်း၏။ ထိုအခါ စာကလေး တစ်သိုက်သည် ကျိုကျိုကျာကျာ အော်ဟစ်၍ အလန့်တကြားထပျံ၏။

ကျောက်ခင်းလမ်းတစ်လျှောက် တရွေ့ရွေ့လျှောက်လာသော ဘိုးဘကွန်းသည် မည်သည်ကိုမှ မမြင်နိုင်၊ ဘာကိုမှမကြားနိုင်။ လှသည်ကိုလည်း မသိ၊ သာယာသည်ကိုမတွေး။ သူ့စိတ်သည်ကား ငါးခြောက်သုံးတုံးနှင့် သူမယား စကားတွင်သာ တဝဲလည်လည် ဖြစ်နေ၏။ သူ၏ ကိုယ်တွင် ဖြစ်နေသော နာကျင်ကိုက်ခဲမှုကိုသာ စိတ်နှစ်နေပေ၏။ ခြေတစ်လှမ်းကြွလျှင် ခြေသလုံး၊ ဒူးနှင့် ပေါင်တို့တွင် မျက်ခနဲ မျက်ခနဲနာ၏။ ထိုကြွသော ခြေထောက်ကို မြေပေါ်ပြန်ချလိုက် ချိန်တွင်ကား နာကျင်ခြင်းသည် ပေါင်ရင်းမှ စိန့်ကာခါးရိုးအထိ တက်သည်။ ဤတွင် ဘိုးဘကွန်းသည် 'ဘုရား. . ဘုရား' ဟုတ၏။ 'နားမည်. . နားလိုက်တော့မည်' ဟု ဆုံးဖြတ်မိ၏။ ထို့နောက် အနောက်သို့ လှည့်ကာ သူလာခဲ့သည့် ခရီးကို ပြန်မျှော်ကြည့်မိ၏။ တယိမ်းယိမ်း တထိုးထိုး သစ်ပင်၊ အုန်းပင်တို့၏ ထိပ်ဖျား၊ ယင်းတို့ ကြားမှ ထိုးထွက်လာနေသော အိမ်အမိုးများ၊ ထို့နောက် တလူလူဝေ့ဝဲနေသည့် မီးခိုးငွေ့ညိုညိုတန်း။ သူအပန်းကြီးလျှောက်ခဲ့ရသည့် ခရီးသည် အနီးလေးပေတကား။

အတန်မျှကြာလျှင် ဘိုးဘကွန်း၏ ကိုယ်လုံးဖိုင့်ဖိုင့်သည် လမ်းဘေးရှိ ဗာဒံမြစ်နှစ်ခုကြားတွင် ပြေလျော့လျော့ ပုံလျက်ရှိသည်။ မျက်လုံးအစုံသည် မှိတ်လျက်သား။ ရင်ဘတ်သည် ဖားဖိုကြီးသဖွယ် တရှုးရှုး တရှဲရှဲ လေကိုသာအငမ်းမရ ရှူ၏။ ဖြူကြောင်ကြောင်ဆံပင် ငုတ်စိများနှင့် ရင်ဘတ်ပေါ်မှ တွယ်ရာမဲ့ သနားစဖွယ်လက်များ၊ သောကမီးခြင်းခံနေရသော အဘိုးကြီး၏ အသွင်သဏ္ဍာန်သည် မိုးဒဏ်လေဒဏ်ကို နှစ်ရှည်လများ ခံစားခဲ့ရသည့် သစ်ခြောက်ပင် အိုလောက်မျှပင် ... ... ။ ခဏမျှကြာလျှင် အဘိုးကြီး၏ ငြိမ်သက်နေသော ကိုယ်သည် တဖြည်းဖြည်းချင်းလှုပ်ရှား၏၊ မျက်လုံးအစုံသည် ခေတ္တမျှ ကြောင်တောင်တောင် ဟန်ပန်ဝေဝါးနေလျက် ချက်ချင်းလိုပင် စိန့်ပွင့်သဖွယ် တလက်လက်တောက်ပလာပြန်သည်။ ပြီးလျှင် ဗောဓိပင်ယံကို ကိုးကြည့်ကြောင်ကြည့် တစ်ချက်မျှကြည့်ပြီး လက်တစ်ဖက်သည် တောင်ဝှေးကို အားပြုကာထသည်။ ထို့နောက်တွင် အဘိုးကြီးသည် သဲကျောက်တို့ဖြင့် ပြွမ်းသော မြေသားလမ်းပေါ်တွင် တလှုပ်လှုပ် ခရီးဆက်နေတော့၏။

ဘိုးဘကွန်းသည် နားရင်းသွားရင်းပင် တဖြည်းဖြည်းချင်း ခရီးဆက်ခဲ့သည်။ ကုန်းတန်းတစ်ခုကို ကျော်ခဲ့သည်။ ဖုန်တောတစ်ခုကို ဖြတ်ခဲ့သည်။ မကြာမီ အုတ်ဂူ၊ မုတ်တိုင်၊ မြေပုံမို့မို့၊ မြေခွက်ချိုင့်ချိုင့်များသည် အဘိုးကြီး၏ မြင်ကွင်းထဲသို့ ဝင်လာကြ၏။ ဘိုးဘကွန်း၏စိတ်တွင် ရုတ်တရက်ပင် အေးစိမ့်သောလေကို ဂရုထားမိ၏။ ဝင်လုဆဲဆဲ နေကို သတိပြုမိ၏။ အနောက်တောသုသာန်သည် နေဝင်ဆည်းဆာတွင် ရှုပ်အစုအပေါင်း၊ ခြုပ်အစုအပေါင်းတို့၏ ချုပ်ငြိမ်းနေမှုကို ပြနေ၏၊ ဒုက္ခနှင့် သုခတို့၏ နိဂုံးကိုဆိုနေ၏။ ဆည်းလည်းသံသည် လေပြည်တွင် ပေ့ကာပေ့ကာ အဘိုးကြီးထံသို့ ပျံ့နှံ့လာ၏။ ဗုဒ္ဓ၏ သားတော် တောထွက်ဘုန်းကြီးများ၏ ကျောင်းသခ်ိမ်းသည်သုသာန် အလွန်တွင် မြင်နေရချေပြီ။ ဖြူဖြူ ဖွေးဖွေး ထုံးစေတီနှင့် စုလစ်မွမ်းချွန်တို့ဖြင့် ဆင်ယင်အပ်သော ကျောင်းသခ်ိမ်းသည် တိတ်ဆိတ်ပေ၏။ ဘိုးကွန်းသည် ထိုကျောင်းသခ်ိမ်းဝတွင် ပုဆစ်တုပ် ထိုင်ချလျက်ပင်'ဆရာတော်ဘုရား၊ဆရာတော် ဘုရား' ဟု ကရုဏာကယ်ရာမဲ့သော အသံဖြင့် အော်သည်။ ထိုအချိန်တွင် အနီရောင် နေလုံးသည် အနောက်ဘက် တောင်နိမ့်တွင် စုပ်စုပ်မြုပ်ခဲ့ပြီတည်း။

(၄)

ကောင်းကင်တွင် လသည် မသာ။ အပြင်လောကတစ်ခုလုံးသည် လေ၏ အသံဖုံးဖုံး ဝန်းဝန်းကို သာ ရှုမှန်ရခါကြားရပြီး အမှောင်ထုကြီး ဖြစ်ကာနေ၏၊ တောကျောင်းငယ်၏ ဘုရားခန်း အတွင်းတွင်မူ ဖယောင်းမီးသည် လှုပ်လီလှုပ်လဲ့။ အရိပ်တို့သည် ယိမ်းယိမ်းထိုးထိုး။ ဘိုးဘကွန်းသည် ပင်ပန်းလှိုက်ဖိုမှုကြောင့် ကြမ်းပြင်ထက်တွင် ဖွဲအိတ်ကြီး ပစ်ပုံထားဘိသကဲ့သို့ ရှိ၏။

"တဲ. . . ဒကာဘထွန်း၊ ဘာတွေများ သောကရောက်လာသလဲ။ ဘုန်းကြီးကိုလျှောက်စမ်းဦးကွဲ့"

ခေါင်းရင်းဘက်နားကျကျတွင်ထိုင်နေသော ဘုန်းတော်ကြီးထံမှ အေးသော၊ လေးသော၊ ကရုဏာ အပြည့်ပါသော ထိုအသံကို ကြားလျှင် ဘိုးဘကွန်း၏ ကိုယ်သည် ဆတ်ခနဲ တုန်၏။ ငုံ့ထားသော ခေါင်းကို ဆတ်ခနဲမော့သည်။ သို့သော် မျက်စိထဲဝင်လာသော စူးခနဲ အလင်းကြောင့် ချက်ချင်း ပြန်ငုံ့သွား၏။ ထို့နောက် "တပည့်တော်



ဘိုးဘကွန်း၏
ကိုယ်လုံးဖိုင့်ဖိုင့်သည်
လမ်းဘေးရှိ
ဗာဒံမြစ်နှစ်ခုကြားတွင်
ပြေလျော့လျော့
ပုံလျက်ရှိသည်။ မျက်လုံး
အစုံသည် မှိတ်လျက်သား။
ရင်ဘတ်သည်
ဖားဖိုကြီးသဖွယ်
တရှုးရှုး တရှဲရှဲ . . . .

Asian Fame Media Group

ကို ကယ်ပါဘုရား"ဟု အက်ကွဲကွဲ အသံဖြင့် လျှောက်၏။

'တပည့်တော် ဒုက္ခရောက်ပါပြီ ဘုရား၊ တပည့်တော်ကို ဘယ်သူမှ မကြည်ဖြူကြတော့ပါဘူး ဘုရား'

ဘိုးဘကွန်း၏ အသံသည် မတည်ငြိမ်၊ ရုတ်ချည်းပင် ရှိုက်သံများ စွက်လာသည်။ မှောက်ထားသော ကျောပြင်သည် မှိန်ဖျော့ဖျော့ အလင်းတွင် သိမ့်သိမ့်တုန်လာသည်။ ဒုက္ခကိုသိသူ၊ ဒုက္ခကို မုန်းသူ၏ ငိုကြွေးခန်းပေတည်း။

'တပည့်တော် လူဝတ်ကြောင်ကို မုန်းပါပြီ ဘုရား၊ တပည့်တော်ကို သင်္ကန်းဆီးပေးပါဘုရား'

ဆရာတော်သည် သက်ပြင်းတစ်ခုကို ခပ်လေးလေးချ၏။ ပြီးလျှင် 'အင်း. .' ဟုသံရှည်အာလုပ်သံပြုပြီးနောက် အတန်ကြာ တိတ်ဆိတ်နေပြန်၏။ အချိန်တို့ သည် တဖြည်းဖြည်းကုန်ခဲ့၏၊ ဘိုးဘကွန်း၏ ရှိုက်သံသည် တဖြည်းဖြည်း စဲလာ၏။ တုန်လှုပ်နေသော ကျောပြင်သည်လည်း တည်ငြိမ်စပြုလာသည်။ ခဏမျှကြာလျှင် ဆရာတော်သည် ခပ်ကိုင်းကိုင်း ထိုင်နေသော ခါးကို ဆတ်ခနဲမတ်ပြီး 'ကဲ . .'ဟုစကား စသည်။

'ကဲ. . ဒကာကြီးက လူဝတ်ကို မုန်းပါပြီ၊သင်္ကန်းကိုဆင်မြန်းချင်လှပါပြီလို့ ဆန္ဒရှိနေရင်လည်း ဘုန်းကြီးတို့က လုပ်ပေးရမှာပ။ ဒါပေသိ. . အခုက ညမဟုတ်လား။ ဒီတော့ ခဏတော့ဖြင့် သည်းညည်းခံပေဦး' ဟု တိုပြတ်ပြတ်မိန့်၏။ထို့နောက် 'ကိုရင်ဝဏ္ဏ. . . ကိုရင်ဝဏ္ဏ' ဟု အသံမြှင့်ပြီးခေါ်လျှင် 'ဘုရား' ဟူသော ထူးသံနှင့်အတူ ကိုရင်ကြီး တစ်ပါးသည် ဘုရားခန်းသို့ ခပ်ယို့ယို့ဝင်လာ၏။ ထို့နောက်တော ကျောင်းဘုန်းကြီးသည် 'ကဲ . . ဒီဒကာကို စတိုခန်းထဲက တစ်ခုခု ထုတ်ကျွေး၊ ပြီးရင်အဆောင်မှာ အိပ်လိုက် ဟုတ်ပြီလား' ဟု ကိုရင်ကြီးအား မိန့်ပြီးလျှင် 'ကဲ. ဒီက ကိုရင်နောက်ကိုလိုက်သွား။ ခုနက လျှောက်တဲ့ကိစ္စကိုလည်း သေချာပြန်စဉ်းစားဦး၊ ဟုတ်ပြီလား'ဟု ဘိုးဘကွန်းအားလည်း တစ်ဆက်တည်း ဆို၏။ မကြာခင် ဘုရားခန်းသည်လည်း အမှောင်ကျ တိတ်ဆိတ်လေ၏။

(၅)

ကြေးစည်သံသာသာနှင့်အတူ မနက်ခင်းစောစောတွင် ဘိုးဘကွန်းသည် ဖျတ်ခနဲ အိပ်ရာမှ လန့်နိုးလာ၏။ ရုတ်တရက် သူ့မယားအဘွားကြီးများ ထုသလားဟု ယောင်တိယောင်ကန်းတွေးမိသည်။ ခြေထောက်ကို ခပ်ကွေးကွေးထားလျက်ရှိရာမှ ဆန့်ပြီးထဖို့ ပြင်သည်။ သို့သော် ချက်ချင်းပင် ဘုန်းကြီးကျောင်းရောက်နေတာပါပကော ဟု သတိရပြီး ငြိမ်သက်သွားပြန်သည်။ ထို့နောက် ငါးခြောက်သုံးတုံးကြောင့် စကားများကြပုံ၊ သူ့မယားနှင့်သူ့ချွေးမတို့သည် သူ့အားဝိုင်းပြီးဆူကြပုံ၊ သူ စိတ်လှုပ်ပြီး ထွက်လာပုံတို့ကို တသီကြီး သတိရလာ၏။ ယခုအချိန်တွင် သူ၏ အိမ်သားများသည် သူပျောက်နေသဖြင့် ပူပင်သောက ပွားနေလောက်ပေပြီ။ "ပူချင်သလောက် ပူစမ်း၊ ဂရုစိုက်မနေစမ်းဘူး" ဟု ဘိုးဘကွန်းသည် သူ့အတွေးကို ချက်ချင်းအဆုံးသတ်၏။ "သူမရှိမှ သူ့တန်ဖိုးသိကြမယ်" ဟုလည်းဆက်တွေး၏။ "ညက ဘယ်လောက် အေးချမ်းလိုက်သလဲ" ဟုလည်း သူ့ကိုယ်သူ မေးခွန်းထုတ်သည်။ ကိုရင်ကြီးချပေးသော ကော်ဖီ ပူပူတစ်ခွက်နှင့် မုန့်ကြွပ်များ စားပြီး ပြီးချင်းပင် သူသည် ဗိုက်အင့်ကာ ဗိုက်မြည်းလာခဲ့သည်ပဲ။ ဟန်မပင် မဆောင်နိုင်။ ပြီးတော့ အိပ်ပျော်ပြီ သည့်နောက်တွင်လည်း တစ်ရေးမျှ မနိုး။ သုခပေတည်း။ ဈေးသံမရှိ၊ ငွေသံမရှိ။ အချိန်မှန်စားပြီးအချိန်မှန် အိပ်ရမည်။ အားလပ်သော အချိန်များတွင် ဗုဒ္ဓ၏ဂုဏ်တော်ကို ပွားမည်။ ဓမ္မ၏ဂုဏ်တော်ကို ရွတ် ဖတ်မည်။ သံဃာ၏ဂုဏ်တော်ကို သရဇ္ဈာယ်ပေမည်။ သူသည် အမှိုက် တွင်းထဲသို့ ပြန်ဆင်းရန်မရှိတော့။ စွန့်မည်။ လူဝတ်ကိုစွန့်မည်။ ပြီးလျှင် ကာဝါရွှေသောသင်္ကန်းကို ခြုံ၍ သုခကို ရှာမည်။ ဘယ်လောက် အေးချမ်းလိုက်မည်နည်း။

ထိုသို့တွေးရင်းပင် "ဩော်ငါ လည်း ငါးခြောက်သုံးတုံးကုန်အောင် စားမိတယ်ဆိုတော့ အတော်တော့ လွန်တာပဲ"ဟုတွေးမိ၏။ ချက်ချင်းပင် "အို . . . ငါးခြောက်သုံးတုံးနဲ့တော့ ဒီလောက်ကြီးပြောစရာ မလိုပါဘူး''ဟု ဆုတ်ကန်ကန်၏။ "အင်း" အလုပ်. . . ကမောမောနဲ့ ပြန်လာတဲ့ တစ်ယောက်ကတော့ ဆာရှာမှာ။ ဘာနဲ့များစားရှာပါလိမ့်" ဟုသံယောဇဉ်တန်းမိပြန်၏။ "ဒါက သူတို့ကိစ္စ၊ ငါ့ကိုမသထာမှတော့ ငါကသူတို့ အတွက်ဘာပူစရာရှိသလဲ" ဟု တွေးဆဲတွင် သူ့မယား၏ မာထန်သောရှုစ်ခေါက်ချိုးမျက်နှာကို မျက်နှာချင်းဆိုင်မိသလိုဖြစ်ကာ ဘိုးဘကွန်း၏ ကိုယ်သည် ဆတ်ခနဲ တုန်၏။ ထို့နောက်တွင် "ဝတ်မယ်၊ ဘုန်းကြီးဝတ်မယ်၊ တရားကျင့်မယ်၊ ဒါမှ အေးရာအေးကြောင်း''ဟု တတွတ်တွတ်ရွတ်လေ၏။

(၆)

အရုဏ်ဆွမ်းချိန်ကျော်ခဲ့ချိန်တွင် တောကျောင်းဆရာတော်နှင့် ဘိုးဘကွန်းတို့သည် ဘုရားခန်း၌ တွေ့တွေ့ဆိုင်ဆိုင်တွေ့ကြ၏။ ဆရာတော်သည် တရားဟောပလ္လင်ခြေရင်းရှိ ထိုင်ပုံပေါ်တွင် ခြေချိတ်ထိုင်လျက်ရှိ၍ ဘိုးဘကွန်း ကား ဓောတ်ဖက်ကျကျ ခပ်လှမ်းလှမ်းတွင် ပုပ်ပုပ်ဝပ်ဝပ်။

ကဲ . . . ဒကာဘကွန်း၊ ဒကာကတော့ လူဝတ်ကြောင်ကို မုန်းပါပြီ၊ သင်္ကန်းဝတ်ချင်လှပါပြီ လို့ ညကတော့ ဆိုတဲ့တယ်' ဘုန်းတော်ကြီးသည် အေးအေးဆေးဆေး အသံဖြင့် ပြော၏။

"တင်ပါ့ဘုရား" ဘိုးဘကွန်းသည်သံမှန်ဖြင့်ပြန်လျှောက်တင်၏။

''ဘုန်းကြီးစဉ်းစားမိတာကတော့ စိတ်ပြတ်ရဲ့လားဆိုတာပဲ၊ စိတ်မပြတ်ဘဲအခု ဘုန်းကြီးဝတ်လိုက်၊ အခုလူပြန်ထွက်လိုက်ဆိုရင် သာသနာအတွက်လည်း မကောင်းဘူးကိုး၊ ဒါကြောင့်သေချာ သွားအောင် အနည်းဆုံးသုံးရက် လောက်တော့ အချိန်ယူစဉ်းစား စေချင်တာပဲ"

ဆရာတော်၏စကားဆုံးလျှင် ဘိုးဘကွန်း၏ ငုံ့နေသော ခေါင်းသည် ဆတ်ခနဲမော့လာသည်။ ပြီးလျှင် မျက်နှာကိုတည်တည်ထားလျက် ''တပည့်တော်ကတော့ စိတ်ပြတ်ပါတယ်ဘုရား။ ဒါပေသိ အရှင်ဘုရားကသုံးရက်ထပ်စဉ်းစားပါဦးဆိုရင်လည်း တပည့်တော်ထပ်စဉ်းစားပါ့မယ်ဟု ခပ်သွက်သွက်ကြီး ပြန်လျှောက်၏။ ထိုအခါ ဆရာတော်သည် "အိမ်း . . ဒါဆိုရင်လည်း ဟုတ်ပြီပဲ၊ ကဲ . . . ညကအိပ်တဲ့ အဆောင်မှာပဲနေပြီးတော့ စဉ်းစားပေ့ါ၊ သွားတော့. . . သွားတော့၊ ဘုန်းကြီးလည်း စာဖတ်ဦးမတို့"ဟု ဝမ်းပန်းတသာမိန့်၍ ထင်ပျဉ်ခွေကိုဖြုတ်၏။ ဘိုးဘကွန်းသည် မထနိုင်သေး။ "ဆရာတော်ဘုရား"ဟု တွန့်ဆုတ်ဆုတ်ခေါ်၏၊ ထိုအခါ ဆရာတော်သည် "ဟဲ့ . . . ဘာများတင်စရာကျန်သေးလို့တုံး" ဟုတ်စိတ် မရှည်ဟန်ခပ် ဆတ်ဆတ်ဆို၏။

"တပည့်တော်အိမ်ကို ခဏပြန်ချင်ပါတယ်ဘုရား" ဘိုးဘကွန်း၏ အသံသည် ခေတ္တမျှတုံ့ခနဲရပ်သွား၏။ အတန်ကြာမှ "ညကလေ တပြုံးပြုံးနဲ့ အေးတော့ အနွေးထည် ပြန်ယူချင်တာရယ် . . . " ဟု တွေဝေဟန်ဖြင့် ရယ်ကို အသံရှည် ဆွဲနေ၏။ ထို့နောက် တပည့်တော် ဇနီးကို ခွင့်မပန်ခဲ့ရသေးလို့ ပြန်ပြီး ခွင့်ပန်ချင်တာကြောင့်ရယ်ပါ ဘုရား" ဟု တုံးတိတိလျှောက်သည်။

(၇)

မောပန်းခြင်း၊ နာကျင်ခြင်း၊ ကိုက်ခဲခြင်းမရှိဘဲ ခပ်သွက်သွက် ခြေလှမ်းတို့ဖြင့် တောကျောင်းဘက်မှ ပြန်ခဲ့သော ဘိုးဘကွန်းသည် ဝေးဝေးမှရွာကို ရိပ်ခနဲလှမ်း မြင်ရချိန်တွင် သူ့မယား၏ "တောထွက်သတဲ့၊ တစ်ရက်တောင်မကျော်ပါဘူးတော်" ဟူသော ထေ့ထေ့တေ့တေ့ စကားသံကို ကြားယောင်ကာ တုံ့ခနဲ ရပ်သွား၏။ ရှက်စိတ်တို့သည် တစ်ကိုယ်လုံးဖျန်းခနဲ။ နောက်ဆုံး "အို. . . ကိုယ့်အိမ်ကို ကိုယ်ပြန်တာ၊ ဘယ်သူ့ကို ဂရုစိုက်နေရဦးမလဲ"ဟု တွေးပြီး ခြေလှမ်းကို ဖျတ်ခနဲ ဖျတ်ခနဲ သုတ်ခြေတင်၏။

အရှေ့ဘက်တွင်ကား နေလုံးနီနီသည် တဖြည်းဖြည်း ထွက်ပေါ်စပြုလေပြီ။

ရေအေး



Asian Fame Media Group

# တွေ့ခဲ့ဖူးတဲ့ ကျားတစ်ကောင်

## နေမျိုး

ဝတ္ထုတိုရသ



"သူ့ အမေက ဆပ်ကပ်ထဲက ကျားမကြီးပါ။ အလွန် လိမ္မာရေးခြား ရှိတဲ့ ကျားမကြီးပေါ့။ သူ့ရဲ့ ဆပ်ကပ် ထဲက ပြကွက်တွေကို ပရိသတ်တွေက လှိုက်လှိုက်လှဲလှဲ အားပေးကြသဗျ။ နိုင်ငံအဝန်း ဆပ်ကပ်အဖွဲ့ကြီး လှည့် လည်လေရာမှ ဒီကျားမကြီး လိုက်ပါ ပြီး ဖြေဖျော်ခဲ့သဗျ။ တစ်နေ့ကို အမဲ သား ၅၀ သားနဲ့နက်တစ်ကြိမ် ည တစ်ကြိမ် ကျွေးရတဲ့ ကျားမကြီးပေါ့။ ဒါပေမဲ့ ပြီးခဲ့တဲ့ သုံးနှစ်လောက်က ဆပ်ကပ် အဖွဲ့ကြီးဖျက်သိမ်းလိုက်တဲ့ အခါ ဆပ်ကပ်အဖွဲ့နဲ့အတူ ကပြ အသုံးတော်ခံခဲ့တဲ့ တိရစ္ဆာန်တွေလည်း တကွဲတပြားစီ ရောက်တွန်တယ်။ ဆင်ကြီးတွေက တိရစ္ဆာန်ရုံကို ရောက် သွားတယ်။ ကျားတွေကိုတော့ နယ်စပ် ကနေ ပြည်ပကို အရှင်လတ်လတ်ခိုး ထုတ်ဖို့ကြိုးစားကြရာမှာ လမ်းတွင်ပဲ ဖမ်းဆီးမိပြီး သူဌေးတစ်ယောက်က သက်ဆိုင်ရာကနေ အဲဒီကျားတွေကို ဝယ်ယူပြီး မွေးမြူဖို့ ကြိုးစားခဲ့တယ်။ ဒါပေမဲ့ အဲဒီအချိန်က ကျားတွေကို လူနေရပ်ကွက်ထဲမှာမွေးမြူဖို့ စည်ပင် သာယာဥပဒေက ခွင့်ပြုမထားဘူးလေ။

Asian Free Media Group

ဒါပေမဲ့ အဲဒီကျားတွေကို မွေးမြူလိုတဲ့ သူဌေးက မလျှော့ဘူး။ ဘယ်လိုပုံစံနဲ့ ဘယ်လိုအနေအထားနဲ့ မွေးမြူရင် ရနိုင်မလဲဆိုတဲ့ နည်းလမ်းကို ရှာကြံပြီး ချဉ်းကပ်ခဲ့တယ်။

နောက်ဆုံးတော့ ကျွန်တော်တို့ မြို့က တိရစ္ဆာန်ရုံမှာ သူ့အတွက် လှောင်အိမ်ကြီး တစ်ခု သီးသန့်ထားရှိခွင့်ရဖို့ ခွင့်ပြုခဲ့ပြီး သူ မွေးမြူလိုတဲ့ ကျားသုံးကောင်ကို ထည့်သွင်း မွေးမြူစေခဲ့ပါတယ်"

ကျွန်ုပ်သည် ကျွန်ုပ်မိတ်ဆွေ ရှင်းပြသော စကားသံများကို ဂရုစိုက်နားထောင်နေပါသည်။ သူသည် ကျွန်ုပ်ကို ရှင်းလင်းပြောပြရင်း စိတ်အား ထက်သန်လာကာ သူ့မျက်နှာမှာ သွေးအရောင်များ လွှမ်းလာလေသည်။

ကျွန်ုပ် အနေဖြင့် သူ့ကိုမည်သည့်မေးခွန်းမှ မထုတ်ဘဲ သူပြောဆိုရှင်းလင်းပြသည်များကိုသာ နားစိုက်ထောင်နေမိပါသည်။

"သူ့ကို ကျားသူဌေးလို့ ခေါ်ကြတယ်။ သူဟာ ကျွန်တော်တို့မြို့က တိရစ္ဆာန်ရုံကို တစ်နေ့တစ်ကြိမ်ရောက်လာပြီး သူ့ကျားတွေ အစာစားတာကို လာကြည့်သည်။ သူ့ကျားတွေရဲ့ ကျန်းမာရေးကို အမြဲစစ်ဆေးကြပ်မတ်ဖို့ တိရစ္ဆာန်ဆရာဝန်တစ်ယောက်ကို တိရစ္ဆာန်ရုံမှာ ခန့်ထားပေမယ့် သူ့ကျားတွေအားလုံးဟာ ယဉ်ကျေးပြီးသားတွေဖြစ်တယ်။ အမိန့်နာခံတတ်ပြီးသားတွေ ဖြစ်တယ်။ လှောင်အိမ်ထဲမှာနေတဲ့ အတွေ့အကြုံလည်း ရှိဖူးပြီးသားတွေ ဖြစ်တယ်"

ကျွန်ုပ်မိတ်ဆွေ၏စကားသည် ထက်သန် ပြင်းပြနေရာမှ တိုးဖျော့သွားသည်ကို သတိပြုမိလိုက်သည်။ သူသည် သူ့စကားကို ဆက်မပြောနိုင်သေးပဲ တစ်စုံတစ်ခုကို သတိရသွားဟန် ရှိလေသည်။ သူသည် တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားမိလိုက်ဟန်မျိုးဖြင့် ငြိမ်သက်နေရာ အသက်ကို ခပ်ပြင်းပြင်း ရှူသွင်းလိုက်ပြီး ဤသို့ဆိုလေသည်။

"ကျားသူဌေးမှာ ထူးထူးဆန်းဆန်း စိတ်ကူးတစ်ခုရှိသတဲ့။ အဲဒီ စိတ်ကူးကို သူ ရထားတာကြာပြီလို့လည်း ပြောတယ်။ အဲဒီ စိတ်ကူးကို သူ အကောင်အထည်ဖော်ချင်နေတာလည်း ကြာပြီလို့လည်းဆိုတယ်။ အဲဒီ စိတ်ကူး ကျွန်တော့်ကို ဖွင့်ပြောတဲ့အချိန်က လှောင်အိမ်ထဲမှာ ထည့်သွင်း မွေးမြူထားတဲ့ ကျားသုံးကောင်အနက် ကျားအမတစ်ကောင်က ကျားပေါက်ကလေး တစ်ကောင်ကို

**ကျားဆိုတာ**
**အသားစားသတ္တဝါဖြစ်ကြောင်း**
**ဆရာလည်း**
**သိပြီးသားပါ။**
**သူက**
**အဲဒီကျားပေါက်ကလေးကို**
**အသားစားသတ္တဝါအဖြစ်**
**မွေးမြူမသွားလိုဘူး။**
**အသီးအရွက်စားသတ္တဝါအဖြစ်**
**မွေးမြူသွားလိုတာ . . .**

မွေးပြီးတဲ့ အချိန်မှာပဲ ပေါ့ဗျာ"

ဤနေရာ အရောက်တွင် ကျွန်ုပ်မိတ်ဆွေ၏ စကားကို ပို၍ စိတ်ဝင်စားသွားမိပါသည်။ မှန်ပါသည်။ ငွေကြေးကြွယ်ဝချမ်းသာသောသူများထံ၌ သာမန်ထက် လွန်ကဲသော ထူးထူးဆန်းဆန်းစိတ်ကူး စိတ်သန်းများရှိနေတတ်ကြောင်းကို ကျွန်ုပ် အတွေ့အကြုံအရ သိရှိထားပါသည်။ ထို ထူးထူးဆန်းဆန်း စိတ်ကူးစိတ်သန်းကို လက်တွေ့ အကောင်အထည်ဖော်ရန် အတွက်လည်း ငွေကြေး အမြောက်အမြား အကုန်အကျခံကာ သုံးစွဲလေ့ရှိကြောင်းနှင့် ထက်သန်သောဆန္ဒရှိတတ်ကြောင်းများကိုလည်း ခန့်မှန်းမိခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေသည် သူ့စကားကို ဆက်လေသည်။

"အဲဒီစိတ်ကူးကတော့ အခြားမဟုတ်ပါဘူး လှောင်အိမ်ထဲမှာ ထည့်သွင်းမွေးမြူထားတဲ့ ကျားမကြီးက ကျားပေါက်ကလေးတစ်ကောင် မွေးလာတော့ အဲဒီကျားပေါက်ကလေးကိုသူက သီးသန့်မွေးမြူသွားလိုတယ်ဆိုတာပါပဲ"

"ကျားပေါက် ကလေးတစ်ကောင်ကို သီးသန့်မွေးမြူတာဟာ ဘာများထူးဆန်းလို့လဲဗျာ" ကျွန်ုပ်က သူ့စကားကိုဖြတ်၍ ပြောလိုက်ပါသည်။ ဤတွင်မှသူက. . .

"ကျွန်တော်လည်း အဲဒါကို ပြောချင်တာပါပဲဆရာ၊ ကျားပေါက်ကလေးတစ်ကောင်ကို မွေးမြူတာဟာ ဘာမှမထူးဆန်းပါဘူး။ အဲ. . ထူးဆန်းတာက အဲဒီကျားပေါက်ကလေးကို သူဘယ်လိုမွေးမြူသွားတာလဲဆိုတာပါပဲ"

"အင်း. . . ပြောပါဦး"

"ကျားပေါက်ကလေးကို မွေးမြူတာနဲ့သူ့ရဲ့ထူးထူးဆန်းဆန်း စိတ်ကူးကစတော့တာပါပဲ။ ကျားဆိုတာ အသားစားသတ္တဝါဖြစ်ကြောင်း ဆရာလည်း သိပြီးသားပါ။ သူက အဲဒီကျားပေါက်ကလေးကို အသားစားသတ္တဝါအဖြစ် မွေးမြူမသွားလိုဘူး။ အသီးအရွက်စား သတ္တဝါအဖြစ် မွေးမြူသွားလိုတာဖြစ်တယ်"

"ဗျာ. . . "

ဤတွင် ကျွန်ုပ်အံ့အားသင့်မိရတော့သည်။ ကျားတစ်ကောင်ကို ငယ်ရွယ်စဉ်မှစ၍ အသီးအရွက်စား သတ္တဝါအဖြစ် လေ့ကျင့်မွေးမြူသွားရန် ကြိုးစားခြင်းမှာ သာမန်အားဖြင့် စိတ်ကူးမိရန် မလွယ်ကူသောအကြောင်းအရာတစ်ခု ဖြစ်ပါသည်။ အသီးအရွက်စားသော ကျားတစ်ကောင်ပေါ် ပေါက်လာရန် အဘယ့်ကြောင့် သူကြိုးစားခဲ့ပါသနည်း။ ကျွန်ုပ်သည် ကျွန်ုပ်မိတ်ဆွေ၏ စကားကို စိတ်ဝင်စားစွာဆက်လက် နားထောင်မိပါတော့သည်။

"ကျားသူဌေးဟာသူ့ရဲ့ အဲဒီ ထူးထူးဆန်းဆန်း စိတ်ကူးကို လက်တွေ့အကောင်အထည်ဖော်ခဲ့ပါတယ်။ ကျွန်တော်ကတော့ အဲဒီ လက်တွေ့အကောင်အထည်ဖော်မှုကို ဆောင်ရွက်ပေးရတဲ့သူပေါ့ဗျာ"

"ကျွန်တော်မှတ်မိသေးတယ် ကျားပေါက်လေးကို ပထမဆုံးညစာ စကျွေးတဲ့နေ့ကိုလေ"

ကျွန်ုပ်မိတ်ဆွေသည် ထက်သန်သော အမူအရာဖြင့် သူ့စကားကို ဆက်လေသည်။ ထူးထူး ဆန်းဆန်း အစီအစဉ်ထဲ၌ ကိုယ်တိုင်ကိုယ်ကျ ပါဝင်နိုင်ခဲ့ခြင်းအတွက် သူ့မှာ ကျေနပ်ပျော်ရွှင်ခဲ့ပါသလားဟု ကျွန်ုပ်အနေဖြင့် တွေးတောမိလိုက်ပါသည်။ "သူ့ကို ပထမဆုံး

Asian Fame Media Group

စကျွေးတဲ့ညစာက နို့ဆမ်းထားတဲ့ မြက်နုနု ကလေးတွေဗျ။ "သူ စားသလား" ကျွန်ုပ် အလောတကြီး မေးမြန်းလိုက်သည်။ "ဘယ်စားမလဲ. . . သူ့အစာ ခွက်ကို နမ်း ကြည့်တယ်. . . ပြီးတော့ လှည့်ထွက်သွား တယ် နောက်သံလှောင်အိမ်ထောင့်မှာ ငြိမ်ငြိမ်လေး ဝပ်နေတယ်" "သူ ဆာနေမှာ ပဲ" ကျွန်ုပ်က မှတ်ချက်ချမိသည်။ ဤတွင် ကျွန်ုပ်၏ မိတ်ဆွေက "ဟုတ်ပါတယ် သူဆာ နေတယ်၊ သူဆာနေအောင်လည်း ကျွန်တော် တို့က ဘာမှမကျွေးဘဲ ပစ်ထားခဲ့ တယ်လေ၊ သူ သံလှောင်အိမ်ထောင့်ကနေ နောက် တစ်ကြိမ် ပြန်ထလာတယ်။ အစာခွက်ကို နောက်တစ်ကြိမ် အနံ့ခံတယ်၊ နို့နံ့ကို ရတော့ သူနို့တွေကို အစာခွက်ထဲကနေ လျက်တယ်။ အဲဒီအချိန်မှာ ကျားသူငွေးဟာ သူ့ကို မလွတ်တမ်း စိုက်ကြည့်နေတယ်၊ ကျားသူငွေးဟာ တော်တော်စိတ်လှုပ်ရှားနေ ပုံပါပဲ။ အစာခွက်ထဲက နို့တွေကိုလျက်ရင်း မြက်နုကလေး တစ်မျှင် သူ့ပါးစပ်ထဲ ဝင်သွား တယ်။ အဲဒါကို မြင်လိုက်တဲ့ ကျားသူငွေးက ဟော . . . ဟော သူ စားမိသွား. . . သူစား ပြီ သူစားပြီ ဆိုပြီး ဝမ်းသာ အားရအော် တော့တာပါပဲ" ကျွန်တော်သည် မြက်နု ကလေးများကို ရည်ရွယ်ရင်းမရှိဘဲ စားမိသွား သည့် ကျားပေါက်ကလေးတစ်ကောင်ကို မြင်ယောင်မိပါသည်၊ "အဲဒီနေ့က ကျားပေါက် ကလေးဟာ နို့တွေကို ကုန်အောင် သောက်ခဲ့ ပေမယ့် မြက်နုနုကလေးတွေကိုတော့ ကုန် အောင်မစားခဲ့ပါဘူး။ ကျွန်တော့် အထင် မြက်နုနုကလေးတွေ လက်တစ်ဆုပ်စာ လောက်တော့ သူစားမိသွားတယ်" "အဲဒီ လို စားမိသွားတဲ့အတွက် သူ့မှာ နှစ်သက်တဲ့ အနေအထားမျိုး တွေ့ရသလား" ကျွန်ုပ်၏ အမေးကို မိတ်ဆွေက ပြန်ဖြေပါသည်။ "သူ နှစ်သက်တဲ့ အနေအထားမျိုး မတွေ့ရပါဘူး" သူတို့သည် ကျားပေါက်ကလေးတစ်ကောင်ကို စတင်လေ့ကျင့် သင်ကြားပေးနေကြပေပြီ၊ ကျွန်ုပ်မိတ်ဆွေက သူ့စကားကို ဆက်သည်၊ "ကျား သူငွေးဟာ ကျယ်ဝန်းတဲ့ ခြံကြီးတစ်ခြံ ထဲမှာ ဂိုဒေါင်ကြီး တစ်လုံးကိုဆောက်ပါတယ်၊ အဲဒီ ဂိုဒေါင်ကြီးထဲမှာ ကျားပေါက်ကလေး အတွက် သံပန်းလှောင်အိမ်ကြီး သုံးခုထား ရှိပါတယ်၊ တစ်ခု က ကျားပေါက်လေးငယ်ရွယ် စဉ်မှာ နေထိုင်ဖို့ နောက်တစ်ခုက ကျားပေါက် ကလေး အရွယ်ရောက် ကြီးပြင်းလာတဲ့အခါ နေထိုင်ဖို့နဲ့ နောက်ဆုံးတစ်ခုကတော့ ကျားပေါက်ကလေး နာမကျန်းဖြစ် တဲ့အခါနဲ့ ဘိုမင်းအစွမ်း ဖြစ်တဲ့အခါ တွေမှာ နေထိုင်ဖို့ပါ" "ကျားသူငွေး က တော်တော်စေ့စပ်တာပဲ" "ဟုတ် ပါတယ် ကျားသူငွေးဟာ အစစ ရာရာ ထောင့်စေ့အောင် စီစဉ်ခဲ့ တာပါ။ "ကျွန်တော် ကျားပေါက် လေးကို နို့ဆမ်းထားတဲ့ မြက်တွေ ရက်သတ္တပတ်လောက် စိတ်ရှည် ရှည်နဲ့ ကျွေးခဲ့ပါတယ် ကျားပေါက် ကလေးဟာ အစပိုင်းရက်တွေမှာ စားလိုတဲ့ဆန္ဒ မရှိဘဲ နည်းနည်းချင်း ပဲ စားခဲ့ပေမယ့် ခုနစ်ရက်မြောက် တဲ့နေ့မှာတော့ သူဟာ နို့ဆမ်းထား တဲ့ မြက်ကို အတော်များများ စားခဲ့ တယ်" "သူ နှစ်သက်တဲ့ အနေ အထားမျိုးကို တွေ့ရပြီလား" ကျွန်ုပ် ၏ မေးခွန်းကို မိတ်ဆွေက တိုးဖွော သော လေသံဖြင့် ဖြေလိုက်သည်၊ "သူနို့ဆမ်းထားတဲ့မြက်ကို နှစ်သက် တဲ့ အနေအထားမတွေ့ရပါဘူး၊ ဒါပေမဲ့ သူ ဒါကိုစားမှ အသက်ရှင် နိုင်မယ်ဆိုတဲ့အသိတော့ ရှိလာပုံပဲ ဗျ" "ပြီးတော့ ဘာတွေ ဆက်ဖြစ် သလဲ ပြောပြပါဦးဗျာ" "ကျွန်တော် တို့ ကြိုးစားမှုဟာ အောင်မြင်ခဲ့ပါ တယ်၊ တစ်လအတွင်းမှာ ကျား အပေါက်ကလေးဟာ နို့ဆမ်းထားတဲ့ မြက်နုနုတွေကို ကောင်းစွာ စား သောက်လာခဲ့တယ်၊ ဒါ့အပြင် မုန်လာဥ၊ သစ်ကြားသီးကိုလည်း သူစတင် စားသောက်လာခဲ့တယ်၊ သူဟာ မုန်လာဥကို တော်တော် နှစ်သက်ပုံရတယ်ဗျ" ကျွန်ုပ်သည် မိတ်ဆွေ၏စကားကို နားထောင် ရင်းမှာပင် ထူးဆန်းသော ခံစားမှုက ရင်ထဲသို့ ဝင်ရောက်လာခဲ့ပါတော့ သည်။ ကျားတစ်ကောင်က မုန်လာ ဥကို နှစ်သက်စွာ စားသောက်ခဲ့ သည်ဆိုခြင်းမှာ ယုံတမ်းစကား တစ်ခုမဟာ ဖြစ်ပါသည်။ သို့ရာတွင် ဤအဖြစ်အပျက်သည် မြန်မာနိုင်ငံ အထက်ပိုင်းရှိ ဝေးလံ၍ ချောင်ကျ ကျ မြို့ကလေးတစ်မြို့၌ အမှန် တကယ်ပင် ဖြစ်ပျက်ခဲ့ပေပြီ။ "မုန်လာဥလှိုင်လှိုင်ထွက်တဲ့ ဆောင်း တွင်းပိုင်းရောက်ပြီဆိုရင် ကျွန်တော် တို့ ကျားပေါက်ကလေး မြူးထူး ပျော်ရွှင်နေတာကို ခင်ဗျား မြင်စေ ချင်တယ်ဗျာ၊ သူတကယ် ပျော်ရွှင် နေခဲ့တာဗျ၊ ကျွန်တော်တို့ စိုးရိမ် ပူပန်ခဲ့သလို အသီးအရွက်တွေကို သူငြီးငွေ့မသွားခဲ့ဘူး။ ကျွန်တော် တို့ ကျားသူငွေးက ပြောသဗျ။ သူ့ရဲ့ မိဘဘိုးဘွားများရဲ့ ဇာတိဖြစ်တဲ့ ဟူးကောင်းချိုင့်ဝှမ်းကို တစ်နေ့နေ့ မှာ ပြန်လွှတ်ပေးချင်တယ်တဲ့။ အဲဒီ အတွက် အခုကတည်းက ပြင်ဆင် ထားရမယ်ဆိုပြီး ဟူးကောင်းချိုင့် ဝှမ်းမှာ အလေ့ကျပေါက်တဲ့ စားပင် သီးပင်တွေ သစ်ဥသစ်ဖုတွေရဲ့ အ မျိုးအစားနဲ့ စာရင်းကို လေ့လာ ကောက်ယူခဲ့ပြီး ဟောဒီခြံ ကြီးထဲမှာ စမ်းသပ်စိုက်ပျိုးခဲ့ပါတယ်၊ အဲဒီ သစ်သီး၊ သစ်နှံ၊ သစ်ဥ၊ သစ်ဖု စားပင်၊ သီးပင်တွေနဲ့အတူ မုန်လာ ဥကတော့ မပါမဖြစ်စိုက်ပျိုးထားတဲ့ သီးနှံပေါ့ဗျာ။



ယခုကျွန်ုပ်ရောက်ရှိနေသော နေရာသည် မြန်မာနိုင်ငံအထက်ပိုင်း ဝေးလံ၍ ချောင်ကျကျမြို့ငယ်က လေးတစ်မြို့တွင်ရှိခြံကြီးတစ်ခြံထဲ မှာ ဖြစ်ပါသည်။ ရာသီဥတုမှာ မိုး ကုန်ပြီးစ ဆောင်းဦးနေ့ရက်များ ဖြစ်ပါသည်။ ကျွန်ုပ်ရောက်ရှိနေ သော မြို့ငယ်ကလေး၏ မိုးကောင်း ကင်အောက်တွင် မြူများဆိုင်းနေ သည်ကို မြင်တွေ့ရသည်။ အအေး ဓာတ် နုနုကလေးဟာ ညင်ညင်သာ သာရှိနေသည်။ အချိန်မှာ ညနေ စောင်းသွားခဲ့ပြီ။ ညဦးရောက်လျှင်

Asian Fame Media Group

တော့ အအေးဓာတ်က ယခုထက် ပိုမိုလာဖွယ်ရာရှိ နေသည်။ ကျွန်ုပ်အတွက် မိတ်ဆွေက ကော်ဖီပူပူတစ်ခွက်ကို ယူလာပေးသဖြင့် ကျွန်ုပ်လည်း ကော်ဖီပူပူကို ဖြည်းဖြည်းချင်း သောက်နေမိပါသည်၊ ကော်ဖီပူပူကိုသောက်ရင်း ကျွန်ုပ်ပြုလုပ်ရမည့် လုပ်ငန်းစဉ်ကို ဦးခေါင်းထဲမှာ စဉ်ကြည့်နေမိပါသည်။ အရွယ်ရောက်လာပြီဖြစ်သော ကျားကို ဓာတ်ပုံမှတ်တမ်းတင်ရန်။ သူလဲလျောင်းနေပုံ၊ သူလမ်းလျှောက်နေပုံ၊ သူအစာစားနေပုံ၊ သူအိပ်စက်နေပုံ၊ သူ၏ တစ်နေ့တာနေထိုင်မှုပုံစံများကို စိတ်ကြိုက် ဓာတ်ပုံများရရှိရန်အတွက် ကျွန်ုပ်မှ ဆောင်ရွက်ရမည် ဖြစ်သလို သူ့ဘဝ၏ မှတ်တမ်းတစ်စောင်ကိုလည်း ကျွန်ုပ်က ရေးသားပြုစုရမည် ဖြစ်ပါသည်။ ကျားသူဌေးသည် ကျွန်ုပ်ကို ဤသို့ ဆောင်ရွက်ရန် ငှားရမ်းခဲ့ခြင်း ဖြစ်ပါသည်၊ ကျားသူဌေးတွင် ယခု ကျွန်ုပ်ပြောခဲ့သည့် စိတ်ကူးစိတ်သန်းများ သာမက ထို့ထက်ပို၍ ကျယ်ပြန့်ကြီးမားသော စိတ်ကူးစိတ်သန်းများလည်း ရှိနေပါသည်၊ ကျားသူဌေးသည် သူ၏အသီးအရွက် စားကျားတစ်ကောင်ကို ဧည့်ပရိသတ်များနှင့် မီဒီယာများအား ဖိတ် ကြား၍ ပြသသွားရန် ရည်ရွယ်ထားပါသည်။ ဆယ်နှစ်နီးပါး လျှို့ဝှက်ထားခဲ့သော အသီးအရွက်စား ကျားတစ်ကောင်ကို မီဒီယာများနှင့် လူထုသို့ ချပြပေးမည် ဖြစ်ပါသည်။ ရုပ်သံမီဒီယာများ စာနယ်ဇင်းများနှင့် Face Book မှတစ်ဆင့် အသီးအရွက်စားကျားတစ်ကောင်သည် ဝင်ရောက်လာတော့မည် ဖြစ်ပါသည်။ ကျွန်ုပ်သည် ကျားတစ်ကောင်ကို စိတ်တိုင်းကျ ဓာတ်ပုံအမျိုးမျိုး ရိုက်ခွင့် ရခဲ့ပါသည်။ ကျား၏ မျက်လုံးများသည် အထူးပင် တောက်ပနေသည်ကို ကျွန်ုပ်အသိ ပြုမိခဲ့ပါသည်၊ ကျားစားသော အသီးအရွက် များကိုလည်း ကျွန်ုပ် ဓာတ်ပုံမှတ်တမ်းတင် နိုင်ခဲ့ပါသည်။ နီမြက်နုနုကလေးများ၊ မုန်လာဥ၊ သစ်ကြားသီး၊ နာနတ်၊ အရည်ရွှမ်းသော သစ်သီးများ၊ အစိမ်းရောင်ရှိသော အရွက်များ စုံစုံလင်လင် မှတ်တမ်းတင်နိုင် ခဲ့ပါသည်၊ မှန်ပါသည်။ အသီးအရွက်များသာ စားသောက်ခဲ့ရသော်လည်း ကျား၏ကျန်းမာရေးက အထူးပင် ကောင်းမွန်နေသည်၊ အောင်မြင်မှုတစ်ခု ဖြစ်ပါသည်၊ ယခုနှစ် ဆောင်းအလယ်တွင် ရုပ်သံမီဒီယာများ၊ စာနယ်ဇင်းများ၊ ဧည့်ပရိသတ်များကို ဖိတ်ကြား၍ သူလေ့ကျင့်မွေးမြူထားသော ကျားကို ရှင်းလင်းပြသွား

**ဆယ်နှစ်နီးပါး လျှို့ဝှက်ထားခဲ့သော အသီးအရွက်စား ကျားတစ်ကောင်ကို မီဒီယာများနှင့် လူထုသို့ ချပြတော့မည်…**

ရန် ကျားသူဌေးဟာ စီစဉ်ထားရှိပါသည်။ ကျွန်ုပ်သည် ထိုနေ့က အရွယ်ရောက် လာပြီဖြစ်သော ကျားနေထိုင်ရာ သံလှောင် အိမ်ကြီးများအနီးသို့ ချဉ်းကပ်၍ မှတ်တမ်းဓာတ်ပုံများ တစ်ပုံပြီး တစ်ပုံရိုက်ကူးခဲ့ပါသည်။ မြန်မာနိုင်ငံ အထက်ပိုင်းရှိ ဝေးလံ၍ ချောင်ကျကျ မြို့ငယ်ကလေး၏ ရာသီဥတုမှာအေး၍ မမျှတသော ရာသီဥတုမျိုး ဆန်ဆန် ဖြစ်သည်ဟု ကျွန်ုပ်ထင်မှတ်မိသည်။ ဤလို ရာသီဥတုမျိုးသည် ကျားတစ်ကောင်ကို ကောင်းစွာရှင်သန်ကြီးပြင်းစေခဲ့ပေပြီ။ မှန်ပါသည်၊ ကျားသူဌေး သည် သူ၏ ကျား ပေါက်ကလေးကို ငယ်ရွယ်စဉ် မှပင် စတင်ကာ သီးသန့်ထိန်းသိမ်း မွေးမြူစောင့်ရှောက်လာခဲ့ခြင်း ဖြစ်ပါသည်။ ခြံကြီးထဲတွင် ဖြစ်ထွန်း အောင်မြင်နေသော မုန်လာဥခင်းကို တွေ့ရသည်။ မုန်လာဥနှင့် အတူ အခြား ဟင်းသီးဟင်းရွက်များလည်း စိုက်ပျိုးထားပေသည်၊ ဆလတ်၊ ဂေါ်ဖီ၊ ချဉ်ပေါင်၊ နီကိုဥများလည်း စိုက်ပျိုးဖြစ်ထွန်း အောင် မြင်နေပေသည်၊ ကျွန်ုပ်သည် ကျွန်ုပ် မိတ်ဆွေကို မေးခွန်း ထုတ်ရပေတော့ သည်၊ "ကျုပ်ကို ပြောပြစမ်းပါဦးဗျ ဟောဟိုမှာ ဆလတ်၊ ဂေါ်ဖီနဲ့အတူ ချဉ်ပေါင်တွေပါ စိုက်ပျိုးထားတာ တွေ့ရတယ်။ ချဉ်ပေါင်တွေကို သူ ဘယ်လို စားသလဲဆိုတာ ပြောပြနိုင် မလား"

"ဟုတ်ပါရဲ့ ခင်ဗျားမေးမယ်ဆို မေးထိုက်ပါတယ်။ ဒီလိုဗျ ချဉ်ပေါင်ကို သူဒီအတိုင်းမစားဘူး။ ရေနွေးနဲ့ ဖြောပြီးမှ အခြားသီးနဲ့ အရွက်တွေ နဲ့ ရောနှောကျွေးရင်တော့ စားပါတယ်။ အချဉ်ဓာတ်ကလေး နည်း နည်းပါတော့ သူ့နှုတ်ကို မြိန်စေမှာ ပေါ့ဗျာ" ကျွန်ုပ်မိတ်ဆွေက စိတ်ပါ လက်ပါရှင်းလင်းပြောပြခဲ့ပါသည်။ "ပြီးတော့ သူက သစ်ကြားသီးကို သိပ်ကြိုက်ပေမယ့် သစ်ကြားသီးကို အများကြီး မကျွေးဘူး၊ ခဏခဏ မကျွေးဘူး အဆီအဆိမ့်တွေကို အများကြီးစားပြီး သူလေးလံ ထိုင်း မှိုင်းသွားမှာ စိုးတဲ့အတွက် ကျားသူဌေးက တစ်ပတ်ကို တစ်ကြိမ်ပဲ ကျွေးဖို့ စီစဉ်သတ်မှတ်ပေးခဲ့ပါတယ်" နို့ကိုတော့ နေ့စဉ် ဝလင် အောင် တိုက်ကျွေးပေးပါတယ်" ဤ နေရာ တွင် ကျွန်ုပ်သည် အရေးကြီး သော မေးခွန်းတစ်ခုကို မေးမြန်းရန် ရုတ် တရက် သတိရလာပါသည်။ "ခင်ဗျား သူ့ကို လေ့ကျင့်မွေးမြူလာတဲ့ ကာလတစ်လျှောက်မှာ သူဒေါသ ထွက်တာနဲ့ ကြုံဖူးသလား။ ကြုံဖူး တယ်ဆိုရင် ဘာကြောင့် ဒီလိုဖြစ် တယ်ဆိုတာ သိချင်တယ်ဗျာ"

"အင်း . . . ခင်ဗျားမေးခွန်းထဲ က အကြောင်းအရာဟာ ကျွန်တော် စိတ်ထဲမှာ ပူပင်နေခဲ့မှုတဲ့အကြောင်း အရာတစ်ခုပါပဲ၊ ဒါပေမဲ့ ဒါဟာ ကျွန်တော့်ရဲ့ ပူပန်မှုသက်သက်ပါ။ ကျွန်တော်သူ့ကို လေ့ကျင့်မွေးမြူ လာခဲ့တဲ့ ကာလတစ်လျှောက်မှာ သူ ဒေါသထွက်တာ မတွေ့ခဲ့ဖူးပါဘူး၊ မကြုံခဲ့ဖူးပါဘူး။ ဒါပေမဲ့ ပြီးခဲ့တဲ့ မိုးတွင်းတစ်ရက်မှာတော့ ထူးထူးခြား ခြားအဖြစ်အပျက်တစ်ခု ဖြစ်ပွားခဲ့ တာ ကျွန်တော်မှတ်မိနေတယ်။ အဲဒီနေ့က ကျွန်တော်တို့ ခြံကြီးထဲမှာ မိုးသားမပွပေါ်ပေါ်ပြီး ယပ်ချွန်းမျှ ချတဲ့ နေ့တစ်နေ့ပေါ့။ အပြင်မှာ မိုး ဟာ တစိမ့်စိမ့်ရွာနေတယ်၊ လျှပ်စီး တွေ တဝင်းဝင်း တလက်လက်နဲ့ မိုး ထစ်ချုန်းသံတွေက ကျယ်လောင်စွာ ထွက်ပေါ် လာနေတယ်။ မိုးထစ်ချုန်း သံတွေလည်းကြားရော သူဟာ လှောင်အိမ်ထောင့်မှာ ငြိမ်ငြိမ်သက် သက်ဝပ်နေရာကနေ ဝုန်းဆိုထလာ ပြီး ကျယ်လောင်တဲ့အသံနဲ့ ဟိန်း တော့တယ်။ မိုးသံ လေသံထဲမှာ ကျားဟိန်းသံဟာ တဝေါ်းဝေါ်း မြည်နေတယ်။ သူ ဒေါသထွက်နေ တယ်လို့တော့ ကျွန်တော် မထင်ဘူး ကျားတစ်ကောင်ရဲ့ ဗီဇသဘောစိတ် တွေ သူ့ဆီအပြည့်အဝရောက်ရှိသွား တာပဲလို့ ကျွန်တော် ထင်မှတ်မိ တယ်ဗျာ" ထိုအချိန်မှာ ကျွန်ုပ်နှင့် ကျွန်ုပ်မိတ်ဆွေတို့ ကျားလှောင်အိမ် ကြီးအနီးသို့ ရောက်ရှိနေကြသော အချိန်ဖြစ်သည်။ ကျွန်ုပ် မိတ်ဆွေ၏

af MEDIA GROUP
Asian Fame Media Group



စကားသံ ဆုံးသွားသောအခါ လှောင်အိမ် အလယ်ကောင်တွင် တည်တည်ငြိမ်ငြိမ်ဝပ်နေသော ကျားသည် မျက်လုံးများကို ဆတ်ခနဲဖွင့်ကာ ကျွန်ုပ်ကို လှမ်းကြည့်လိုက်လေသည်။ ကျားသည် ကျွန်ုပ်တို့ သူ့အကြောင်း ပြောနေကြသည်ကို နားလည်သိရှိနေဘိသည့်အလား ကျွန်ုပ်ကို လှမ်းကြည့်လိုက်သလို ခံစားလိုက်ရသည်။ စိမ့်ဝါရောင်လဲ့လဲ့သမ်း၍ တောက်ပနေသော မျက်လုံးများသည် ပြင်းထန်သော ခွန်အားတစ်ရပ်တည်ရှိရာနေရာတစ်ခု ဖြစ်သည်ကို ကျွန်ုပ်သဘောပေါက်လိုက်ပါသည်။ ကျား၏ရှေ့တွင်ရှိသော နို့ခွက်မှ နို့များမရှိတော့ပါ။ အခြား အစာခွက်တစ်ခုတွင် မုန်လာဥအနည်းငယ်ကို တွေ့ရပါသည်။ ကျွန်ုပ်သည် သားရဲတိရစ္ဆာန်တစ်ကောင်၏ စူးစူးရဲရဲ နိုင်လှသော သားရဲနံ့ကို ရလိုက်မိပါသည်၊ ကျွန်ုပ်ကို စူးစူးစိုက်စိုက် ကြည့်နေသော ကျားသည် "ဝေါင် . . ." တစ်ချက် အော်ကာ လှောင်အိမ် အလယ်ကောင်တွင် တည်တည်ငြိမ်ငြိမ်ပင် ပြန်ဝပ်သွားပါသည်၊ ကျားတစ်ကောင်၏ ဟိန်းဟောက်သံကို ကျွန်ုပ် မကြားဖူးပါ။ ယခု ကြားလိုက်ရသော အသံသည် ဒေါသထွက် နေသော ကျားတစ်ကောင်၏ အသံတော့ မဟုတ်နိုင်ပါ၊ ကျွန်ုပ် ကြားလိုက်ရသော "ဝေါင် . . ." မနဲ မြည်သံသည် "ပါရှိပာယ်" ဟု ပြောလိုက်သလိုပင် ဖြစ်လိမ့်မည်ဟု ကျွန်ုပ်က တွေးယူကြည့်ခဲ့ပါသည်။ ကျားသူဌေးသည် သူ၏ အသီးအရွက်စားသော ကျားကို ပြင်ပသဘာဝလောကကြီးနှင့် ဆက်သွယ် ဖြတ်တောက်နိုင်သမျှ ဖြတ်တောက်ထား လှောင်အိမ်ထဲတွင် ပျော်မွေ့တတ်အောင် လေ့ကျင့်မွေးမြူခဲ့ပါသည်။ ကျားတစ်ကောင်သည် လှောင်အိမ်အတွင်းမှာ ပျော်ပိုက်ပါ သလား၊ ကျားတစ်ကောင်သည် အသီးအရွက်စားခြင်းကို အမြဲတမ်းနှစ်လိုနိုင်ပါသလား၊ ကျွန်ုပ်သည် ကျွန်ုပ်နားနေရမည့် အခန်းထဲတွင် လဲလျောင်းရင်း တစ်ညလုံး မအိပ်စက်နိုင်ပဲ အတွေးများ တစ်ခုပြီးတစ်ခုပေါ်လာပါသည်။ ညဉ့်နက် စပြုပြီ၊ အအေးဓာတ်က အနည်းငယ် ပိုလာသည်။ ကျွန်ုပ်မှာ အိပ်ချက်စိတ်မရှိ၊ ဤသို့ဖြင့် ကျွန်ုပ်သည် ခရီးဆောင်အိတ်ကို ဖွင့်ကာ အသင့်ဆောင်ထားသော ဝီစကီ ပုလင်းပုကလေးကိုဖွင့်၍ တစ်ငုံနှစ်ငုံမျှ သောက်ပြီး အိပ်ရာထက်မှာ ခြေပစ်လက်ပစ် လှဲချလိုက်ရာ မည်သည့်အချိန်တွင်

အိပ်ပျော်သွားသည်မသိ နောက်တစ်နေ့နံနက် ကျွန်ုပ်မိတ်ဆွေ၏ အခန်းတံခါးခေါက်သံ တဒေါက်ဒေါက်ကြားရမှသာ အိပ်ရာမှနိုးလာပေတော့သည်။

ကျွန်ုပ်သည် မြန်မာနိုင်ငံ အထက်ပိုင်းရှိ ဝေးလံ၍ ချောင်ကျကျ မြို့ကလေးတစ်မြို့မှ ပြန်လာခဲ့သည်မှာပင် အတန်ကြာမြင့်ခဲ့ပေပြီ၊ ကျားသူဌေး သတ်မှတ်ပေးထားသော ရက်သို့ ရောက်ရှိရန် ရက်အနည်းငယ်အလိုတွင် ကျွန်ုပ်သည် ခရီးထွက်ရန် အထုပ်အပိုးများပြင်ဆင်ကာ အသင့်ပြုလုပ်ထားပါသည်၊ ကျွန်ုပ် အဆောင်သင့် ပြင်ဆင်ပြီးသည်နှင့် နောက်တစ်နေ့တွင် ကျားသူဌေး လွှတ်လိုက်သော ထရပ်ကားကြီးသည် ကျွန်ုပ်အိမ်ရှေ့သို့ ဆိုက်ရောက်လာပေတော့သည်။ ဒရိုင်ဘာသည် သူ၏ ကားဟွန်းကိုကျယ်လောင်စွာ တီးရင်း ကျွန်ုပ်ကို လှမ်းခေါ်နေသလိုရှိသည်၊ အချိန်မှာ နံနက်စောစောဖြစ်ပြီး ဆောင်းရက်များသို့ ရောက်ရှိနေပြီဖြစ်ရကား မြူနှင်းများနှင့် အအေးဓာတ်ကသိသာစွာပင် ရှိနေပါသေးသည်။ ကျွန်ုပ်သည် ထရပ်ကားကြီး မောင်းနှင် ဝင်ရောက်လာသံများကို ကြားလိုက်ရ ကတည်းက အသင့်ဖြစ်နေပါပြီ။ ကျွန်ုပ်၏ ထမင်းချက်သည် ခရီးသွားအိတ်ကြီးကို ထမ်းယူကာ ထရပ်ကားကြီးဆီသို့ သယ်ဆောင်သွားလေသည်။ ကျွန်ုပ်လည်း သူ့နောက်မှ လိုက်ပါကာ ထရပ်ကားကြီး၏ ရှေ့စက်ခေါင်းထဲသို့ တံခါးဖွင့်ကာ တက်လိုက်ပါသည်။ ထရပ်ကားကြီး၏ နောက်ခန်းထဲတွင် ကျွန်ုပ်၏ ခရီးသွားအိတ်ကြီးကို နေရာချထားကာ ကျွန်ုပ်ကို အရိအသေပေးပြီးနောက် ထမင်းချက်သည် ကျွန်ုပ်နေထိုင်သော အဆောက်အဦထဲသို့ ပြန်လည် ဝင်ရောက်သွားပါတော့သည်။ ကားရှေ့ခန်းတံခါးကို ဂျိုင်းခနဲ ပိတ်လိုက်ပြီးသည်နှင့် ထရပ်ကားကြီးသည် တအီးအီးမြည်ကာ စတင် ထွက်ခွာလာခဲ့ပါတော့သည်။ ထရပ်ကားကြီး အေးစက်သော လေထုကို ထိုးခွဲကာ တစ်ဟုန်ထိုး ယှက်မှာလာခဲ့ပါသည်၊ ကျွန်ုပ်တို့သည် လမ်းခရီးတွင် မလိုအပ်ဘဲ မရပ်မနား တောက်လျှောက် မောင်းနှင်လာခဲ့ကြရာ ညနေစောင်း မှောင်ရီ ဖျိုးဖျအချိန်တွင် မြန်မာနိုင်ငံ အထက်ပိုင်းရှိ ဝေးလံ၍ ချောင်ကျကျမြို့ ကလေးသို့ ရောက်ရှိပါတော့သည်။

မြို့ကြီးထဲရှိ သီးသန့်ခင်းကျင်းပြင်ဆင်ထားသောနေရာတွင် ကျားသူဌေးကို တွေ့ရသည်။ သူသည် မနက်ဖြန် မနက်တွင် ကျင်းပပြုလုပ်မည့်ပွဲအတွက် စိတ်လှုပ်ရှားနေဟန်ရှိသည်။ ရုပ်သံမီဒီယာများ၊ စာနယ်ဇင်းသမားများလည်း ရောက်ရှိနေကြပေပြီ။ ခြံဝင်းကြီးထဲရှိ မြေညီလွင်ပြင်တွင် စားပွဲ၊ ကုလား ထိုင်များခင်းကျင်းပြင်ဆင်ထားပြီး စားပွဲကုလားထိုင်များရှေ့တူရူတွင် စင်မြင့်တစ်ခုရှိကာ စင်မြင့် အနီးတွင် အတန်ငယ်မြင့်သော စကားပြောရန်

Asian Fame Media Group

နေရာ တစ်ခုကို တွေ့ရသည်။ ရုပ်သံ မီဒီယာများမှ ကင်မရာများက ယခုကတည်းကပင် ရှုထောင့် အသီးသီးမှ နေရာယူထားကြပြီဖြစ်သည်။ ကျားသူဌေးသည် မနက်ဖြန် မနက်တွင် ကျင်းပပြုလုပ်မည့် ပွဲအတွက် စိတ်လှုပ်ရှားနေဟန် ရှိသလို တက်ကြွနေဟန်လည်း ရှိပါသည်။ ထိုနေ့က ဧည့်သည် အသီးသီးသည် ခြံဝင်းကြီးထဲရှိ မိုးကာတဲများဆီသို့ သွားကာ တစ်ညတာ အနားယူ ကြသောအခါ ကျွန်ုပ်လည်း ယခင် ကျွန်ုပ်တည်းခို နားနေရာ အခန်းသို့သွား၍ လဲလျောင်း အနားယူခဲ့ပါတော့သည်။ ဆောင်းလလယ် ရက်များပေမို့ ညသည် အေးစက် နေပါသည်။ ကျွန်ုပ်သည် ထူထဲသော အကျီ ပွကြီးကို ဝတ်ဆင်ကာ အိပ်ရာထဲလဲ လျောင်းရင်း အိပ်ပျော်သွားပါတော့သည်။

နံနက်လင်းပေပြီ။ မြူနှင်းများ တဖွဲဖွဲ ကျဆင်းနေသည်။ နေရောင် ခြည်နုနုကလေးသည် မြူနှင်းများကြားထဲမှ တဖြည်းဖြည်း ချင်းကျ ဆင်းလာနေသလို ထင်မှတ်ရသည်။ ခြံကြီးတစ်ခုလုံး လှုပ်ရှားသက်ဝင်နေပေပြီ။ ကျွန်ုပ်သည် ယနေ့အဖို့ တောနံ့တောင်နံ့များကို ပို၍ရမိသလိုခံစား ရပေသည်။ ခြံဝင်းကြီးပြင်ပရှိ သစ်ပင်ကြီးများသည် ဆိတ်ဆိတ်ငြိမ်ငြိမ် နှင့် သစ်ရွက်များပင် လှုပ်ရှားမှု မရှိကာ တစ်စုံတစ်ခု နားစွင့်နေကြသည့် အလားရှိနေပေသည်၊ ခြံဝင်းကြီး ထဲတွင် နေရောင်ခြည် နုနုကလေးများက ရွှေသည် ဆိုနေမျှ ရွှေကာ ဖြာကျလာနေပေပြီ။ ရုပ်သံမီဒီယာများ၊ စာနယ်ဇင်းများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လေ့လာသူများအားလုံး မိမိတို့ နေရာအသီးသီးမှာ နေရာယူထား ကြပြီဖြစ်ပါသည်။ ဤအချိန်တွင် ကျားသူဌေးသည် အတန်ငယ်မြင့်သော စကားပြောရန်နေရာသို့ရောက် ရှိလာကာ နှုတ်ခွန်းဆက်စကား ပြောကြပါသည်။ ခြံဝင်းကြီးထဲရှိ ဧည့်သည်တော်များ၊ လေ့လာသူများ၊ စာနယ်ဇင်းသမားများ၊ ရုပ်သံမီဒီယာများသည် ကျားသူဌေး၏ နှုတ်ခွန်းဆက်စကားကို စိတ်ပါဝင်စားစွာ နားထောင်နေကြပါသည်။ ကျားသူဌေးသည် ဆယ်စုနှစ် တစ်ခုနီးပါး တိတ်တိတ်ဆိတ် ဆိတ်ရှိနေခဲ့သော သူ၏ လျှို့ဝှက်ချက်ကို တရားဝင် ထုတ်ဖော်ပြောကြားလိုက်သောအခါ တက်ရောက်လာကြသူများအားလုံး အထူးပင် စိတ်ဝင်စားလျက်ရှိနေကြောင်း စိတ်ဝင်စားမှုများ တဖြည်းဖြည်း မြင့်တက် လာကြကြောင်းကို တွေ့ရပါသည်။

"တက်ရောက်လာကြသော ဧည့်သည်တော်များနဲ့ မိတ်ဆွေများ ခင်ဗျာ ကျွန်တော်ဟာကျား တစ်ကောင်ကို ငယ်စဉ်အရွယ်ကလေးကတည်း ကစပြီး ပုံသွင်း လေ့ကျင့် ကြည့်ဖို့ စိတ်ကူးရခဲ့ပါတယ်။ အဲဒါကတော့ ကျားတစ်ကောင်ကို အသားစား သတ္တဝါ အဖြစ်မှ အသီးအရွက်စား သတ္တဝါ အဖြစ် ရောက်ရှိအောင် ပြောင်းလဲကြည့်ဖို့ပါပဲ။ ဒီကနေ့ အဲဒီစိတ်ကူးကို ကျွန်တော် အကောင်အထည် ဖော်နိုင်ခဲ့ပြီဆိုတာ လူကြီးမင်းတို့မြင်တွေ့ရမှာ ဖြစ်ပါတယ်"

> **ကျွန်ုပ်မိတ်ဆွေသည် နို့ဆမ်းထားသော မြက်နုနုကလေးများကို ယူလာကာ ကျားရှေ့သို့ ချပေးလိုက်ပါသည်။ ကျားသည် ဘာမျှမထူးဆန်းသလိုပင် နို့ဆမ်းထားသော မြက်များကို စားလေသည်။**

ကျားသူဌေး၏ စကားသံ အဆုံးတွင် ကျွန်ုပ်မိတ်ဆွေသည် ကျားကို လှောင်အိမ်အတွင်းမှ ညင်သာစွာ ထုတ်ယူကာ စင်မြင့် ထက်သို့ ခေါ်ဆောင်လာခဲ့ပါတော့သည်။ မှန်ပါသည်။ ကျားသည် ကျားသူဌေး၏ စကားကိုနားလည် ဘိသည့်အလား စင်မြင့်ထက်သို့ လွှားခနဲ ခုန်တက်လိုက်ပါသည်။ ကျားသည် စင်မြင့်ထက်သို့ ရောက်ရှိသွားပေပြီ။ ကျားသည် လေးဖက်ချကာ ရပ်လျက် ဧည့်ပရိသတ်များကို စိမ်းစိမ်းကြီး ကြည့်နေသည်။ ကျားသည် မည်သည့် အသံကိုမျှ မပြုပါ။ လေးဖက်ချကာ ရပ်မြဲရပ်လျက် သူ၏ တောက်ပသော စိမ်းဝါရောင်လဲ့ မျက်လုံးအစုံဖြင့် ဧည့်ပရိသတ်များကို ကြည့်နေပါသည်။ ကင်မရာ မီးပွင့် ဖျတ်ခနဲ ဖျတ်ခနဲ လင်းသွားသည်။ ရုပ်သံကင်မရာများက ကျားကို အမိအရ မှတ်တမ်းတင်နေကြသည်။ စာနယ်ဇင်း သမား များက သူတို့၏ မှတ်စုစာအုပ်တွင် အချက်အလက်များ ရေးသားမှတ်တမ်းတင်နေကြသည်။ ထိုအချိန်တွင် ကျွန်ုပ်မိတ်ဆွေသည် နို့ဆမ်းထားသော မြက်နုနုကလေးများကို ယူလာကာ ကျားရှေ့သို့ ချပေးလိုက်ပါသည်၊ ကျားသည် ဘာမျှမထူးဆန်းသလိုပင် နို့ဆမ်းထားသော မြက်များ ကို စားလေသည်။ ကျားသူဌေးက အတန်ငယ် မြင့်သော စကားပြော ရန်နေရာမှ ရှင်းလင်းချက်များကို အစီအစဉ် တကျပြောပြ နေပါသည်။ ကျားသည် [illegible]ရင် ပင် မုန်လာဥ များကို စားနေပါသည်။ ကျားသည် သူ့အဖို့ ဘာမျှမထူးဆန်း သလိုပါပင်၊ သူ၏ ကျားက ရေနွေးဖြောထားသော မုန်လာဥများကို စားနေချိန်တွင် ကျားသူဌေးသည် စိတ်လှုပ်ရှားစွာဖြင့် ရှင်းလင်းချက်များကို ပြောပြနေပါသည်။ ထိုအချိန်တွင် တောနံ့တောင်နံ့ကို ကျွန်ုပ်ရလိုက် မိသလိုရှိသည်၊ ကျားသည် ရေနွေး ဖြောထားသော မုန်လာဥများကို စားနေရင်းမှ ဆတ်ခနဲ ရှေ့တူရှုသို့ လှည့်ကြည့်လိုက်သည်။ ကျား၏အသက်ဝင်၍ ထူးခြားသော အပြုအမူကြောင့် အားလုံး နောက်သို့ လှည့်ကြည့်မိလိုက်ကြသည်။ မှန်ပါသည်။ လူငယ်ကလေးတစ်ယောက်သည် ယုန်ကလေးတစ်ကောင်ပွေ့ကာ ခြံဝင်းကြီးထဲသို့ တရွေ့ရွေ့ဝင် ရောက်လာသည်၊ အားလုံး၏အ ကြည့်များက ကျားဆီသို့ ပြန်အ ရောက်တွင် ကျားသည် လွှားခနဲ ခုန်ကာ ဧည့်သည်များ ထိုင်နေသော စားပွဲများကို အရှိန်အဟုန်ဖြင့် နင်းကာ ဖြတ်သန်းသွားပါသည်၊ ပွဲသည် ရုတ်တရက် ဖရိုဖရဲဖြစ်ကာ ထိတ်လန့်သော အသံများ ထွက် ပေါ်လာပါသည်၊ စားပွဲများပေါ်မှ ပုလင်းများ ဖန်ခွက်များ ပန်းကန်များ အလဲလဲ အပြိုပြို ဖြစ်သွားချေပြီ။ ကျားသူဌေးသည် မယုံနိုင်သော မျက်နှာဖြင့် သူ၏ကျားအား ကြည့်နေချိန်ဝယ် ကျားသည် လူငယ် ကလေး၏ လက်ထဲမှ ယုန်ကို မိမိရရ ကိုက်ခဲထားပေပြီ။ ပြီးနောက် ကျားသည် သွေးစိမ်းရှင်ရှင် ထွက်နေသော ယုန်ကို စတင်ကိုက်ဝါးစားသောက် နေလေ၏။ ကျားသည် သူ့အဖို့ ဘာမျှမထူးဆန်းသလိုပါပင်။

**နေမျိုး**

Asian Fame Media Group

ကြည်ဖြူသျှင်၏

# "မိုးကောင်းကင်၌တိမ်တိုက်များ"

မောင်အိမ်စံ




(၁)

ဝတ္ထုကိုမြအေး၊ ဇာတ်ညွှန်းဒါရိုက်တာ ကြည်ဖြူသျှင်၊ နေတိုး၊ သက်မွန်မြင့်၊ ရဲသီဟကို၊ ဖူးပွင့်သခင်တို့ အဓိကသရုပ်ဆောင်ထားသော 'မိုးကောင်းကင်၌ တိမ်တိုက်များ' သည် လူ့လောကကြီးကို မိမိရှိသမျှ အင်အားလေးဖြင့် အလှဆင်ရန် ကြိုးပမ်းခဲ့သော လူငယ်တစ်ဦး၏ ကြိုးပမ်းမှုကို ရိုက်ကူးပြသထားသော ဗီဒီယိုဇာတ်ကားလေးတစ်ကား ဖြစ်သည်။

တစ်လလျှင် ကားပေါင်းမြောက်မြားစွာ ထွက်နေသောဗီဒီယိုကားများထဲတွင် ရှားပါးသောဇာတ်ကားတစ်ကားဟု ပြောရမည်ထင်ပါသည်။ တချို့ သရဲ ဟာသဇာတ်ကားများကို ငွေကြေးအကျိုးအမြတ်အတွက် ထုတ်လုပ်ဖြန့်ချိသည်နှင့် နှိုင်းစာလျှင်တော့ ဤဇာတ်ကားမှာ အနာဂတ်လူ့အဖွဲ့အစည်းကို စိမ်းလန်း သာယာ လှပလာအောင် ကြိုးပမ်းထားသည်ဟု ဆိုရမည်။ မိုးအောင် (နေတိုး) သည် သူနေထိုင်ကြီးပြင်းရာ အောက်ခြေလူတန်းစား ဆင်းရဲသားရပ်ကွက်သို့ ဆင်းကာ သူတို့၏ လိုအပ်ချက်များကို သူတတ်နိုင်သမျှ ကူညီခဲ့သည်။ ဖြည့်ဆည်းခဲ့သည်။ သို့ရာတွင် မအောင်မြင်ခဲ့ပါ။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဟူသည် အတိုးမဲ့ ငွေထုတ်ချေး၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရုံမျှနှင့်မရ။ "တကယ်တော့ သူတို့ချို့တဲ့နေတာက ငွေတစ်ခုတည်းမဟုတ်ဘူး။ အသိတရားတွေပါ ချို့တဲ့နေတာပါ" ဟု မိုးအောင်က ပြောခဲ့သည်။ သမဝါယမက ငွေလေးနှစ်သောင်း၊ သုံးသောင်းထုတ်ချေးပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဟု ရိုက်ပြသည်နှင့် နှိုင်းစာလျှင်တော့ ကိုမြအေး၏ ဝတ္ထုသည် ဘဝနှင့်ပို၍နီးစပ်သည်။ ပြီး မအောင်မြင်မှုနှင့် အဆုံးသတ်ထားသည်မှာလည်း သရုပ်မှန်ဖြစ်နေပြန်သည်။

(၂)

အိမ်ဖော်နှင့် သူဌေးသားချစ်မိဘသဘောမတူ၊ သူဌေးသားက အိမ်ဖော်၏ ပစ္စည်းမဲ့ရပ်ကွက်ကလေးကို လိုက်နေ၊ မနေနိုင်၍ မိဘအိမ်ပြန်သွား။ အိမ်ဖော်မှာ ကလေးတစ်ယောက်နှင့် ဈေးရောင်း၊ အဝတ်လျှော် ဘဝကို ရုန်းကန်၍ ဝေဒနာဖြစ်လာ။ သားမိုးအောင်ကို မဆင်းရဲစေရန် ယောက္ခမအိမ်ပို့။ သားနှင့်တွေ့ရန်ကြိုးပမ်း။ ယောက္ခမက သဘောမတူ၊ ဖခင်က နောက်မိန်းမယူ သမီးတစ်ဦးမွေး။ ထိုသမီးလေးမှာ လွင်မာ (ဖူးပွင့်သခင်) ဖြစ်ပြီး အိမ်ဖော်နှင့်မွေးသော သားကြီးမှာ မိုးအောင် (နေတိုး) ဖြစ်သည်။ မိုးအောင်၏မိထွေး လှလှမိုးမှာ နေတိုးအပေါ် ကောင်းသည်။ ညီမလွင်မာမှာလည်း မိုးအောင်ကို အလွန်ချစ်သည်။ တစ်ဖက်တွင် နှင်းဇကရီ (သက်မွန်မြင့်) နှင့် အောင်ထွန်း စေ့စပ်ထားသည်ကို ကိုကို (ရဲသီဟကို) က မိန်းမပွေ

Asian Fame Media Group
MEDIA GROUP

**အကြောင်းအမျိုးမျိုးကြောင့် လက်တစ်ဆုပ်စာမျှသာ ချမ်းသာပြီး အားလုံးဆင်းရဲနေကြသော မြန်မာ့လူ့အဖွဲ့အစည်းတွင် အဆင်းရဲဆုံး ပစ္စည်းမဲ့လူတန်းစားများ စုဝေးနေထိုင်ရာ အသိုက်အမြုံတစ်ခုကို အမှန်အတိုင်းရိုက်ပြနိုင်ရန် ကြည်ဖြူသျှင်သည် သူ့အနုပညာဖြင့် ကြိုးပမ်းထားသည်ကို တွေ့လိုက်ရသည်။**

သည်ဆိုပြီး သဘောမတူ။ ထိုစဉ် အောင်ထွန်းဘက်က စေ့စပ်ကြောင်း လမ်းဖျက်သိမ်းသည်ကို သတင်းစာထဲတွင် တွေ့ရသဖြင့် စိတ်တိုနေစဉ် မိုးအောင်က ဆရာဝန်မလေး နှင်းဇေကရီကို လူနာအမေ့မှော်ဖောက်၍ လာခေါ်သည်။ အချိန်မီသွားမကြည့်သဖြင့် လူနာသေရသည်၊ ထိုကိစ္စကို ဆရာဝန်မလေး ခံစားနေရသည်။

မိုးအောင်သည် ဘဝကိုမမေ့၊ ဖျာကြမ်းတစ်ချပ်မှာ မိခင်နှင့်အတူ စောင်အစုတ်နှင့် အိပ်ခဲ့ရသည်များကို မှတ်မိပြီး ရှိသောချမ်းသာမှုဖြင့် မိခင်နေရာ ပစ္စည်းမဲ့ရပ်ကွက်သို့ လာနေကာ ဆင်းရဲသားများကို အတိုးမဲ့ငွေထုတ်ချေးသည်။ သူ့တတ်နိုင်သမျှ ကူညီသည်။ သူငယ်ချင်း မြင့်မောင်ကျော် (ရဲမွန်) ဒုက္ခရောက်စဉ် ကူညီခဲ့သဖြင့် မြင့်မောင်ကျော်က မိုးအောင်ကို အလွန်ချစ်သည်၊ မြင့်မောင်ကျော်၏ ဇနီးမေဦး (ဆုကဗျာက) မိုးအောင်ကို အထင်လွဲသည်၊ နှင်းဇေကရီကို မိုးအောင်က ဘဝမှန်မပြောဘဲ ထိန်ချန်ထားသဖြင့် နှင်းဇေကရီ စိတ်ဆိုးသည်။ နှင်း၏မောင် ကိုကိုနှင့် လွင်မာတို့ရင်းနှီးလာသည့်အခါ နှင်းသည် မိုးအောင်ကို နားလည်လာသည်၊ သို့သော် ချစ်ရေးမဆို။ မိုးအောင် သွေးကင်ဆာဖြင့် မဆုံးမီ နှင်း သိသွားသည်။ မိုးအောင် ဆုံးသည်။ ကျန်လူအားလုံး မိုးအောင်ကို လွမ်းကြသည်။ မိုးအောင်လုပ်ခဲ့သော လုပ်ငန်းကို နှင်းက ဆက်လုပ်သည်။ ဇာတ်လမ်းက ဤမျှသာ။

(၃)

ဇာတ်ကားက Continuity (စဉ်ဆက်ညီညွတ်မှု) ကောင်းသည်။ မိုးအောင်ကို ဇာတ်ပို့ပြုရိုက်ကူးထားသည်၊ သို့ရာတွင် ပစ္စည်းမဲ့လူတန်းစားများနေထိုင်ရာ ရပ်ကွက်ကို ဝတ္ထုရေးဆရာက ကြိုးစားပုံဖော်သည်။ ဗိုလ်အောင်ဒင် (ဦးကိုအေး) အဖြစ် သရုပ်ဆောင်သော ဝင်းနိုင် (အနုပညာ) နှင့် ဇနီးခင်မျိုး (ဂွမ်းပုံကြီး) တို့၏ ရန်ဖြစ်ခန်း၊ ဖိုးလုံးမိန်းမနှင့် ရပ်ကွက်ထဲမှ မိန်းမတစ်ဦး ရန်ဖြစ်ခန်း၊ သုခ (အောင်ဇော်မင်း) နှင့် ဗိုလ်အောင်ဒင်အရက်မူးပြီး ကလေးတွေ သကြားလုံးကျွေးခန်း၊ သုခ ရေထဲခုန်ချပြီးသေဆုံးခန်း၊ မာမာ အမေခဲ့ထိုး ခဲ့တွက်၊ အတိတ်ကောက်၊ ခဲ့ဒိုင်ဖွင့်ခန်းတို့သည် ယနေ့ ပစ္စည်းမဲ့ရပ်ကွက်နှင့် ပုံတူဖြစ်နေသော သရုပ်မှန်ပြကွက်များ ဖြစ်ပါသည်။

မြန်မာဗီဒီယိုဇာတ်ကားများတွင် အောက်ခြေလူတန်းစား၊ ဆင်းရဲသားများ၏ ဘဝနေထိုင်မှုကို မပြမဟုတ် ပြသပါ၏။ သို့ရာတွင် ယခု တိုမြအောင်နှင့် ကြည်ဖြူသျှင် ပြသကဲ့သို့ မပြနိုင်ကြပါ။ ရည်ရွယ်ချက် မထူကြပါ။

အကြောင်းအမျိုးမျိုးကြောင့် လက်တစ်ဆုပ်စာမျှသာ ချမ်းသာပြီး အားလုံးဆင်းရဲနေကြသော မြန်မာ့လူ့အဖွဲ့အစည်းတွင် အဆင်းရဲဆုံး ပစ္စည်းမဲ့လူတန်းစားများ စုဝေးနေထိုင်ရာ အသိုက်အမြုံတစ်ခုကို အမှန်အတိုင်းရိုက်ပြနိုင်ရန် ကြည်ဖြူသျှင်သည် သူ့အနုပညာဖြင့် ကြိုးပမ်းထားသည်ကို တွေ့လိုက်ရသည်။

KTV ဝန်ဆောင်မှုလုပ်ရင်း AIDS ဖြင့် ကွယ်လွန်သွားရရှာသူ မာမာနှင့် သူတို့မိသားစု၏ ဘဝရုန်းကန်မှု၊ မာမာနှင့် နောင်နောင်တို့၏ အချစ်ကိုလည်း ဇာတ်ကားတွင် တစ်စိတ်တစ်ပိုင်း ပါဝင်ပြသထားခဲ့ပါသည်။ လက်ရှိ အင်္ဂတေတောအုပ်ထဲမှာ ထမင်းတစ်လုတ်အတွက် ခန္ဓာကိုယ်ကိုရင်းနှီးနေရရှာသော မာမာတို့၏ဘဝကို dialogue ဖြင့်လည်းကောင်း၊ KTV ပြကွက်ဖြင့်လည်းကောင်း ပြသခဲ့သည်။ ဤနေရာတွင် ဆင်ဆာက ပိတ်မည်စိုး၍လားတော့ မသိ။ မာမာကို လာခေါ်ခန်းနှင့် မာမာ SW တစ်



ဤဇာတ်လမ်းတွင် ဗီလိန်မရှိ။ မြန်မာ ဗီဒီယိုကားများသည် ဗီလိန်ကိုအားပြုသည်။ သဘာဝယုတ္တိရှိမှုကို လုံးဝထည့်သွင်း စဉ်းစားခြင်းမပြုတော့ဘဲ ဇာတ်ကို ဗီလိန်နှင့် လှုပ်ခိုင်းသည်။

ယောက်ဖြစ်ကြောင်းကို ပရိသတ် ပို၍ သိမြင်လာနိုင်သော အခန်းတစ်ခန်း၊ နှစ်ခန်း ထည့်ပေး သင့်သည်။ "ဘယ်လို ထမင်းစားမလဲ၊ မောင်လေးကို ဘယ်လိုကျောင်းထားမလဲ" ဆိုသောမာမာ၏စကား၊ နောင်နောင့် အပေါ် ချစ်လျက်နှင့် ဥပေက္ခာပြုနေရသည့် အခန်းတို့သည် ရင်ကိုထိသော ပြကွက်များဖြစ်သည်။ ရုန်းထွက်ရန် ကြိုးပမ်းသော်လည်း စီးပွားရေးကြောင့် မရခဲ့ပုံသည် ခေတ်ကို ထင်ဟပ်ပါသည်။

(၄)

'မိုးကောင်းကင်၌ တိမ်တိုက်များ' သည် အခြေခံဇာတ်လမ်းရှိပါသော်လည်း ထိုဇာတ်လမ်းကို F.B ဖြင့် အနည်းငယ်သာပြပြီး စကားပြောဖြင့်သာ ပရိသတ်ကို အသိပေးခဲ့သည်။ ဆိုလိုသည်မှာ ဇာတ်လမ်းကို အခြေမပြုဘဲ မိခင်နှင့် ဘဝတူ ပစ္စည်းမဲ့များကို ကယ်တင်လိုသော ဆန္ဒဖြင့် ငယ်စဉ်က နေထိုင်ခဲ့သော ရပ်ကွက်ထဲသို့ ပြန်လာနေပြီး ကူညီနေသော မိုးအောင်၏ဘဝ ဖြတ်သန်းမှုကိုသာ အဓိကထား ရိုက်ကူးသွားခဲ့ပါသည်။

ထိုအခါ ဆိုက်ကားသမား အဘကျော်၊ ဖိုးထူး၊ နောင်နောင်တို့ ပါဝင်လာသည်။ နှင်း၏ မိသားစုဝန်းကျင်၊ မိုးအောင်၏ မိသားစုဝန်းကျင်တို့ကို ရိုက်ကူးပြသရာတွင် ကိုကိုနှင့်လွင်မာတို့ ပါလာသည်။ ဖိုးလုံးလုမိုက်ဘဝမှ ကောင်းလာသည့် အခန်း၊ လွင်မာ၊ ကိုကို၊ မိုးအောင်၊ နှင်းတို့ဆိုင်တွင် တွေ့ကြသည့် အခန်း။ မိသားစုနှစ်စု လွင်မာတို့အိမ်တွင် ဆုံသည့်အခန်းများကမှ ခေတ်မီလှပါနေပါသည်။

မိုးအောင် ကလေးဘဝက သေးတဲ့အရုပ်ကလေး လိုချင်၍ မိခင်ကိုပူဆာရာ မိခင်က နေမကောင်းသဖြင့် ဝယ်သောက်ရမည့် ဆေးဖိုးငွေဖြင့် ဝယ်ပေးခဲ့သည်။ သည်အရုပ်ကလေးသည်ပင် ဇာတ်ကား၌ ရုပ်လုံးဖော်ပစ္စည်းဖြစ် နေရုံမျှမက ဇာတ်ကောင်ဖြစ်လာခဲ့သည်။ ၁၀၀၀ တန်၊ ၅၀၀ တန် ငွေစက္ကူများသည်လည်း ထိုသို့ပင် ဖြစ်သည်၊ ဤသည်မှာ ရုပ်ရှင်ဇာတ် ကားတစ်ကားကို ပိုပြီးအနုပညာမြောက်တင်ဆက်နိုင်မှုဟု ဆိုချင်ပါသည်။

ဆိုရသော် ဤဇာတ်လမ်းတွင် ဗီလိန်မရှိ၊ မြန်မာဗီဒီယိုကားများသည် ဗီလိန်ကို အားပြုသည်၊ သဘာဝယုတ္တိရှိမှုကို လုံးဝထည့်သွင်း စဉ်းစားခြင်းမပြုတော့ဘဲ ဇာတ်ကို ဗီလိန်နှင့်လှုပ်ခိုင်းသည်။ ဗီလိန်သည် အဖောက်ချည်းဖြစ်နေသဖြင့် သူလှုပ်လေလေ ဇာတ်ကလှုပ်လေလေ ဖြစ်သည်။ ကိုမြအေး၏ ဤဇာတ်ကားကမူ ဗီလိန်မပါ။ မြင့်မောင်ကျော်၏ဇနီး မာမာသည် အစပိုင်းတွင် မိုးအောင်ကို အထင်လွဲသည်။ သို့ရာတွင် ဝတ္ထုရေးဆရာသည် ထိုအထင်လွဲမှုကို ဖျေးသည်၏ စကားပြောခန်းဖြင့် ပြန်ပြီ (ဖြေ) လိုက်ပြန်သည်။ ဆိုရသော် ကိုမြအေးသည် သူ့ဇာတ်ကို ဗီလိန်မသုံးဘဲ ဇာတ်လမ်းကို အားပြိုင်မှုလေးများ ထည့်ပြီး ရေးသားခဲ့သလို ကြည်ဖြူချွင်က ပီပီပြင်ပြင် ရိုက်ကူးမှုပြသနိုင်ခဲ့ပါသည်၊

သရုပ်ဆောင်ရာ၌မူ အားလုံးကောင်းနေကြသည်။ ထူးခြားသည်မှာ ပွင့်လင်း၊ ထက်မြက်၊ သွက်လက်သော လွင်မာအဖြစ် သရုပ်ဆောင်ရသော ဖူးပွင့်သခင်ပင် ဖြစ်သည်၊ ဇာတ်ကောင်စရိုက် ဝင်သည်။ အဆက်မပြတ် တိုးတက်လာသော သရုပ်ဆောင်တစ်ဦးဟု ဆိုချင်ပါသည်၊

မြို၍ဆိုရသော် 'မိုးကောင်းကင်၌ တိမ်တိုက်များ' သည် မြန်မာဗီဒီယိုဇာတ်ကားများထဲတွင် အနုဂတ်လူ့အဖွဲ့အစည်းသစ်တစ်ခုဆီသို့ မျှော်ကြည့်ပြီး မိမိပတ်ဝန်းကျင်ကို မိမိနိုင်သမျှအားဖြင့် အကျိုးပြုရေးကို ရိုက်ကူးထားသော ဇာတ်ကားတစ်ကားဖြစ်သဖြင့် ထူးခြားသော ဇာတ်ကားတစ်ကားဟု ဆိုချင်ပါသည်။

**မောင်အိမ်စံ**

**ယခုလအညွှန်း**

၁။ ချစ်ခြင်းကိုယ်စီ
၂။ သွေးစကား
၃။ ငါတို့ရဲ့ နေ့လေး



Asian Fame Media Group



af MEDIA GROUP
Asian Fame Media Group



# လှံ့ခွဲကို
(စီးပွားရေးတက္ကသိုလ်)
# သမုဒယမှာတမ်း

ဝတ္တုတိုရသ

သံသရာပြတ်ကြောင်းတွေ၊ နိဗ္ဗာန်စခန်း ရောက်ရာလမ်းတွေကို သိချင်ရချင်သည့်စိတ်ထက် လူငယ်တို့သဘာဝ နှလုံးသားရေးရာနှင့် ပတ်သတ်ပြီး စိတ်ရှုပ်ထွေးသောကြောင့် သက်သာရာရှာခြင်းဟုဆိုက ပိုမှန်ပေလိမ့်မည်။ အဘထွန်းကတော့ မည်သို့သော အကြောင်းကြောင့် တရားစခန်းဝင် ဖြစ်သည်ကို ကျွန်တော် မသိပေ။ ဦးတည်ချက် လွဲမှားစွာဖြင့် တရားစခန်းသို့ ရောက်ရှိလာသော ကျွန်တော့်အနေဖြင့် တရားစခန်း အစဦးပိုင်းရက်များတွင် အတော် ကသိကအောက်နိုင်လှသည်။ တရားစခန်းတွင် ရင့်ကျက်တည်ငြိမ်စွာ တရားအားထုတ်ကြသော အခြားသော လူငယ်ယောဂီများကို တွေ့ရသဖြင့် ကျွန်တော့်စိတ်ထဲ လေးစားချီးကျူးနေမိသည်။

အဘထွန်းနှင့် ကျွန်တော်တွေ့ဆုံပုံက သာမန်တွေ့ဆုံမှုတွေထဲက တစ်ခုထက် မည်သို့မျှမပိုချေ။ သကြံန်ရုံးပိတ်ရက် တရားစခန်းဝင်ရင်း ရိပ်သာတွင် တွေ့ဆုံကြခြင်းဖြစ်သည်။ တရားစခန်းဝင်ပြီး သုံးရက်လောက်ထိ အဘထွန်းကို ကျွန်တော် သတိမထားမိချေ။ အဘထွန်းကလည်း ကျွန်တော့်ကို သတိထားမိမည် မထင်ချေ။ တရားရိပ်သာတွင် ကျွန်တော်တို့လို လူငယ်အများအပြား တွေ့ရသလို အဘထွန်းတို့လို သက်ကြီးရွယ်အိုအမြောက်အမြားကိုလည်း တွေ့ရသောကြောင့် ဖြစ်သည်။

ကျွန်တော့်အနေဖြင့် မိုးသားပွင့်လင်းစွာ ဝန်ခံရလျှင် ယခုနှစ်တွင် တရားစခန်းဝင်ဖြစ်သွားသည်မှာ



Asian Fame Media Group
af MEDIA GROUP

တရားခန်းရောက်ပြီး ၃ ရက်အကြာတွင် ယောဂီအသစ်များ ထပ်တိုးလာသဖြင့် ကျွန်တော်တို့ အခန်း အပြောင်းအရွှေ့ လုပ်ကြရသည်။ တစ်ယောက်တစ်ခန်းအစား နှစ်ယောက်တစ်ခန်း ပြောင်းနေကြရသည်။ ထို့ကြောင့် အဘထွန်းအခန်းသို့ ကျွန်တော် ရောက်ရှိသွားတော့သည်။ အဘထွန်းနှင့် ကျွန်တော် တစ်ခန်းတည်း အတူနေရသည်။ စကားပြောဖော်ရရှိသွားသဖြင့် ကျွန်တော့်စိတ်ထဲတွင် တရားစခန်းဝင်ခါစကဲ့သို့ အနေအထိုင် ကသိကအောက် မနိုင်တော့ပေ။ အဘထွန်းကတော့ ကျွန်တော်ရောက်ရှိလာသဖြင့် မည်သို့ ခံစားရသည်ကို ကျွန်တော် မသိပေ။

အခန်းစပြောင်းသည့်နေ့ကတော့ ကျွန်တော့်ကြောင့် အဘထွန်း စိတ်အနှောင့်အယှက် တစ်စုံတစ်ရာ ဖြစ်မှာကို စိုးရိမ်သောကြောင့် စကားများများ မပြောဖြစ်ပေ။ အဘထွန်း မေးသလောက်သာ ပြန်ဖြေဖြစ်သည်။ တစ်ရက်စ၊ နှစ်ရက်စကြာလာသည့်အခါ တရားဖြုတ်ချိန် အခန်းတွင်း နားနေစဉ်အချိန်များတွင် အဘထွန်းနှင့်ကျွန်တော် စကားအတော်ပြောဖြစ်သည်။ အဘထွန်းက ကျွန်တော့်ကို 'လူကလေး' ဟု ခေါ်သည်။

"လူကလေးရေ အားတော့နာပါရဲ့။ အဘကို ဖက်ကြောဆွဲပေးပါဦးကွာ"

တရားဖြုတ်ချိန်များတွင် အဘထွန်းသည် ကျွန်တော့်ကို ဖက်ကြောဆွဲခိုင်းလေ့ရှိသည်။ အဘထွန်းကို နှိပ်ပေးနေစဉ်တွင် အဘထွန်းက သူ့ဘဝဇာတ်ကြောင်းများနှင့် သူ့အတွေ့အကြုံများကို ပြန်ပြောင်းပြောပြတတ်သည်။ တစ်ခါတစ်ခါ ဟာသများလည်း ပြောပြတတ်သည်။ ဘာသာရေးအကြောင်းများဖြင့် နှိုင်းယှဉ်ပြီးတော့လည်း ဆုံးမတတ်ပြန်သည်။ ငယ်စဉ်က အကြောင်းများကို ပြန်ပြောပြချိန်များတွင် အဘထွန်း၏ပုံရိပ်သည် တက်ကြွနေတတ်သည်။ တစ်ခါတစ်ခါတော့ ပြန်ပြောပြနေရင်းမှ ရုတ်တရက် ရပ်တန့်သွားတတ်ပြီး တစ်စုံတစ်ခုကို စဉ်းစားနေတတ်ပြန်သည်။

"မင်းက သကြၤန်ရက်ကြီး တရားစခန်းရောက်လာရအောင် လည်ပတ်စရာ ချစ်သူရည်းစားမရှိဘူးလားကွ လူကလေးရ"

အဘထွန်း၏ ရုတ်တရက် မေးချလိုက်သော မေးခွန်းကြောင့် ရှက်ကိုးရှက်ကန်းဖြင့် ကျွန်တော် ဘာပြန်ဖြေရမှန်းမသိချေ။ အမှန်ဆိုလျှင် ကျွန်တော်နှင့်လိုင်ကြား ဘာမဟုတ်သည့် ကိစ္စလေးတစ်ခုကြောင့် (လိုင့်အပေါ် အထင်လွဲပြီး သံသယဝင်ခြင်းကြောင့်) အကြီးအကျယ်စကားများပြီး လိုင်က မော်လမြိုင်ရှိ သူ့အဘွားအိမ်သို့ ပြန်သွားသည်။ ကျွန်တော်ကလည်း တရားစခန်း ရောက်လာခြင်းဖြစ်သည်။ ယခင်က ဆွဲထားသောသကြၤန်ရက်လည်ပတ်မည့် အစီအစဉ်များကိုလည်း ကျွန်တော်ကပင် စတင်ဖျက်သိမ်းလိုက်ခြင်းဖြစ်သည်။ ကျွန်တော် ရှက်နေမှန်းသိသဖြင့် အဘထွန်းက ဆက်မမေးတော့ဘဲ သူ့အကြောင်းကိုသာ ဆက်ပြောပြနေပြန်သည်။

အဲဒီအချိန်တုန်းကတော့ လူကလည်း ငယ်တုန်းပေါ့ကွာ။ အားကစား လောကမှာလည်း နာမည်ရခါစပေါ့။ မှာ ခါကလည်း ဘာကြီး သလဲမသိဘူးပေါ့။ တော်ရုံတန်ရုံ တော်တာလောက်ဆို လူထင်တာ မဟုတ်ဘူး"

အဘထွန်း၏ ပြောစကားများအရ အဘထွန်းသည် တစ်ခေတ်တစ်ခါက အလွန်နာမည်ကြီးသော နိုင်ငံကိုယ်စားပြုအားကစားသမား တစ်ယောက်ဖြစ်သည်ဟု သိရသည်။ ဆုတံဆိပ်ပေါင်း မြောက်မြားစွာလည်း ရရှိခဲ့ဖူးသည်။ နှာတံပေါ်ပေါ်၊ မျက်ခုံးထူထူ၊ မျက်ဝန်းနက်နက်များက ယခုအသက် အရွယ်ထိတိုင် ကျန်ရှိနေသေးသည်မို့ ငယ်စဉ်က လူချောတစ်ဦးဖြစ်ကြောင်း သက်သေပြနေပေသည်။ ပညာတတ်၊ ချပ်ချော၊ ဥစ္စာပေါမို့ မာနကြီးမည်ဆိုလည်း ကြီးချင်စရာပေ။ သူ့ခေတ်သူ့အခါက 'ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်' ဖြစ်ခဲ့သည်မှာလည်း သံသယဝင်စရာပင် မလိုချေ။ အဘထွန်း၏ဘဝထဲသို့ ပါဝင်ပတ်သက်ချင်သည့် သူများထဲတွင် နိုင်ငံခြားသူ အားကစားမယ်များပင် ရှိခဲ့ဖူးသည်ဟု ဆိုသည်။

"ငယ်တုန်းကတော့ ပျော်စရာပေါ့ကွာ။ ရန်ကုန်တက္ကသိုလ်ဆိုတာလည်း အဘတို့ခေတ်က အာရှမှာ နာမည်ကြီးပဲလေ။ အရှိန်အဝါက နည်းတာမှတ်လို့။ မိန်းမလှတွေကလည်း သိပ်ပေါတာပေါ့ဗျ။ အရောင်စုံ အရွယ်စုံပါပဲ"

အဘထွန်းက သူ့နှလုံးသားရေးရာနှင့်ပတ်သက်ပြီး ဇာတ်လမ်းရှိခဲ့ဖူးကြောင်းလည်း ကျွန်တော့်ကို ဆွေးဆွေးမြည့်မြည့် ပြန်ပြောပြလေ့ရှိသည်။ အဘထွန်း၏ နှလုံးသားတွင် အချစ်သည် တစ်ကြိမ်သာ ပေါက်ဖွားခဲ့သည်ဟုလည်း ဆိုသည်။ အဘထွန်းတို့ခေတ်က 'တစ်ယောက်ဆို တစ်ယောက်၊ ပိတောက်ဆို ပိတောက်' ကဲ့သို့ပင် နှလုံးသားရေးရာမှာ သစ္စာရှိခဲ့ကြပုံများကလည်း လေးစားစရာပင်။ အဘထွန်း၏ သူ့တစ်လျှောက်တွင် တစ်ကြိမ်သာ ပေါက်ဖွားခဲ့သော အချစ်ပန်းကလေးမှာ တစ်ခေတ်တစ်ခါက 'တက္ကသိုလ်အလှမယ်' ဟုသိရသည်။ အဘထွန်းက တက္ကသိုလ်အလှမယ် သူ့ချစ်ပန်းပွင့်ကလေးရဲ့ အဖြူအမည်းဓာတ်ပုံကို သူ့ပိုက်ဆံအိတ်ကပ်ထဲမှာ ယုယုယယသိမ်းထားဆဲမို့ ကျွန်တော် အံ့ဩနေမိသည်။ အဘထွန်း၏ မျက်ဝန်းများသည် သူ့ချစ်သူအကြောင်း ပြောပြစဉ်တွင် အပြုံးပန်းများ ဝေဝေဆာဆာ ပွင့်လန်းနေပေသည်။

"အဘ ဘာလို့ အိမ်ထောင်မပြုခဲ့တာလဲဟင်။ ချစ်သူရည်းစားလည်း ရှိခဲ့ရက်သားနဲ့"

ကျွန်တော့်မေးခွန်းကြောင့် အဘထွန်း၏ မျက်ဝန်းများတွင် အဆွေးရိပ်တို့ ဖြတ်ပြေးသွားလေသည်။ အဘထွန်းအဖို့ စိတ်အနှောင့်အယှက်ဖြစ်သွားသည့်အတွက် မေးမိပြီးမှ ကျွန်တော်လည်း နောင်တရနေမိပြန်သည်။ သို့သော် ခဏအကြာတွင် အဘထွန်း၏မျက်နှာပေါ်တွင် အပြုံးရိပ်တို့ ဝေဆာလာလေသည်။ ကျွန်တော်လည်း အခုမှပင် နေသာထိုင်သာ ရှိတော့သည်။ ကျွန်တော့်ရဲ့ စပ်စပ်စုစုမေးခွန်းကြောင့် အဘထွန်းကိုလည်း အားနာနေမိပြန်သည်။



Asian Fame Media Group

“ကံကြမ္မာမတိုက်လို့ဘဲ ပြောရမလား၊ မိသားစုအပေါ် သံယောဇဉ်ကြီးလွန်းလို့ပဲ ပြောရမလား။ နောက်ဆုံးတော့ လွဲခဲ့တယ်ပဲ ဆိုပါတော့”

အဘထွန်းသည် မိသားစုတွင် သားအကြီးဆုံးဖြစ်သည်ဟု ဆိုသည်။ အဘထွန်းအပြင် ညီအစ်မနှစ်ဦးရှိသေးသည်။ ကံဆိုးစွာပင် အဘထွန်းကျောင်းပြီးသည့်နှစ်တွင် ဖခင်နှင့်မိခင်မှာ ရှေ့ဆင့်နောက်ဆင့် ဆုံးပါးကုန်ကြသည်။ ပညာရေးဆုံးခန်းမတိုင်သေးသည့် ညီအစ်မနှစ်ဦးစလုံး၏ တာဝန်ကို အဘထွန်းမှာ ငယ်ငယ်ရွယ်ရွယ် လက်ဆင့်ကမ်းပခုံးပြောင်းယူခဲ့ရသည်။ အဘထွန်းမှာ တက္ကသိုလ်ပညာရေး ပြီးပြီးချင်း မိဘများ၏ စီးပွားရေးလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်ခဲ့ရပြီး စီးပွားရေးလုပ်ငန်းအတွေ့အကြုံ မရှိသဖြင့် အလွဲလွဲအမှားမှား ဆုံးရှုံးမှုများဖြင့် ကြုံခဲ့ရသည်ဟု ဆိုသည်။

“အဲဒီညက မှတ်မိသေးတယ်ကွ။ လကလည်း ထိန်ထိန်သာလို့ အခုလို တန်ခူးလပဲပေါ့။ သူက သူ့သူငယ်ချင်းအိမ်မှာ စောင့်နေမယ်လို့ စာရေးပြီး လူကြုံနဲ့ ပေးလိုက်တာ။ အဘကို အမြန်ဆက်လာခဲ့ဖို့ မှာတာလေ။ မဟုတ်ရင် သူ့အိမ်က သူ့ကို အခြားတစ်ဦးနဲ့ အိမ်ထောင်ပြုပေးတော့မှာလို့”

အဘထွန်း၏ တက္ကသိုလ်အလှမယ်ကလေးမှာ အဘထွန်းတို့ထက် ဥစ္စာဓန၊ အသိုက်အဝန်းအားဖြင့် အဆပေါင်းများစွာ သာလွန်သည်ဟု သိရသည်။ ထို့ကြောင့် အလှမယ်ကလေး၏ မိဘများမှာ သူတို့သမီးအား အဘထွန်းနှင့် လုံးဝသဘောမတူချေ။ အဘထွန်းနှင့် မေတ္တာရည်ငံနေမှုန်း သိသွားသည့်အတွက် ရှမ်းစော်ဘွားအနွယ်ဝင် သတို့သားတစ်ဦးနှင့် လက်ထပ်ပေးဖို့ အမြန်စီစဉ်တော့သည်။ အလှမယ်ကလေးမှာ ထိုသူနှင့် လက်မထပ်နိုင်သဖြင့် အဘထွန်းထံ စာရေးအသိပေးပြီး အဘထွန်းကို စောင့်နေခဲ့သည်ဟု ဆိုသည်။

သို့သော် အဘထွန်းမှာ မိသားစုတွင် အကြီးဆုံးတာဝန်ယူထားသူဖြစ်လေရာ ညီမငယ်နှစ်ဦးကိုလည်း ပစ်မထားရက်ပေ။ မိသားစုစီးပွားရေးကို ငဲ့ညှာရသေးသည်။ မိသားစုအရေးနှင့် နှလုံးသားရေးရာ လွန်ဆွဲပွဲတွင် အဘထွန်းတစ်ယောက် မိသားစုအရေးဘက်ကို အနိုင်ပေးပြီး နှလုံးသားရေးရာဘက်တွင် ကျရှုံးခဲ့ရသည်။ ညှိုးမှိုင်းသွားသော အဘထွန်း၏ မျက်ဝန်းများကြောင့် အဘထွန်း၏ နှလုံးသားသည် ယခုတိုင်အောင် နာကျင်နေဆဲဖြစ်ကြောင်း ကျွန်တော်အကဲခတ်လို့ ရနေပြန်သည်။

အလှမယ်ကလေးမှာ အဘထွန်းအပေါ် စိတ်အနာကြီး နာသွားတော့သည်။ သိပ်မကြာခင်မှာဘဲ မိဘတို့၏သဘောဆန္ဒအတိုင်း လက်ထပ်ပွဲကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပတော့သည်။ အဘထွန်းမှာ သူ၏နှလုံးသားတွင် အချစ်သည် တစ်ကြိမ်သာ ပေါက်ဖွားခဲ့ကြောင်း သက်သေပြလိုသောကြောင့် အခြားမည်သည့်မိန်းကလေးနှင့်မျှ ပတ်သက်ခဲ့ခြင်းမရှိခဲ့ပေ။ အဘထွန်း၏ ဘဝဇာတ်ကြောင်းသည် စာရေးဆရာများအဖို့ အချစ်ဝတ္ထုတစ်ပုဒ် ကောင်းကောင်းဖန်တီးလို့ ရပေသည်။

“အေးကွာ၊ အဘ မင်းနဲ့စကားတွေပြောရတာ အားရတယ်ကွ လူကလေးရ၊ နားထောင်ပေးတဲ့အတွက် ကျေးဇူးလည်းတင်တယ်။ အိမ်မှာဆို အဘပြောတာကို နားထောင်မယ့်သူ မရှိဘူး။ အိုပယ်ဘဝက အတော်ဆိုးတာပဲ”

အဘထွန်းက သူ့စကားများကို နားထောင်ပေးသည့် ကျွန်တော့်ကို ကြိမ်ဖန်ပြီး ကျေးဇူးတင်နေသေးသည်။ ကျွန်တော်ကတော့ တရားဆီအာရုံ မရောက်သည့်အတူတူ အဘထွန်းစကားများ နားထောင်ရသည်ကို ပိုပြီး ခံတွင်းတွေ့လှသည်။ အဘထွန်းမှာ အသက် ၈၀ ကျော်ပြီးဖြစ်သော်လည်း မျက်မှန်တပ်စရာမလိုဘဲ စာဖတ်နိုင်သေးသည်။ အစားအသောက်ကောင်းကောင်း စားနိုင်သေးသည်။ လှေကားအတက်အဆင်း အကူအညီမလိုပေ။ ကျွန်တော်နှင့် တစ်ခန်းတည်းအတူနေသော်လည်း ဖက်ကြောဆွဲပေးစရာ မပြောပလောက်သည့် ကိစ္စမှလွဲပြီး သူ့အဝတ်သူလျှော်ဝတ်နိုင်သည်။ ကျွန်တော့်အနေဖြင့် အဘထွန်းနှင့် ပတ်သက်ပြီး ထွေထွေထူးထူး ကူပြီးလုပ်ပေးစရာ မလိုချေ။

တရားစခန်းရက်နားချိန်များတွင် အဘထွန်းနှင့် ကျွန်တော် စကားတွေ အများကြီးပြောဖြစ်ကြသည်။ အဘထွန်းက ပြောသူ၊ ကျွန်တော်က နားထောင်သူဟုဆိုလျှင် ပိုမှန်ပေလိမ့်မည်။ ကျွန်တော့်ကို ဆက်သွယ်နိုင်မည့်လိပ်စာတို့ကိုလည်း အဘထွန်းကိုပေးဖြစ်သည်။ ၁၀ ရက် တရားစခန်းပြီးသည့်နေ့က သက်ကြီးရွယ်အိုတော်တော်များများကို မိသားစုများမှ အသီးသီးလာကြိုကြသည်။ အဘထွန်းကတော့ ယောဂီဝတ်စုံထည့်ထားသော အဝတ်အစားအထုပ်ကလေးပိုက်ပြီး အငှားကားထွက်ငှားသည်မို့ ကျွန်တော်ကိုယ်တိုင်ပင် ကားတားပေးပြီး ကားငှားခကို အလှူဒါန ပြုပေးခဲ့သေးသည်။

ကျွန်တော်ကတော့ သင်္ကြန်ရက်တရားစခန်း ပြီးမြောက်သွားသည့်အခါ အားထုတ်ထား၊ နာကြားထားသော တရားသည်လည်း ရိပ်သာမှာပင် ပြန်ထားပစ်ခဲ့တော့သည်။ ရုံးများလည်း ပြန်ဖွင့်ပြီမို့ အလုပ်ပြန်ဆင်းရတော့သည်။ တရားစခန်းမှ အရာအားလုံးသည်လည်း မေ့မေ့ပျောက်ပျောက်ပင်။ တရားသည်ပင် ဘယ်ဆီနေမှန်းမသိမှတော့ တရားစခန်းနှင့် ပတ်သက်သည့် ကျန်သည့်အရာအားလုံးကတော့ မှတ်မိဖို့ဆိုတာ ပိုလို့ပင် ဝေးလေစွ။

'လှိုင်' နှင့်လည်း စိတ်ဆိုးမပြေသေးသည်မို့ ဖုန်းဖြင့်ပင် အဆက်အသွယ်မလုပ်ဖြစ်ပေ။ ယခုတစ်ကြိမ်တွင်တော့ 'လှိုင်' ကလည်း ကျွန်တော့်ကို စိတ်နာသွားပုံရသည်။ အရင်ကဆို ကျွန်တော် မှားနေသည့်တိုင် ယခုလောက်ရက်မကြာဘဲ သူကပဲ ပြန်ဆက်သွယ်တတ်သည်။ လှိုင်ကလည်း အဆက်အသွယ်မလုပ်သလို ကျွန်တော်ကလည်း အဆက်အသွယ်ပြန်မလုပ်ဖြစ်ဘဲ တိုက်ပွဲက အရှိန်မသေဘဲ ဆက်ဖြစ်နေဆဲပင်။

ဧပြီလသည် သင်္ကြန်ရုံးပိတ်ရက်ရှည်ရှိနေသဖြင့် အလုပ်ပြန်ဆင်းချိန်တွင် သူဌေးကလည်း စီးပွားရေး

**ကျွန်တော့်မေးခွန်းကြောင့် အဘထွန်း၏မျက်ဝန်းများတွင်အဆွေးရိပ်တို့ ဖြတ်ပြေးသွားလေသည်။ အဘထွန်းအဖို့ စိတ်အနှောင့်အယှက်ဖြစ်သွားသည့်အတွက် မေးမိပြီးမှ ကျွန်တော်လည်း နောင်တရနေမိပြန်သည်။**

Asian Fame Media Group

သမားပီပီ အလုပ်ကို အဆက်မပြတ် ဖိနှိပ်ငါးတော့သည်။ ရုံးပိတ်ရက်ရှည် အတွက် အစားထိုးပြီး ပြန်ခိုင်းနေလေသလားပင် မသိပေ။ အလုပ်အချိန်ပိုကို ရက်ဆက်မပြတ်ဆင်းခိုင်းသည်။ အလုပ်များပိနေသဖြင့် ကျွန်တော့်မှာ အလုပ်နှင့်အိမ်ကလွဲပြီး အခြားမည်သည့်ကိစ္စမျှကို ခေါင်းထဲထည့်မနိုင်လောက်အောင်ပင် အလုပ်၏ဖိစီးခြင်းဒဏ်ကို ခံနေရသည်။ ညဥ့်နက်မှ ပြန်ရောက်ပြီး နားချိန်ပင် မရှိချေ။

"ကိုမင်းသူလား ခင်ဗျာ။ ရန်ကုန် ဆေးရုံကြီးအရေးပေါ်ဌာနသို့ အမြန်လိုက်လာပါ ခင်ဗျာ"

တစ်နေ့ ရုံးတွင် ကျွန်တော် အလုပ်လုပ်နေစဉ် ရုံးဖုန်းသို့ ကျွန်တော့်နာမည်နှင့် ဖုန်းဝင်လာသည်။ ရန်ကုန်ဆေးရုံကြီးအရေးပေါ်ဌာနသို့လိုက်လာရန်ဟုပြောပြီး ဖုန်းချသွားသည်။ တစ်ဖက်မှ ဖုန်းခေါ်သူကို ကျွန်တော် ပြန်မေးချိန်ပင် မရလိုက်ချေ။ လူမှားပြီးတော့ ခေါ်လေသလားပင်။ သို့သော် နာမည်အတိအကျ၊ ဖုန်းနံပါတ် အတိအကျမို့ စိတ်ထဲ စနိုးစနောင့်ဖြစ်မိသည်မှာ အမှန်ပင်။ ကျွန်တော့်ရုံးဖုန်းနံပါတ်၊ ရုံးလိပ်စာတို့ကို နယ်က ကျွန်တော့် မိဘနှင့် မောင်နှမများမှလွဲပြီး အခြားသူများကို ပေးလေ့ပေးထမရှိပေ။ သို့သော် ရုံးဆင်းချိန်လည်း နီးပြီမို့ သူဌေးကိုခွင့်တောင်းပြီး ရုံးက စောစောဆင်းလာမိသည်။

ကျွန်တော့်မိဘတွေ၊ ဆွေမျိုးတွေ၊ သူငယ်ချင်းတွေထဲက တစ်ယောက်ယောက်များ မကြံကောင်း မစည်ကောင်း တစ်ခုခုများ ဖြစ်လေသလားဟု တွေးမိရင်း ကျွန်တော့်ခြေလှမ်းများ လေးလံနေသည်။ နယ်အိမ်မှ မိဘများထံ ချက်ချင်းဆိုသလို ဖုန်းခေါ်ပြီး လှမ်းမေးမိသည်။ မိဘနှစ်ပါးစလုံး၏ အသံများကို ပီပီပြင်ပြင် ကြားရမှ ညည်ချောင်းထဲ တစ်ဆို့ပူပန်နေသည့် အပူလုံးကြီးက ကျသွားတော့သည်။ ဆွေမျိုးများထဲကလည်း မဖြစ်နိုင်ပြန်။ ဆွေမျိုးများထဲက ဖြစ်လျှင် မိဘများထံမှ ကြားရမည်သာဖြစ်သည်။ အရင်းနှီးဆုံးသူငယ်ချင်းများကို ဖုန်းဆက်ကြည့်တော့လည်း အေးအေးဆေးဆေးပင်။ ရုံးပိတ်ရက်တွင် တွေ့ကြဖို့ပင် ချိန်းဆိုလိုက်သေးသည်။ လိုင်မှား တစ်ခုခုဖြစ်လေသလား။ လိုင့်လက်ကိုင်ဖုန်းကို နှိပ်မည်ပြုပြီးမှ မာနက တင်းခံနေပေါ်လာပြီး မခေါ်ဖြစ်တော့ပေ။

အငှားကားပေါ်တွင် ဟိုတွေးသည်တွေး တွေးလာရင်းဖြင့် ဆေးရုံကြီးသို့ ရောက်လာတော့သည်။ အရေးပေါ်ဌာနသို့ရောက်သွားသည့် အခါ ဆေးရုံသို့ဆိုသည့်အတိုင်းပင် လူနာများအပြည့်ပင်။ ကျွန်တော်လည်း ဟိုသည်ကြည့်ရင်း မျက်နှာချင်းဆိုင်အခန်းမှ 'ကိုဇော်နိုင်' ကို တွေ့ရသည်။ ကိုဇော်နိုင်က ကျွန်တော့်ဆီ ချက်ချင်းပဲ ရောက်ချလာသည်။

"အေးဗျာ၊ ကိုမင်းသူရေ၊ ကိုမင်းသူရဲ့ အခန်းတံခါးဝမှာ ညည်းသံကြားတာနဲ့ တံခါးဖွင့်ကြည့်လိုက်တော့ အဘိုးကြီးတစ်ယောက် သတိလစ်နေတာ တွေ့ရတာဗျ။ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိတာနဲ့ ဆေးရုံကားငှားပြီး တန်းပို့လိုက်တာပဲ။ ပြီးမှ ကိုမင်းသူဆီ လာတာဖြစ်ဖို့များလားလို့ တွေးမိပြီး ကိုမင်းသူရဲ့ ရုံးဖုန်းကို စုံစမ်းပြီး ဆက်သွယ်လိုက်တာ၊ ခုတ်တရက်ဆိုတော့ ကျွန်တော်လည်း ကိုမင်းသူရဲ့ လက်ကိုင်ဖုန်းနံပါတ်ကို မေ့နေတာဗျ။ အဘိုးကြီးက ခုတော့ သတိတစ်ချက် ပြန်လည်လာသေးတယ်။ ပါးစပ်ကလည်း လူကလေး လူကလေးနဲ့ ခေါ်နေတယ်ဗျ"

ကျွန်တော် လှမ်းကြည့်လိုက်တော့ အရေးပေါ်ဌာနရှိ လူနာခုတင်ပေါ်တွင် ဆေးပိုက်များတန်းလန်းဖြင့် အဘထွန်းကို တွေ့ရသည်။ ပိုပြီး သေချာသည်မှာ ကျွန်တော့် ဘဝတွင် 'လူကလေး' ဟု ကျွန်တော့်ကို ခေါ်သည်မှာ အဘထွန်းတစ်ဦးသာရှိလေသည်။ အဘထွန်းတစ်ယောက် ကျွန်တော့်ဆီ အလည်လာသည်မှာ သေချာသလောက်ရှိသည်။ တနင်္ဂနွေရုံးပိတ်ရက်မို့ ကျွန်တော် အိမ်မှာပဲ ရှိမည်ဟု ခန့်မှန်းပြီး ရောက်ချလာပုံရသည်။ ကျွန်တော့် အိမ်မှာ ခုနစ်လွှာအမြင့်မို့ လှေကားတက်ရင်း အမောဖောက်ပြီး သတိလစ်သွားပုံပင်။

"အထုပ်ကလေး နှစ်ထုပ်လည်း တွေ့တယ်ဗျ။ တစ်ထုပ်ကတော့ အဝတ်အစားထုပ် ထင်တာပဲ။ အထုပ်သေးသေးလေးကတော့ တိုက်ပုံအင်္ကျီဖိတ်ထဲက တွေ့တာ။ ဘာလဲတော့ မသိဘူးဗျ"

ကိုဇော်နိုင်က အဘထွန်းရဲ့ လူနာခုတင်ခေါင်းရင်းရှိ ဗီရိုပေါ်တွင် တင်ထားသော အထုပ်နှစ်ထုပ်ကို လှမ်းပြသည်။ တစ်ထုပ်က အဝတ်အစားထုပ်ဟု ထင်သည်။ အဘထွန်း ရိပ်သာလာစဉ်က ယူလာသည့် အထုပ်ကလေးမို့ ကျွန်တော် မှတ်မိနေသည်။ ခြောက်လက်မပတ်လည်ခန့် အရွယ်အစားရှိ အထုပ်သေးလေးကတော့ အညိုရောင်ယောဂီပိတ်စဖြင့် ထုပ်ပိုးထားသည်။

သည်ကိစ္စကိုတော့ ကျွန်တော် စောင့်စည်းရမည်ပင်။ သွေးမတော် သားမစပ် တရားရိပ်သာတွင် ရက်ပိုင်းမျှ တွေ့ဖူးသော အဘိုးအို တစ်ယောက်၏ ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်နေသည့်အတွက် အဘထွန်း၏အိမ်ကို ဆက်သွယ်ပြီး အကျိုးအကြောင်းပြောပြဖို့ အဘထွန်းပေးခဲ့ဖူးသော ဖုန်းနံပါတ်အချို့ကို ပြန်ရှာပြီးခေါ်လိုက်သည်။ ဖုန်းနံပါတ်တစ်ခုမှာ ဆိုက်ဆိုက်မြိုက်မြိုက် ခေါ်လို့ရလိုက်သည်။ ကျွန်တော်က အားတက်သရော ပြောပြသော်လည်း တစ်ဖက်မှ ပြန်ဖြေသော အမျိုးသားတစ်ဦး၏ အသံက သိပ်အသက်မပါလှသလို ကျွန်တော် ခံစားမိသည်။ တစ်နာရီခန့်လောက်အကြာတွင် လူလွှတ်လိုက်မည်ဟုသာပြောပြီး ဖုန်းချသွားသည်။

တစ်နာရီခန့်အကြာတွင် တန်ဖိုးကြီးကားတစ်စီး ရောက်ချလာသည်။ ကားပေါ်မှ ဆင်းလာသူများကတော့ ကားအကောင်းစားနှင့် မလိုက်ဖက်စွာ ခပ်နွမ်းနွမ်းပင်။ အသက်ခြောက်ဆယ်နီးပါးအရွယ် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး။ နောက်မှသိရသည်မှာ အဘထွန်းနေထိုင်သည့်အိမ်မှာ ရန်ကုန်မြို့ထဲမှ သိပ်မဝေးလှသော လူချမ်းသာများ နေထိုင်သည့် ရပ်ကွက်တစ်ခုရှိ အဆင့်မြင့်တိုက်ကြီးတစ်တိုက်တွင်ဖြစ်ပြီး ယခုလိုက်

အဘထွန်းမှာသူ၏နှလုံးသားတွင် အချစ်သည်တစ်ကြိမ်သာ ပေါက်ဖွားခဲ့ကြောင်းသက်သေပြလိုသော ကြောင့် အခြား မည်သည့်မိန်းကလေးနှင့်မျှ ပတ်သက်ခဲ့ခြင်း မရှိခဲ့ပေ။ အဘထွန်း၏ ဘဝဇာတ်ကြောင်းသည် စာရေး ဆရာများအဖို့ အချစ်ဝတ္ထုတစ်ပုဒ်ကောင်းကောင်းဖန်တီးလို့ရပေသည်။



Asian Fame Media Group



လာသည့် အမျိုးသားနှင့် အမျိုးသမီးမှာ ထိုအိမ်မှ ကားမောင်းသူနှင့် ထမင်းချက် အိမ်အကူတို့ဖြစ်ကြောင်း သူတို့ပြောစကားအရ သိရလေသည်။

အဘထွန်းမှာ ထိုအိမ်ကြီး၏ ပိုင်ရှင်ဖြစ်သူ၏ ဘကြီးတော်စပ်သူဟု သိရသည်။ အဘထွန်း၏ ညီအစ်မနှစ်ဦးအနက် တစ်ဦးမှာ အပျိုကြီးဘဝဖြင့်ပင် ဆုံးပါးသွားပြီး အငယ်ဆုံးညီမသာလျှင် အိမ်ထောင်ကျပြီး သားတစ်ဦးရှိသည်ဟု သိရသည်။ ညီမအငယ်ဆုံးမှာလည်း ဆုံးပါးသွားပြီမို့ အဘထွန်းမှာ ညီမအငယ်ဆုံးမှ မွေးထားသော တူတော်သူနှင့် အတူနေရသည်။ ထိုအိမ်ကြီးမှာ အဘထွန်းတို့ အစဉ်အဆက်နေထိုင်ခဲ့ကြခြင်းဖြစ်သည်။ တိုတိုပြောရလျှင် အဘထွန်းမှာ ထိုအိမ်ကြီးနှင့် ဆိုင်သာဆိုင် မပိုင်ရတော့သည့် အဖြစ်ပင်။ ငယ်စဉ်ကလို လုပ်နိုင်ကိုင်နိုင် စီးပွားရေးလည်း ဦးမဆောင်နိုင်တော့သည့်အတွက် ဩဇာအာဏာလည်း မသက်ရောက်တော့ပေ။ တူအရင်းကပင်လျှင် တူတုတန်တန် ဆက်ဆံခြင်းမခံရသည့် အဘထွန်းမှာ တရားစခန်းများတွင်သာ အချိန်များ အမြဲလိုလိုပင် ကုန်ဆုံးရခြင်းဖြစ်သည်။

ထိုနေ့က ဖြစ်ပုံကို ပြန်ကြားရသည်မှာ စိတ်မကောင်းစရာပင်။ အဘထွန်းက မည်သို့ စိတ်ကူးပေါက်သည်မသိပေ။ တစ်သက်လုံး သိုသိုသိပ်သိပ်သိမ်းထားခဲ့သော သူနှင့် ငယ်စဉ်ဘဝက ပတ်သက်ခဲ့ဖူးသည့် သူ့ချစ်သူ အလှမယ်ကလေး၏ အဖြူအမည်းဓာတ်ပုံကို ထုတ်ကြည့်ကာ ဇလပ်ပန်းဖြူဖြူကလေးတစ်ပွင့် ခူးပြီး ဓာတ်ပုံကလေးပေါ် တင်ထားသည်ကို သူ့တူမောင်လုပ်သူက တွေ့ရှိပြီး အော်ဟစ်ငေါက်ငမ်းသည်ဟု အိမ်ဖော်အဘွားကြီးက ကျွန်တော့်ကို ပြောပြသည်။ ဟိုစိတ်သည်စိတ်မကုန်သေးသည့် သူ့ကို သူ့သမီးများ လုံခြုံရေးအတွက် စိတ်မချရကြောင်းကိုလည်း စွပ်စွဲပြောဆိုသည်ဟု သိရသည်။

အဘထွန်းမှာ ဧည့်သည်များရှေ့တွင် စွပ်စွဲခံရသည့်အတွက် ရှက်စိတ်ဖြင့် ငိုယိုတော့သည်ဟု ဆိုသည်။ အိမ်ကြီးရှင် အဘထွန်း၏ တူတော်မောင့်ဒေါသကို ကြောက်လန့်သဖြင့် အိမ်ရှိ အဖော်အပါးများကလည်း အဘထွန်းဘက်က ရှေ့နေမလိုက်ပေးရဲပေ။ အဘထွန်းမှာ ရှက်စိတ်ဖြင့် အထုပ်ကလေးထုပ်ပြီး ဆင်းလာသည်ကို တွေ့မြင်သည့်တိုင် စိတ်မကောင်းရှိလှသော်လည်း မည်သူမျှ မတားရဲပေ။

“ဦးတို့တာတော့ ကိုမောင်မောင်က သွားကြည့်လိုက်ဆိုတော့လည်း လိုက်လာရတာပါပဲ။ အချိန်မကြာစေနဲ့၊ ဆရာဝန်ကို အပ်ခဲ့ပြီး ပြန်လာလို့လည်း [illegible]သေးတယ်။ ပိုက်ဆံ[illegible] ရှင်းပေးပြီးရင် တာဝန်ခံဆရာဆီမှာ ပိုက်ဆံထားခဲ့ပေးဖို့လည်း ထပ်မှာလိုက်သေးတယ်။ ဒီကတူမောင်က အချိန်ပိုရင်တော့ စောင့်ပေးလိုက်ပါကွာ။ မင်းကို ပြောတာထင်ပါရဲ့။ ဦးက အဘထွန်းအိမ်က ထွက်သွားတုန်းက ဘယ်သွားမလို့လဲ မေးတော့ လူကလေးဆီသွားမှာလို့ ပြန်ဖြေသွားတယ်။ စိတ်မကောင်းဖြစ်ပြီး အမှောမောက်သွားတာ ထင်ပါရဲ့။ စိတ်မကောင်းတာတော့ အမှန်ပဲ။ ဒါပေမဲ့ ဦးတို့ကလည်း သူ့အလုပ်သမားဆိုတော့ သူ့စိတ်နဲ့လုပ်ရတာလေ။ သူက ဒါဆိုဒါပဲ လုပ်ရဲတာ”

ကျွန်တော့်ရင်ထဲတွင် ကျင်ခနဲဖြစ်သွားသည်။ အရာရာသည် ငွေကြေးဖြင့် ပြည့်စွက်ပေးလိုက်ရုံဖြင့် ပြီးပြည့်စုံသွားချေပြီလား။ အဘထွန်းသည်လည်း ငွေကြေးတစ်ခုတည်းကိုသာ လိုအပ်နေသည်လား။ အခြားသော ငွေကြေးဖြင့် ဖန်တီးလို့မရနိုင်သော တစ်စုံတစ်ရာကို လိုအပ်နေသည်လား။ ကျွန်တော်က ရော. . .။ လောကကြီးက လူသားတွေကရော . . .။ ဝမ်းနည်းစိတ်ဖြင့် ဆို့တက်လာသည်။ စကားတစ်စုံတစ်ရာ ပြန်ပြောဖို့ပင် ကျွန်တော့်မှာ အားအင်တို့မရှိတော့ပေ။

တာဝန်ခံဆရာဝန်က လူနာ အခြေအနေမှာ စိုးရိမ်ရကြောင်း သတိပေးစကား ပြောကြားလာသည်။ ဆေးများ အဆက်မပြတ်သွင်းထားသည့်တိုင် အခြေအနေက အပေါင်းလက္ခဏာမပြပေ။ ကျွန်တော်လည်း ကြံရာမရသဖြင့် မိုးကုတ်ဆရာတော်ဘုရားကြီး၏ သံသရာပြတ်ကြောင်း တရားခွေကို ဖုန်းဖြင့် အဘထွန်းနားတွင် ဖွင့်ထားပေးမိသည်။ အဘထွန်း၏ ဘဝသံသရာအနိမ့်အမြင့်ကိုလည်း သံဝေဂရမိသည်။ လူသားတို့၏ မေတ္တာတရားခေါင်းပါးမှုကိုလည်း ကြောက်ရွံ့နေမိသည်။ တစ်ချိန်ချိန် [illegible] မလွဲမသွေဖြတ်သန်းမည့် ဘဝနေဝင်ချိန်ကိုလည်း ကြိုတင်ပြီး ထိတ်လန့်နေမိသည်။

လူနာခုတင်ဘေးတွင် စကားသံတွေ ကျယ်ကျယ်လောင်လောင် ပြောနေကြသည့် အသံကြောင့်လား၊ သွင်းထားသော ဆေးများအရှိန်ကြောင့်လား၊ တစ်စုံတစ်ရာကို ဖွင့်ဟပြောကြားချင်သော စိတ်ဇောအဟုန်ကြောင့်လားတော့ မသိ၊ အဘထွန်းတစ်ယောက် သတိတစ်ချက် ပြန်လည်လာပေသည်။

“အဘ အဘ၊ ကျွန်တော် ရောက်ပြီလေ၊ အဘ အားမငယ်နဲ့နော်၊ ကျွန်တော် အနားမှာရှိနေပြီပဲ။ အားတင်းထားနော် အဘ”

ညာလက်က သူ့အင်္ကျီအိတ်ကပ်ကို လှမ်းစမ်းပြီး အထုပ်ကို လိုက်ရှာနေသဖြင့် ကျွန်တော် အသာယူပြီး ကမ်းပေးလိုက်သည်။ အဘထွန်း၏ နှုတ်ခမ်းအစုံတွင် အပြုံးကလေးတစ်စ တွေ့လိုက်ရသည်။ ပြီးတော့ နှုတ်ခမ်းကလေး ခပ်ဟဟဖွင့်ပြီး လေသံ တိုးတိုးမျှင်မျှင်ကလေးကြားမှ စကားသံအချို့ ထွက်ကျလာသည်။ ဝင်သက်ထွက်သက်ကို မောပန်းတကြီး ရှူရှိုက်နေရင်းမှ စကားပြောနေသည့် အဘထွန်းကိုကြည့်ရင်း ကျွန်တော် မခံစားနိုင်တော့သဖြင့် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဝေဒနာမှတဏှာသို့ မကူးမိစေဘဲ မဂ်ဉာဏ်ဖြင့် သံသရာပြတ်ကြောင်းတရားကို ဆင်ခြင်ရှာဖွေသင့်ကြောင်း ဆုံးမထားသော ခန္ဓာဉာဏ်ရောက်တရားတော်ကို ထပ်ကာထပ်ကာရစ်ပြီး ဖွင့် ထားပေးမိသည်။

“အိမ်ထောင်ပြုဖို့ မမေ့နဲ့နော် လူကလေး၊ အဘ လူကလေးနဲ့ အတူတူနေချင်တယ်၊ ဒါ. . .”

ကြိုးစားပြောရင်းမှ စကားသံများ ရပ်တန့်သွားတော့သည်။ အထုပ်ကလေးကို ကျွန်တော့်ထံလှမ်းပေးပြီး အဘထွန်း၏ မျက်နှာသည် တစ်ဖက်သို့ ချာခနဲ လည်ထွက်သွားတော့သည်။ အဘထွန်းပေးသော အညိုရောင်ယောဂီပိတ်စဖြင့် ထုပ်ပိုးထားသော အထုပ်ကလေးကို ကျွန်တော် ဖွင့်ကြည့်လိုက်မိသည်။ တစ်ချိန်က အာရှအဆင့်အားကစားပြိုင်ပွဲတွင် အဘထွန်းရရှိခဲ့ဖူးသော ကြေးတံဆိပ်ဆုတံဆိပ်ကလေးပင် ဖြစ်သည်။ ‘လူကလေးရဲ့မင်္ဂလာပွဲအတွက် အကြိုဂုဏ်ပြုအမှတ်တရလက်ဆောင်’ ဟု စာတန်းကလေးကိုလည်း ရေးထိုးထားသည်။

ဘယ်ဆီနေမှန်းမသိသေးသော ကျွန်တော့်ရဲ့ မင်္ဂလာပွဲအတွက် အကြိုဂုဏ်ပြု အမှတ်တရလက်ဆောင်ဆိုသည့် အဘထွန်း၏ လက်ရေးဖြင့် မညီမညာရေးထားသော စာတန်းကလေးကို အထပ်ထပ်ဖတ်ရင်း ကျွန်တော်ပြုံးလိုက်မိပါသည်။ ပြုံးနေရင်းမှပင် အဘိုးအိုတစ်ဦး၏ ဘဝနေဝင်ချိန်ဆည်းဆာရိပ်တို့မှာ လင်းလက်တောက်ပမနေဘဲ မှိုင်းပျမှုန်ရီနေသည့်အတွက် စိတ်မကောင်းဖြစ်မိရပြန်သည်။ မျက်ရည်စတို့က ပါးပြင်နှစ်ဖက်ပေါ်သို့ ဝိုးဝိုးပေါက်ပေါက် ကျလာပြန်လေသည်၊ အဆက်မပြတ်စီးကျလာသော မျက်ရည်စများကို သုတ်ရင်း ကျွန်တော့်လက်အစုံမှာ ဖုန်းနံပါတ်တစ်ခုဆီသို့ ယောင်ယောင်နနဖြင့် နှိပ်မိလျက်သား ဖြစ်နေပေတော့သည်။

လွှင့်ဖုန်းနံပါတ်မှတစ်ပါး အခြားမဟုတ်ပါလေ။

**လှံ့ဖွဲ့ကို**
**(စီးပွားရေးတက္ကသိုလ်)**

Asian Fame Media Group

ဇာတ်သိမ်း

ညိုလှဲ့ရည်နှင့် စကားပြောပြီး တစ်ပတ်ခန့်အကြာတွင် ဖုန်းတစ်လုံး ဝင်လာပါသည်။

"ကိုရီနိုင်နဲ့ပြောချင်လို့ပါ"

"ဟုတ်ကဲ့. . . ကျွန်တော် ပြောနေပါတယ်"

"ဩော်. . ကိုရီနိုင်လား. . ဘယ်သူလဲ မှတ်မိလား"

မှတ်မိလားဆိုတာကို မမှတ်မိပါဟု ပြောရခက်တော့ ကိုယ့်မိုက် ဖော်မိုက်ဖက်၊ အတူနေ အတူစားခဲ့ သူတွေထဲမှာ ဒါမှမဟုတ်ရင် စာပေ သမားထဲမှာ ဒီအသံကို စဉ်းစား ပေမယ့် မရ။ ဒီတော့ အားနာနာနှင့် စကားပြန်လိုက်ရသည်။

တွေ့ရအောင်ဆိုပြီး ဆက်လိုက်တာ၊ မင်းအားရင် ညနေတွေ့ချင်တယ် ကွာ၊ မင်းကို အရေးကြီးတဲ့ကိစ္စ တစ်ခုလည်း ပြောစရာရှိတယ်"

ဒီလိုဖြင့် ငယ်သူငယ်ချင်း မိုးနှင်းနှင့် သူချိန်းဆိုသော ဘီယာ ဆိုင်တစ်ဆိုင်မှာ ယင်းညနေ တွေ့ ဖြစ်ပါသည်။ ရောက်နှင့်သော မိုးနှင်းက ဘီယာတစ်ဂျားမှာပြီး အတူ သောက်ဖို့ စနှင့်နေပါသည်။

"ငါ ဘီယာတစ်ဂျား မှာ ထားတယ်၊ မင်း နည်းနည်း ပါးပါး တော့ ချတယ်မဟုတ်လား"

"ကိုယ်က အရင်ကတည်းက ဘီယာတို့ ဘာတို့ မသောက်တာ မင်းသိသားပဲကွာ"

# နှံ့နှစ်နှလုံးသား ပတ္တမြားဖြစ်စေ

## မောင်လွင်မွန် (ကသာ)



"ဟုတ်ကဲ့ မမှတ်မိဘူးဖြစ်နေ တယ်၊ ဘယ်သူများလဲ မသိဘူး နော်"

"ကိုရီနိုင်က တယ် မေ့တတ်သကိုး"

"အေးဗျာ. . . ပြော ရင်လည်း ခံရမှာပဲ၊ ကျွန်တော် တကယ်မမှတ်မိလို့ပါ"

"ဟား. . . ဟား၊ ဟေ့ ကောင်ရီနိုင်၊ ငါပါကွ၊ မိုးနှင်းပါ"

"ဟာ ခွေးကောင်မိုးနှင်း၊ မင်း တော်တော်နောက်တဲ့ကောင်၊ မင်းနဲ့ မတွေ့တာကြာပြီပဲကွာ၊ မင်းအခု ဘယ် ကဆက်နေတာလဲ"

"ငါအခု ရန်ကုန် ရောက်နေ တယ်ကွ၊ ငါ မန္တလေးမှာနေတာတော့ မင်းသိတယ်မဟုတ်လား၊ အေး ညိုလှဲ့ရည်နဲ့တွေ့လို့ မင်းဖုန်း နံပါတ်ရတာနဲ့ ရန်ကုန်ကိုလည်း ရုတ်တရက် လာစရာအကြောင်း လေး ပေါ်လာတော့ ရောက်တုန်း

Asian Frame Media Group



Asian Fame Media Group

"ဟာ မင်းကလဲ၊ အရင်က မသောက်တဲ့သူတွေ အကုန်သောက်နေပြီလေ၊ အခု ဘီယာဆို မိန်းကလေးတွေကအစ သောက်တယ်၊ အခု ဘီယာဆိုတာ အရင်က လက်ဖက်ရည်လောက် ဖြစ်သွားပြီကွ၊ မင်းကလည်း ပိန်းပါ့ကွာ"

"အေးကွာ. . . ငါက လက်ဖက်ရည်တောင် အပေါင်းအသင်းနဲ့တွေ့ဖို့သောက်တဲ့ သဘောပဲ၊ ဖြစ်နိုင်ရင် ရေနွေးကြမ်းပဲသောက်ချင်ပါတယ်"

"ဟင်း. . . မင်းလိုကောင်ချည်းပဲဆိုရင်ဖြင့် လက်ဖက်ရည်ဆိုင်တွေ၊ ဘီယာဆိုင်တွေ၊ ဘီယာစက်ရုံမှာ လုပ်တဲ့သူတွေအားလုံး ထမင်းငတ်ရချည်ရဲ့ကွာ၊ ကဲပါ၊ မင်း မသောက်လည်း အအေးတစ်ခုခု သောက်ပေါ့၊ ငါက မင်းကို မတွေ့ရတာ ကြာပေမယ့် အမြဲသတိရပါတယ်ကွာ၊ မင်း သတင်းတွေလည်း ကြားပါတယ်၊ မင်းလည်း ငါ့အကြောင်း ကြားမှာပေါ့၊ ငါက အခု ကျောက်သမားပေါ့ကွာ၊ ရန်ကုန်လည်း ငါ မကြာခဏ ရောက်တတ်ပါတယ်၊ မင်း ပထမထောင်ကျတဲ့သတင်းကြားတော့ မင်းနဲ့အဆက်ပြတ်နေပေမယ့် မင်းမိသားစုကို လာတွေ့ပြီး ငါတတ်အားသရွေ့ ကူညီချင်တဲ့စိတ် ရှိပါတယ်ကွာ၊ ဒါပေမဲ့ ပွင့်ပွင့်လင်းလင်းပြောရရင် ငါက ယပင့်နဲ့ ကျောက်တဲ့ကျောက် သမားပေမယ့် ယရစ်နဲ့လည်း ကြောက်တာပဲကွာ၊ ဒါနဲ့ ငါမင်းအိမ်ကို မရောက်ဘူး၊ ဒီလိုပဲ၊ မင်းလွတ် တယ်ကြားတော့လည်း ငါ မလာရဲဘူး၊ အဲဒါ မင်းစိတ်ဆိုးရင်လည်းဆို၊ အမှန်အတိုင်း ငါ ပြောတာပဲ"

"မဆိုးပါဘူးကွာ၊ ကိုယ်နားလည်ပါတယ်၊ ဒါပေမဲ့ ကိုယ်လည်း မင်းကိုယ့်ကို မဆက်သွယ်ချင်ဘူးလို့ တစ်တာနဲ့ မင်း လိပ်စာတို့ ဘာတို့ဆိုတာ မစုံစမ်းဘဲထားတာပါ"

"အေးလေ၊ မင်းငါ့ကိုလည်း အမြဲမတင်နဲ့၊ ငါတို့ကျောင်းသားဘဝမှာ ဘယ်လောက်တွဲ ခဲ့ကြသလဲမြို့ကလူတွေ အသိ၊ ဒါပေမဲ့ မင်း အဲဒီတုန်းက နိုင်ငံရေးကိစ္စတွေထဲ ဘယ်လောက်ပါခဲ့တယ်ဆိုတာ အသေအချာ ငါ မသိရဘူး၊ ဟိုနေ့က မှ ကသာကပဲ အခုစစ်ကိုင်းရောက်နေတဲ့ ထွန်းထွန်းလေ၊ ကိုယ်တို့ငယ်သူငယ်ချင်း နေမင်းရဲ့ညီလေးပေါ့၊ သူနဲ့တွေ့မှ မင်းနဲ့တွဲ လုပ်ခဲ့ တာတွေ အမှတ်တရပြန်ပြောလို့ သိရတာ"

" အဲဒါက ဒီလိုပါကွာ၊ ကိုယ် နိုင်ငံရေးလုပ်တာက မခံချင်လို့ လုပ်တာ၊ ထောင်ကျကျ တန်းကျကျ ဆိုတဲ့စိတ်နဲ့တော့ မဟုတ်ဘူး၊ အဲဒီလောက်လည်း သတ္တိမရှိဘူးဆိုပါတော့၊ ပြီးတော့ ကိုယ့်တက္ကသိုလ်မှာ ကိုယ်နေတဲ့ပုံစံက သိုသိုသိပ်သိပ်နဲ့ လူသိလည်း သိပ်မများဘူးလေ၊ ဒါကြောင့် တခြားတက္ကသိုလ်တွေက လူတွေနဲ့ဆက်သွယ်ပေမယ့် ကိုယ့်တက္ကသိုလ်မှာတော့ ကိုယ်က အဖွဲ့အစည်းနဲ့ မလုပ်ဖြစ်ဘူး၊ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် တစ်ကိုယ်တော်ပဲ ဆိုပါတော့၊ ဒါပေမဲ့ တစ်ယောက်တည်းလည်း လုပ်ဖို့ မဖြစ်နိုင်တော့ ကိုယ်ထက်နှစ်ငယ်တဲ့ ဂျူနီယာတွေထဲက စိတ်ဓာတ်လည်းရှိ၊ နှုတ်လည်းလုံ၊ တခြားလူတွေနဲ့လည်း ပတ်သက်မှုကင်းသူမျိုးတွေကို ရွေးပြီးတွဲလုပ်ခဲ့ဘာ၊ ထွန်းထွန်းက အဲဒီထဲကတစ်ယောက်ပေါ့၊ ကိုယ့်မြို့သားလည်းဖြစ်၊ သူငယ်ချင်းရဲ့ ညီမို့ စိတ်လည်းချရတယ်လေ၊ မှိုင်းရာပြည့်မစခင်မှာ ကိုယ်နဲ့ ထွန်းထွန်း သမိုင်းတစ်ဝင်းလုံးကို ညကြီးသန်းခေါင် ခပ်တည်တည်ဝင်ပြီး အခန်းတော်တော်များများကို ဆန့်ကျင်ရေးကြေညာတဲ့ လက်ကမ်းစာစောင်တွေ လိုက်ထည့်တာ၊ ဇဝက ဆောင် ရောက်မှ မအိပ်သေးတဲ့ ဖဲဝိုင်းနဲ့ တွေ့လို့ ကိုယ်တို့ကို ဘယ်ကလဲ ဘာညာနဲ့ မြဲသနားရှာတာ ကံအားလျော်စွာ ကသာက ကိုယ်တို့ သူငယ်ချင်း ဗက်တက်ကခင်မောင်အေးကို မင်းသိတယ်မဟုတ်လား၊ အေး၊ သူနဲ့တွဲတဲ့ ရွှေကူကကိုသန်းဝင်းဆိုတဲ့ ကျောင်းသား ထွက်လာလို့ ကိုယ်က "ကိုသန်းဝင်း၊ ကျွန်တော်ခင်မောင်အေးကို လာရှာတာလို့" ပြောတော့မှ ကိုသန်းဝင်းက ဒါကသာက ကျွန်တော့်သူငယ်ချင်းတွေပါလို့ ပြောပြီး သူတို့အဆောင်မှာပဲ ရှိတဲ့ ခင်မောင်အေးကိုခေါ်ပေးလို့ အဆင်ပြေတယ်ပေါ့၊ ဒါပေမဲ့ နောက်နေ့မှာ ခင်မောင်အေးက အဆောင် လာဆဲတာပဲ၊ ညတုန်းက စာတွေထည့်သွားတာ မင်းတို့ဆိုတာ တစ်ဆောင်လုံးသိတယ်၊ မင်းပိပိရိရိလည်းမလုပ်ဘူး ထောင်ကျချင်လို့လားဆိုပြီး ဆူတာ၊ အဲဒါထွန်းထွန်းနဲ့တွဲခဲ့တဲ့ အမှတ်တရတစ်ခုပေါ့ကွာ"

"အေး. . . အဲဒီကျောင်းသားတွေထဲ အင်ဖော်မာပေါ်တော့ မင်း ကံကောင်းသွားတာပေါ့"

"အေးလေ မင်းဘာမှမသိလို့ဘဲ အဲဒီတုန်းက ငါထောင်မကျတာပေါ့၊ ဟုတ်တယ်မဟုတ်လား၊ ဟား ဟား"

"ခွေးကောင်၊ အေးလေ၊ ဘာပဲဖြစ်ဖြစ်၊ ဒါကြောင့်မင်းလိုကောင်မျိုး ငါအခုတောင် မပတ်သက်ရဲတာ၊ အေးပါ၊ ဒါတွေထားပါဦး၊ မင်း မကြာခင်က ကသာ ရောက်တယ်၊ ရွှန်းလဲ့နဲ့လည်း တွေ့ခဲ့တယ်ဆို"

"အေးပါ. . . မင်း ညီလဲ့နဲ့တွေ့ပြီးမှပဲ၊ အားလုံးသိပြီးရောပေါ့"

"အေး. . . သိပြီးပြီပေါ့ကွာ၊ ဒါနဲ့ ငါပြောရဦးမယ်၊ ညီလဲ့ကို မင်း စိစဉ်ပေးထားတာတွေပါ၊ ငါသိလို့ ငါ တစ်နေ့ ဆရာဦးလှကောင်းကိုပါ သွားတွေ့ပြီး မင်းငယ်သူငယ်ချင်း အမြဲစ် မိတ်ဆက်တော့ သူကလည်း အားရဝမ်းသာပဲ လက်ခံတွေ့ပါတယ်၊ ဒါနဲ့ သင်တန်းကြေးကိစ္စ မေးတော့ သူ့သင်တန်းကြေးမပါ တစ်သိန်းခွဲ လောက်ကျပြီး ငါးသောင်းကို မင်းရဲ့ထုတ်ဝေသူ ဆရာက ထည့်ပေးတာရယ်၊ ကျန်တာကိုတော့ မင်းပဲတာဝန်ယူထားပုံရတယ်ဆိုတာ သူကပြောတယ်ကွ၊ ဒီတော့ကွာ၊ ငါတိုတိုပဲ ပြောမယ်၊ မင်းမှာလည်း အဆင်ပြေတာမဟုတ်ဘူး ငါသိတယ်၊ ဒီတော့ ညီလဲ့ကလည်း ရွှန်းလဲ့သမီးဆိုတော့ မင်းရော ငါပါ ကူညီပေးဖို့တာဝန် ရှိကြတာပဲ၊ ဒီတော့ အဲဒီမှာ ငါတစ်ဝက် ထည့်မယ်ကွာ၊ ငါ ငါးသောင်း၊ မင်းငါးသောင်း အဲဒီလိုလုပ်လိုက်၊ ဟုတ်လား"

"ဟေ့ကောင်. . . မင်းမှာက ငါးသိန်းဆိုလည်း တစ်နိုင်မှာ ငါသိတယ်၊ ဒါပေမဲ့ ငါ ရည်ရွယ်ထားတဲ့အတိုင်း ငါပဲပေးလိုက်ပါမယ်ကွာ၊ တစ်ခုတော့ရှိတယ်၊ ညီလဲ့မှာ

သူ့ကို ရွှန်းလဲ့မချစ်တာ ချစ်တာ ဒါကို သူထည့်မစဉ်းစားဘူး၊
ရွှန်းလဲ့ကို
တစ်သက်လုံးပျော်အောင်
သူစောင့်ရှောက်မယ်ဆိုပြီး
သူ လက်ထပ်ခဲ့တာ၊
ဒါပေမဲ့ ရွှန်းလဲ့ပျော်အောင်
သူ မလုပ်နိုင်ဘူးတဲ့၊
ဘာဖြစ်လို့လဲဆိုတော့ . . . .



ကွန်ပျူတာတွေဘာတွေ လိုကောင်း လိုမယ်၊ အဲဒါတော့ ငါလည်း မတတ်နိုင်ဘူး၊ အဲဒါတော့ မင်းတတ်နိုင်ရင်လုပ်ပေးလိုက်ကွာ"

"ဩော်. . . အဲဒီလိုလား၊ ဒါဆိုလည်း ငါ အဲဒီလိုလုပ်ပေးလိုက်ပါမယ်ကွာ၊ ငါက အဲလိုတော့ ဘယ်သိမလဲကွ"

"အေးလေ မင်းက ဘယ်ကျောက် ဘယ်လိုဝယ်ပြီး ဘယ်လိုရိုက်လိုက်ရင် ဘယ်လောက်ရမယ်ဆိုတာပဲ သိမှာပေါ့၊ ကျန်တာတွေတော့ မင်းဘယ်သိမလဲ၊ ဟားဟား. . ."

"အောင်မာ ဟေ့ကောင်၊ ငါမသိဘူးဆိုတာတောင် မင်းထက်တော့ အများကြီး သိသေးပါတယ်ကွာ၊ မင်းကမှ ဘာမှ မသိတဲ့ကောင်၊ ကဲ ဒီမှာသူငယ်ချင်း၊ ရွှန်းလဲ့က ညီအောင်ကို ဘာကြောင့် လက်ထပ်ခဲ့တယ် ထင်သလဲ၊ မင်းသိရဲ့လား"

"ဟေ့ကောင်. . . ဒါတွေ မပြောပါနဲ့တော့ကွာ၊ မင်းပြောသလိုပြီးတာတွေ ထားလိုက်ကြပါစို့ ဟုတ်တယ် မဟုတ်လား"

"ဩော်. . . အေး. . . ဟုတ်ပါတယ်၊ ဒါပေမဲ့ တချို့ကိစ္စတွေက ထားလိုက် လို့မရအောင် အခုအထိ လိုက်ပတ်သက်နေတာကွ၊ အေးပါကွာ၊ မင်း အံ့ဩသွားလောက်တဲ့ ကိစ္စတစ်ခုတော့ ငါ ပြောပြလိုက်ဦးမယ်၊ ညီအောင်နဲ့ရွှန်းလဲ့ လက်မထပ်ခင်မှာ ရွှန်းလဲ့အိမ်က ရွှန်းလဲ့ကို အိမ်ထောင်ချပေးဖို့ စီစဉ်ခဲ့တယ်၊ အဲဒါ ဘယ်သူနဲ့လို့ မင်းထင်သလဲ"

"ငါ ဟို ငါ. . . အဲဒီကိစ္စ. . အဲဒီကိစ္စ. . ငါသိပြီးပါပြီကွာ"

"ဘယ်လို၊ မင်းသိပြီးပြီဟုတ်လား၊ မင်း ဘယ်ကနေသိတာလဲ"

"နေပါဦး မင်းကရော ဒီကိစ္စကို ဘယ်လို သိနေတာလဲ"

"ငါ့ကို ညီအောင်ပြောပြသွားခဲ့တာကွ၊ ကဲ မင်းကော မင်းက ဘယ်လိုသိတာလဲ ပြော"

"ဒီလိုကွာ. . . ဟို မင်းကို ညီအောင်ပြောတယ် ဆိုရင် ညီအောင်က မင်းတစ်ယောက်တည်းကို ပြောတာ ဟုတ်ချင်မှ ဟုတ်လိမ့်မယ်၊ ညီအောင်ပဲ ပြောခဲ့တာဖြစ်မယ့် တခြားတစ်ယောက်ဆီက ငါသိတာပဲ၊ ဘယ်သူ့ဆီက ဆိုတာတော့ ငါမပြောပါရစေနဲ့ကွာ"

ရွှန်းလဲ့ရဲ့သိက္ခာကို ကာကွယ်ဖို့အတွက် သေသူ့နာမည်ကိုပင် အားမနာနိုင်ဘဲ ထုတ်သုံးလိုက်မိသည်။

"ဩော်. . . ဒီလိုကိုး၊ မင်းသိတာ သိပ်ကြာသေးမယ့်ပုံ မရှိဘူး"

"ဘယ်ကြာသေးမလဲကွာ၊ ကိုယ်ရွှန်းလဲ့နဲ့ သူ့ပတ်ဝန်းကျင်ကို ပြန်ဆက်စပ်မိတာပဲ မကြာသေးဘူးလေ"

"အေး. . . ဒါဆို ညီအောင်ဟာ ရွှန်းလဲ့နဲ့ နေထိုင်ခဲ့တဲ့ဘဝတစ်လျှောက်လုံး စိတ်မကောင်းခြင်းကြီးစွာနဲ့ နေသွားခဲ့တယ် ဆိုတာရော မင်းသိလား"

"အေးပါကွာ၊ ဒါလည်း ကိုယ်သိတယ်ပဲ ဆိုပါတော့၊ အမှန်တော့ ညီအောင်က အထင် လွဲနေခဲ့တာပါ၊ ရွှန်းလဲ့ကို သူနားမလည်ဖြစ်ခဲ့ရတယ်လို့ ကိုယ်ထင်တယ်"

"နီး. . . နီး. . . ရွှန်းလဲ့ကို သိလွန်းလို့ ဖြစ်သွားတာ သူငယ်ချင်း"

"မဟုတ်ဘူးကွ၊ အမှန်က ညီအောင့်ရင်ထဲမှာ ရွှန်းလဲ့ဟာ သူ့ကိုမချစ်ဘဲ လက်ထပ်ခဲ့တယ်၊ နောင်လည်း ဘယ်တော့မှ မချစ်ခဲ့ဘူးလို့ ထင်ခဲ့တာကွ၊ အမှန်က . . ."

"မဟုတ်ဘူး သူငယ်ချင်း၊ အဲဒါက ပြဿနာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရွှန်းလဲ့က သူ့ကို ညာပြီးလက်ထပ်ခဲ့တာမှ မဟုတ်တာ၊ သူ့ကို ပြောင်ပြောင်ပြီးမှ သူလက်ခံနိုင်လို့ ရွှန်းလဲ့ကို ကျေကျေနပ်နပ် ယူခဲ့တာလေ"

"အေးလေ ဒါပေမဲ့. . ."

"ခဏနေဦး သူငယ်ချင်း ကိုယ် ပြောဦးမယ်၊ အခုကိုယ်သိထားတာက. . သိထားတယ်ဆိုတာကလည်း ညီအောင်ကိုယ်တိုင် ကိုယ့်ဆီမှာ မကြာခဏ ရင်ဖွင့်ပြောပြနေခဲ့လို့ ကိုယ်သိနေတာ ကိုယ်ကကျောက်သမားဆိုတော့ ညီအောင်နဲ့ အစောကြီးကတည်းက အဆက်အသွယ် အဆက်ဆံရှိခဲ့တယ်ကွ၊ အဲဒီမှာ ညီအောင်ပြောတာက သူ့ကို ရွှန်းလဲ့မချစ်တာ ချစ်တာ ဒါကို သူထည့်မစဉ်းစားဘူး၊ ရွှန်းလဲ့ကို တစ်သက်လုံးပျော်အောင် သူစောင့်ရှောက်မယ်ဆိုပြီး သူ လက်ထပ်ခဲ့တာ၊ ဒါပေမဲ့ ရွှန်းလဲ့ပျော်အောင် သူ မလုပ်နိုင်ဘူးတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ရွှန်းလဲ့က မင်းကိုမမေ့နိုင်ဘူး ဖြစ်နေခဲ့တယ်တဲ့"

"မဟုတ်ပါဘူး မိုးနှင်းရာ၊ ရွှန်းလဲ့နဲ့ ကိုယ်နဲ့က ဘာမှဖြစ်ခဲ့တာမှ မဟုတ်တာ"

"အေး. . . ဘာမှ မဖြစ်ခဲ့လို့ အခု လိုတွေဖြစ်ခဲ့တာ သူငယ်ချင်း၊ မင်းတို့ချင်း ပွင့်ပွင့်လင်းလင်း ချစ်သူတွေ ဘာတွေဖြစ်ခဲ့ကြရင် အခုလိုတွေ ဖြစ်စရာအကြောင်းမရှိဘူးလေ၊ ဒီလိုကွာ၊ ညီအောင်ပြောတာက သူ ပထမဆုံးသိလိုက်တာက မင်း လက်ထပ်တဲ့ သတင်းကြားတဲ့အခါ ရွှန်းလဲ့ဟာ ကျန်းမာရေးအရမ်း ထိခိုက်သွားခဲ့ပြီး သူ့ပထမကိုယ်ဝန် တောင် ပျက်ကျသွားခဲ့တယ်တဲ့"

"ဟာ မဟုတ်သေးပါဘူး မိုးနှင်းရာ၊ အမှန်ကတော့ ထိခိုက်သွားတာ ထင်ပါတယ်၊ ပြီးတော့ . . ."

"ခဏလေး သူငယ်ချင်း၊ ကိုယ့်စကားမဆုံးသေးဘူး၊ ပြီးတော့ ညီအောင်ပြောတာက ရွှန်းလဲ့က မင်းသူ့ကို ဆွဲပေးထားတဲ့ ပုံတူပန်းချီကားလေးကို သူ့အိပ်ရာခေါင်းရင်းနံရံမှာ ကပ်ထားတယ်တဲ့၊ မင်းဆွဲပေးခဲ့တာ ပို့စကတ်အရွယ်ကလေးပါ၊ ကိုယ်လည်း သိတယ်လေ၊ အဲဒါလေးကို တစ်နေ့ သူသတိထားပြီး ကြည့်မိသတဲ့၊ ပုံကလေးက ရွှန်းလဲ့နဲ့အတော်ကို တူတာတဲ့၊ ညီအောင်က ငါ့ကိုပြောပြတယ်၊ ကျွန်တော်တို့ဟာ ကိုရီနိုင်နဲ့ တစ်ကျောင်းတည်း နေခဲ့ကြတာပဲ၊ ကိုရီနိုင်က ပန်းချီဝါသနာပါတယ် ဆိုပေမယ့် နံရံကပ်စာစောင်တို့ ဘာတို့ ကျောင်းမှာလုပ်ရင်တောင် သူက လက်ရေးရေးပေးတာပဲရှိတာ၊ ပန်းချီဆွဲတယ်လို့ မကြားမိဘူး၊ သူဒီလောက် ပန်းချီတော်တယ်လို့ မထင်ဘူးတဲ့၊ သူရွှန်းလဲ့ပုံကို ဘာဖြစ်လို့တအောင် ဒီလောက်ဆွဲနိုင်တာလဲ၊ သူဆွဲတဲ့ရွှန်းလဲ့ရဲ့ပုံက ဘာလို့ ဒီလောက် အသက်ဝင်ရတာလဲ ဆိုတာ တွေးကြည့်တော့မှ ကိုရီနိုင်ကလည်း ရွှန်းလဲ့ကို အတော်ချစ်ခဲ့တာဆိုတာ ကျွန်တော်သိသွားတယ်လို့ ညီအောင်က ပြောတယ်ကွာ"

"ဟာ အဲဒါ သူအတွေးလွဲတာဖြစ်မယ် မိုးနှင်းရာ၊ မင်းလည်း သိပါတယ်ကွာ၊ ကိုယ် အဲဒီပုံဆွဲတုန်းက. . ."

"အေးပါကွာ၊ အဲဒီပုံဆွဲတုန်းက မင်းဘာလို့ ဆွဲရတာလဲလို့ ငါတောင် မေးခဲ့ဖူးပါသေးတယ်၊ ထားပါကွာ၊ အဲဒါတွေ မှန်တယ်မမှန်ဘူး ဆိုတာ မင်းကို ငါမေးချင်တာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဖြစ်ခဲ့တာတွေတော့ မင်းသိဖို့လိုတယ်၊ ဒီတော့ ညီအောင်ဟာ အတော်စိတ်မချမ်းမသာ ဖြစ်သွားတယ်၊ မင်းတို့ချစ်သူနှစ်ယောက်ကို သူခွဲခဲ့မိတယ်လို့ သူ့ဘာသာ ယူကြုံးမရဖြစ်တယ်၊ တကယ်တော့ မင်းတို့ချင်းချစ်နေတယ်ဆိုတာ သူနားမလည်ခဲ့ဘူးတဲ့၊ ရွှန်းလဲ့က မင်းကို ချစ်နေခဲ့တယ်၊ မင်းကတော့ ရွှန်းလဲ့ကို ညီမလေး လိုပဲသဘောထားတယ်၊ မင်းမှာ ချစ်သူလည်း ရှိချင်ရှိနေမယ်၊ အဲဒါကို အိမ်ကဖွတ်ပေးစားရင် မင်းတို့ အိမ်ထောင်ရေး အဆင်မပြေနိုင်ဘူး၊ ဒီလို သူစဉ်းစားပြီး ရွှန်းလဲ့ကို သူ တာဝန်ယူလက်ထပ်ခဲ့တယ်၊ ရွှန်းလဲ့နဲ့သမီးလေးအတွက် သူ စွန့်စားကြိုးစားခဲ့တယ်၊ ဒါပေမဲ့ ကြာလာတာနဲ့အမျှ သူ့ကိုယ်သူ မှားတယ်ဆိုတာ သိလာတယ်တဲ့၊ သူဟာ မင်းတို့ချင်း မပွင့်လင်းမှုကို သိရက်နဲ့ မသိစိတ်ကနေ အခွင့်အရေးယူခဲ့တဲ့ သဘောပေါ့ ကွာ၊ အဲဒီလို သူခံစားရပုံပေါ်ပါတယ်"

"အေးကွာ. . . စိတ်မကောင်းစရာပါပဲ၊ ကိုယ် အဲဒါတွေတော့ မသိခဲ့တာ အမှန်ပါပဲ"

"အေးပါကွာ၊ အဲဒီတော့ သူ ရွှန်းလဲ့ အနားမှာနေရတာ လိပ်ပြာမသန့်တော့ဘူးတဲ့။ ဒါကြောင့် ရွှန်းလဲ့နဲ့သမီးဆီ ငွေ မှန်မှန်ပို့ပေးပေမယ့် ကသာကိုတော့ ပြန်ဖြစ်ရင်တောင်ရက်ကြာကြာမနေဘဲ မော်ထဲမှာပဲ ပျော်သလိုနေပုံရတယ်၊ သူ ကိုယ့်ဆီရောက်လို့ မူးလာတဲ့အခါ ကျွန်တော့်ဘဝက အသက်ရှင်လို့လည်း ဘာမှမထူးပါဘူးဗျာ ဆိုတာ

Asian Fame Media Group

ခဏခဏ ပြောတယ်၊ နောက် တစ်ခု ရှိသေးတယ်ကွ၊ အဲဒါက သမီးလေးရဲ့ နာမည်၊ သမီး နာမည်က ညိုလှဲ့ရည် ဆိုတာ ရွှန်းလဲ့ပေးထားတာတဲ့ကွ၊ ညိုအောင်မူးနေတဲ့ တစ်နေ့မှာ ပြောတယ်၊ သမီးနာမည်က ညိုလှဲ့ရည်၊ ညိုက ကျွန်တော်၊ လဲ့က ရွှန်းလဲ့၊ ရည်ကတော့ ရွှန်းလဲ့ မမေ့နိုင်တဲ့ လူတစ်ယောက်ပေါ့ဗျာတဲ့"

"ဟာ ဒါကတော့ ညိုအောင် အတွေးလွန်တာဖြစ်ပါလိမ့်မယ်၊ ညိုလှဲ့ရည်ဆိုတဲ့ နာမည်လေးက လှပါတယ်၊ ဒါပေမဲ့ လဲ့နဲ့ရည်က ဆက်ရက်လေကွာ၊ ပြီးတော့ ကိုယ့်နာမည်က ရကောက်လုံးကြီးတင် ဆန်ခတ်ရီပဲ၊ အဓိပ္ပာယ်လည်း မတူဘူး၊ စာလုံး ပေါင်းလည်းကွာတယ်"

"အေးပါ။ ဒါပေမဲ့ မင်းမှ အဲလို ပြောတယ်မထင်နဲ့၊ တစ်နေ့ ညိုအောင်က မူးမူးနဲ့ ရွှန်းလဲ့ကို စပြီး ပြောတော့လည်း ရွှန်းလဲ့က အဲဒီလိုပဲ ပြောတာတဲ့၊ မင်းပြောတာနဲ့ အားလုံး မတူပေမယ့် စာလုံးပေါင်းမှ မတူတာလို့ပဲ ပြောတာပဲတဲ့၊ ပြီးတော့ သမီးနာမည်က သမီးမျက်လုံးကလေးတွေ အရည်လဲ့ပြီး လှတာမို့ လဲ့ရည်လို့ပေးတာလို့ ပြောတယ်တဲ့၊ ကဲပါကွာ၊ အဲဒါတွေ ထားပါတော့၊ ဒီလိုနဲ့ နောက်ဆုံးတော့ ညိုအောင် ဆုံးသွားခဲ့တယ်၊ ညိုအောင် ဘာနဲ့ ဆုံးသွားတယ်လို့ မင်းထင်သလဲ"

"ငှက်ဖျားဖြစ်နေတယ် ပြောတာပဲ၊ ငှက်ဖျားပိုး ဦးနှောက်ထဲ ဝင်တာလည်း ဖြစ်ချင်ဖြစ်မယ်၊ တချို့ပြောတော့လည်း အမျိုးမျိုးပေါ့ကွာ"

"အေး ငါသိတယ်၊ နံပါတ်ဖိုး ထိုးရင်း ရှော့ဖြစ်သွားတာလို့ ပြောတာလည်းရှိတယ်ပေါ့ ဒါပေမဲ့ အေးဟုတ်တယ်၊ သူသေတာကတော့ ဘာကြောင့်သေလဲ ကိုယ်လည်း သေချာမသိပါဘူး၊ ဒါပေမဲ့ သူသေတဲ့ အချိန်မှာ သူ့မှာ အေထိထားတယ်"

"ဘယ်လို သူငယ်ချင်း"

"ဟုတ်တယ် သူငယ်ချင်း၊ သူ အဲဒီအချိန်မှာ အိတ်ချ်အိုင်ဗီ ပေါ့စတစ်ဗ်ဖြစ်နေပြီ၊ သူ့ဘာသာ အေအိုင်ဒီအက်စ်ထိနေပြီ ဆိုတာ သိပြီးတဲ့နောက် ကိုယ်နဲ့ နှစ်ကြိမ် လောက်တွေ့ခဲ့တယ်၊ သူအဲဒီလို သိကတည်းက ကသာကို မပြန်တော့ဘူးတဲ့၊ ဒါပေမဲ့ ဒီနေရာမှာ စဉ်းစားစရာက သူဘယ်တုန်းကမှ ဒီရောဂါ သူ့မှာရှိနေတာကို သိသွားတာလဲ၊ ဒီကြားထဲ ဒီမတိုင်ခင် သူရွှန်းလဲ့ဆီ ရောက်သေးလား၊ အဲဒါကိုယ်တို့ မသိရဘူး"

"ဒါဆိုရင် ရွှန်းလဲ့မှာ. . "

"ဟုတ်တယ် ဒီနေရာမှာ ပိုဆိုးသွားတာက ရွှန်းလဲ့တို့ သားအမိက ညိုအောင်မဆုံးခင်မှာ အေအိုင်ဒီအက်စ်ဖြစ်နေခဲ့တယ်ဆိုတာ လုံးဝ မသိကြဘူး၊ ဒီတော့ ကိုယ်တို့က ရွှန်းလဲ့ကို ဆေးလေးဘာလေး စစ်ကြည့်ဖို့ ပြောဖို့ခက်နေတယ်၊ မကြာခင် ကတော့ ညိုလှဲ့ကသူ့အမေ အခုတလော ချုံချာတယ်၊ ကျန်းမာရေးမကောင်းလှဘူးလို့ပြောတော့ ပိုစိတ်ပူစရာဖြစ်လာတယ်"

"မင်း. . မင်းပြောပုံက ရွှန်းလဲ့မှာ အေအိုင်ဒီအက်စ် ပိုးရှိနေနိုင်တယ်လို့ ပြောတာလား"

"အေးလေ. . . ဆယ်ရေး တစ်ရေး၊ ကိုယ်လေ တစ်ရာပေါ့ သူငယ်ချင်းရာ၊ ဖြစ်မယ်လို့ မပြောနိုင်သလို မဖြစ်ဘူးလို့လည်း စိတ်ချလို့တော့ မရဘူးထင်တယ်"

"ဟာ ဖြစ်မှဖြစ်ရလေကွာ"

"အေး. . . ဒါကြောင့် မင်းပြောသလို ပြီးတာတွေကို ထားလိုက်ကြစို့လုပ်ဖို့ မဖြစ်နိုင်ဘူးလို့ ပြောနေတာ၊ အဲဒါ ရွှန်းလဲ့ကို ဘယ်လိုပြောပြီး ဘယ်လိုလုပ်ပေးသင့်တယ် ဆိုတာ မင်းကို အိုင်ပင်တာပဲ"

"ဒုက္ခပဲ၊ ရွှန်းလဲ့သာ တစ်ခုခု ဖြစ်ရင်. . "

"အဲဒါမဖြစ်အောင် ကိုယ်တို့ ဝိုင်းလုပ်ရမှာပေါ့၊ ညိုလှဲ့ကတစ်ဆင့် ပြောဖို့ကျလည်း ကလေးကို မပြောရက်ဘူးကွာ၊ မင်း တစ်ခုခုစဉ်းစားကြည့်ပါဦး၊ ပြီးတော့ ခုနက မင်းပြောသလို ညိုလှဲ့လိုတာဆို ကွန်ပျူတာကအစ ငါဝယ်ပေးလိုက်ပါမယ်၊ ဒါပေမဲ့ သင်တန်းစရိတ်ကျန်တာကို လည်း ငါနဲ့မင်းတစ်ဝက်စီ ပေးတာက အဆင်ပြေမယ်၊ မင်းမှာတခြား ကုန်စရာတွေ ရှိနေတယ်ဆိုတာ ငါသိတယ်၊ ရှင်းရှင်းပြောရရင် အဲဒါတွေအတွက် ငါမင်းကိုမပေးချင်ဘူး၊ မပေးရဲဘူးလို့ပဲ ဆိုပါစို့ကွာ၊ နောက်မှ ရှုပ်ရှုပ်ယှက်ယှက် ဖြစ်ရမှာမျိုး ငါမလုပ်ချင်လို့ပဲ ဆိုပါတော့၊ ဒါပေမဲ့ ကျောက်သမားဆို ငါလို ကြောက်ချည်းပဲတော့မထင်နဲ့နော်၊ ကျောက်သမားထဲမှာလည်း မင်းလိုလိုင်းမျိုးပါ နှစ်လိုင်းပူးလုပ်နေသူတွေ၊ အထဲ ခဏခဏရောက်သူတွေ တစ်ပုံကြီးပဲ၊ ဒါပေမဲ့ငါကတော့ ညိုလှဲ့ရဲ့သင်တန်းစရိတ် တစ်ဝက်ပဲ ငါခံလိုက်ချင်တယ်၊ အဲဒါ မင်းသိအောင် ပြောပြတာ"

အဲဒီကာလက ကိုယ့်မှာ အထဲမှာ ကျန်ခဲ့ရစ်သေးသူတို့အတွက် တတ်နိုင်သမျှ ထောက်ပံ့နေရသော ကုန်ကျစရိတ်တချို့ ရှိသည်။ ဒါကို ငဲ့ပြီး ညိုလှဲ့အတွက် သူတစ်ဝက်ပေးမည်ဟု မိုးနှင်းက ဆိုနေခြင်းဖြစ်သည်။ သို့သော် သူ့စကားက ကိုယ့်နားထဲ အားလုံးမဝင်။ မသိတစ်ချက် သိတစ်ချက်။ ကိုယ့်နားထဲမှာ မြည်ဟည်းနေတာက ရွှန်းလဲ့မှာလည်း အေအိုင်ဒီအက်စ် ရှိနေနိုင်တယ်တဲ့ ဆိုသည်နှင့် ရွှန်းလဲ့နှင့်တွေ့စဉ်က သူပြောခဲ့သော အခုတလော ချောင်းခဏခဏဆိုးတယ် ဆိုတာကို ဖြစ်သည်။

ထိုညက မိုးနှင်းပြောသမျှကို တိတိကျကျ စကားမပြန်ဖြစ်ပဲ ခေါင်းထဲမှာ သောကလှိုင်းတွေ တရိပ်ရိပ်တက်နေခိုက် ပြန်ခါနီးမှာ ညိုလှဲ့ရဲ့သင်တန်းကြေးကို တစ်ဝက် သူပေးမည်ဟု ထပ်ပြောနေပြန်သော မိုးနှင်းကို. . .

"ဒီမှာ မိုးနှင်း၊ မင်းဒီ့ထက်မက လည်း ပေးနိုင်တယ်ဆိုတာ မင်းလည်းသိတယ်၊ ငါလည်း သိတယ်၊ ဒါပေမဲ့ ညိုလှဲ့ကို မင်းတခြားလိုတာပဲ လုပ်ပေးလိုက်၊ အဲဒီသင်တန်းကြေးကို ငါပဲပေးလိုက်မယ်၊ မင်း အဲဒီကိစ္စကို ထပ်မပြောနဲ့တော့"ဟု ခပ်တင်းတင်းပဲပြောပစ်လိုက်မိသည်။ မတွေ့ရကြာသော သူငယ်ချင်း မိုးနှင်းကို ဘယ်လို နှုတ်ဆက်ခွဲခွာလာမိသည်ကိုလည်း ကောင်းစွာ မမှတ်မိခဲ့ပါ။

ထိုညက အိပ်ရာထဲရောက်တိုင် ကိုယ်အိပ်မပျော်နိုင်ပြန်ပဲ သောကလှိုင်းထဲ မြုပ်ချည်ပေါ်ချည် ကူးခတ်ရင်း မိုးလင်းပိုင်းရောက်မှ အိပ်ပျော်သွားခဲ့သည်။ ကိုယ်က ထပ်ခါထပ်ခါ ထိုးနှက်နေသော အတွေးတစ်ခုကတော့. .

"ဘုရား. . ဘုရား. . ရွှန်းလဲ့သာ အသက်ရှင်ခွင့်မရတော့ဘူး ဆိုရင်. . . "

နောက်ရက်မှာ ခေါင်းအေးအေးဖြင့် ပြန်စဉ်းစားတော့ ညိုအောင် ဆုံးသွားတာ ညိုလှဲ့ရည် ဆယ်တန်းဖြေစဉ်က ဆိုတော့ ငါးနှစ်ခန့်ရှိတော့မည်ဖြစ်ရာ ဒီကာလမှာ ဒီလောက်ပူစရာလိုသလားမလိုသလား ကိုယ်မသိ။

နောက်ဆုံးတော့ ကြံရာမဖြင့် ညီအစ်ကိုလိုခင်နေသော ဒေါက်တာ ခင်မောင်တွေးထံ ဖုန်းဖြင့် လှမ်းမေးရသည်။ သူက ကိုယ့်မြို့မှာ နှစ်အတော်ကြာ ကျောင်းနေခဲ့ပြီး ဇာတိမြို့လို ခင်တွယ်သူ၊ ပြီးတော့ ၁၉၈၈ အရေးအခင်းမှာ ပါရဂူဘွဲ့သင်တန်းသား ယူနီဖောင်းဝတ် ဆရာဝန်တာဝမှာ အမှန်တရားအတွက် ရာထူးကို စွန့်ရဲခဲ့သူ။ ဒါကြောင့် ရင်းနှီးသည့် ဆရာဝန်များစွာထဲမှာ သူ့ကိုသတိရသည်။

လင်ယောကျာ်းသေဆုံးပြီး ငါးနှစ်ခန့်ကြာသွားပြီဖြစ်သည့် အမျိုးသမီးတစ်ဦးအတွက် သူ့ခင်ပွန်းဖြစ်သူက ဆုံးစဉ်မှာ အိတ်ချ်အိုင်ဗွီပေါ့စတစ် ဖြစ်နေခဲ့သည် ဆိုပါက ယခု သူကိုယ်တိုင် ကျန်းမာရေးဆိုးဝါးလာမှုအပေါ် ပူပန်သင့် မပူပန်သင့်. . ဖုန်းဆက်ပြီး လှမ်းမေးလိုက်သည်။

"ဟာ ပူသင့်တာပေါ့ အစ်ကိုရာ"

သေပြီ။ တစ်ခွန်းတည်းဖြင့် ပြတ်သွားသည်။

"သေပြီးပြီးချင်း ဆေးစစ်တယ်ဆိုရင်တောင် နောက်သုံးလအကြာ ဝင်းဒိုးပီးရီးရက်မှာ ထပ်စစ်ရမယ်လေ။ အဲဒီနှစ်ခုစလုံး နက်ဂတစ်ဗ်ဆိုရင်တော့ အိုကေပေါ့။ ဒီလိုမဟုတ်ရင်တော့ ပူပန်ရလိမ့်မယ်၊ ဒါ့ထက် ဘယ်သူ ဘာဖြစ်လို့လဲ အစ်ကို"

"ဟိုဟာပါကွာ၊ ကိုယ့်ဝတ္ထုထဲက ဇာတ်ကောင်တစ်ကောင်နဲ့ ပတ်သက်ပြီး ရေးတာများမှာစိုးလို့ လှမ်းမေးတာပါ၊ ကျေးဇူးပဲကိုထွေးရာ"

ရွှန်းလဲ့က ကိုယ့်ဝတ္ထုထဲက



Asian Fame Media Group
MEDIA GROUP

ဇာတ်ကောင်။ သို့သော် ကိုယ်ဖန်တီးသည့် ဝတ္ထုထဲကမဟုတ်ဘဲ ဘဝဝတ္ထုထဲက ဇာတ်ကောင်ဖြစ်နေသည်။ ဒီဇာတ်ကောင် စောစီးစွာ ဇာတ်မသိမ်းရေးအတွက် ကိုယ်လုပ်သင့် လုပ်ထိုက်တာများ အချိန်မီ လုပ်ရလိမ့်မည်။

တကယ်တမ်းတော့ ရွှန်းလဲ့ အသက်ကို ကိုယ်မမီပါ။ ရွှန်းလဲ့ကို မြင်ပင်မမြင်ရလိုက်။ မျက်ရည်စက်လက်ဖြစ်နေသော သမီးညိုလဲ့ ရည်ကိုသာ အကျိုးအကြောင်းမေးရတော့သည်။

**တကယ်တော့ အိပ်မက်ထဲမှာသာ ရွှန်းလဲ့က ဗလာစာရွက်တစ်ရွက် ပြန်ဖော်ရသေးတာလေ၊ အပြင်မှာက ဗလာစာရွက်တောင် ပြန်စာရတာ မဟုတ်ဘူး . . .**



"သမီးပြန်ရောက်တော့ အမေက အခြေအနေသိပ်ဆိုးနေပါပြီ၊ ဦးရဲ့စကားကိုနားထောင်ပါ၊ လိမ္မာပါလို့မှာတယ်၊ ပြီးတော့ ဦးကို ပေးလိုက်ပါဆိုပြီး စာတစ်စောင် ပေးသွားတယ်"

ညိုလဲ့ပေးသော ရွှန်းလဲ့ရဲ့စာ စာအိတ်ပေါ်က 'အစ်ကို ကိုရီနိုင်' ဟု ရေးထားသော လက်ရေးက ငယ်ငယ်ကလို လက်ရေးဝိုင်းပေမယ့် ကသောကမျောရေးထားပုံ ဖြင့် မလှပနိုင်ရှာ။

စာအိတ်ဆိုလျှင် ကပ်ထားသည့်နေရာကသာ ရအောင်ခွာတတ်သော ကိုယ်မှာ ဒီတစ်ခါတော့ ညိုလဲ့ရှေ့မှာပဲ စာအိတ်ထောင့်မှ အမြန်ဆွဲဆုတ်ရင်း စာကို ထုတ်လိုက်သည်။ စာကိုဖြန့်ဖတ်လိုက်တော့ စာက အဖြူရောင်ဗလာသက်သက်။ ကိုယ်သည်းမခံနိုင်တော့ဘဲ အော်ဟစ်ပစ်လိုက်သည်။

"ရွှန်းလဲ့ မင်းကိုယ့်ကို အရူးလုပ်သွားပြန်ပြီလား"

အော်သံထွက်ဖို့ ကြိုးစားစဉ်မှာပင် ကိုယ် အိပ်မက်က လန့်နိုးလာခဲ့သည်။ ခြောက် အိပ်မက်ဆိုး မက်နေခဲ့သည်ကိုး။ အိပ်မက်ထဲမှာပင် ရွှန်းလဲ့ကို ဆုံးရှုံးရသည်ဆိုတာက ပင်ပန်းဆင်းရဲလှသည်။ ရွှန်းလဲ့ကို ပိုမိုလွမ်းမိသည်၊ ဖြစ်နိုင်လျှင် ချက်ချင်း သူနှင့် စကားပြောချင်သည်။

အံ့သြစရာ ကောင်းလောက်အောင် ကိုယ့်ဆန္ဒက ယင်းနေ့မှာ ချက်ချင်းလို ပြည့်သွားခဲ့သည်။ ယင်းနေ့ နေ့လယ်မှာ ဖုန်းမြည်လာခဲ့သဖြင့် ကောက်ကိုင်လိုက်တော့ . . .

"အစ်ကိုသား"ဟု ထူးသံကြောင့် တန်မဆောင်နိုင်အောင် ဝမ်းသာသွားသည်။

"ရွှန်းလဲ့လား၊ ဟယ် ဝမ်းသာလိုက်တာ၊ ရွှန်းလဲ့ကို အရမ်းစကားပြောချင်နေတာ၊ ရွှန်းလဲ့ကလည်း ဖုန်းနံပါတ်ပေးမထားတော့ ကိုယ်က စဆက်လို့ မရဘူးလေ"

"ရွှန်းလဲ့ အိမ်မှာမှ ဖုန်းမရှိတာ၊ အိမ်နားမှာတော့ ဖုန်းရှိပါတယ်၊ ရွှန်းလဲ့လည်း အစ်ကို့ကို ပြောစရာရှိလို့ ဆက်လိုက်တာ"

"ဘာလဲ၊ ပြောလေ"

"ဟိုဟာပါ၊ အစ်ကိုက သမီးသင်တန်းတက်ဖို့အတွက် ငွေတစ်ပြားမှ မကုန်စေရပါဘူး ဆို"

"အေးလေ၊ အခု ဘယ်မှာကုန်လို့လဲ"

"ဒါက ရွှန်းလဲ့တို့သာ မကုန်တာကိုး၊ အစကတော့ အစ်ကိုပြောတုန်းကတော့ ဆရာတွေနဲ့ ရင်းနှီးလို့ အလကားသင်ပေးမှာ ထင်တာ၊ အခုတော့ သင်တန်းကြေး အစ်ကို စိုက်ပေးရတာဆို"

"ရွှန်းလဲ့ကို ဘယ်သူပြောလဲ၊ သမီးညိုလဲ့လား"

"မဟုတ်ပါဘူး၊ အစ်ကို စိတ်မဆိုးနဲ့နော်၊ အကိုမိုးနှင်း ဖုန်းနဲ့ လှမ်းပြောတာ"

ခွေးကောင်။ အတော်ဆိုးတဲ့ မိုးနှင်း။

"ဟဲ . . . ရွှန်းလဲ့ရေ ဖုန်းက စိတ်မချရဘူး၊ ကျသွားရင် ခက်နေမယ်၊ ကိုယ်ပြန်ခေါ်ဖို့ ရွှန်းလဲ့ အခုဆက်တဲ့ နံပါတ်ကလေး အရင်ပေးထားဦး"

ရွှန်းလဲ့က ဒီတော့ ဖုန်းနံပါတ် လှမ်းပေးသည်။ ကိုယ်က နံပါတ်ရသည်နှင့် ဖုန်းကိုချပစ်လိုက်ပြီးမှ ပြန်ခေါ်လိုက်သည်။ တော်တော်နှင့် ခေါ်မရတော့သဖြင့် ကိုယ် ဖုန်းချလိုက်မိတာ မှားပြီထင်ပြီးမှ ကံကောင်းစွာ ပြန်ရသည်။

"ဟယ်လို . . . ရွှန်းလဲ့ . . ကြားရဲ့လား"

"ကြားပြီ အစ်ကို၊ အစ်ကို ဖုန်းတမင်ချပစ်တာမဟုတ်လား၊ ပြန်ရလို့ တော်ပါသေးတယ်၊ အစ်ကိုက တော်တော်ဆိုးတယ်၊ ရွှန်းလဲ့တို့ဆီက ဖုန်းခေါ်ရလွယ်တာမဟုတ်ဘူး၊ ရွှန်းလဲ့လည်း ဖုန်းဖိုးလောက်တော့ တတ်နိုင်ပါသေးတယ် အစ်ကိုရဲ့"

"အေးပါကွာ၊ အစ်ကိုက စကားရှည်ရှည် ပြောဖြစ်မှာမို့ပါ၊ ဒါထက် အဲဒါအရေးမကြီးပါဘူး၊ မိုးနှင်းက ဘာတွေပြောလဲ၊ ပြောပါဦး"

"ကိုမိုးနှင်းက ပြောတယ်၊ သင်တန်းကြေးတစ်သိန်းခွဲမှာ ငါးသောင်းကို အစ်ကိုမိတ်ဆွေ ဆရာဦးလှနိုင်ဆိုတာက အလှူသဘောနဲ့ ထည့်ပေးတာတဲ့။ ကျန်တစ်သိန်းကို အစ်ကိုတပေးတာတဲ့၊ သူကတစ်ဝက်စီပေးရအောင်လို့ ပြောလို့ အစ်ကိုက စိတ်ဆိုးသွားတယ်တဲ့၊ အစ်ကို့မှာလည်း အဆင်ပြေတာ မဟုတ်ဘူး၊ ကုန်စရာတွေ များတယ်တဲ့"

"မဟုတ်ပါဘူး ရွှန်းလဲ့ရာ၊ အစ်ကို မတတ်နိုင်တာမျိုးဆို ဘယ်လုပ်ပါ့မလဲ၊ အဆင်ပြေပါတယ်၊ ပြီးတော့ ဟိုကောင် မိုးနှင်းကို စိတ်ဆိုးတယ်ဆိုတာလည်း အဲဒါကြောင့် မဟုတ်ပါဘူး၊ သူက အဲဒီငါးသောင်း စိုက်မယ့်ကိစ္စကို အရေးတကြီး လုပ်ပြောနေတာ၊ ကိုယ်က တခြားအရေးတကြီး စိတ်ပူနေတာတစ်ခုရှိတော့ သူ့ကို မင်းအဲဒီကိစ္စ ထပ်မပြောနဲ့တော့လို့ ပြောလိုက်မိတာ"

"အစ်ကိုက ဘာပူပန်နေတာလဲ"

"အဲ အဲဒါက၊ အဲဒါထားပါ၊ ရွှန်းလဲ့ရယ်၊ အခုအရေးမကြီးတော့ပါဘူး၊ ရွှန်းလဲ့ နေကောင်းလား၊ ကျန်းမာရေး ဘယ်လိုနေလဲ"

"ကောင်းပါတယ်"

"ချောင်းဆိုးသက်သာလား၊ ရွှန်းလဲ့ ဆရာဝန်နဲ့ သေသေချာချာ ပြရဲ့လား၊ ဆေးတွေဘာတွေ စစ်ဖြစ်သေးလား"

"အစ်ကိုကလည်း၊ ပြပါတယ်၊ ချောင်းဆိုးတာက အအေးမိလို့ ဖြစ်တာပါ၊ ဆရာဝန်တော့ လိုအပ်ရင် ပြတာပါပဲ၊ ရွှန်းလဲ့ ဖြစ်နေတာက . . ."

ရွှန်းလဲ့ဘက်က အသံတိတ်သွားသည်။

"ဟယ်လို၊ ဟယ်လို၊ ရွှန်းလဲ့ ကြားလား"

ဖုန်းလိုင်းကျသွားသလားဟု ထိတ်လန့်တကြား အော်လိုက်မိသည်။

"ဟုတ်၊ ကြားပါတယ်အစ်ကို၊ ရွှန်းလဲ့က တကယ်တော့ နှလုံးသိပ်မကောင်းဘူး၊ ရောဂါကြီးတော့ မဟုတ်ဘူး၊ အစ်ကို့ကို ပြောရင် စိတ်ပူမလားလို့ စဉ်းစားနေတာပါ၊ ဝမ်းနည်းစရာဆို မျက်ရည်ကျလွယ်တယ်၊ ပျော်စရာဆိုလည်း အရမ်းပျော်တယ်၊ ရယ်စရာဆိုတာက ရှားပေမယ့် တကယ်သဘောကျလို့ ရယ်မိရင် အတော်မသတ်နိုင်ဘူး၊ အဲဒါ ဆရာဝန်က နှလုံးမကောင်းတာ

Asian Fame Media Group

လို့ ပြောတာပါပဲ"

"ဩော်. . . ရွှန်းလဲ့ရယ်၊ ကျန်းမာရေး ဂရုစိုက်နော်၊ အစ်ကို သဘောကတော့ ဆေးကို သွေးရော ဆီးရော ဝမ်းရော အောလ်ရောင်း စစ်တာမျိုး လုပ်စေချင်တယ်၊ သမီး ဆီမှာဖြစ်ဖြစ်၊ ရန်ကုန်လာပြီး ဖြစ်ဖြစ်"

"ဒီမှာလည်း စစ်လို့ရပါတယ် အစ်ကိုရယ်၊ ကိုမိုးနှင်းကလည်း ဒီနေ့ဖုန်းထဲမှာ ဆေးစစ်ဖို့ ပြောသေးတယ်၊ ပြီးတော့ အစ်ကိုက အဲဒီကိစ္စ အရမ်းစိတ်ပူနေတယ်တဲ့"

ခွေးကောင်၊ လုပ်ချလိုက်ပြန်ပြီ။ ကိုယ် ရုတ်တရက် ဘာမှပြန်မပြောဖြစ်။

"အစ်ကို၊ ရွှန်းလဲ့ ပွင့်ပွင့်လင်းလင်းပဲ မေးလိုက်မယ်နော်၊ အစ်ကိုက ရွှန်းလဲ့ဆီမှာ ညီအောင်ဆီက ရောဂါဆိုးအမွေ ကျန်ခဲ့မှာ စိုးနေတာလား"

ကိုယ် ရုတ်တရက် အံ့ဩအားနာသွားပြီး မေးခွန်းတစ်ခုသာ နှုတ်ကထွက်ကျသွားသည်။

"ရွှန်းလဲ့ အဲဒါကို ဘယ်လိုသိတာလဲ"

"မှန်းကြည့်တာပါ။အစ်ကိုတို့ နှစ်ယောက်စလုံးက ဆေးစစ်ဖို့ ပြောနေလို့လေ၊ ပြီးတော့ ညီအောင် ဆုံးပြီးတဲ့အခါ သူ့မှာ အဲဒီရောဂါရှိနေတယ်လို့ ရွှန်းလဲ့ သိခွင့်ရခဲ့တယ်"

"ဟုတ်လား၊ ရွှန်းလဲ့ကို ဘယ်သူပြောတာလဲ"

"ညီအောင်ကိုယ်တိုင်ပဲလေ၊ ညီအောင်က သူယုံကြည်စိတ်ချရတဲ့ သူတစ်ယောက်ကို သူမသေခင်လေးငါးလကတည်း က ငွေငါးသိန်းနဲ့ စာတစ်စောင် ရွှန်းလဲ့လက်ထဲထည့်ပေးဖို့ စီစဉ်မှာထားခဲ့တာ၊ စာထဲမှာ သူအဲဒီရောဂါဖြစ်နေတာ သိသိချင်း အိမ်ကိုပြန်မလာတော့ဖို့ ဆုံးဖြတ်ခဲ့ပြီး ငွေပို့ပို့ပေးခဲ့တာရယ်၊ ပြီးတော့ သူ ပြန်မလာတော့တာကို ရွှန်းလဲ့ အနေနဲ့ သူက စိတ်ကုန်ပြီး မျော်ရာ မိန်းမနဲ့ပဲ နေတော့တယ်လို့ ထင်သွားပြီး တစ်သက်လုံးစိတ်ဆင်းရဲ ကျန်ခဲ့မှာစိုးလို့ ဒီစာကိုရေးခဲ့တာတဲ့။ သမီးတော့မသိပါစေနဲ့ဆိုလို့ သမီးကို မပြောဘူး၊ ပြီးတော့ သူ ဆုံးတာကလည်း အဲဒီရောဂါနဲ့မဟုတ်ဘူးလေ၊ ဒါပေမဲ့ သူအနေနဲ့အမြန်သေမယ်ဆိုတာသိနေတော့ သူ အဲဒီလို စီစဉ်သွားတာထင်ပါတယ်"

"ဩော်. . . စိတ်မကောင်းစရာပဲ၊ ညီအောင်က ရိုမန့်တစ်ဖြစ်တယ်နော်၊ ဟိုလေ စိတ်ကူးယဉ်တတ်တယ်လို့ ဆိုရမလားမသိဘူး"

"ဟုတ်တယ်၊ သူသာစိတ်ကူး မယဉ်တတ်ရင်လည်း ရွှန်းလဲ့ အရူးထပြီး ဆုံးဖြတ်တဲ့အထဲမှာ အလိုတူ အလိုပါ ဘယ်ဖြစ်ပါ့မလဲ"

ရွှန်းလဲ့ရဲ့ ဒီစကားကိုတော့ ကိုယ် ဘာပြန်ပြောရမှန်းမသိဘဲ ခဏ တိတ်ဆိတ်သွားခဲ့သည်။ ပြီးတော့မှ ရွှန်းလဲ့ကဆက်ပြီး. .

"သူ့စာရတော့ ရွှန်းလဲ့လည်း လိုလိုမယ်မယ် အဲဒီတတည်းက သမီးမသိအောင် ဆေးစစ်ခဲ့ပါတယ်၊ ဒီတစ်ခါတော့ ကံကြမ္မာက ရွှန်းလဲ့ကို သနားညှာတာခဲ့ပါတယ်၊ ရွှန်းလဲ့မှာ အဲဒီရောဂါ မရှိခဲ့ပါဘူး"

"ဩော်. . . တော်ပါသေးရဲ့ ရွှန်းလဲ့ရယ်၊ ကိုယ်ဖြင့် အိပ်မက်ဆိုး တွေတောင် မက်လို့"

"ဘာတွေ မက်တာလဲ"

"ဩော်. . . ဟိုဟာပါ၊ ရွှန်းလဲ့က ညီမလေး စာပြန်လိုက်ကာကဲ့၊ စာက အဖြူသက်သက် ဗလာဖြစ်နေလို့ ကိုယ်မခံနိုင် ဖြစ်သွားတာတဲ့"

ကိုယ်က အိပ်မက်ကို တစ်ဝက်ချန်ပြီး ပြောပြလိုက်သည်။ တစ်ဆက်တည်းမှာ. . .

"တကယ်တော့ အိပ်မက်ထဲမှာ သာ ရွှန်းလဲ့က ဗလာစာရွက်တစ်ရွက် ပြန်ပော်ရသေးတာလေ၊ အပြင်မှာက ဗလာစာရွက်တောင် ပြန်စာရတာ မဟုတ်ဘူး" ဟု ပြောလိုက်မိသည်။

"အမှန်တော့ အစ်ကို့ဆီ ရွှန်းလဲ့တစ်ကြိမ်မက စာတွေပြန်ခဲ့ပါတယ်"

"ဟင်. . . ကိုယ်တစ်စောင်မှ လည်း မရပါလား"

"ဘယ်ရမလဲ အစ်ကိုရယ်၊ ရွှန်းလဲ့မထည့်ဖြစ်ဘဲ အဲဒီစာတွေကို အကြိမ်ကြိမ် ဆုတ်ဖြဲပစ်ခဲ့တာ"

"ဟင်၊ ဘာဖြစ်လို့လဲ ရွှန်းလဲ့ရဲ့"

"အစ်ကိုက ပြောသွားခဲ့တယ်လေ၊ လူကြီးဖြစ်ရမယ့် အချိန်ရောက်နေပြီဆိုတာ၊ ဒါပေမဲ့ ရွှန်းလဲ့စာက ကလေးလို ကိုယ်ရေးချင်တာ ရေးထားတာ ဖြစ်နေတယ်၊ အစ်ကိုနဲ့ ဝေးနေတုန်းက ကိုယ့်ဘာသာဟုတ်တယ်ထင်ပြီး မျက်ရည်မကျခဲ့သမျှ ဟာ အစ်ကို့ စာဖတ်တော့မှ ဝမ်းနည်းပြီး ပြန်ရေးသမျှဟာတွေက မရင့်ကျက်တဲ့ ကလေးတစ်ယောက် ရေးသလို ဖြစ်နေခဲ့တာပေါ့"

"ဘာဖြစ်လဲ ရွှန်းလဲ့ရာ၊ တစ်ခါတလေ သောကကို အဲဒီလို ဖွင့်ချပြောလိုက်ရတာက ကောင်းပါတယ်"

"ဒါပေမဲ့ အစ်ကိုက လူလွတ်မဟုတ်ဘူးလေ၊ အစ်ကိုတစ်ယောက်တည်းနေတာမှ မဟုတ်တာ"

ဒီစကားမှာတော့ ကိုယ်ထပ်မံပြီး နှုတ်ဆိတ်သွားရသည်။

"ရွှန်းလဲ့ မမစိမ့်ကို အားနာတယ်၊ သူသာ ရွှန်းလဲ့ရဲ့ အဲဒီစာတွေ တစ်ချိန်ချိန်ဖတ်မိရင် ဘယ်စိတ်ကောင်းမလဲ၊ ပြီးတော့ ဒီစာမျိုး မရေးသင့်ပါဘူး"

"ညီမလေးအခုလို လူကြီးတစ်ယောက်လိုဆုံးဖြတ်တာ အစ်ကို ဝမ်းသာပါတယ်၊ ဒါပေမဲ့ ရွှန်းလဲ့ဖြစ်ခဲ့သမျှတွေအားလုံး စိမ့်သိပါတယ်"

"မမစိမ့်သိတယ်၊ ဟုတ်လား"

"ဟုတ်တယ်လေ၊ ကိုယ်နဲ့ စိမ့်ကြားမှာ ဖုံးကွယ်ထားတာ မရှိသလောက်ပါပဲ၊ ပြီးတော့ သူနဲ့ရွှန်းလဲ့ကလည်း သူစိမ်းမှမဟုတ်တာ၊ ရွှန်းလဲ့ကို ညီမလေးလို ခင်မင်ခဲ့ကြတဲ့ တစ်မြို့တည်း နေခဲ့သူတွေလေ၊ ဒီတော့ သူသိသင့်ပါတယ်၊ ပြီးတော့ စိမ့်က တကယ်သဘောထား ကြီးတဲ့ မိန်းမတစ်ယောက်ပါ ရွှန်းလဲ့ရယ်"

"မမစိမ့်က ငယ်ငယ်ကတည်းက စိတ်သဘောကြီးမှန်း ရွှန်းလဲ့သိပါတယ်၊ ဒီလိုလူမျိုးကို ပိုဆင်ခြင်ရမယ် မဟုတ်လား"

"အေးပါ၊ ဒါပေမဲ့ အစ်ကိုနဲ့ ရွှန်းလဲ့ ဘာမှ မဖြစ်ခဲ့ဘူးဆိုတာလည်း သူသိပါတယ်၊ ပြီးတော့ ကိုယ်တို့က တစ်ယောက်နဲ့တစ်ယောက် အဆင်မပြေမဖြစ်ဖူးသလောက် နားလည်မှုရှိကြပါတယ်။ တကယ်တော့ အဲဒီ နားလည်မှုဆိုတာက ရေရှည် ပွင့်လင်းမှုပေါ်မှာ တည်ဆောက်ထားရတာ၊ ကိုယ်နဲ့စိမ့်နဲ့က သူဖြစ်ခဲ့သမျှကိုယ်သိသလို ကိုယ်ဘာဖြစ်နေတယ်ဆိုတာ၊ ဘာဖြစ်ခဲ့တယ်ဆိုတာလည်း သူ့ကို တတ်နိုင်သမျှ ဝေမျှပြောဖြစ်ခဲ့တာချည်းပါပဲ၊ ဒီတော့ ညီမလေး ပြန်စာရေးမယ်ဆိုရင် စိမ့်က တစ်နေ့နေ့မှ မတော်တဆ တွေ့မှာမဟုတ်ဘဲ ကိုယ်ပြလို့ဖတ်ရမယ့် စာဆိုတာ သိထားပြီး တစ်ဖက်မှာတော့ လွတ်လွတ်လပ်လပ် စိတ်ထဲရှိတာကို ရေးလိုက်ပါ၊ ဒါဆို ရွှန်းလဲ့ အဆင်ပြေပြေရေးနိုင်မှာပါ"

"ဟုတ်ကဲ့၊ ရွှန်းလဲ့ ကြိုးစားကြည့်ပါမယ်၊ ဒီနေ့ ရွှန်းလဲ့အတွက် အစ်ကိုစိတ်ပူခဲ့တာအတွက်နဲ့ သမီးလေးကို စောင့်ရှောက်တဲ့အတွက် ကျေးဇူးတင်ပါတယ် အစ်ကို၊ ညီအောင် သိခွင့်ရရင်တောင် အစ်ကို့ကို ကျေးဇူးတင်မှာပါ"

"အေးပါ ရွှန်းလဲ့ရယ်၊ အစ်ကိုရော စိမ့်ရော ညီမရဲ့စာကိုမျှော်နေမယ်၊ ဒါပဲနော်"

ထိုညကတော့ ကိုယ်စိတ်ချမ်းသာစွာ အတိုးချအိပ်စက်ခဲ့ပြီး အိပ်မက်ခါးရော အိပ်မက်ချိုပါ ကိုယ့်အိပ်စက်မှု ကမ္ဘာတွင်းသို့ အလည်ရောက်မလာခဲ့ပါ။

တကယ်တော့ ရွှန်းလဲ့၏ ပြန်စာကလည်း ကိုယ့်ဆီ နောက်ထပ်သုံးနှစ်ခန့်အတွင်း ရောက်မလာခဲ့ပါ။ ဒီအတောအတွင်း ညီလဲ့ရည်နှင့်သာ အဆက်အသွယ်အရများပြီး တစ်ခါတစ်ရံတော့ ရွှန်းလဲ့က ဖုန်းခေါ်သဖြင့် စကားပြောခွင့်ရတာမျိုး ရှိသည်။ သင်တန်းပြီးသွားပြီးနောက် ညီလဲ့လည်း ဆေးဆိုင်မှ အလုပ်ထွက်လိုက်ပြီး ဆော့ဝဲရေးသော ကွန်ပျူတာပညာရှင်ဆီမှာ အလုပ်သင်ဝန်ထမ်းလုပ်ရင်း ကွန်ပျူတာနှင့် အင်တာနက်တို့ကို ပိုင်းသဘောဖြင့် အိမ်လိုက်သင်သည့် အလုပ်ဖြင့် အဆင်ပြေနေသည်ဟု ဆိုသည်။

မကြာခင်မှာပင် ညီလဲ့ဆီက သတင်းကောင်းတစ်ခု ကြားရသည်၊ သူ့ဆရာ၏အကူအညီဖြင့် စင်ကာပူမှ လုပ်ငန်းရှင်တစ်ဦးနှင့် အွန်လိုင်းမှ အဆက်အသွယ်ရပြီး အွန်လိုင်းမှာပင် အင်တာဗျူးလုပ်ကာ သူ့ကို စင်ကာပူမှာ အလုပ်လုပ်ဖို့ သဘောတူလိုက်ပြီဟု ဆိုသည်။

Asian Fame Media Group

"ပထမခြောက်လမှာတော့ အလုပ်သင် သဘောမို့ လစာတော့ သိပ်မတောင်းနိုင်ဘူး၊ စင်ကာပူဒေါ်လာ ၁၄၀၀ လောက်ပဲ ရမယ်၊ ဒါပေမဲ့ ခြောက်လကျော်လို့ သမီးလည်း အဆင့်မီမီ လုပ်နိုင်ကိုင်နိုင်ရင် ၁၈၀၀ လောက်တော့ ရမယ်။ မရရင်လည်း ဟိုရောက်ရင်တော့ အလုပ်ပြောင်းလို့ လွယ်တယ်တဲ့၊ သမီးလုပ်ရမယ့်ကုမ္ပဏီက သိပ်တော့ မကြီးဘူး၊ ဒါပေမဲ့ နောက်တော့ သမီး ကြိုးစားရင်း ကြိုးစားသလို အခွင့်အလမ်း တွေရလာမှာပါ၊ ဦး ပြောသလို ပတ္တမြားဖြစ်ဖို့ အခွင့်အလမ်းရလာပြီလို့ ထင်တာပဲဦးရယ်"ဟု ညိုလဲ့က ဆိုသည်။

ကိုယ်လည်း အတော်ဝမ်းသာမိသည်။ ညိုလဲ့ကို သူ့အိပ်မက်တွေ လမ်းစပေါ်လာဖြီမို့ ကြိုးစားဖို့ အားပေးစကား ပြောလိုက်သည်။ ရွှန်းလဲ့လည်း သူ့သမီးအတွက် ဝမ်းသာလိမ့်မည် ထင်သည်။ ဒီကာလမှာပင် တစ်ခါက မျှော်ခဲ့ဖူးသော ရွှန်းလဲ့ဆီက စာကို ရခဲ့ခြင်းဖြစ်သည်။

ရွှန်းလဲ့၏လက်ရေးဖြင့် စာတိုက်မှ ရောက်လာသော အမြန်ချောစာကို ဖောက်ကြည့်လိုက်တော့ ပို့စကတ်ကလေးတစ်ခုက အရင်ထွက်လာသည်။ အရောင်လွင့်စ ပို့စကတ် အဟောင်းလေးကို မြင်တော့ ကိုယ့်ရင်ထဲ ဟာခနဲအသံထွက် လုမတတ်အံ့ဩသွားသည်။ပို့စကတ်ပုံထဲက ငယ်ငယ်နုနု ရွှန်းလဲ့ကကိုယ့်ကို ပြုံးကြည့်နေသော်လည်း အပြုံးကမှိန်ဖျော့လွင့်ပြယ်နေသည်။ ကိုယ်ကစာကိုအငမ်းမရ ဖွင့်ဖတ်မိ၏။

အစ်ကိုရေ

ရွှန်းလဲ့ စာရေးလိုက်ပါတယ်၊ အစ်ကို့ တုမသတင်းကိုတော့ သူပြောလို့ သိပြီးရောပေါ့၊ သူကတော့ အရမ်းပျော်နေပါတယ်။ ရွှန်းလဲ့လည်း ပျော်တော့ပျော်ပါတယ်။ ဒါပေမဲ့ အဝေးကိုသွားရမှာဆိုတော့ စိတ်မချဘူးပေါ့၊ ပြီးတော့ အခုလည်း ခွဲနေရတယ် ဆိုပေမယ့် အခုလို ရပ်ဝေး မြေခြားသွားမယ်ဆိုတော့ သမီးကိုပို လွမ်းသလို ဖြစ်တာပေါ့။ ဒါပေမဲ့ သူ့အနာဂတ်လေး လမ်းပွင့်သွားပြီး သူလုပ်ချင်တာ လုပ်ရမယ့်အတွက်တော့ စိတ်ချမ်းသာပါတယ်။ ဒါတွေက အစ်ကို့ ကျေးဇူးတွေပါ။

ဒါပေမဲ့ ညိုလဲ့က အစ်ကို မျှော်လင့်ထား သလောက်တော့ ထူးချွန်လိမ့်မယ် မထင်ဘူး၊ သူက ဦးမျှော်လင့်ထားတဲ့ ထူးချွန်ထက်မြက်ပြီး နိုင်ငံတကာတန်းဝင်တဲ့ ပညာရှင်မျိုးဖြစ်တဲ့အထိတော့ သမီး ဖြစ်နိုင်မှာ မဟုတ်ဘူးထင်တယ်. . အဲဒီ အတွက်တော့ စိတ်ပူမိတယ်လို့ ပြောတယ်။ ဒါပေမဲ့ သူတတ်နိုင်သလောက် ကြိုးစားပါမယ်တဲ့။ ဒီနည်းနဲ့သာ အစ်ကိုကျေးဇူးကို ဆပ်နိုင်မှာမို့တဲ့။ သူတကယ် ကြိုးစားမှာပေမယ့် အစ်ကိုကတော့ သိပ်ကြီးကြီးမားမား မျှော်လင့်မနေစေချင်ဘူးနော်၊ ခြော်. . . ပြီးတော့ အစ်ကို့သမီးတွေ အကြောင်းလည်း ညိုလဲ့ပြောပြလို့ ဝမ်းသာရတယ်။ သမီးလေးတွေက တော်တယ်နော်။

ရွှန်းလဲ့လည်း အစ်ကို့ဆီက စာရခဲ့တာ သုံးနှစ်ကျော်လောက် ရှိသွားပြီ၊ အရင်ပြောခဲ့သလိုပဲ ရွှန်းလဲ့ စာပြန်ဖို့ကြိုးစားပေမယ့် မအောင်မြင်ခဲ့ဘူး၊ အစ်ကိုက မမစိမ့်ရော အစ်ကိုပါ စာမျှော်နေပါမယ်လို့ ပြောပေမယ့် ရွှန်းလဲ့ မရေးဖြစ်ခဲ့ဘူးလေ၊ အခုတော့ သမီးလေးရဲ့ဘဝ အဆင်ပြေသွားတာကို အစ်ကို့ကိုကျေးဇူးစကားပြောရင်း ရွှန်းလဲ့ စိတ်တွေလည်း တည်ငြိမ်သွားပြီဆိုတော့ အခုစာ ရေးဖြစ်သွားတာပါ။

အစ်ကိုက မမစိမ့်ကပါ စာမျှော်တယ်ဆိုပေမယ့် ရွှန်းလဲ့ကတော့ မမစိမ့်ကို ဆက်သွယ်ဖို့မရဲသေးလို့ အခုစာမှာ မမစိမ့်နာမည်ထည့်မရေးလိုက်ဘူး၊ ဒါပေမဲ့ ရွှန်းလဲ့ကို နားလည်ပေးပြီး ညီမလေးတစ်ယောက်လို စာနာခံစားပေးလို့ မမစိမ့်ကို ရင်ထဲကကျေးဇူးတင်ကြောင်း အစ်ကိုကပဲ ပြောပေးပါနော်။

အစ်ကို ပထမရေးခဲ့တဲ့ စာကြောင့် ရွှန်းလဲ့တို့ ဖြစ်ခဲ့ပျက်ခဲ့တာတွေအတွက် ပိုပြီးနားလည်သွားတာမို့ အစ်ကိုက ရွှန်းလဲ့ကို ရက်စက်ခဲ့တာမျိုး မဟုတ်ဘူး၊ ရွှန်းလဲ့ကသာ သက်သက်စိတ်ကူးနဲ့ ရူးခဲ့မှားခဲ့တာဆိုတာ သိရတဲ့အတွက် အဲဒီစာဖတ်ပြီး ရွှန်းလဲ့ စိတ်မပြေနိုင်ဖြစ်ခဲ့တာပါ။ ဒါလည်း အစ်ကို့ကိုတစ်ခါပြောသလိုပဲ ရွှန်းလဲ့က ဝမ်းနည်းစရာရော ဝမ်းသာစရာပါ လှုပ်ခတ် ခံစားလွန်းတာမျိုး ဖြစ်နေလို့ပါ။ အခုတော့ ရွှန်းလဲ့တည်ငြိမ်သွားပြီး အစ်ကိုနဲ့မမကို ကျေးဇူးတင်တဲ့စိတ်ပဲ ရှိပါတော့တယ်။

အစ်ကိုတစ်ခါပြောလို့ အစ်ကိုနဲ့ မမစိမ့်တို့တစ်ယောက်ကိုတစ်ယောက် နားလည်မှုအပြည့်နဲ့ အပြန်အလှန် ပွင့်ပွင့်လင်းလင်း ဝေမျှကြတာဆိုတာသိရလို့ အားကျ ဝမ်းသာစရာကောင်းလိုက်တာ၊ အရင်ကလေ ရွှေနဲ့မြ နေနဲ့လဆိုတာ လူတွေ ပြောပြောနေကြတာ ကြားဖူးမှာပါ၊ လူတွေရဲ့စိတ်ထဲမှာ ရွှေနဲ့မြနဲ့ နေနဲ့လဟာ အတူတူလိုထင်ကြမှာပဲနော်။ အမှန်တော့ မတူဘူး အစ်ကို။

အစ်ကိုနဲ့မမစိမ့်က ရွှေနဲ့မြဖြစ်မှာ၊ ရွှေက မြကို အမြတ်တနိုး ကုပ်တွယ်ထားသလို မြကြောင့် ရွှေရဲ့တန်ဖိုးက ပိုတက်သွားတယ်။ လူတိုင်းလည်း အားကျတဲ့အတွဲအဖက်ပေါ့။

နေနဲ့လဆိုတာကတော့ အစ်ကိုနဲ့ ရွှန်းလဲ့လိုတမျိုးပေါ့၊ လဆိုတာက နေရဲ့အတုအညီမပါဘဲ အရောင်မထွက်နိုင်ဘူးလေ။ ဒါကြောင့် အစ်ကိုက ရွှန်းလဲ့ကို ငယ်ငယ်ကတည်းက ပညာအရောင်လင်းအောင် လုပ်ပေးပေမယ့် ရွှန်းလဲ့က မလိမ္မာခဲ့ဘူးလေ။ ဒီတော့ ရေရှည်ဘဝခရီးမှာလည်း နေနဲ့လနဲ့ဆိုတာ မဆုံနိုင်ဘူးပေါ့။ နေဝင်မှ လထွက်ရတာ၊ ကံကောင်းတဲ့ ရက်လေးတချို့မှ လက နေနဲ့ ဆုံခွင့်ရတာလေ။ ငယ်ငယ်က ဖတ်ဖူးတဲ့ပုံပြင်မှာ မောင်နှမနှစ်ယောက်ကို ကျားလိုက်လို့ ကောင်းကင်ကို ကြိုးနဲ့ဆွဲပြီး တက်သွားတာ ကောင်းကင်နတ်မင်းကြီးက အစ်ကိုကို နေ၊ ညီမကိုလ လုပ်လိုက်တယ် ဆိုတာလေ၊ အစ်ကို မှတ်မိလား။ မောင်နှမနှစ်ယောက်ဟာ တစ်ခါတလေမှာပဲ ဆုံရတယ်တဲ့။

အဲဒါကိုပြန်သတိရရင်း အစ်ကိုနဲ့မမစိမ့်က ရွှေနဲ့မြ၊ ရွှန်းလဲ့နဲ့ အစ်ကိုက နေနဲ့လလို့ တွေးမိတာပါ။ ဘာပဲဖြစ်ဖြစ် နေကရတဲ့အရောင်နဲ့ ရွှန်းလဲ့တို့ သားအမိနှစ်ယောက်ရဲ့ ဘဝ လပြည့်ည လလိုသာခွင့်ရလို့ ကျေးဇူးတင်ပါတယ် အစ်ကို။ ဒီကျေးဇူးက ရွှန်းလဲ့တို့အတွက် အိပ်မမက်ဖူးတဲ့ဘဝမျိုးဆီ ပို့ပေးလိုက်တာပါ။

ဒါကြောင့် အစ်ကို့ကို ကျေးဇူးတင်တဲ့အနေနဲ့ အမှတ်တရ တစ်ခုခု ပေးချင်တာ၊ သာမန်လက်ဆောင်မျိုးလည်း မဖြစ်ချင်ဘူးလေ။ ဒါနဲ့ စိတ်ကူးရပြီး အခု အစ်ကိုဆီကရဖူးတဲ့ လက်ဆောင်ကိုပဲ အစ်ကိုအတွက် လက်ဆောင် ပြန်ထည့်ပေးလိုက်ပါတယ်။ ရွှန်းလဲ့ ဘယ်လောက်ကြာကြာ တန်ဖိုးထားသိမ်းထားခဲ့သလဲဆိုတာ လည်း အစ်ကိုမှန်းဆခံစားနိုင်အောင်ပါ။ အစ်ကိုအတွက် ကျေးဇူးပျော့ရွှင်ရတဲ့ လက်ဆောင်ဖြစ်မယ်လို့ ရွှန်းလဲ့ မျှော်လင့်ယုံကြည်နေပါမယ်။

အစ်ကိုနေရဲ့ လညီမလေး
ရွှန်းလဲ့

ရွှန်းလဲ့ရဲ့စာနှင့်အတူ ပါလာသော ကိုယ်တစ်ခါက သူ့ကို မွေးနေ့ လက်ဆောင်အဖြစ် ဆွဲပေးခဲ့ဖူးသော ပို့စကတ်အရွယ် ပုံတူပန်းချီကလေးမှာ ခေါက်ချိုးကပ်ပြားကလေးဖြစ်ပြီး အတွင်းကို လှန်ကြည့်လိုက်တော့ ညာဘက်မျက်နှာမှာ 'ရွှန်းလဲ့ရဲ့ အသက် ၂၀ ပြည့် မွေးနေ့ အမှတ်တရ' ဟု ငယ်စဉ်က ကိုယ့်လက်ရေး ဝိုင်းဖြင့်ရေးပြီး လက်မှတ်ထိုးပေး ထားတာတွေ့ရသည်၊ ဘယ်ဘက် မျက်နှာလွတ်မှာတော့ ရွှန်းလဲ့လက်ရေးဖြင့် တိတ်ဖြင့်ကပ်ထားသော စာတစ်ရွက်ကိုထပ်တွေ့ရသည်။

"ဒီပုံလေးကို နှစ်တော်တော်ကြာ ရွှန်းလဲ့ ခေါင်းရင်းမှာကပ်ထားခဲ့ပါတယ်။ တချို့ အိပ်ခန်းထဲရောက်ဖူးသူတွေက တူလိုက်တာ၊ ဘယ်သူဆွဲတာလဲဆိုတဲ့မေးခွန်းကို အဖြေခက်ခဲ့ဖူးတယ်။ အမှန်တော့ ဒီပုံမျိုးကို ဂုဏ်ယူပြီး ဧည့်ခန်းမှာ ချိတ်ထားချင်တာပါ၊ ဒါပေမဲ့ အဲဒီ မေးခွန်းကို မဖြေချင်လို့ အခန်းထဲမှာပဲထားတာ။ လွန်ခဲ့တဲ့သုံးနှစ်လောက်ကတော့ မိုးပက်တာထိပြီး ပုံက နည်းနည်းပျက်သွားတာနဲ့ နံရံပြီး ဖြုတ်သိမ်းထားလိုက်တာ၊ အခုတော့ ဧည့်ခန်းမှာ မချိတ်နိုင်မယ့်အတူတူ အစ်ကို့ငယ်

Asian Fame Media Group
MEDIA GROUP

လက်ရာအဖြစ် အစ်ကို့ဆီမှာ ရှိနေတာက ပိုကောင်းမယ်ဆိုပြီး လက်ဆောင်အဖြစ် ထည့်ပေးလိုက်တာပါ။ ရွှန်းလဲ့"ဟု တွေ့ရသည်။

ပုံက မှိုးရေထိပြီး ရေဆေးတချို့ပျက်သွားပေမယ့် ရွှန်းလဲ့ပုံဆိုတာတော့ မြင်သာနေသေးသည်။ မိုးရေစက်တချို့က နုတ်ခမ်းထောင့်စွန်းကလေးများကို ထိပါးပြီး အပြုံးလေးများတော့ ပျောက်နေသည်။ ထို့ပြင် ထူးခြားတာတစ်ခုအဖြစ် မိုးရေ စီးကြောင်းတစ်ခုက ပါးပေါ်မှာ မျက်ရည်စီးကြောင်းလို ပုံပေါ်နေတာကို တွေ့ရသည်။ ကြည့်ရင်းဖြင့် ကိုယ် စိတ်ကူးတစ်ခု ရလာသည်။

မကြာမီမှာပင် ရွှန်းလဲ့၏ပုံတူပန်းချီလေးကို ကွန်ပျူတာစကင်ဖတ်ကာ ပိုတိုရှော့ဖြင့် ဓာတ်ပုံပုံတူတစ်ခု ဖန်တီးလိုက်ဖြစ်သည်။ ပန်းချီပုံကလေး၏ မိုးရေထိထားသော နေရာများကို မူလဆွဲစဉ်ကနှင့် အနီးစပ်ဆုံးတူအောင် ကြိုးစား ပြင်ဆင်ပေးခဲ့သည်။ သို့သော် လွတ်လပ်ပေါ်ပါးစွာ ပြုံးနေသောအပြုံးကို ခပ်ပါးပါး အပြုံးရိပ်ကလေးအဖြစ် လျှော့ချပေးလိုက်သည်။ ထို့ပြင် ထူးထူးခြားခြား လုပ်ဆောင်ချက်အဖြစ် မျက်ရည်စီးကြောင်းသဖွယ် ဖြစ်နေသော ပါးပေါ်က မိုးရေစီးကြောင်းကိုတော့ မဖျက်ဘဲထားသည့်ပြင် မျက်ရည်စက်ကို ပိုပီပြင်အောင် ပိုတိုရှော့ဖြင့် ဖန်တီးလိုက်သည်။ ပြီးတော့ ပုံသိပ်ကြီးကြီးကျယ်ဖို့တော့ အဆင်မပြေသည်မို့ ခြောက်လက်မ ရှစ်လက်မ အရွယ် ဓာတ်ပုံတစ်ပုံအဖြစ်ကူးလိုက်သည်။

ဓာတ်ပုံမိတ္တူအဖြစ် ကူးထားသော ကိုယ့်ပန်းချီကားမှာ မျက်ရည်စက်လက်ဖြင့် ရွှန်းလဲ့ပုံအောက်မှာ ကိုယ်စပ်ပေးလိုက်သော ကဗျာလေးတစ်ပုဒ်ကို ဒီဇိုင်းလုပ်ပြီး ထည့်ပေးလိုက်ပါသည်။ ကဗျာကလေးက . . .

"သမီးကိုလွမ်းလို့ကြွေသက်
အမေ့မျက်ရည်စက်တွေ
သမီးတွက် အနာဂတ်လမ်း
ပုလဲပန်းခင်းဖြစ်ပစေ
မျက်ရည်ကြားက စိတ်ဖြေဖြစ်
ပြုံးကျန်ရစ်မယ့်အမေ" ဟု ဖြစ်ပါသည်။

ယင်းဓာတ်ပုံ မိတ္တူပန်းချီကားကို အလျူမိနီယမ်ပေါင်ခတ်ပြီး ရွှန်းလဲ့ ထံပြန်ပို့ပေးခဲ့ကာ သူ့အတွက် စာတစ်စောင် ရေးပေးလိုက်သည်။

စာကတော့. . .

ညီမလေးရွှန်းလဲ့

သမီးလေး ညိုလဲ့အတွက် အရမ်းဝမ်းသာပါတယ်။ သူက အောင်မြင်မှုလေ့ကားထစ်ရဲ့ ပထမအထစ်ကို ခြေချနိုင်ပြီပေါ့။ ဘယ်လောက်မြင့်မြင့် တက်လှမ်းနိုင်မယ်ဆိုတာက သူ့ ကြိုးစားမှုရော၊ ကံနဲ့ အခွင့်အလမ်းရရှိမှုနဲ့ပါ ဆိုင်မှာပေါ့။ ဘာပဲဖြစ်ဖြစ် သူ့ အိပ်မက်ကလေး လမ်းစပေါ်သွားတာကို ကိုယ်တို့ အားလုံး ဝမ်းသာကြရမှာပေါ့။

သူနဲ့ ပတ်သက်တဲ့ ကိုယ့်မျှော်လင့်ချက်နဲ့ ပတ်သက်ပြီး ရွှန်းလဲ့ရော သမီးပါ အကောက် အသုံလွဲနေတယ်နဲ့တူတယ်။ တကယ်တော့ သမီးလေးကို ကိုယ်က တကယ်ဖြစ်ထွန်းစေချင်တာပါ။ ဒါပေမဲ့ သမီးတစ်ယောက်တည်းကိုမှ မဟုတ်ပါဘူး။ သမီးတို့မျိုးဆက်မှာ အမ်္ကိ တို့မြန်မာတွေ နိုင်ငံတကာကို ထိုးဖောက်လွှမ်းမိုးပြီး အစွမ်းပြမယ့်မျိုးကို လိုချင်တာ။ ဘာဖြစ်လို့လဲဆိုတော့ ဒီအခွင့်အရေးမျိုးရဖို့ အပြောင်းအလဲတွေများစွာကို ကိုယ်တို့ အရင်းအနှီးတွေပေးပြီး ကြိုးစားခဲ့ရတာ၊

အရင်ကဆို ရွှန်းလဲ့ သိတဲ့ အတိုင်း ကိုယ်တို့ငယ်ဘဝမှာ ဆရာဝန်ကလည်း ဆရာဝန်လုပ်ခွင့်မရ၊ ဆေးရောင်းတဲ့ သူ ဖြစ်လို့ဖြစ်၊ အင်ဂျင်နီယာကလည်း သုံးကျပ်ဆယ့်ငါးပြား စျေးစလုပ်လို လုပ်ရ၊ စီမံခန့်ခွဲမှုပညာ သင်ထားသူကလည်း စာရေးအလုပ်မျိုးကိုတောင် အလုအယက်ဝင် လုပ်ရဆိုတော့ ဒီအဖြစ်တွေကို မုန်းလွန်းလို့ အပြောင်းအလဲတွေကို ကြိုးစားခဲ့ကြရာမှာ ဘာပဲဖြစ်ဖြစ် အခု သမီးတို့ခေတ်မှာ ခံစားခွင့်ရပြီလေ။

နိုင်ငံတကာနဲ့ စည်းခြားပြီး သီးခြားပိတ်လှောင်ထားတဲ့ဘဝတွေကို အများနဲ့ယှဉ်နိုင်တဲ့ အခုလိုအနေအထားမျိုးရောက်အောင် ကိုယ်တို့ ရွှန်းလဲ့တို့ မျိုးဆက်တွေက ဘဝတွေ၊ နှလုံးသားတွေ၊ မျက်ရည်တွေ အနာဂတ်အိပ်မက်တွေအပြင် တချို့တွေဆို အသက်တွေ သွေးတွေနဲ့ပါ ပေးဆပ်ရင်းနှီးထားရတာပါ ရွှန်းလဲ့၊ ကိုယ်တို့တစ်တွေကို ရှုံးခဲ့တယ်ပြောပြော၊ စိတ်ကူးယဉ်ခဲ့တယ်ဆိုဆို ကိုယ်တို့ စေတနာအတွက် လိပ်ပြာသန့်သန့်နဲ့ ကျိတ်ဂုဏ်ယူရင်း သမီးတို့အတွက် ဝမ်းသာနေမှာပါ။

ဒီအတွက် ကိုယ်တို့တစ်တွေ ဘယ်တော့မှ မကျေပ်တိုင်တက်ပြမှာ မဟုတ်ပေမယ့် ဖြစ်လာတဲ့ အသီးအပွင့်ကို ကိုယ်တို့ကလေးတွေရဲ့ မျိုးဆက်ခံစားရချိန်မှာ အောင်မြင်မှုတွေ ထိပ်တန်းက ရစေချင်တဲ့ ဇောကလေး ရှိနေတာပါ။

ကလေးတွေမှာလည်း ကိုယ်တို့ခေတ်ရဲ့ အမွေဆိုးအရိပ်ထိုးမှုတွေ ရှိနေဆဲမို့ နိုင်ငံတကာနဲ့ယှဉ်ဖို့ ခက်နေဦးမှာပါပဲ။ ကိုယ်နားလည်ပါတယ်။ သမီးကိုလည်း သူနားလည်အောင် ပြောပြလိုက်ပါမယ်။ ကိုယ့်သမီးကြီးလေးဟာ အခု နိုင်ငံရပ်ခြားမှာ ကိုယ်တို့နိုင်ငံမှာ ကျောင်းတွေ ဘာတွေမရှိသေးတဲ့ အထည်ချုပ်လုပ်ငန်း ဒီဇိုင်နာအလုပ်ကို အများနဲ့ယှဉ်ပြီး ကြိုးစားလုပ်နေတယ်၊ သမီးငယ်လေးကလည်း ဆယ်တန်းအောင်လို့ ဆေးကျောင်းတက်ရမှာပဲ တက္ကသိုလ်ကျောင်းသားတွေထဲကရွေးတဲ့ ပညာ တော်သင်နဲ့ အမေရိကန်မှာ ခြောက်လပညာ သွားသင်ခွင့်ရတာ။ သူနဲ့အရွေးခံရကြတဲ့ တက္ကသိုလ်အစုံက ကလေးဆယ့်တစ်ယောက်ဟာ နိုင်ငံတကာအဆင့်မီပညာတွေသင်ခွင့်ရကြပြီး ခြောက်လပြည့်ရင်တော့ မြန်မာနိုင်ငံပြန်ပြီး ကိုယ့်ကျောင်းကိုယ် ပြန်တက်ရမှာပေါ့။ ဒါပေမဲ့ ဒီဆယ့်တစ်ယောက်ထဲမှာ ထူးချွန်သူတွေက တခြားနိုင်ငံက ကျောင်းသား အများနဲ့ယှဉ်ပြီး အနာဂတ် လမ်းသစ်ကို ဖောက်နိုင်မှာလို့ ကိုယ်က မျှော်လင့်ထားတာ၊ ကိုယ့်သမီးမှမဟုတ်ပါဘူး၊ ဘယ်သူဖြစ်ဖြစ်ပါ။

ကိုယ်တို့တုန်းကလို ပိတ်ထားတဲ့ တံခါးတွေနောက်မှာ ဘဝတွေ သေမနေတာကိုပဲ သိပ်ဝမ်းသာနေတာ၊ အရင်းအနှီးများ တယ်လို့ ကိုယ်ထင်တဲ့ ဒီရလဒ်အတွက် သူတို့ကို ဖြစ်ထွန်းစေချင်တာဟာ ကိုယ်တို့နိုင်ငံအတွက် စေတနာလောဘလို့ ပြောချင်တယ်ရွှန်းလဲ့ရယ်။

ပြီးတော့ ရွှန်းလဲ့ရဲ့လက်ဆောင်အတွက် ကျေးဇူးအရမ်းတင်ပါတယ်။ ရွှန်းလဲ့ တန်ဖိုးထားတဲ့ ဒီပုံတူလေး အတွက် အစားထိုးစရာတစ်ခု ဒီစာနဲ့အတူ လက်ဆောင်အဖြစ် ဖန်တီးပို့ပေးလိုက်ပါတယ်။ ဒီအတွက် ရွှန်းလဲ့ ကျေနပ်ပျော်ရွှင်မယ်လို့ မျှော်လင့်တယ်။ ကိုနေနှမ မရွှေလ သောကတိမ်ကင်းနိုင်ပါစေ။

အစ်ကို

ရွှန်းလဲ့ ကိုယ့်လက်ဆောင်ကိုကြိုး ကျေနပ်ပျော်ရွှင်လိမ့်မည်ဟု စိတ်ကူးကြည့်မိသည်။ ပြီးတော့ ဒီတစ်ခါဖြင့်သူ့ ဧည့်ခန်းမှာ ဒီပန်းချီကားလေး ချိတ်ဆွဲထားဖို့ အဆင်ပြေနိုင်ပြီဟုထင်ပါသည်။ ပန်းချီဆရာ အမည်ကိုလည်း ကိုယ်လက်မှတ်ရေးထိုးပေးထားပါသည်။

'ကိုနေ'ဆိုသည့်အမည်ဖြင့်ပါ။

တကယ်တော့ ကိုယ့်အနေဖြင့် မရွှေလ၏အစ်ကို 'နေ'ဘဝအပြင် ဒီနေ့ မျိုးဆက်သစ် ကလေးများ၏ အနာဂတ်လမ်းကို အားပေးကူညီ လမ်းပြပေးနိုင်မည့် 'နေ'တစ်စင်း တကယ်ပဲ ဖြစ်ချင်နေပါသည်။

**မောင်လွင်မွန် (ကသာ)**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

ရတီမဂ္ဂဇင်း Vol-10, No. 115, October 2013 တွင် ပါရှိသော မောင်လွင်မွန် (ကသာ) ၏ နှစ်နှစ်နှလုံးသား ပတ္တမြားဖြစ်စေ အခန်းဆက်ဝတ္ထု(၅)တွင် စာမျက်နှာ ၁၄၅ ကော်လံ ၁ တွင် 'အာဏာရပါတီထဲဝင်ပြီး' ဟူ၍ ပါရှိသွားသည်ကို 'အာဏာရ ပါတီထဲမဝင်ဘဲ' ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။



# ပယင်းတစ်ပွင့်၏ကောက်ကြောင်း

သိန်းပိုင်(M.Engg.Geol)

**တစ်နေ့တွင် ကပည့်မတစ်ယောက်မှ အညိုရင့်ရောင်ကျောက်နမူနာ တစ်ပွင့်ကိုယူလာပြီး ကျွန်တော်၏အလုပ်စားပွဲသို့ ရောက်လာကာ "ဒီကျောက်က သဘာဝ တွင်းထွက်အစစ်လား၊ ပလပ်စတစ်နဲ့ လုပ်ထားတာလားဆိုတာကို သိချင်လို့ပါဆရာ" ဟုပြောပြီး လက်မပြားအရွယ်ခန့်ရှိ မိုးရေစက်ပုံ မကျတကျခပ်ပြားပြား သွေးထားသည့်ကျောက်တစ်ပွင့်အား ယူလာပြ ပါသည်။ ကျွန်တော်က သူမပေးလာသော ကျောက်ပွင့်ကလေးအား လက်ခံရယူလိုက်ပြီး "ဒီကျောက်ကို ဘယ်ကရလာတာလဲ" ဟု ကျောက်၏ ရာဇဝင်ကို သိချင်စိတ်ဖြင့် ပြန်လည်မေးမြန်းခဲ့ပါသည်၊ သူမကလည်း ဒီကျောက်ကို သူမ၏အစ်မ ဖြစ်သူက ဗိုလ်ချုပ်ဈေးထဲမှ လှလို့ ဝယ်ယူခဲ့တာဖြစ်ပြီး ကျောက်အကြောင်းလည်း နားမလည်၊ ကျောက်ကိုကိုင်ကြည့်တော့လည်း ပေါ့ရွတ်ရွတ်ဖြစ်နေတာကြောင့် သူမအစ်မ ဝယ်ယူလာသောကျောက်သည် တွင်းထွက်ကျောက်အစစ်နှင့် မတူဘဲ ပလတ်စတစ်နှင့်တူနေသဖြင့် ကျွန်တော့်ထံ လာရောက်ပြသခြင်း ဖြစ်သည်ဟု ဆိုပါသည်။**

Asian Fame Media Group



ကျွန်တော်လည်း သူမပေးလာသောကျောက်ကို အပြန်ပြန်အလှန်လှန် ကြည့်ရှုစစ်ဆေးပြီး မည်သည့်ကျောက် အမျိုးအစားဖြစ်သည်ကို ချက်ချင်း သိရှိသွားသော်လည်း ကျောက်၏အမည်ကို ချက်ချင်းပြောလိုက်ပါက ယခုခေတ်လူငယ်များသည် မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေတတ်သလို ကျောက်အစစ်ဖြစ်ကြောင်း (တွင်းထွက်အစစ်ဖြစ်ကြောင်း) သက်သေပြချင်သည့် သဘောနှင့်ရော ကျောက်မျက်နှင့်ပတ်သက်သည့် အသိအမြင်ဗဟုသုတများကို လက်တွေ့ကျကျ အလွယ်တကူ သိရှိစေချင်သည့် သဘောနှင့်ပါ ကျောက်အမည်ကို ချက်ချင်းမပြောသေးဘဲ လွယ်ကူသောလက်တွေ့စမ်းသပ်မှုများ ပြုလုပ်နိုင်ရန် သူမအား အစီအစဉ်တကျ တစ်ခုစီကို လက်တွေ့ပြုလုပ်နိုင်းလိုက်ပါတော့သည်။ ကျောက်မျက်ဓာတ်ခွဲခန်းများတွင် သိပ္ပံနည်းကျအဆင့်ဆင့် စစ်ဆေးသည့် နည်းစနစ်များရှိသော်လည်း ယခုပြုလုပ်နိုင်းသည့်နည်းသည် သာမန်လူများအနေဖြင့် ပြင်ပတွင် အလွယ်တကူ စမ်းသပ်စစ်ဆေးနိုင်သော နည်းလမ်းဖြစ်ပါသည်။

ကျောက်မျက် ဓာတ်ခွဲခန်းများတွင် သိပ္ပံနည်းကျ အဆင့်ဆင့် စစ်ဆေးသည့် နည်းစနစ်များ ရှိသော်လည်း ယခုပြုလုပ်နိုင်းသည့်နည်းသည် သာမန်လူများအနေဖြင့် ပြင်ပတွင် အလွယ်တကူစမ်းသပ်စစ်ဆေးနိုင်သော နည်းလမ်းဖြစ်ပါသည်။

ပထမဦးစွာ သူမအား ဖန်ခွက်တစ်ခွက်ကို ယူခိုင်းလိုက်ပြီး ဖန်ခွက်ထဲသို့ သောက်ရေသန့် တစ်ဝက်ခန့် ကို ထည့် ခိုင်းလိုက်ပါသည်။ ထို့နောက် ရေတစ်ဝက်ခန့် ဖြည့်ထားသော ဖန်ခွက်ထဲသို့ သူမယူလာသော ကျောက်နမူနာအား သူမကိုယ်တိုင် ထည့်ခိုင်းလိုက်ပါသည်။ ထိုအခါ ကျောက်နမူနာသည် ဖန်ခွက်ထဲရှိရေထဲတွင် နစ်မြုပ်သွားပါသည်။ ထို့နောက် ကျောက်နမူနာအား ဖန်ခွက်ထဲမှ ပြန်လည်ဆယ်ယူခိုင်းလိုက်ပါသည်။ ထိုသို့ စမ်းသပ်ခိုင်းခြင်းမှာ နမူနာကျောက်၏ ရေချိန်သိပ်သည်းဆသည် ရိုးရိုးရေသန့်၏ ရေချိန်သိပ်သည်းဆထက်များကြောင်း သိသာစေရန်ဖြစ်ပါသည်။ အကယ်၍ သူမယူလာသော ကျောက်နမူနာသည် သာမန်ပလတ်စတစ်ဖြင့် ပြုလုပ်ထားခြင်းဖြစ်ပါက ရေထဲတွင် ပေါ်လောပေါ်နေမည်ဖြစ်ပါသည်။

သို့သော်လည်း သူမ၏ ကျောက်နမူနာသည် ရေထဲတွင် နစ်မြုပ်သွားရုံဖြင့် တွင်းထွက်ကျောက်အစစ်ဖြစ်သည်ဟု မဆိုနိုင်သေးပါ။ သို့ပါ၍ နောက်ထပ်စမ်းသပ်ချက်များကို ထပ်မံပြုလုပ်ရန် လိုပါသေးသည်။ ထို့ကြောင့် နောက်ထပ်စမ်းသပ်မှုတစ်ခုကို ဆက်လက်လုပ်ကိုင်ရန်အတွက် စားသောက်ဆောင်မှ အိမ်သုံးဆားဟင်းခပ်ဇွန်းတစ်ဇွန်းမောက်မောက်ခန့် ယူခိုင်းလိုက်ပြီး ခုနကရေထည့်ထားသော ဖန်ခွက်ထဲသို့ထည့်ခိုင်းလိုက်ကာ ပြည့်ဝဆားပျော်ရည် ဖြစ်သွားစေရန်အတွက် ဆားနှင့်ရေကိုမွှေ၍ ဖျော်ခိုင်းလိုက်ပါသည်။ ခဏအကြာတွင် ဆားများအားလုံး ဖန်ခွက်ထဲရှိရေထဲတွင် ပျော်ဝင်သွားသည့်အခါ ဖန်ခွက်ထဲရှိရေသည် သာမန်ရိုးရိုးရေသန့်မဟုတ်တော့ဘဲ ပြည့်ဝဆားဖျော်ရည်အဖြစ် ရောက်ရှိလာပါသည်။

ထိုအခါ ဖန်ခွက်ထဲရှိ ဆားပျော်ရည်ထဲသို့ သူမ၏ကျောက်နမူနာလေးအား နောက်ထပ်တစ်ခါ ထပ်မံ၍ ထည့်ခိုင်းလိုက်ပါတော့သည်။ ပထမတွင် ကျောက်နမူနာလေးသည် ထည့်လိုက်သောအရှိန်ဖြင့် ဆားပျော်ရည်အောက်သို့ နစ်မြုပ်သွားသော်လည်း ချက်ချင်းဆိုသလို ဆားပျော်ရည်ထဲတွင် ပြန်၍ပေါ်လောပေါ်လာပါတော့သည်။ ထိုအခြင်းအရာကို ကြည့်ခြင်းအားဖြင့် စမ်းသပ်နေသော ကျောက်နမူနာ၏ ရေချိန်သိပ်သည်းဆသည် ရိုးရိုးရေသန့်၏ ရေချိန်သိပ်သည်းဆထက်များသော်လည်း ပြည့်ဝဆားပျော်ရည်၏ ရေချိန်သိပ်သည်းဆထက် နည်းကြောင်းကိုမူ မျက်ဝါးထင်ထင် တွေ့ရှိရပြီဖြစ်ပါသည်။

အဆိုပါ လက်တွေ့စမ်းသပ်ချက်များအရ ပြည့်ဝဆားပျော်ရည်ထက် ရေချိန်သိပ်သည်းဆနည်းပြီး သာမန်ရိုးရိုးရေသန့်ထက် ရေချိန်သိပ်သည်းဆများသော၊ သာမန်ရေနှင့် ပြည့်ဝဆားပျော်ရည်တို့၏



Asianfame Media Group

ရေချိန်သိပ်သည်းဆကြားထဲတွင် ရှိသော သဘာဝတွင်းထွက်ကျောက်မှာ 'ပယင်း' ကျောက်သာလျှင် ဖြစ်ပေတော့သည်။ အဘယ်ကြောင့်ဆိုသော် ရိုးရိုးရေသန့်၏ရေချိန်သိပ်သည်းဆမှာ (၁) ဖြစ်ပြီး ပယင်းကျောက်၏ ရေချိန်သိပ်သည်းဆမှာ (၁.၀၇) ဖြစ်ကာ ပြည့်ဝဆားပျော်ရည်၏ ရေချိန်သိပ်သည်းဆမှာ (၁.၁၂ မှ ၁.၁၄ အထိ) ဖြစ်သောကြောင့် ဖြစ်ပါသည်။ ပယင်းကျောက်သည် သဘာဝတွင်းထွက်ကျောက်ဟု ဆိုသော်လည်း အမှန်စင်စစ်မှာ ရှေးနှစ်သန်းပေါင်းများစွာက ရှေးဟောင်းသစ်ပင်များ၏ သစ်စေးမှ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ပြီး ဇီဝတွင်းထွက်ကျောက်မျက် (Organic Gem) အုပ်စုတွင် ပါဝင်ပါသည်။

သို့ပါ၍ လက်တွေ့စမ်းသပ်ချက်များအရ ကျွန်တော်၏ တပည့်မယူလာသော ကျောက်နမူနာသည် သဘာဝတွင်းထွက်ကျောက်ဖြစ်ပြီး ပယင်းကျောက်အမျိုးအစားဖြစ်ကြောင်းနှင့် ပိုမိုသေချာစေရန်အတွက် နောက်ထပ်ပယင်းကျောက်၏ ဂုဏ်သတ္တိတစ်ခုဖြစ်သော 'ပွတ်အားအပူပေးခြင်းဖြင့် လျှပ်စစ်ဓာတ်ထွက်ရှိသည့် ဂုဏ်သတ္တိ' ကိုလည်း သူမကိုယ်တိုင်ပင် လုပ်ကိုင်စေခဲ့ပါသည်။ ပထမဦးစွာ စက္ကူတစ်ရှူးစတစ်ခုကို လက်သည်းခွံထက်သေးငယ်သည့် အစသေးသေးလေးများဖြစ်အောင် အစိပ်စိပ်အမြွှာမြွှာ ပြုလုပ်ခိုင်းလိုက်ပြီး စားပွဲပေါ်တွင် ဖြန့်ခင်းခိုင်းလိုက်ပါသည်။ ထို့နောက် နမူနာပယင်းကျောက်ကို သူမ၏ခေါင်းမှဆံပင်များဖြင့် အနည်းငယ်ပူလာသည့်တိုင်အောင် ပွတ်တိုက်ခိုင်းလိုက်ပါသည်။ ထိုအခါ အနည်းငယ်ပူလာသော ပယင်းကျောက်ကို ခုနက ဆုတ်ဖြဲထားသော စက္ကူတစ်ရှူးစကလေးများအနားသို့ ယူသွားသောအခါ စက္ကူတစ်ရှူးစကလေးများသည် ပူနေသော ပယင်းကျောက်ဆီသို့ အပြိုင်အဆိုင် ခုန်ကပ်ကြပါတော့သည်။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ ပယင်းကျောက်သည် ပွတ်အားအပူကြောင့် လျှပ်စစ်ဓာတ်ထွက်ရှိလာပြီး စက္ကူတစ်ရှူးစကလေးများကို ဆွဲယူခြင်း ဖြစ်ပါသည်။ (ငယ်စဉ်ကလေးဘဝက ကော်ပေတံကို ခေါင်းမှဆံပင်နှင့် ပူလာအောင်ပွတ်တိုက်ပြီး စက္ကူစကလေးများကို ဆွဲကပ်ယူသည့် ကစားနည်းနှင့် အတူတူပင်ဖြစ်ပါသည်။) ထို့ကြောင့် သူမယူလာသော နမူနာကျောက်မှာ ပယင်းကျောက်ဖြစ်သည်မှာ ပို၍ သေချာသွားပါတော့သည်။ ကျွန်တော်လည်း သူမအား ပယင်းကျောက်၏ ဂုဏ်သတ္တိများကို လက်တွေ့ပြုလုပ်စေခြင်းအားဖြင့် သူမအား ပယင်းကျောက်နှင့် ပတ်သက်သည့် ဗဟုသုတအချို့ကိုလည်း သူမအား ဆက်လက်ပြောကြားပေးခဲ့ပါသည်။

**ပယင်းကျောက်သည် သစ်ပင်၏သစ်စေးများမှတစ်ဆင့်ဖြစ်လာသော ကျောက် ဖြစ်သဖြင့် ပယင်းကျောက်သားထဲတွင် ရှေးခေတ်က အင်းဆက်ကောင်လေးများ၊ ပိုးမွှားကောင်များနှင့် သစ်ပင်ပန်းပင်တို့၏ ပွင့်ချပ်၊ ပွင့်ဖတ်နှင့် ဝတ်မှုန်များလည်းပါဝင်နေတတ်ပြီး...**



သူမယူလာသော ပယင်းကျောက်၏ အရောင်သည် အညိုရင့်ရောင်ဖြစ်သော်လည်း ပယင်းကျောက်တွင် အညိုရင့်ရောင်အပြင် အဝါရောင်၊ အညိုရောင်၊ ဝါညိုရောင်၊ ပယင်းရောင်၊ ဇီဖယ်ရောင်၊ အနီရောင်၊ နီညိုရောင်၊ အနက်ရောင်နှင့် အခြားရှားပါးသည့် အရောင်များဖြစ်သော ခရမ်းရောင်၊ အပြာရောင်နှင့် အစိမ်းရောင်များလည်း ရှိကြောင်း၊ ၎င်းအပြင် ပယင်းကျောက်သည် သစ်ပင်၏သစ်စေးများမှ တစ်ဆင့် ဖြစ်လာသော ကျောက် ဖြစ်သဖြင့် ပယင်းကျောက်သားထဲတွင် ရှေးခေတ်က အင်းဆက်ကောင်လေးများ၊ ပိုးမွှားကောင်များနှင့် သစ်ပင်ပန်းပင်တို့၏ ပွင့်ချပ်၊ ပွင့်ဖတ်နှင့် ဝတ်မှုန်များလည်းပါဝင်နေတတ်ပြီး ယင်းကဲ့သို့ ပယင်းကျောက်သားထဲတွင် ပါဝင်နေသော အင်းဆက်ကောင်များ၏ အမျိုးအစား၊ သက်တမ်း၊ အကောင်ပုံသဏ္ဌာန်များပီပြင်လှပမှု အနေအထား၊ ပါဝင်သော အကောင်အရေအတွက်စသည်တို့အပေါ် မူတည်၍ သာမန်ပယင်းကျောက်ရိုးရိုးထက် ဈေးနှုန်းအဆများစွာ ကွာခြားသွားပြီး ပိုလည်းရှားပါးကာ ပိုလည်း တန်ဖိုးမြင့်သွားကြောင်း တို့ကိုလည်း ပြောပြခဲ့ပါသည်။

မြန်မာနိုင်ငံတွင်လည်း ဟူးကောင်းချိုင့်ဝှမ်းဒေသမှ ပယင်းကျောက်များစွာထွက်ရှိပြီး သာမန်ပယင်းကျောက်ရော၊ အင်းဆက်ပိုးများပါ ပါဝင်သည့် ပယင်းကျောက်များကိုပါ တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမှထွက်ရှိလာသော ပယင်းကျောက်များသည် ပါဝင်သော အင်းဆက်ကောင်များ၏ အထောက်အထားများအရ အခြားနိုင်ငံများမှ ထွက်ရှိသော ပယင်းကျောက်များထက် သက်တမ်းပိုရင့်ကာ မီးစုန်းတောက်သည့် ဂုဏ်သတ္တိလည်း ရှိပါသည်။ ကမ္ဘာ့ကျောက်မျက်ပညာရှင်များကလည်း ပယင်းကျောက်ကို အုပ်စုကြီး ၄ ခု ခွဲခြားထားကာ မြန်မာနိုင်ငံမှ ထွက်ရှိသော ပယင်းများကို 'Burmite (မြန်မာ့ပယင်း)' ဟု ခေါ်တွင်ကာ အခြားပယင်းအမျိုးအစားများမှာ ဘောလ်တစ်ပင်လယ်ကမ်းခြေတစ်လျှောက်မှ ထွက်ရှိသော ဘောလ်တစ်ပယင်း (Succinite)၊ စစ္စလီကျွန်းရှိ Simeto မြစ်ဝပတ်ဝန်းကျင်မှ ထွက်ရှိသည့် စစ္စလီပယင်း (Simetite) နှင့် ရူမေးနီးယားနိုင်ငံမှထွက်ရှိသော ရူမေးနီးယားပယင်း (Rumanite) တို့ ဖြစ်ကြောင်းကိုလည်း ရှင်းလင်းပြောကြားခဲ့ပြီး ယခုအခါ အနုပညာလောကနှင့် ဖက်ရှင်လောကတို့တွင် ကျောက်မျက်ရတနာအစစ်များနှင့် ဖန်စီကျောက်များကို ဝတ်ဆင်ကြရာတွင် ဖက်ရှင်ဒီဇိုင်းအသစ်အဆန်းများ အနေဖြင့် ငွေကြေးတတ်နိုင်သူများက ကျောက်မျက်ရတနာအစစ်ဖြင့်လည်းကောင်း၊ ငွေကြေးမတတ်နိုင်သူများက ဖန်စီကျောက်များတို့ဖြင့်လည်းကောင်း၊ ကျောက်မျက်ရတနာအရွယ်အစားကြီးကြီးများကို လက်ဝတ်ရတနာပုံစံကြီးကြီး ပြုလုပ်ဝတ်ဆင်ကြခြင်းသည်လည်း တဖြည်းဖြည်းနှင့် ပိုမိုခေတ်စားလာသောကြောင့် အခြားပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ မြစသည်တို့ကဲ့သို့ ငွေကြေးတန်ဖိုးကြီးကြီးမားမား မပေးရဘဲ သဘာဝကျောက်အစစ်လည်းဖြစ်သော၊ အရွယ်အစား ကြီးကြီးမားမားလည်း ရရှိနိုင်သော အရောင်စုံ ရွေးချယ်စရာလည်း ရှိသော ပယင်းကျောက်များကို လက်ဝတ်ရတနာများပြုလုပ်၍ ဝတ်ဆင်ကြခြင်းသည် တစ်နေ့တခြား ခေတ်စားလာသဖြင့် ပယင်းကျောက်၏ ဈေးကွက်သည်လည်း မြန်မာနိုင်ငံတွင်သာမက ကမ္ဘာအနှံ့ ပိုမိုကျယ်ပြန့်လျက် ရှိပါသည်။

**သိန်းဝိုင်**(M.Engg.Geol)

Asian Fame Media Group



# မန္တလေး အလေး
# မန္တလေး အရေး

ကိုထွန်း (လမ်း၈၀)

**အင်း. . . နောက်ဆုံးတော့လည်း ရေပါပဲကွယ်**

အသက် အရွယ်ကြီးလာတဲ့အခါ မိန်းမတွေက ပူညံ ပူညံဖြစ်လာပြီး ယောကျ်ားတွေကတော့ စကားနည်းလာခြင်းနဲ့အတူ အေးစက်စက်ဖြစ်လာသတဲ့။ အဲဒါ ဘယ်သူပြောတာပါလိမ့်။ ဘယ်စာအုပ်ထဲမှာ ဖတ်ဖူးခဲ့တာပါလိမ့်။ အဲဒီစကား ဟုတ်လောက်မယ်လို့ ထင်လိုက်မိပါတယ်။ ဘာကြောင့်ဆိုတော့ ချစ်ချစ်က အဘွားကြီးဖြစ်လာပြီကိုးနော်။

ဒီလိုနဲ့ ဥပုသ်ရက်တစ်ရက် နံနက်ခင်းမှာတော့ ကိုထွန်းလည်း နားအေးပါးအေးလည်း ဖြစ်ချင်၊ ပေါင်းဟောင်းသင်းဟောင်းများနဲ့လည်း မတွေ့တာကြာပြီဖြစ်သမို့ မိတ်ဆွေတစ်ယောက်နဲ့ချိန်းပြီး ချစ်ချစ် (သို့မဟုတ်) ပွမ်ပွမ်မြည်သော အသည်းကလေးကို နောက်ချန်ထား၍ လက်ဖက်ရည်ဆိုင်သို့ ချီတက်သွားပါတော့တယ်။ ချစ်ချစ်ရဲ့ ပွမ်ပွမ်မြည်တဲ့ စကားသံလေးဟာ လွန်ခဲ့တဲ့ နှစ်သုံးဆယ်လောက်တုန်းကတော့ တယ်လည်း နားဝင်ချိုတာကလား၊ ဒါပေမဲ့ အခုတော့ ဘယ်လိုဖြစ်ကုန်တယ် မသိ။ သူ့စကားသံဟာ တစ်ယောက်တည်း ရှိနေတုန်း ကိုယ့်အနားလာပြီး ပြောရင် ဆယ့်နှစ်ဘီးကားကြီးရဲ့ ပွမ်ဆိုတဲ့ အဲယားဟွန်းမြည်သံကြီး ကြားလိုက်ရသလို ရုတ်တရက် ရင်တုန်ဟုန်. . . ဟုန်. . . သွားချင်တော့တာပါ။

မည်သို့ပင် ဖြစ်စေကာမူပေါ့လေ။ ကိုထွန်းတစ်ယောက် သူငယ်ချင်းနဲ့တွေ့ဖို့ အပြင်ထွက်လိုက်တဲ့အခါ ကလေးတစ်ယောက်လို ဖြစ်သွားရင်း အလိုလို ပေါ့ပါးလန်းဆန်းသွားတော့တယ်။ အဲဒါကို ချစ်ချစ်က သဘောမတွေ့လှဘူး။ အမယ်လေး သူ့အပေါင်းအသင်းတွေနဲ့များ တွေ့ရင် ဟီးဟီးဟားဟားနဲ့ မြူးလို့၊ ပျော်လို့၊ အိမ်ကိုရောက်ရင်တော့ ဟွန်း. . . မျက်နှာကို ကဆိုပြီး တိုက်စစ်ဖွင့်ပါလေရော။ ကိုထွန်း



Asian Family Media Group



ဘယ်လိုတုံ့ပြန်ရမလဲ။ တော်. . . တန်. . . တိတ်ဆိုပြီး ပေါက်လိုက်ရင် ဗိုပြီးပွဲကြမ်းသွားနိုင်ပါတယ်။ ဒါပေမဲ့ ကံကောင်းချင်တော့ ချစ်ချစ်က သို့ကလို ထိုးစစ်ဆင်ဖို့ ဟန်ပြင်နေတုန်း သူ့ဆီကို တယ်လီဖုန်း လာပါလေရော။ တယ်လီဖုန်းပြောရင် ဆယ်မိနစ်လောက်အထိ ကြာတော့ အဲဒီနေ့ တစ်နေ့တာအတွက်တော့ အိုကေ၊ ရန်ဖြစ်ရမှာကို သူရော ကိုယ်ရော မေ့လျော့သွားပြီလေ။ တစ်ခါတစ်ခါတော့ ကျွန်တော်တို့ နှစ်ယောက်အဖြစ်ကို တွေးပြီး ရယ်ချင်သွားမိပါတယ်။ လင်မယားနှစ်ယောက် စကားတခီအချေပြောရင်း ဒေါသမြင့်တော့မယ့်အချိန် တယ်လီဖုန်းအသံက သူ့ဆီမှာဖြစ်ဖြစ်၊ ကိုယ့်ဆီမှာဖြစ်ဖြစ် ဝင်လာတတ်သမို့ အလိုလို စစ်ပြေငြိမ်းသွားရတော့တာကိုးနော်၊ အမှန်တော့ ချစ်ချစ်ပြောမယ်ဆိုလည်း ပြောစရာ။ ကျွန်တော်ကလည်း ကျွန်တော်ပဲ။ ကိုယ့်သူငယ်ချင်းနဲ့တွေ့ရင် အလိုလို ပြုံးပျော်နေတာကလား။ အခုလည်း လက်ဖက်ရည်ဆိုင်မှာ သူငယ်ချင်းနဲ့ ရောက်တတ်ရာရာ ပြောနေကြတုန်း ဟာ. . . ခင်ဗျားတို့က ဒီမှာကိုးလို့ စကားသံကြားလိုက်ရလို့ မော့ကြည့်လိုက်တော့ မတွေ့ကြရတာ ကြာပြီဖြစ်တဲ့ မိတ်ဆွေဇနီးမောင်နှံကို တွေ့လိုက်ရပါတယ်။ မတွေ့တာကြာဆို ဆယ်နှစ်လောက်တောင် ရှိမယ်ထင်ပါရဲ့။ မိတ်ဆွေဆိုပေမယ့် သူတို့ဇနီးမောင်နှံက ကျွန်တော့်ထက် အသက် ခုနစ်နှစ်၊ ရှစ်နှစ်လောက်ကြီးတာပါ။ ကျွန်တော်တို့ရဲ့ မိတ်ဆွေ (အစ်ကိုကြီး)ပေါ့။ ငယ်ငယ်တုန်းကတော့ အဲဒီလောက် အသက်ကွာနေရင် ကိုယ့်ထက်အကြီးဆိုတဲ့ အသိကြောင့် လေးစားမှုနဲ့ 'ရှိန်'နေတတ်ပါတယ်၊ ဒါပေမဲ့ အသက်အရွယ်ကြီးလာတော့လည်း ဒီလောက် အသက်အရွယ်ကွာခြားမှုဟာ ထဲတိုင်းတစ်ခုလို ကာဆီးထားခြင်း မရှိတော့ပါဘူး။ ပြီးတော့ မန္တလေးမဟုတ်လား။ မန္တလေးရဲ့ လူမှုဘဝ ဝန်းကျင်ဟာ အသက်အရွယ်ကြီးသည် ငယ်သည် စည်းခြားခြင်းတွေ မရှိဘဲ ဖော်ရွေရင်းနှီးစွာ ပေါင်းဖွဲ့ကြစမြဲဖြစ်ပါတယ်။ လက်ဖက်ရည်ဆိုင်က လူကြီးဝိုင်းတစ်ဝိုင်းကို မော့ကြည့်လိုက်ရင် အသက်အရွယ်တွေကမျိုးစုံ။ ဒါပေမဲ့ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် လေးစားခြင်းနဲ့အတူ စကြ၊ နောက်ကြနဲ့ တဒင်္ဂရှင်ပျော် လန်းဆန်းသွားကြလေ့ရှိပါတယ်။ စိတ်သာရှင်စော ဘုရားဟောဆိုတဲ့ အတိုင်းပေါ့။ တစ်ခဏတာ စိတ်ရှင်လန်းသွားရင်လည်း ခန္ဓာမှာ စွဲကပ်နေတဲ့ ရောဂါတွေ မေ့လျော့သွားတတ်စမြဲပါ။

ကျွန်တော်တို့မှာလည်း တစ်ယောက်နဲ့တစ်ယောက် တွေ့ဖြစ်ရင် စကားတွေပြောကြရင်း ဘယ်သူတော့ရှိသေးလား၊ ဘယ်ဝါတော့ ရှိသေးလားလို့ စိုးရိမ်စိတ်နဲ့ မေးရတာကိုက အလုပ်တစ်ခုဖြစ်နေပြီ၊ မိတ်ဆွေ (အစ်ကိုကြီး)က ပြောလိုက်တော့ ကျွန်တော်လည်း အသာအယာ ခေါင်းညိတ်လိုက်မိပါတယ်။ သံဝေဂစကားနဲ့ သူပြောမယ်ဆိုလည်း ပြောစရာဖြစ်နေပါပြီ။ သူတို့က သက်ကြီးတန်းထဲရောက်တော့ သူနဲ့ သက်တူ၊ ရွယ်တူတွေဟာ တဖြုတ်ဖြုတ်နဲ့ ကြွေကျသွားကြလို့ပါ။ ဒီတော့ ပေါင်းစရာ အသိုင်းအဝိုင်းက ကိုယ်နဲ့ရွယ်တူတွေ နည်းလာတော့ သူ့ခမျာ စကတည်းက အပေါင်းအသင်းခင်တဲ့သူပီပီ ကိုယ့်ထက် အသက်ငယ်တဲ့သူတွေထဲ ဝင်တိုးရပါတော့တယ်။ ဒါက တစ်ချိန်မှာ ကိုထွန်းလည်း ကြုံရမယ့် ရှောင်လွှဲမရတဲ့ကိစ္စ။ မိတ်ဆွေ (အစ်ကိုကြီး)က လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ကျန်းမာရေးဆိုးဝါးပြီး လေဖြတ်သလို ဖြစ်သွားသတဲ့။ အခုတော့ ကောင်းသွားပါပြီ။ လမ်းလေး ဘာလေးလျှောက်၊ မတ်ဒီကယ်ချက်ကပ်လုပ်ပေါ့ဗျာ။ အားရင် စာဖတ်၊ ဝါသနာပါတဲ့ တယောထိုး ခက်တာကဗျာ ဒီအရွယ်က တရားထိုင်ပြီး ဝိပဿနာဘက်ရောက်ရတော့မှာ။ ဒါက ဂိတ်ဆုံးပြီဆိုတော့ မလုပ်ချင်သေးဘူးဗျာ။ ပွင့်ပွင့်လင်းလင်း ပြောလိုက်တဲ့ သူ့စကားကြောင့်

MEDIA GROUP
Asian Fame Media Group

ကျွန်တော် ပြုံးလိုက်မိပါတယ်။

ဘဝကို တွယ်မက်တဲ့ သံယောဇဉ်ကြီးလွန်းတော့ ရှေ့ဆက်သွားရမယ့် သံသရာခရီးအတွက် ဘယ်တွေးချင်ပါ့မလဲ။ အင်း . . . ပြောလို့သာ ပြောရတယ်၊

ကျွန်တော်လည်း ထိုနည်းလည်းကောင်းအတိုင်းပါပဲ။ သယ် . . . ဒီအရွယ်ရောက်တာတောင် အသိမကပ်၊ မိုက်တွင်းနက်လှချည်လားလို့ ပြောပြီး ဖနောင့်နဲ့ပေါက်ရင်လည်း ခံလိုက်ရုံပဲရှိပါတော့တယ်။

နာရီဝက်လောက်အကြာမှာ မိတ်ဆွေ(အစ်ကိုကြီး)က ကျွန်တော်တို့ကို နှုတ်ဆက်ပြီး ပြန်သွားပါတယ်။ ကျန်းမာရေးကောင်းလာပေမယ့် မော်တော်ကားကိုတော့ ကိုယ်တိုင်မမောင်းသေးဘူးတဲ့။ သူသွားချင်လာချင်တာတွေကို ဇနီးသည်ကပဲ မော်တော်ကားမောင်းပြီး ပို့ပေးသတဲ့။ တို့အစ်ကိုကြီး အတော်ကံကောင်းတာပဲ။ ဒီအရွယ်မှာ သူ့ဇနီးက ဆေးပေးမီးယူတာမပြောနဲ့ မော်တော်ကားနဲ့ မောင်းပို့ပေးနိုင်သေးတာ၊ ငါတို့နဲ့တော့ ကွာပါကွာ၊ အနားမှာ ထိုင်နေတဲ့ သူငယ်ချင်းက မချင့်မရဲနဲ့ ပြောလိုက်တော့ ဒါမိန်းမလည်း အတူတူပါပဲ ကွာလို့ သူ့စကားကို ထောက်ခံလိုက်ရပြန်ရော။ ဟုတ်တယ်လေ၊ ချစ်ချစ်က ဆိုင်ကယ်လည်း မစီးတတ်၊ မော်တော်ကားလည်း မမောင်းတတ်၊ ဒီတော့ အိမ်မှာ အကြောင်းကိစ္စရှိလို့ သူ့အပြင်သွားချင်ရင် ကျွန်တော်ကပဲ သူသွားလိုရာခရီးသို့ ဒရိုင်ဘာအဖြစ်တာဝန်ယူပေးရတာကလား။ တစ်ခုတော့ကောင်းရဲ့။ ချစ်ချစ်က တစ်ပတ်နေမှ တစ်ခါလောက် အပြင်ထွက်လို့ ကျွန်တော့်အတွက် သိပ်အပန်းမကြီးဘူးလို့ ဆိုရမှာပါ။

သူငယ်ချင်းနဲ့ အားရပါးရ စကားတွေပြောပြီး စကားတွေ ကုန်တော့မှ အိမ်ကို ပြန်လာခဲ့ပါတယ်။ လူ့စိတ်ဆိုတာကအခက်သား၊ ကိုယ့်စိတ်တိုင်းကျ ဖြစ်ခွင့်လေးကြုံလိုက်ရတော့ ကြည်လင်လန်းဆန်းနေပါတယ်။ ချစ်ချစ်ကတော့ ကျွန်တော်နဲ့ ဆန့်ကျင်ဘက်၊ ကျွန်တော့်ကို စကားမပြောဘဲ မျက်စောင်းတထိုးထိုးလုပ်နေပါတယ်။ အဲဒီနေ့က တစ်နေကုန်လောက် နှစ်ယောက်သား စကားမပြောကြဘူး။ ဒါပေမဲ့ ည ၁၀ နာရီလောက်ရောက်တော့ ကျွန်တော့်ကို သူစကားမပြောဘဲ မနေလို့မရတော့ဘူး။ ကျွန်တော်နဲ့ မလှမ်းမကမ်းနေရာက ဦးဟုဝှ ကိုယ့်တာဝန်ကိုယ်သိနေ‌ော်လို့ သတိပေးလိုက်ပါတယ်၊ သူ့စကားသံကြားလိုက်မှ နေ့စဉ်မပျက်မကွက် ထမ်းဆောင်ရမယ့် တာဝန်ကြီးကို အမှတ်ရလိုက်ပါတယ်။ အဲဒါက တခြားဟုတ်နိုးလား၊ စည်ပင်သာယာကလွှတ်တဲ့ရေကို မော်တာနဲ့ဆွဲစုပ်ပြီး ကန်ပြည့်အောင်ဆောင်ရွက်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ ကျွန်တော့်အိမ်က စည်ပင်သာယာက လွှတ်ပေးတဲ့ မိန်းရေပိုက်လိုင်းကြီးနဲ့ ပေ သုံးရာနီးပါးလောက်ဝေးနေလို့ ကိုယ့် ဆီကို ရေရောက်လာအောင် မနည်း ဂရုစိုက်စောင့်ကြည့်နေရတာပေါ့။



လျှပ်စစ်မီးလာပြီး ရေပေးရေးက ရေလွှတ်တဲ့အချိန်မှာ မော်တာနဲ့ ရေစုပ်တာတောင် ရေက တစ်လက်မပိုက်ရဲ့ သုံးပုံတစ်ပုံလောက်ပဲ ကျပါတယ်။

ဒီတော့ အုတ်ကန်ထဲ ရေပြည့်အောင် ညသန်းခေါင်သန်းလွဲအထိ မော်တာဖွင့်ပြီး ရေတင်နေရပါတယ်။ ညတိုင်း အိပ်ရေးပျက်ခံပြီး ရေယူနေရသမို့ အတော်မနိုင်တဲ့ အဖြစ်ပါ။ ဒါပေမဲ့ ကျွန်တော်က သန်းခေါင်လောက်မှ အိပ်တတ်တာမို့ အခက်အခဲရယ်လို့တောင် မတွေးမိတော့ပါဘူး။ ပြီးတော့ ဘောလုံးပွဲကိုလည်း စွဲနေသေးလို့ စနေ၊ တနင်္ဂနွေည တွေမှာ ပိုပြီး အဆင်ပြေနေပါသေးတယ်။ ကျွန်တော်ကြိုက်တဲ့ ပရိမ်ယာလိဂ်နဲ့ အီတလီစီးရီးအေ ဘောလုံးပွဲတွေက ည တစ်နာရီကျော်မှ လာတာဆိုတော့ ကန်ရေပြည့်အောင် စောင့်ရင်း ဘောလုံးပွဲကြည့်နေလိုက် တယ်လေ။ ဟန်ကိုကျလို့။

အရင်တုန်းက ကိုယ့်အိမ်မှာ အဝီစိတွင်းတူးထားလို့ ရေအလာနည်းတဲ့ စည်ပင်ကပေးတဲ့ ရေပေးရေးကို အားမကိုးခဲ့ဘူး။ ဒါပေမဲ့ လွန်ခဲ့တဲ့လကစပြီး အဝီစိတွင်းရေက ခန်းသွားတော့ စည်ပင်ကပေးတဲ့ ရေပေးရေးကိုပဲ အသက်သခင်လို ဖက်တွယ်ထားရပါတယ်။ မိတ်ဆွေတွေက အဲလိုအဝီစိရေမရတော့ ရင် တွင်းကို ဒီထက်ဆက်တူးဖို့ လိုသတဲ့။ ပေ ၁၅၀ . . .၊ ပေ ၂၀၀ . . .၊ ပေ ၂၀၀ ကျော်တူးရင် ရေကောင်းရေသန့် စပါယ်ရှယ်ထွက်လာလိမ့်မယ်။ ဒါပေမဲ့ အဝီစိတွင်းတူးခ ပိုက်ဆံကတော့ မချောင်၊ တွင်းနက်နက်တူးလေ၊ ပိုက်ဆံပိုကုန်လေပေါ့။ ကိုယ့်လူရေ ရေလိုချင်ရင် ရေကုန်ရမှာပဲဗျ။

အဝီစိတွင်းတူးဖို့ အကြံညာဏ်ပေးနေတဲ့ မိတ်ဆွေပြောတာကို နားထောင်ရင်း ခေါင်းကုတ်လိုက်မိပါတယ်။ ရေဆိုတာ ခေတ်စကားနဲ့ ပြောရင် ငွေပါပဲ။ ရေပိုက်လိုင်းထဲကို (လေခိုနေလို့) ရေမလာသေးရင် ရေထည့်ပြီး ရေလာအောင် ချေ



Asian Fame Media Group

ပေးနေသလို အခုလည်း အဝီစိရေ ထွက်လာအောင် ရေ(ငွေ)သုံးပြီး ခြေးရတော့မှာပါ။ ကုန်ကျစရိတ်က ကိုယ့်အတိုင်းအတာနဲ့ကိုယ် မနည်း မနောမို့ တွေးရင်းနဲ့တင် တွန့်ခနဲ ဖြစ်သွားပြီး အဆိုပါကိစ္စကို ဟ(ဖ်) တိုင်းနဲ့ ရပ်ဆိုင်း၍သကာလ အများ နည်းတူ စည်ပင်ကပေးတဲ့ ရေကိုသာ အားကိုးနေရပါတယ်။

အင်း . . . ရေ . . . ရေ . . . ရေ။ အုတ်ကန်ထဲ ရေကျနေတဲ့ ပလောက် . . . ပလောက်အသံကို နား ထောင်ရင်း စိတ်အာရုံက ဟိုး . . . ငယ်ဘဝဆီကို ရောက်သွားခဲ့ ပါတယ်။ ပြီးတော့ အခုထိ ရေဒုက္ခ ဝဋ်ကြွေးနဲ့ မလွတ်ကင်းပါလားလို့ တွေးလိုက်မိပါရော။ ဘာဖြစ်လို့လဲ ဆိုတော့ ရေရှားပါးခြင်းဒုက္ခကို ငယ်ငယ်ကတည်းက ကြုံတွေ့လာ ခဲ့ရလို့ ဖြစ်ပါတယ်။ ကျွန်တော့်ရွာက အညာဒေသရဲ့ အင်မတန်မှ ရေရှား ပါးတဲ့နေရာမှာ တည်ရှိပါတယ်။ ရွာမှာ ရေအတွက် အားကိုးစရာ ကန်နှစ်ကန်ရှိပါတယ်။ ကန်မတဲ့၊ တစ်ခုကတော့ တောင်ကန်တဲ့။ ဒီကန်နှစ်ကန်စလုံးက ဆောင်းမကုန် ခင်ကတည်းက ရေခန်းသွားတော့ ရွာမှာ တစ်ခုတည်းသာရှိတဲ့ စက်ရေ တွင်းကိုသာ အားထားနေရပါတယ်။ နွေရောက်ရင် စက်ရေတွင်းအနားက အုတ်ကန်ကြီးရဲ့ နံဘေးပတ်ပတ် လည်မှာ အလှည့်ကျရေယူဖို့ တန်းစီ နေတဲ့ ရေပုံးတွေ၊ ရေအိုးတွေများ မှများ၊ ရေပိုက်ခေါင်းက ကျလာတဲ့ ရေကိုရဖို့ မြှေလိမ်မြွေကောက်ပမာ စီတန်းနေတဲ့ မြင်ကွင်းဟာ ညမှောင် သွားတော့မှပဲ ပျောက်ကွယ်သွားပါ တော့တယ်။ ကျွန်တော်လည်း စီတန်းနေတဲ့ ရေပုံး၊ ရေအိုးတန်းကြီး ရဲ့နောက်မှာ ကိုယ့်ရဲ့ ပီဝင်းထဲဆီပ် သံပုံးခွံလေးထားပြီး တန်းစီ၊ နာရီ ဝက်လောက်အကြာ ကိုယ့်အလှည့် ရောက်လို့ ပိုက်ခေါင်းထဲက ရေကို ပြည့်၊ ပြီးတော့ မြန်မြန်သွက်သွက်နဲ့ အိမ်ကို ရေထမ်းသွား၊ နောက် တစ်ခေါက် စက်ရေတွင်းဆီကို ပြန် သွားပြီး တန်းစီ၊ ရှေ့ကို တရွေ့ရွေ့ တိုးနေတဲ့တန်းကြီးနောက်က ကိုယ့် အလှည့်ကို ပြန်ပြီးစောင့်၊ အဲဒီဒုက္ခ ဟာ မန္တလေးရောက်မှပဲ ကျွတ်လွတ်



---

**တစ်ခါတစ်ခါတော့**
**ပိုက်ဆံများ ကိုယ့်အိမ်ကို**
**မခင်တွယ်ချင်ဘူးလား**
**လို့တောင် တွေးမိလိုက်ပါတယ်။**
**ပိုက်ဆံလေး စုစုခဲခဲရှိလို့**
**ဝမ်းသာမယ် စိတ်ကူးနေတုန်း**
**ကိုယ်တော်ချောက**
**အကြောင်းအမျိုးမျိုးနဲ့**
**ပြန်ထွက်သွားတယ်လေ . . .**

---

သွားခဲ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့ အခုတော့ အဲလိုလေး . . . ဒုက္ခတွေ ဝဋ်မကျွတ်နိုင်သေးပါလားလို့ တွေးမိ လိုက်ပါတယ်။ မန္တလေးမြို့ကြီးဟာ လူဦးရေသန်းဂဏန်းအထိ ရှိလာ တော့ ရေအခက်အခဲနဲ့ ကြုံလာရ တော့တာကလား။ စိတ်ရှည်ခြင်း သည် အရာရာအောင်မြင်ရာဆိုတဲ့ ထိုးကို နှလုံးမူရင်း ကလေးသေးပန်း သလို ပိုက်ထဲက ကျလာတဲ့ရေကို အုတ်ကန်ပြည့်အောင်အထိ စောင့် နေရပါတယ်။ ဒါပေမဲ့ မနက်သုံးနာရီ လောက်ဆိုရင်တော့ ရေတင်တဲ့ မော်တာခလုတ်ကို ပိတ်လိုက်ရပါ တော့တယ်။ ညတိုင်း မော်တာက လေးငါးနာရီကြာအောင် လည်နေရ လို့ အလုပ်လုပ်ရတာများပြီး မော်တာလောင်သွားမှာ စိုးလို့ပါ။ ရေရဖို့အရေး ဒီမော်တာလေးကို ဂရုစိုက်ပြီး အသုံးပြုနေရတာ။ တကယ်လို့များ မော်တာလောင် သွားရင် ဒုက္ခ၊ အသစ်ဝယ်လိုက်ရရင် ရေထွက် . . . အဲ . . . ပိုက်ဆံထွက် ပြန်ဦးမယ်လေ။

စက်တင်ဘာလ မကုန်ခင်လေး မှာပဲ မုတ်သုံဆုတ်ခွာသွားပြီတဲ့။ ဒါပေမဲ့ မန္တလေးမှာတော့ တရုတ် ပြည်အရှေ့ပိုင်းတိုက်ခတ်တဲ့ မုန်တိုင်းအရှိန်ကြောင့် မိုးရွာနေ ပါတယ်။ ရွာမှဆိုရင်တော့ မိုးရွာရင် သိပ်ပျော်တာပါ၊ မိုးကောင်းကောင်း တစ်ချက်ရွာလိုက်တော့ ကန်တွေထဲ ကို ချောင်းရေတွေ ဝင်လာတာ ကြောင့် ဖြစ်ပါတယ်။ ဒါပေမဲ့ မြို့မှာ ရွာတဲ့မိုးကတော့ လူတွေအတွက် သိပ်အသုံးမဝင်၊ မိုးနည်းနည်းများရင် ရေမြောင်းစနစ်က မကောင်းလို့ မြောင်းတွေ ရေလျှံပြီး အိမ်တွေထဲ အထိ ရေတွေဝင်ကုန်တတ်ပါတယ်။ ဟိုတစ်လောက ရန်ကုန်မှာ မိုးတွေ များလို့ တစ်မြို့လုံးရေလျှံပြီး မော်တော်ကားတွေ ရေမြုပ်တဲ့ သတင်းဓာတ်ပုံတွေ တွေ့လိုက်ရပါ တယ်။ ကျွန်တော်တော့ မိုးကို သူ့အချိန်နဲ့သူ ရွာစေချင်ပါတယ်။ ပြီးတော့ မိုးရွာရင်လည်း ကျေးလက် ဒေသတွေမှာပဲ ရွာစေချင်တာပါ။ ကျွန်တော်တို့နိုင်ငံမှာ ကျေးလက် ဒေသမှာနေထိုင်သူတွေက ၇၀ ရာခိုင်နှုန်းရှိပါတယ်။ မြန်မာ့ဆိုရိုး စကားတစ်ခုရှိပါတယ်။ တောဆူမှ မြို့ဝတဲ့။ ကျေးလက်ဒေသတွေ ကျေးရွာတွေ ဆူဖြိုးမှ မြို့တွေလည်း ဖွံ့ဖြိုးတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ကျေးလက်ဒေသတွေမှာ မိုးလေမမှန် လို့ သီးနှံအထွက်မကောင်းရင် မြို့မှာလည်း အရောင်းအဝယ်တွေ မကောင်းတော့ပါဘူး။ စီးပွားရှာဖွေမှု လုပ်ငန်းတွေဟာ တစ်ခုအပေါ်တစ်ခု မှီခိုနေရတာဖြစ်ပါတယ်။ အမိက နေရာက အားမကောင်းရင် အဲဒါနဲ့ ဆက်နွှယ်တဲ့နေရာတွေအားလုံးက ကမောက်ကမဖြစ်ကုန်ပါလေရော။

ပြီးတော့ မိသားစုတိုင်း နေ့စဉ် ရင်ဆိုင်ကြုံတွေ့နေရတဲ့ ဝင်ငွေနဲ့ ထွက်ငွေ၊ ဝင်ငွေက ပုံမှန်ဖြစ်ချင်မှ ဖြစ်ပေမယ့် ထွက်ငွေကတော့ နေ့တိုင်းလိုလိုပါပဲ။

တစ်ခါတစ်ခါတော့ ပိုက်ဆံများ ကိုယ့်အိမ်ကို မခင်တွယ်ချင်ဘူး လားလို့တောင် တွေးမိလိုက်ပါတယ်။ ပိုက်ဆံလေး စုစုခဲခဲရှိလို့ ဝမ်းသာ မယ် စိတ်ကူးနေတုန်း ကိုယ်တော် ချောက အကြောင်းအမျိုးမျိုးနဲ့ ပြန် ထွက်သွားတယ်လေ။

ယင်းသမို့ကြောင့် ကိုထွန်း တစ်ယောက် ပိုးတစ်ဖွဖွကျနေ၍ အပြင်မထွက်နိုင်သောကြောင့် အိမ်ထဲမှာ ငုတ်တုတ်ထိုင် ငေးမော ရင်း ဟိုဟိုဒီဒီ လျှောက်တွေးရာရာ တွေးလျှက် အင်း . . . နောက်ဆုံး တော့လည်း ရေပါပဲကွယ်ဟု အသံ ထွက်ပြီး ညည်းညူလိုက်မိပါကြောင်း၊ ထိုအခါ အနားမှာရှိသည့် ချစ်ချစ်က ဟုတ်ပါတော် . . . ရေတွေပါပဲဟု ဘာမသိညာမသိနဲ့ ထောက်ခံလိုက် ၍ ဗိုက်အားသင့်ကာ သူ့ကို ကြည့်မိ လိုက်ပါကြောင်း၊ ငွေလပမာ မျက်နှာ ရွှင်ပျ ချစ်ချစ်အလှကို တွေ့လိုက် ရသောကြောင့် ငါမိန်းမ ဘယ့်နှာ ကြောင့် ယခုနယ် ကြည်လင်လန်း ဆန်းနေရပါလိမ့်ဟု ကပျာကယာ တွေးရင်း မနေ့က သူ့အား ရေနွေးစပ်ပုံး လောင်းလိုက်ရခြင်း (သို့တည်း မဟုတ်) ပိုက်ဆံနှစ်သိန်းပေးခဲ့ရ သည်ကို ပြန်လည်သတိရသည်မို့ အဖြေကို ဒက်ခနဲတွေ့မြင်လိုက်ရပါ ကြောင်း၊ ထိုအခါ ချစ်ချစ်ကို တစိမ့်စိမ့်ကြည့်ရင်း ညည်းကလည်း ရေပါပဲကွယ်ဟု ပြောဆိုလိုက်သော အခါ ချစ်ချစ်ဆီမှ ဟွန်း . . . ဘာတွေပြောနေတာမှန်းလည်းမသိ ဘူးဟု စကားနွဲ့နွဲ့ မျက်စောင်းလဲ့လဲ့ ဖြင့် တုံ့ပြန်လာခြင်းကြောင့် ကျွန်ုပ် မှာ မရိုးမရွဖြစ်လာရင်း ဆေးပေး မီးယူ ချစ်ချစ်အဘွားကြီးအား ရေတွေ အမြောက်အမြား လောင်း ပေးချင်လောက်အောင် စေတနာ တွေ ဒလဟော ပေါ်လာရပါသည် ဟူသတတ်။ ။

**ကိုထွန်း(လမ်းစဝ)**

Asian Fame Media Group

# Miss Universe Myanmar 2013 ပြိုင်ပွဲ ကျင်းပပြီးစီး












မြန်မာနိုင်ငံသည် နှစ်ပေါင်း ၅၁ ကျော်မှ Miss Universe ပြိုင်ပွဲသို့ ပြန်လည်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ပထမဆုံးအကြိမ်ကျင်းပသည့် Miss Universe Myanmar ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံတွင် အောက်တိုဘာလ ၃ ရက်နေ့ကကျင်းပပြီးစီးခဲ့သည်။

အဆိုပါပြိုင်ပွဲကို Hello Madam Media Group က စီစဉ်ဆောင်ရွက်ပြီး နောက်ဆုံးအဆင့်ယှဉ်ပြိုင်မှုအတွက် ရွေးချယ်ခံထားရတဲ့ Miss Universe Myanmar အယောက် ၂၀ ထဲမှ ခါးနံပါတ် ၁၆ မိုးစက်ပိုင်က ဆွတ်ခူးသွားခဲ့ပြီး Miss Universe Myanmar 2013 Title ဆုအတွက် ဆုငွေ သိန်းတစ်ရာ၊ Honda Fit ကားတစ်စီး၊ ရုရှားနိုင်ငံမှာ ကျင်းပမည့် Miss Universe 2013 ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်၊ မိတ်ကပ်နှင့် ပွဲတက်ဝတ်စုံတစ်နှစ်စာ စပွန်ဆာ၊ သိန်း ၂၀ တန် သရဖူတစ်ခု၊ bsc Cosmetics များ၊ Organizer နဲ့အတူ အနုပညာလုပ်ငန်းများ၊ ပရဟိတလုပ်ငန်းများ နှစ်နှစ်စာ ပြုလုပ်ခွင့်တို့ကို ရရှိခဲ့သည်။ ထို့ပြင် Miss Healthy Skin နှင့် Miss Famous ဆုတို့ကို ရရှိခဲ့ကြောင်း သိရသည်။

1st Runner Up ဆုကို အေးချမ်းမိုး (၄)၊ 2nd Runner Up ဆုကို မြတ်နှင်းဖြူ (၁၅)၊ 3rd Runner Up ဆုကို နှင်းယမုံဦး (၁၉)၊ 4th Runner Up ဆုကို မေချစ်ပုံ (၁၀)၊ Miss Environmental ဆုကို Michelle (၅)၊ Miss Healthy & Beautiful Skin ဆုနှင့် Miss Body Perfect ဆုကို မြတ်နှင်းဖြူ (၁၅)၊ Miss Photogenic ဆုကို အေးချမ်းမိုး (၄)၊ Miss Beautiful ဆုကို မေချစ်ပုံ (၁၀) တို့ကအသီးသီးရရှိခဲ့ကြကြောင်းသိရသည်။

---

## မိခင်နှင့်ကလေးများ ကျန်းမာရေးအတွက် ဝန်ဆောင်ပေးမယ့် Philips AVENT

တစ်ကမ္ဘာလုံးမှ မိခင်များ၏ ထောက်ခံမှုကို အများဆုံးရရှိထားသည့် Philips AVENT Brand ၏ Showroom ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၉ ရက်နေ့က ကျင်းပခဲ့ပြီး ၂၀၁၃ အတွက် Philips AVENT ၏ ပထမဆုံး ၅ ဆိုင်ဖြစ်သည်။

Philips AVENT Company သည် နို့တိုက်ခြင်းနှင့် မွေးကင်းစကလေးငယ်များကို ဂရုတစိုက် စောင့်ရှောက်နိုင်ရန်အတွက် နို့ဘူးနှင့် အခြားဆက်စပ် ပစ္စည်းများကို တစ်ခုချင်းစီ သုတေသန (Research) ပြုလုပ်ပြီး ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီဖြစ်သည်။

နို့ဘူးပေါင်းသန်း ၁၀၀ကျော်ကို ကမ္ဘာတစ်ဝန်း စျေးကွက်ပေါင်း ၆၀ ကျော်တွင် ရောင်းချထားပြီးဖြစ်သည်။ Philips AVENT ကို ၁၉၈၄ ခုနှစ် တွင် အင်္ဂလန်နိုင်ငံ၌ စတင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ မိခင်များ၏ နံပါတ် (၁) ထောက်ခံချက်လည်း ရရှိထားသည်။

Asian Fame Media Group

# ကတ်သီး ကတ်သတ် ပြောတဲ့ တောက်တီး တောက်တဲ့

**မိတ္တူပို့ခြင်းခံရပြီးဖြစ်တဲ့ ကိုယ်တောက်**

တောက်တီးဆီကို တစ်နေ့က ပေးစာ တစ်စောင် ရောက်လာတယ်ခင်ဗျ။ သာမန် ပန်းသတ် မဟုတ်ဘူးဗျာ၊ စူပါမင်းသမီးတစ်ယောက်ဗျ၊ ကျွန်တော့်မှာ ဒါရိုက်တာကိုပေါက်နဲ့ စတိုင်ယာကိုတောက်များ မှားသလားလို့တောင် ထင်မိသေး။ စာက ဒီလို . . .

သို့

တောက်တီးတောက်တဲ့

မှတစ်ဆင့် - အယ်ဒီတာ

ကျွန်မက ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် . . .ပါ။ ဟိုတစ်လောက တောက်တီးတောက်တဲ့ ကဏ္ဍမှာပါတဲ့ 'ခွင့် တူညီမှုစါဒ ဖြူစင်တဲ့ ပြည်' ဆိုတာလေးကို ကြိုက်ပါတယ်။ ဒါပေမဲ့ နောက်ထပ် တောင်းဆိုထောင့်က အမြင်လည်း ရှိသေး တယ်ဆိုတာ သိစေ ချင်လို့ ဒီစာကို ရေးလိုက်တာပါ။

ကျွန်မတို့လို သရုပ်ဆောင်အတွက် အိမ်မှာ ကူမယ့် အိမ်အကူ၊ ရှူတင်မှာ ကူမယ့် အဖော်လေးတွေက လိုလွန်းမကလိုပေါ့၊ သာမန် အိမ်က အိမ်အကူတွေမှာ ရှိလေ့ရှိတဲ့ ပြဿနာများကို ထပ်ဆောင်းလို့ မင်းသမီး တစ်ယောက်ရဲ့ အကူအကြောင်း သိအောင်ပြောချင်တာ၊ သူတို့က ရောက်ခါစက ရိုးရိုးပါ။ ကိုယ်က သွားလေရာ ခေါ်ရတော့ ဟိုဆင်ဒီဆင်နဲ့ ရိုးရိုးကနေ မရိုးမရွတွေ ဖြစ်လာရော။ ရှူတင်က စက်အဖွဲ့ထဲ လက်သွက်ခြေသွက်တွေနဲ့ ငြိရာကနေ နယ်ရှူတင်တွေမှာ ဂျိန်း (ချိန်းတွေ့တာထက် ပိုတာကို ပြောတာ) ပါလေရော။ မေမြို့လို ရှူတင်ဆို မင်းသား၊ မင်းသမီးအတွက် ဟော်တယ်က သတ်သတ်၊ သူတို့လို အကူတွေနဲ့ စက်အဖွဲ့တွေက သတ်သတ်ဆိုတော့ ဒီမိုကရေစီပေါ့၊ ဂျိန်းတတ် လာပြီဆိုတော့ အိမ်ဘေးပတ်ပတ်လည်က မာလီ၊ ကားသမားတွေနဲ့ ကလည်း ညဆိုင်းဆင်းရသေးတာ၊ ကိုယ့် အိမ်ထဲ ခေါ်သိပ်တာနော်။ အဲလို ဒုက္ခတွေ များပါတယ်ဆိုပြီး မိန်းမလျာလေးခေါ် လိုက်တာ ပိုဆိုး၊ တစ်ခါတလေနားရက်မို့ အိမ်မှာ ဒင်းပျောက်သွားလို့ လိုက်ရှာရင် ရပ်ကွက်ထဲက မီးကင်းပေါ်မှာ ဂျိန်းနေကြတာ။

အိမ်အတွက်တော့ နေ့လာညပြန်ပဲထားပါမယ်လေဆိုပြီးလုပ်တော့ အဲဒီပါရမီဖြည့်ဘက်မမက ကိုယ့်ကို ဒါနမြောက်အောင် မေ့လောက်ရှိနေတဲ့ အိမ်ကပစ္စည်းလေးတွေ မသွားပေးတယ်။ ကျွန်မဖိနပ်တွေက သူနဲ့မတော်ပေမယ့် သူ့အိမ်က တော်တဲ့သူတွေစီးဖို့ ယူသွားတယ်၊ တစ်ပတ်လောက်နေရင်တော့ ပြန်လာထားပေးပါတယ်။ အခန်းရှင်းရင်းနဲ့ ကျွန်မတို့လင်မယား ခုတင်ပေါ်မှာ အပန်းဖြေအိပ်ပျော်တတ်လွန်းလို့ ပင့်ထားမိရာကနေ ပြန်လည် မြန်းကြွနိုင်ပြီဖြစ်ကြောင်း လျှောက်ထားရတော့တယ်။ ကျွန်မဘန်ကောက်မှာ ဆေးသွားကုတော့ အကူလိုလို့ ဟိုမှာရှိတဲ့ ကိုယ့်လူမျိုးပဲငှားတာ။ သူကျတော့ တစ်မျိုး၊ သူတို့ဆီမှာ ဖုန်းဖိုးကဈေးမကြီးတော့ တစ်နေကုန် နားကြပ်နဲ့ ဖုန်းပြောတာ၊ လုပ်စရာတွေကိုလည်း အရူးလို စကားတစ်တွတ်တွတ်ပြောရင်း နားကြပ်တန်းလန်းနဲ့ပဲ ဖုန်းပြောရင်းလုပ်တာ။ ခိုင်းချင်ရင် သူဖုန်းခဏရပ်မယ့် အချိန်ကို စောင့်ရသေးတာ၊ အများကြီး ရှိသေးတယ်။ ကျွန်မက စာမရေးတတ်လို့ ဒီလောက်ပဲ ရေးပို့လိုက်တာ။ အဲဒီအကြောင်းစုံစုံတွေကိုတော့ ဗီဒီယို ရိုက်ဦးမှာ။





Asian Fame Media Group

## ပေါ်ရာပေါ်ရာသတင်းများကို ရှုတဲ့အခါ

ခင်ဝင့်ဝါလေးကို မဲပေးဖို့ ဝိုင်းကြဟယ် ဝန်းကြဟယ် ကြွကြဟယ် ဖန်ကြဟယ်နဲ့ အပတ်တကုတ် အားထုတ်ကြပြီးတဲ့နောက် ခင်ဝင့်ဝါလေးလည်း အောင်မြင်ပြီး မြန်မာပြည် ပြန်ရောက်လာပြီးတဲ့နောက်မတော့ မောင်တောက်တီးတို့တစ်တွေ အချိန်အားတွေရနေပါတယ်။

သို့ပေမဲ့ ဇူကာဘတ်အတွက်တော့ အခမဲ့ အလုပ်လုပ်ပေးနေကြတာပဲ။ လခရတဲ့ အလုပ်တွေမှာသာ လခနည်းသလေး၊ ခံစားခွင့်အပြည့် အဝမရသလေး ဘာလေးညာလေးနဲ့ အရေးတွေ ဆိုကြပေမယ့် ဇူကာဘတ်ရဲ့ ဖေ့စ်ဘွတ် အတွက် တော့ အားလုံးတက်တက်ကြွကြွကြီးကို အခမဲ့ကူလီ ထမ်းနေကြသဗျ။ ဇူကာဘတ်လုပ်သမျှကို လည်စင်းခံနေကြရင်းက ဖေ့စ်ဘွတ်ကြီးပျောက် သွားမှာကိုတောင် စိုးရိမ်နေကြသေး။ ဇူကာဘတ်ကို အရေးဆိုရမယ့်အစား လုပ်ငန်းခွင်မှာ ဖေ့စ်ဘွတ် သုံးရရေး တို့အရေးလို့တောင် မအော်ရုံတစ်မည် ပါပဲ။ ဇူကာဘတ်က ဘာပြန်ပေးလဲဆိုတော့ ကာ. . . ဘာမှမပေးတဲ့အပြင် မောင်တောက်တီး တို့ကိုတောင် ဖုတ်လေတဲ့ငါးပိရှိတယ်လို့ထင်မှာမ ဟုတ်ပါဘူး။

သို့ပေမဲ့ မောင်တောက်တီးတို့ကတော့ နန်းခင်ဇေယျာ၊ ခင်ဝင့်ဝါ. . . အဲ. . . သူတို့ အတွက် ဖေ့စ်ဘွတ်ကနေ အကျိုးဆောင်ပေး နေရတာကိုပဲ လွတ်ပျော်နေကြသကိုး။ ခင်ဝင့်ဝါ မြန်မာပြည်ပြန်ရောက်ပြီး သိပ်မကြာခင်မှာပဲ တရုတ်မှာ မယ်သွားပြိုင်မယ့် ကောင်မလေး တစ်ယောက်က စာနယ်ဇင်း တွေ့ဆုံပွဲမှာ ဘီကနီနဲ့ ကိုယ်ဟန်အမျိုးမျိုးပြပြီး စာနယ်ဇင်းဆရာတွေကို တွေ့ခဲ့တာကြောင့် ရွာဆော်ကြီးဖေ့စ်ဘွတ်မှာ အတော်ကြီးကို အုတ်အော် သောင်းနင်းဖြစ် သွားသေး။ အဲဒီလို ဘီကနီနဲ့ ကိုယ်ဟန်ပြဖို့ ဆိုတာကလည်း သူ့ဆရာ မော်ဒယ်ဖခင်ကြီး တစ်ယောက်ရဲ့ အကြံဉာဏ်ပါတဲ့။ ဘယ်လိုပဲ ဖြစ်ဖြစ်လေ မြန်မာနိုင်ငံစာနယ်ဇင်းသမားတွေရှေ့မှာ ဘီကနီနဲ့ ပထမဆုံးကိုယ်ဟန်ပြတဲ့ ကောင်မလေးတစ်ယောက်တော့ ဖြစ်သွားတာပါပဲ။ အဲဒီ ပွဲသတင်းကို ကင်မရာဆွဲပြီး ရှေ့ကနေ ကြိုးစားပမ်းစား မှတ်ပုံရိုက်ယူခဲ့တဲ့ သူငယ်ချင်းများကိုလည်း အလွန်မနာလိုဖြစ်မိတာအမှန်။

အဲဒီကောင်မလေးကိစ္စပြီးတော့ သူ့ဆရာ မော်ဒယ်ဖခင်ကြီးရဲ့ ဖိနပ် သတင်းတစ်ခု ဖေ့စ်ဘွတ်မှာ အော်မြည်ပွဲ့လွင့်လာလေရဲ့။ ၂၈ သိန်းတန် ဖိနပ်ဝယ်စီးသတဲ့။ တချို့ပြောကြတာကလည်း ခင်ဝင့်ဝါဆီက လျှော်ကြေးဆိုသကိုး၊ မော်ဒယ်အေဂျင်စီနဲ့ ချုပ်ထားတဲ့ စာချုပ်ပါစည်းမျဉ်းတွေကို ဖောက်ဖျက်တာကြောင့် ခင်ဝင့်ဝါက လျော်ကြေးပေးရသတဲ့။ ဒါတွေတော့မောင်တောက်တီး သိပ်နားမလည်ပါဘူး။

ဟော သူကလေးနဲ့ သူ့ဆရာရဲ့ ဖိနပ်ပြဿနာကို လွှမ်းခြုံသွားမယ့်သတင်းက တက်လာပြန်ရော တောက်တီးတို့လည်း ပေါ်ရာပေါ်ရာရှုရတဲ့ ကမ္ဘာ့ဌာန်းသမားများလို Miss Universe Myanmar အနေနဲ့ လိုက်ရှုရတော့တာပေါ့၊ ဆုကကြီးသလို နာမည်ကြီးပုံလည်းရတဲ့ ဒီTitle မှာ Miss တွေအချင်းချင်းလည်း အမနာပတုတ်ကြ၊ ဒါ့ရှေ့ခရတဲ့ Miss ရယ်၊ သူတာလေးနဲ့တွဲလျက် နိုင်ငံရေး၊ လူမျိုးရေးသတင်းများရယ်ကလည်း ခုရေးနေချိန်ထိမရပ် နားသေး။ သူ့ကိုလွှမ်းခြုံမယ့် နောက်သတင်း ကဘာများဖြစ်မလဲ မျှော်ရ တာလည်း မေ့။

အိမ်ကလေးဒီက လည်း Miss ကလေး များ ခြေချော်လက်ချော် ဖြစ်ခဲ့ရင်ဆိုပြီး သူ ရုရှား လိုက်ဦးမှဆို ပြီး ကြွေးကြော်နေလို့ "စိတ်လျှော့ပါ မိန်းမရယ် မင်းလိုက်မယ် ဆိုလည်း ဒိုင်အနေပဲ လိုက်လို့ရမှာ" ဆိုတော့ ဒင်းက "တော်ပြောတော့ ကျုပ်က အဲဒီ Miss ထက် လှတယ် ဆို" တဲ့ စာရေးမရလို့ စိတ်နောက်ရတဲ့ကြားထဲ အော်ပေး လိုက်တယ်။ "ငါမှုးလို့ ပြောတာနေမှာပေါ့ ငါ ကောင်းနေရင် တော့ ပြောမှာ မဟုတ်ဘူးဟေ့"





## Funny Photo


Teamwork ကွ










Asian Online Media Group

# Funny Photo




ဘဏ္ဍာငွေချွေတာရေးကာလ



ချစ်လို့နောက်မလို



မီးပျက်လည်းဂရုစိုက်စရာလား





## ဆူပါမှ စူပါဖြစ်မယ်

မစ္စအင်တာနက်ဆုရှင်တစ်ဖြစ်လဲ မော်ဒယ် ခင်ဝင့်ဝါလေးကောင်းမှ မော်ဒယ်အေဂျင်စီသို့ လျှော်ကြေးသိန်း (၁၀)က အေဂျင်စီအကြီး အကဲ မော်ဒယ်ပခင်ကြီးအတွက် ဖိနပ်ဖိုးသာသာမျှရှိကြောင်း အခိုင်အမာသက်ရောက်တဲ့ သတင်းတွေကြားတော့ တောက်တီးလည်း ကိုယ့်အောက်ကိုယ်ငုံ့ကြည့်ပြီးပြုံးမိပါတယ်။ (ဖိနပ်နော် ဖိနပ်ကိုငုံ့ကြည့်တာ. . ကတ်သီးကတ်သတ် ပရိသတ်က အရိပ်ပြအကောင်မြင်တတ်လွန်းတော့ ကိုယ့်စကားကိုယ်ရှင်းအားမှ. . . မဟုတ် လား)။ မိုးရေထဲနှုးနေရှာတဲ့ ဖိနပ်က ခေါင်းမပြတ်ရုံ တမယ်မှဆိုတော့ကိုယ်တွေလည်း ၂၅ သိန်းတန် ဖိနပ်စီးချင်မိလာတယ်။ ဩော် . . . ရာရာစစ အားကျစရာလားလို့ သတိချွန်း မအုပ်နိုင်လိုက်မိမှာ တောက်တီးတို့မော်ဒယ်အေဂျင်စီကြီး ထောင်ပြီးနေပြီ။ ဓိဂါဓတား တောက်တဲ့မမ အားကိုးနဲ့ စူဝါဓတားတောက်တီးတို့ ထူထောင်လိုက်တဲ့ ကတ်သီးကတ်သတ် အေဂျင်စီစင်တော်ဖွင့် ပွဲကြီးကို နိုင်ငံတကာအလှမယ်ပြိုင်ပွဲ ကျင်းပသူတွေ ကိုယ်တိုင် တလေးတစားတက်ရောက်ကြသလို မြန်မာ့မီဒီယာကဆူပါ (စူပါမဟုတ်၊ ဆူပါနော်) တွေလည်း ချီးမြှင့်အားပေးပါတယ်။ မြန်မာမီဒီယာဆူပါတွေက ကမ္ဘာ့အလယ် မြန်မာ့အလှဘယ်မျှထည်ဝါတယ်ဆိုတာ တွေ့ဖို့ မော်ဒယ်တွေ ဘီကနီဝတ်ပြီး ကြောင်လျှောက်ပြသဖို့ တိုက်တွန်းတာနဲ့ တောက်တီးလည်း တောက်တဲ့မမကိုတောင် မတိုင်ပင်တော့ဘဲ အမျိုးသား ရေးစိတ်ဓာတ်နိုးကြားပြီး မြန်မာ့အလှကို ကမ္ဘာကအလန့်တကြား တအံ့တသြရှိအောင် ထုတ်ဖော်စေခဲ့ပါတယ်။ ဒါပေမဲ့ သူ့ထက်သာ မနာလိုဆိုသလို တောက်တီးတို့ရဲ့ ကတ်သီးကတ်သတ်မော်ဒယ် အေဂျင်စီကို နာမည်ဖျက်လိုသူတွေက ဗိုက်ရွှလေး ပူတာလေး၊ ချက်လေးစူတာလေး၊ ဖောက်လေး ထူတာလေး၊ ဝဲလေးဝရှုရှိတာလေးနဲ့ တောက်တီးရဲ့ မော်ဒယ်တွေကို နှစ်ပြားမတန်အောင် ဝေဖန်ကြ၊ နိုင်ငံတကာက အလှမယ်ပွဲစီစဉ်သူတွေ လက်မခံအောင် ကြိုတင်စာပို့ကြလုပ်လို့ တောက်တီးမှာကြီးစွာဒေါသထွက်ရလို့ ငယ်ထိပ်သွေးတိုးရပါတယ်။ စိတ်ကြီးတဲ့တောက်တီးလည်း တစ်ခါက တစ်ဘဝမှာ မီဒီယာသမားပေမို့ အတို့အထောင်လုပ်သူတွေ ဝေဖန်အပုပ်ချသူတွေရဲ့ အမနာပစာတွေကို အွန်လိုင်းကနေဖွင့် ချရှင်းလင်းဖို့ အင်တာနက်ပေါ် စာရေးတင်ပါတယ်။ကမ္ဘာကျော် မြန်မာ့ဆက်သွယ်ရေးကလည်း တောက်တီး စိတ်ကြီးတာကို မသိရှာ့သလား အပိုင်းလေး တလည်လည်လုပ်ကာ မရှုပ်မယှက်လုပ် နေလေတော့ စိတ်ကြီးတဲ့တောက်တီးက စာတွေအကုန်မပြီး လူတွေမီဒီယာတွေ တစ်ဦးချင်း တစ်တိုက်ချင်း စီစာပို့ရှင်းဖို့ ကိုယ်တိုင်ထွက်လိုက်တာ ရန်ကုန်မြို့ ပလက်ဖောင်းတွေနဲ့ အတွေ့မှာ (ပလက်ဖောင်းကျောက်ပြားတွေက တစ်ချပ်နဲ့တစ်ချပ် ရန်စောင်နေသလား အောက်မေ့ရအောင် တစ်ချပ်က အပေါ်ထောင်ရင် တစ်ချပ်က အောက်ကို ချိုင့်ခွက်နေတာမို့) ၂၅သိန်းတန် အာဂတန်ဖိုးကြီး ဖိနပ်ခများလည်း ပေါက်ထွက်ကွဲအက်ကာ ပြတ်ပါလေရောလားဗျာ။ဟူး . . . (ကိုယ့် အောက်ကိုယ်ငုံ့ကြည့်ပြီး သက်ပြင်းချတဲ့ အသံပါနော်). . တော်သေးတာပေါ့။ စိတ်ကူး ထဲပြတ်တဲ့ ဖိနပ်မို့။ နို့မဟုတ်လို့ ခေါင်းပြတ်ခါနီး မှေးစီးနေရတဲ့ ကိုယ့်ဖိနပ်လေးသာပြတ်လို့ကတော့ ရတီမဂ္ဂဇင်းစာမူခ ၂၅၀၀ ရမှသာ ပြန်ဝယ်နိုင်မှာမို့ လမကုန်မီရတီစောထွက်ဖို့သာ ဆုတောင်းနေရတော့မှာပါဗျာ။

## ငါးပိထဲမှာ
## သေစေတတ်သောအရာတွေမထည့်ရ



တောက်တဲ့မတို့ကတော့ မနက်တိုင်းဈေးသွားပြီး ဟင်းချက်စရာတွေ ဝယ်ခြမ်းနေကျဆိုတော့ မိသားစု ခံတွင်းမြိန်စေမယ့် စားစရာတွေကို နေ့တိုင်း စဉ်းစားနေရသပေါ့။ ခက်တာက ခုခေတ်မှာက ဘာဆေးညာဆေးတွေသုံးပြီး မမှည့်မှည့်အောင်၊ မစိမ်းစိမ်းအောင်၊ မလှလှအောင်လုပ်ထားတဲ့ အသီးအနှံ တွေအပါအဝင် ဆေးအမျိုးမျိုးကျွေးပြီး အသားမတိုးတိုးအောင်လုပ်ထားတဲ့ အသားတွေချည်းပဲရှိနေတယ်လို့ ကြားသိရတဲ့အပြင် အဲသဟာတွေကလည်း ကင်ဆာတို့ ဘာတို့ဖြစ်တာကို အထူးအားပေးတယ်ဆိုလေတော့ကာ တောက်တဲ့မတို့လည်း နေ့တိုင်း အဆိပ်တွေ နည်းနည်းချင်းစီစားနေရတာလားလို့တောင် တွေးမိပါရဲ့။ ပြီးတော့ မြန်မာထမင်းဝိုင်းမှာ မပါမဖြစ်တဲ့ ငါးပိတွေမှာလည်း ဓာတ်မြေဩဇာတွေပါတယ်လို့ ဂျာနယ်တွေ သတင်းစာတွေမှာ ရေးထားကြတဲ့အပြင် စက်တင်ဘာ ၂၇ ရက်ထုတ် ကြေးမုံသတင်းစာမှာပါ အဲသည်ကိစ္စကို မြန်မာနိုင်ငံ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဌာန ဓာတ်ခွဲခန်းက အတည်ပြုလိုက်တယ်ဆိုတဲ့သတင်းလည်း ပါလာလေရော ငါးပိကောင်၊ ငါးပိရေကျိုအင်မတန်ကြိုက်တဲ့ တောက်တဲ့မတို့ မိသားစု ငါးပိဝယ်ခြင်းကို နိဂုံးကမ္ပတ်အဆုံးသတ်လိုက်တော့တာပါပဲ။ ဘယ့်နှယ့်တော် စီးပွားရေးသောင်းကျန်းတာကလည်း တော်ရုံလုပ်ကြပေါ့။ ပုဂ္ဂလိကစာစောင်တွေမှာ ပါလာတာတင်မကသေး အစိုးရသတင်းစာမှာပါ ပါလာပြီဆိုတော့ကာ ဒီကိစ္စသေချာပြီ၊ ငါတို့ဗိုက်ထဲ မှာလည်း စပါးစိုက်လို့ရနေလောက်ပြီလို့တောင် အဖေကပြောသေး။ သို့သော် နောက်နေ့ထုတ် အစိုးရသတင်းစာတွေမှာကျတော့ အဲသည်သတင်းဟာ မသေချာသလိုလို ပြန်ရေး ထားပြန်လေရော။ ဓာတ်ခွဲခန်းမှာ စစ်ကြည့်တာ ရေကျိုငါးပိသုံးမျိုးတည်းပါတဲ့။ ပြီးတော့ ဓာတ်ခွဲလို့တွေ့တာကလည်း ယူနီးယားဓာတ်ပါတဲ့။ အဲဒီယူရီးယားဓာတ်ဟာ ဓာတ်မြေဩဇာကြောင့် လားတခြားကိစ္စကြောင့်လားဆိုတာကို ဓာတ်ခွဲခန်းက မခွဲခြားနိုင်ပါတဲ့။ ယူရီးယားဆိုတာ တောက်တဲ့မတို့ခန္ဓာကိုယ်ထဲမှာရှိသလို ငါးတွေဆီမှာလည်း ရှိသတဲ့။ ဒါကြောင့် ငါးပိထဲမှာ ယူရီးယားတွေ့တိုင်း ဓာတ်မြေဩဇာထည့်တယ်လို့ ယူဆလို့မရဘူးတဲ့လေ. . . ။ အဲသလို ရေးထားတဲ့ ဆောင်းပါးတစ်ပုဒ်ကိုလည်း အောက်တိုဘာ ၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာထဲမှာ ဖတ်လိုက်ရသေး. . . ။ အဲဒီဆောင်းပါးရှင် ရေးထားတာလေးတစ်ခုတော့ တောက်တဲ့မတစ်ယောက်ထဲ တင်မကာ တစ်အိမ်သားလုံး သဘောကျမိပါတယ်။ 'ငါးပိထဲမှာ ဓာတ်မြေဩဇာမထည့်ရ' ဆိုတဲ့ တိကျတဲ့ စည်းမျဉ်း တစ်ခုတော့ မရှိသေးဘူးဆိုရင် ရှိဖို့လိုပါတယ်လို့ သူကဆိုထားတာပါ။ အဲသည် စည်းမျဉ်းမရှိသေးရင် ဖုတ်တဲ့သူကလည်း ဆက်ဖုတ်နေဦးမှာဖြစ်သလို စားတဲ့သူကလည်း သိသိကြီးနဲ့ ဆက်စားနေကြဦးမှာပဲလို့လည်း ရေးထားသေးတယ်။ ဒါဆိုရင် ငါးပိထဲဆိုင်ယာနိုက်ထည့် မဖုတ်ရ၊ ငါးပိထဲ ကြွက်သတ်ဆေးထည့် မဖုတ်ရ၊ ငါးပိထဲ ပုလင်းကွဲမှန်များ ထည့်မဖုတ်ရ၊ ထည့်ဖုတ်ထားပါက ထိုသို့ထည့်ဖုတ်ထားကြောင်း ငါးပိ ထုပ်ပေါ်တွင် သိသာထင်ရှား စွာရေးသားပေးပါစသည်ဖြင့် စည်းမျဉ်းတွေလည်း ထုတ်ရတော့မှာ ပေါ့နော်။ ပြီးတော့ ဓာတ်မြေဩဇာထည့် ဖုတ်ထားသော ငါးပိကိုစားမိပါက ချက်ချင်းမသေတောင် ဖြည်းဖြည်းချင်းသေတတ်သည်။ ဆိုင်ယာနိုက်ထည့် ဖုတ်ထားသော ငါးပိကိုစား မိပါက တုံးခနဲလဲသေတတ်သည်။ ပုလင်းကွဲ မှန်ထည့်ဖုတ်ထားသော ငါးပိကိုစားမိပါက အစာအိမ်နှင့် အူများအတွင်း ပုလင်းကွဲများ စူးတတ်သည်ဆိုတဲ့ အချက်တွေကိုလည်း အများပြည်သူ သိရှိအောင် ပညာပေးရဦးမှာပေါ့လေ. . . ။ တောက်တဲ့မတို့လည်း အဲသည် စည်းမျဉ်းတွေကို လွှတ် တော်တွေက အတည်ပြုပြီးမှပဲ ငါးပိပြန်စားပါတော့မယ်။ ငါးပိထုပ်တွေပေါ်မှာ ရေးထားတာတွေကိုလည်း သေချာဖတ်ကြည့်ရမှာပေါ့လေ. . . ။ နော. . . ပရိသတ်ကြီးရေ. . . ။

## Funny Photo





